www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၂၀၂၄၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၃၉၀၁၀၉ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဋွေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ မတ်လ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |






မဖောက်ပြန်သူတွေက မဖောက်ပြန်ပေမယ့်
ဖောက်ပြန်သူတွေက ကိုင်းကူးကိုင်းဆက်နည်းနဲ့
စံပယ်ပင်ပေါ် ခရေပွင့်စေခဲ့တယ်။
မဖောက်ပြန်သူတွေက မဖောက်ပြန်ပေမယ့်
ဖောက်ပြန်သူတွေက အမှန်မှုစ်ခုကိုပေါင်းစပ်
ကြက်ခြေခတ်ပစ်တယ်။
မဖောက်ပြန်သူတွေက မဖောက်ပြန်ပေမယ့်
ဖောက်ပြန်သူတွေက ဟီရိုရှီးမားမြို့ကို
အနုမြူပုံးကြဲခဲ့ကြတယ်။
မဖောက်ပြန်သူတွေက မဖောက်ပြန်ပေမယ့်
ဖောက်ပြန်သူတွေက ရိုးသားခြင်းကိုရှာဖွေတယ်။
ပြီးတော့ လူမမြင်အောင်ဖုံးထားလိုက်တယ်။

xxxx

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com





ကျောင်းဆင်းချိန်၏ ထုံးစံအတိုင်း ဖယ်ရီဂိတ်တွင် စည်ကားလှုပ်နေသည်။

တချို့ကလည်း ကားပေါ်နေရာဦးဖို့ ထိုင်ခုံလုနေသူများရှိသလို၊ တချို့ကလည်းကားပေါ်မတက်သေးဘဲ ကားလမ်းနံဘေး လမ်းသလားနေကြသည်။

တချို့ကတော့ ခင်မင်ရာလူစုပြီး မနက်ဖြန်အကြောင်းများဆွေးနွေးနေကြလေသည်။ လူငယ်တို့၏ သဘာဝအတိုင်း လတ်ဆတ်သောအတွေး၊ သန့်ရှင်းသောစိတ်သဏ္ဌာန်များနှင့် တက်ကြွမှုများပေါ်လွင်နေဆဲ။

"ကားပေါ် စီးနင်းလိုက်ပါကြမယ့် ညီငယ် ညီမငယ်၊ ကိုကိုမမများခင်ဗျား"

ထိပ်ဆုံးကားဆီမှ ကျယ်လောင်သောအော်သံကြားရ၍ အား





လုံးခေါင်းထောင်၍ကြည့်ကြသည်။

သန့်ပြန့်သော အဖြူရောင်ရှပ်အင်္ကျီ၊ ဆိတ်ခွံပိုးတွဲပုဆိုးနှင့် ဥပမိရုပ်သန့်သန့်ပြန့်ပြန့် လူငယ်လေးတစ်ဦးကိုတွေ့ရသည်။ ထိုလူငယ်ကလေးကိုမြင်တော့ ကောင်မလေးအချင်းချင်း လက်တို့ကြသည်။ ကောင်လေးများက ပြုံးစေ့စေ့နှင့်ကြည့်ကြသည်။

ကောင်လေးကတော့ ခပ်တည်တည်ပင် သူ့စကားကိုပြန်ဆက်သည်။

"ကျွန်တော်ကတော့ အင်္ဂလိပ်စာ ဒုတိယနှစ်ကျောင်းသားလင်းထိုက်ဖြစ်ပါတယ်"

သူ့စကားဆုံးသည်နှင့်

"သိသားပဲ"

"ငကြောင်"

ဟူသောယောပနာပြုသံများ တခွိခွိခိုးရယ်သံများကြားရ၏။ ကောင်လေးကတော့ဂရုမစိုက်ဘဲ ဆက်၍

"အခုဟာက ကျွန်တော့်ကိစ္စမဟုတ်ပါဘူး၊ ကျွန်တော့်သူငယ်ချင်း ဇေမောင်ရဲ့ကိစ္စပါ၊ သူ အခု ကားအရှေ့မှာ လှဲအိပ်နေပါတယ်"

အားလုံးသူညွှန်ပြရာကားရှေ့ လှမ်းကြည့်ကြသည်။ ဟုတ်ပါသည်။ အရှေ့ဆုံးကား၏ ရှေ့ဘီးနားတွင်မှ စန့်စန့်ကြီးလှဲအိပ်နေသော သူနှင့်ရွယ်တူလူငယ်တစ်ဦး။

"နယ်က ကျောင်းလာတက်ရတဲ့ ကျောင်းသားတစ်ယောက်ရဲ့ အခက်အခဲကိုသိကြမှာပါ၊ မိဘက ထောက်ပံ့တဲ့ ရှိစုမဲ့စုကလေးကိုခြစ်ခြုတ်ပြီး ကိုယ့်ရဲ့ပညာရေးကို တိုးတက်သထက်တိုးတက်အောင်ကြိုးစားနေရကြသူပါ"

"မြန်မြန်ပြောပါဗျို့"

"အဲဒီအခန်းကို ကျော်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



စသည့်စကားသံများ ပေါ်ထွက်လာပြန်၏။ ကောင်လေးက ခပ်တည်တည်ပင်

"အခုတော့ သူ့မိဘတွေကလည်း ကုန်ရှိုး၊ ဘကြီးလူမမာကလည်း မဆေးရုံရောက်"

ကောင်လေး၏ စကားသံများ ဆို့နင့်သွား၏။ ကြည့်နေသောသူများပင် ခုနကလိုမလှောင်ပြောင်တော့ဘဲ ကြောင်၍ကြည့်ကြသည်။

ကောင်လေးက ဝေ့တက်လာသော မျက်ရည်ကိုပင့်သုတ်ပြီး

"အဲဒီလို အခက်အခဲများစွာကြောင့် ကျွန်တော်သူငယ်ချင်းဇေမောင်ဟာ အဆောင်ဖိုးလည်းမတတ်နိုင်၊ စားဖို့သောက်ဖို့ကိုတောင်မတတ်နိုင်လို့ ကျောင်းတစ်ပိုင်းတစ်စနဲ့ နယ်ပြန်ရမယ့်အနေအထားပါ"

အားလုံး ကားရှေ့လှဲအိပ်နေသော လူငယ်ကလေးကိုဝေ့ကြည့်ကြပြန်သည်။ မော့တော့၊ မော့တော့နှင့်လာသော ကောင်မလေးများ လှဲအိပ်နေသောကောင်လေးကိုမမြင်ဘဲအနားရောက်တော့မှ အံ့အားသင့်ပြီး "အမေ့"ဟူသောအာမေဍိတ်နှင့်အတူ ရောင်ထွက်သွားကြသည်။ နောက် တအံ့တဩနှင့်ပြန်ငုံ့ကြည့်ကြသည်။

"အခုတော့ ကျွန်တော့်သူငယ်ချင်းဇေမောင်ဟာ နယ်လည်းမပြန်ချင်၊ ဒီမှာနေရင်လည်း ငတ်သေမဲ့အတူတူ ကားရှေ့လှဲအိပ်ပြီး သူ့ဘဝကိုအဆုံးသတ်ဖို့ကြိုးစားနေတာပါ"

အားလုံး ပြောင်လှောင်ချင်စိတ်များပျောက်ကာ ကားရှေ့လှဲအိပ်နေသော လူငယ်လေးကို ဝေ့ကြည့်ကြပြန်သည်။

"ဒါကြောင့် ကြိုးစားချင်တဲ့လူငယ်လေးတစ်ယောက်ကို အလဟဿ အဆုံးရှုံးမခံနိုင်တဲ့အတွက် သူ့ရဲ့အဆောင်စရိတ်လေး အ





တတ်နိုင်ဆုံးကူညီပေးကြပါလို့ သူ့ကိုယ်စား ကျွန်တော်ကပဲတောင်းပန်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

ဆိုပြီး ပါလာသည့်လွယ်အိတ်ကလေးကို လက်နှစ်ဘက်နှင့်ဆွဲယူပြီးသကာလ

"ကျေးဇူးတင်ပါတယ်ဗျာ၊ သဒ္ဓါတတ်အားနည်းများမဆိုပါဲ"

ဆိုကာ တစ်ယောက်ချင်းကို အလှူခံပါတော့သည်။

"ကျေးဇူးပါပဲဗျာ၊ ကြိုးစားချင်တဲ့လူငယ်လေးအတွက်ပါ၊ ဟိုဘက်ကညီကလေး မထည့်ရသေးဘူးနော်"

ဆိုပြီး လက်တို့ပြီးတစ်မျိုး၊ ရိုးရိုးတစ်ဖုံ ရှိရှိသမျှကို အလှူခံသွားတော့၏။ တချို့က ငါးဆယ်တစ်ရာ၊ တချို့က ငါးရာတစ်ထောင်နှင့် ခဏခြင်းပင် သူလွယ်လာသည့်လွယ်အိတ် လျှံမတတ်ဖြစ်သွား၏။ ဒါကိုပင် ပိုက်ဆံထည့်ဝင်သူတွေ၏ ငွေကြေးအလိုက် ဆုပေးသွားသေး၏။

"ငါးရာ. . . ဒီညီလေးကနှစ်ရာ . . ကျန်းမာပါစေချမ်းသာပါစေ ကိုယ်စိတ်နှစ်ဖြာရွှင်လန်း၍ သင်တန်းများလည်းတက်နိုင်အောင်နိုင်ပါစေ"

"ဟိုကညီမလေးက . . . ဗျာ . . ငါးဆယ် . . . ငါးဆယ်ထဲဟင်ဒီရုပ်နဲ့ ဒီရုပ်ကိုငါးဆယ် . . . ကဲမလေ ဘာပဲဖြစ်ဖြစ်ဆုတော့ပေးပရစေ . . . ရှည်ပါစေဗျား . . . အသက် . . အသက် "

"ဟိုညီမလေးကငါးရာ . . စိတ်ချမ်းသာခြင်း . . ကိုယ်၏ကျန်းမာခြင်းများ ပြည့်စုံ၍ လိုတိုင်းရ တတိုင်းရ . . . လိုအင်ဆန္ဒမှန်သမျှ ဧကန်မုချပြည့်ဝ၍ ရောက်ရှိရာဘဝ လိုအင်ဆန္ဒမကြောင့်မကြတောင်းတိုင်းပြည့်ပါစေ"

ဟူ၍ ပေးသောငွေအလိုက် ဆုများပေးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကလေးကလည်း တစ်စီးဆင်းတစ်စီးတက် တစ်ယောက်မှချမ်းသာမပေးဘဲ ပြောင်သော်လည်းကောင်း၊မျက်စမျက်နှင့်သော်လည်းကောင်း အလှူခံသွားလေတော့သည်။

ကားအားလုံးစုံမှ

"ဟော့ကောင် ဇေမောင်၊ ထလို့ရပြီ"

သူ့အော်သံကြားတော့ ကားရှေ့လှဲအိပ်နေသောလူငယ်ကလေးမှာ စပ်ဖြဲဖြဲနှင့်လူးလဲထလာ၏။ ထိုတော့မှ လင်းထိုက်ကအားလုံးကြားအောင်အသံကျယ်ကျယ်နှင့်

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ အမှန်တော့ ဒီပိုက်ဆံတွေက ဇေမောင်ရဲ့အဆောင်စရိတ်အတွက်မဟုတ်ပါဘူး၊ ဒီညနေအတွက် ကျွန်တော်တို့လက်ဖက်ရည်ဖိုးမရှိလို့အလှူခံရတာပါ၊ အခုလို ကျွန်တော်တို့ကို လက်ဖက်ရည်ဖိုးအများကြီးပေးတဲ့အတွက် အားလုံးရဲ့စေတနာကို ပြောမပြတတ်အောင်ကြည်နူးမိပါတယ်၊ အားလုံးရဲ့စေတနာကို တစ်သက်လုံးမှတ်ထားမယ်၊ မောင်းဆရာရေ မောင်း"

ဆိုသည်နှင့် ခုနကတုတ်တုတ်မှမလှုပ်သော ကားများမှာ ဝူးခနဲမောင်းထွက်သွားလေတော့၏။ ကျိန်ဆိုသံများ၊ ရေရွတ်သံများသည်လည်း ကားလေးနှင့်အတူလိုက်ပါသွားလေ၏။

လင်းထိုက်နှင့် ဇေမောင်တို့မှာ စပိန်နွားရိုင်းသတ်သမားများ အောင်ပွဲခံသလို လက်တစ်ဘက် ရင်ဘတ်ပေါ်တင်၊ လက်တစ်ဘက်ကဘေးဖြန့်၍ ခါးညွတ်အရိုအသေပြုရင်းကျန်ခဲ့လေတော့၏။

××××



BURMESE CLASSIC .com





"တော်သေးတာပေါ့ လင်းထိုက်ရာ၊ မင်းလုပ်ခိုင်းလို့သာ လုပ်ရတာ ငါ့မှာကားကြိတ်လို့ပဲ ခေါင်းပြားမလား။ လူတွေပဲ လည်စိတက်နင်းမိလို့ ဂန်းမလား တထိတ်ထိတ်နဲ့"

ဇေမောင်က ပူနွေးမွှေးအခရေ့ကလက်ဖက်ရည်ကို မော့သောက်ရင်းပြော၏။ သူတို့ထိုင်သည့်နေရာက ဗဒါရိပ်ဖြင့် အေးနေသည်။ လင်းထိုက်က ခပ်ဟဟရယ်ရင်း

"ပိုင်ပါတယ်ကွ၊ ငါက ကားသမားတွေအားလုံး လက်ဖက်ရည်တိုက်ပြီးညှိထားပြီးသားပါ၊ လူမနင်းမိအောင်က ညီနိုင်တို့ကို ကြည့်ထားခိုင်းတာပဲ"

"မင်းသာ ကြည့်ခိုင်းထားတယ်ပြောတာ ကောင်မလေးနှစ်ယောက်ဆို ကံကောင်းလို့ငါ့ကိုတက်နင်းမသွားတာ၊ ဗိုး နို့မို့ရင်မတော်တရော်နင်းမိပြီး တရော်ကင်ပွန်းနဲ့ခေါင်းလျှော်နေရပြီ"

www.burmeseclassic.com



"ဟား ဟား ဟား"

လင်းထိုက်၏ အော်သံလွင်လွင်ကြားရ၏၊ ဇေမောင်က

"အလျှခံတော့ မနည်းရလိုက်တယ်နော့၊ တို့ထင်တာထက် တောင်ပိုနေသေး၊ လက်ဖက်ရည်ဖိုးလောက်နဲ့တော့ ကုန်မယ်မထင်ဘူး"

လင်းထိုက်က လွယ်အိတ်ထဲ ပြန်ငုံ့ကြည့်ပြီး

"ကားဆရာတွေလည်းပေးရဦးမှာကွ၊ နောက်ပြီး ပိုရင်လည်း ပုထားတာပေါ့၊ ကျောင်းကအလှူတွေဘာတွေလုပ်ရင် ပြန်ထည့်ပေးရအောင်"

ဇေမောင် လိုက်ရယ်သည်။

"ကောင်းတယ်၊ ကောင်းတယ်ကွ၊ ကျောင်းမှာတစ်ခုခုလိုတော့လည်း ပြန်ကူညီရတာပေါ့"

လင်းထိုက်က ပြုံးရင်း ခေါင်းညိတ်သည်။ ဇေမောင်ကတော့ သူတို့လုပ်ခဲ့သမျှကို စားမြုံ့ပြန်တွေးရင်းပြုံးနေ၏။ အတန်ကြာမှလင်းထိုက်က

"ဒီမှာကိုလှအောင်ရေ . . . ပိုက်ဆံအကြွေလဲဦးမလား"

သူအော်သံကြောင့် ကောင်တာမှလူကြီးထလာပြီး

"အေးလဲမှာပေါ့ကွ . . ဘယ်မှာလည်းအကြွေ"

"တစ်ထောင်ကို အကြွေရှစ်ရာနော်"

"အာ . . မင်းကလည်း ကိုးရာထားစမ်းပါ"

"အာ . . ကိုလှအောင်ကလည်း အကြွေကရှာရတာလွယ်တာမှတ်လို့၊ ကဲပါ ရှစ်ရာ့ငါးဆယ်ထား၊ ရော့ . . . ဒီမှာအကြွေတွေ"

လင်းထိုက်အကြွေများကို တစ်ထောင်တန်များနှင့်လဲလိုက်သည်။ ဇေမောင်ကတော့ လင်းထိုက်လုပ်သမျှကိုကြောင်ပြီးငေးနေသည်။ အားလုံးရှင်းပြီးမှလင်းထိုက်က





"ကဲ . . . လက်ဖက်ရည်ဖိုးကို အဲဒီထဲကပဲနှုတ်လိုက်တော့သွားပြီ"

ဆိုကာလက်ဖက်ရည်ဆိုင်ထဲမှထွက်လာကြ၏။ လမ်းရောက်မှ ဇေမောင်က

"ဒါနဲ့နေပါဦး မင်းမနက်ဖြန်လုပ်မယ့်ဟာသက"

လင်းထိုက်ပါ ခြေလှမ်းရပ်တန့်သွား၏။ နောက်မှ ဇေမောင်ကိုပြုံး၍ပြန်လည်ဝေ့ကြည့်ကာ. . .

"စောင့်ကြည့်လေ"

"ဟာသ"ဆိုသည့်စကားမှာ ရှားပါးလှသည်မဟုတ်ပါဘဲ အလွန်တရာမှကိုတွေ့ရခဲလေသည်။

အခကြေးငွေယူ၍ ရယ်စရာလုပ်သူကို ဟာသပညာရှင်များအဖြစ်သတ်မှတ်ပြီး ဒီအတိုင်းလမ်းပေါ်တွင်ရယ်စရာလုပ်သူကိုတော့ ဗရွတ်ရွှတ်တကောင်ဟုပင်သတ်မှတ်ကြသည်။

အခကြေးငွေမယူဘဲ ရယ်စရာလုပ်နေသူများကိုရော ဟာသကိုသိမြင်သူအဖြစ်မယူဆသင့်ပါလား။ မည်သည့်နေရာတွင်မှု ရယ်စရာ(သို့)ဟာသမရှိသောနေရာသည် သုဿန်တစပြင်ကဲ့သို့ ချောက်ချားခြောက်ခြားငွေ့ဖွယ်ကောင်းလှသည်ဟုဆိုကြပါသည်။ ထို့ကြောင့်သာယာနာပျော်ဖွယ်ဖြစ်သော ရယ်ရွှင်သံများကို ဖန်တီးနေရန်လိုအပ်မည်မှာအမှန်ပင်။

ဗရွတ်ရွှတ်တလို့ပဲဆိုဆို၊ ပေါကြောင်ကြောင်နဲ့ ကွာလို့ပဲပြောပြော အများပျော်ရွှင်ရန်ဖန်တီးနေသူတို့သည် ကုသိုလ်မရလျှင်တောင် အကုသိုလ်တော့ဖြစ်လိမ့်မည်မထင်။

ထိုအရာသည် ရယ်ရွှင်ဘွယ်ဖန်တီးသူများအတွက် အမှန်တရားပင်ဖြစ်ပေလိမ့်မည်။

××××



www.burmeseclassic.com

www.burmeseclassic.com





ကျောင်းတက်ခေါင်းလောင်းထိုးပြီးသော်လည်း အတန်းထဲသို့ဆရာမရောက်ရှိလာသေး၍ ကျောင်းသူကျောင်းသားများ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ တချို့ကလည်း အချင်းချင်းတွတ်ထိုးရင်း၊ တချို့ကလည်း မိမိထိုင်ရမည့်ခုံတွင်မထိုင်သေးဘဲ လူလုံးပြရင်းပေါ့။

"မင်္ဂလာပါဆရာ"

ကျောင်းသားတစ်ယောက်က မတ်တပ်ရပ်၍ အထက်ပါအတိုင်းအော်လိုက်သည်နှင့် ခုနလှုပ်လှုပ်ရွရွဖြစ်နေသူအားလုံးလည်း ယောင်တိယောင်ကမ်းနှင့် ထိုင်နေရာကထကာ သံယောင်လိုက်နှုတ်ဆက်လိုက်ကြသည်။

"မင်္ဂလာပါဆရာ"

နှုတ်ဆက်သံနှင့်မရှေးမနှောင်းမှာပင် စာသင်ခုံပေါ်သို့တိုက်ပုံအကျော့ဝတ်ထားသောလူငယ်တစ်ဦး ပါဝါမျက်မှန်ကိုင်းမည်း





ကြီးတပ်ပြီး ခပ်တည်တည်တက်လာ၏။

"မင်္ဂလာပါ တပည့်တို့"

ပြန်လည်နှုတ်ဆက်သူကိုကြည့်ပြီး ကျောင်းသားများပွစိပွစိဖြစ်ကုန်၏။

"ဟေ့ အဲဒါ ဟိုကောင်ပဲမဟုတ်လား"

"ဟုတ်ပ့။ မျက်မှန်နဲ့ဘာနဲ့ ဆရာလိုလုပ်လာတာ၊ မနေ့ညနေကတင် ကားဂိတ်မှာ"

"နေဦး ဒီကောင် ဘာအကြံအဖန်လုပ်ဦးမလဲ စောင့်ကြည့်ရအောင်"

စင်ပေါ်မှလူငယ်က အသံများကိုဂရုမစိုက်ဘဲ ကျောက်သင်ပုန်းပေါ်တွင်ရေးထားသောစာများကို ခပ်တည်တည်ဖျက်ရင်း

"ဒီနေ့ ဆရာ မင်းတို့ကို သင်ကြားပေးမှာကတော့နိုင်ငံတကာသုံး အဆင့်လွန်အင်္ဂလိပ်စာပဲဖြစ်ပါတယ်"

ကျောင်းသားများ စိတ်ဝင်စားမှုရှိမရှိ ပြန်ဇဝေကြည့်သည်။

"အမှန်တော့ ဒီနိုင်ငံတကာသုံး အဆင့်လွန်အင်္ဂလိပ်စာဟာ နိုင်ငံတကာဘွဲ့လွန်ဒီပလိုမာကျောင်းသားများနဲ့ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များအတွက်သာ သင့်လျော်တဲ့သင်ရိုးပါ။ အဆင့်မြင့်ပြီး ခက်ခဲနက်နဲတဲ့အတွက် တော်ရုံတန်ရုံဉာဏ်ရည်မျိုးနဲ့ လိုက်နိုင်ဖို့အင်မတန်ခက်ခဲလှပါတယ်"

သူ့စကားကိုအားလုံးစိတ်ဝင်စားနေကြသည်။

"ဆရာ့အနေနဲ့ကတော့ ဒီပညာကို လူတန်းစားမခွဲခြားဘဲ ဒီလိုလူငယ်လေးတွေကအစ လေ့လာသိရှိနိုင်အောင် စေတနာရှေ့ထားပြီးသင်ကြားပေးပါ့မယ်၊ ကြည့်ပါဦး"

ဟုဆိုကာကျောက်သင်ပုန်းပေါ် စာတစ်ကြောင်းချရေးလိုက်သည်။

www.burmeseclassic.com



"နိုင်ငံတကာသုံး လေယာဉ်ပေါ်တွင်သုံးသော အဆင့်မြင့် အင်္ဂလိပ်စကားပြော"

ကျောင်းသားများက ကြောင်တောင်တောင်နှင့် လိုက်ရေရွတ်သည်။ သူကပင်ပြန်စ၍

"အကယ်၍များ ခင်ဗျားတို့စီးပွားရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ စသည့်အကြောင်းအမျိုးမျိုးကြောင့် လေယာဉ်ကြီးစီးရမယ်ဆို အဓိကထားသုံးရမဲ့စကားလုံးပါ။ တအားကြီးအဆင့်မြင့်တဲ့အတွက် လိုက်မမီမှာစိုးလို့ ဂရုစိုက်နားထောင်စေချင်ပါတယ်"

"ဥပမာ ခင်ဗျားက လေယာဉ်ကြီးပေါ်ရောက်နေပြီဆိုပါတော့၊ လေယာဉ်မယ်ကလာမေးပါလိမ့်မယ်"

"ဆရာ အပျင်းပြေသောက်ဖို့ ကော်ဖီယူဦးမလားဆိုရင် ခင်ဗျားကကော်ဖီကိုသောက်ချင်တယ်ဆို Yes လို့ ဖြေရပြီး မသောက်ချင်ဘူးဆိုရင် No လို့ ပီပီသသကြီးပြောရပါမယ်"

ကျောင်းသားများ ပြုံးစိစိဖြစ်သွား၏။

"ဒီနေရာမှာ သဒ္ဒါအထားနဲ့ လေယူလေသိမ်းက သိပ်အရေးကြီးပါတယ်၊ နောက်တစ်ခုက လေယာဉ်ပေါ်မှာထိုင်ရတာ မအီမသာဖြစ်လာတယ်ဆိုပါတော့ လေယာဉ်မယ်ကလေးက ခင်ဗျားဆီလာပြီး ဆရာ ထိုင်ခုံထိုင်ရတာ အဆင်ပြေရဲ့လားလို့လာမေးတဲ့အခါ ခင်ဗျားက အဆင်ပြေပါတယ်ဆိုရင် Yes လို့ ပီပီသသကြီးပြောရပြီး၊ အဆင်မပြေဘူးဆိုရင် No လို့ တစ်လုံးတည်းပြန်ပြောရပါမယ်"

ကျောင်းသားများ သူ့ကို ပြုံးစိစိနှင့်ကြည့်နေကြသည်။ သူက ကျောက်သင်ပုန်းပေါ် နောက်တစ်ခုချရေးလိုက်သည်။

"နိုင်ငံတကာသုံး ကုန်တင်သင်္ဘောကြီးများပေါ်တွင်သုံးသော အဆင့်မြင့်အင်္ဂလိပ်စကားပြော"

ကျောင်းသားများ လိုက်လံရေရွတ်ကြပြန်သည်။ သူကဆက်၍





"နိုင်ငံတကာသုံး ကုန်တင်သင်္ဘောကြီးများမှာ သုံးတဲ့ အဆင့်မြင့် အင်္ဂလိပ်စကားကတော့ ခုနကနဲ့ခြားနားပါတယ်၊ သူကပိုပြီးလေးနက်တဲ့အတွက် ပိုပြီးဂရုစိုက်စေချင်ပါတယ်၊ ဥပမာအကြောင်းတစ်ခုခုကြောင့် ခင်ဗျားတို့ နိုင်ငံတကာကုန်သင်္ဘောကြီးနဲ့ လိုက်ပါရတယ်ဆိုပါတော့ ကုန်ပစ္စည်းတွေတင်တဲ့သူက ခင်ဗျားကိုမေးပါလိမ့်မယ်"

"ဆရာ ဟောဒီတင်ထားတဲ့ပစ္စည်းတွေက ခင်ဗျားပစ္စည်းတွေလားဆိုခဲ့ရင် ခင်ဗျားအနေနဲ့ ကိုယ့်ပစ္စည်းဟုတ်တယ်ဆိုရင် Yes လို့ မြိန့်မြိန့်ကြီးဖြေရမှာဖြစ်ပြီး မဟုတ်ဘူးဆိုရင်တော့ No လို့ တစ်လုံးထဲဖြေရမှာဖြစ်ပါတယ်"

"နောက်ပြီး ခင်ဗျားသင်္ဘောပေါ် အပျင်းပြေလမ်းလျှောက်ရင်း သင်္ဘောကပ္ပတိန်ကစကားရောဖောရောနဲ့ ခင်ဗျားနေကောင်းရဲ့လားလို့မေးခဲ့ရင် ခင်ဗျားအနေနဲ့ကောင်းတယ်ဆို Yes လို့ ပြတ်ပြတ်သားသားပြောရမှာဖြစ်ပြီး မကောင်းဘူးဆိုပါက No လို့ခပ်ရှင်းရှင်းပြောရမှာ ဖြစ်ပါတယ်"

"နောက်ပြီးကပ္ပတိန်က ခင်ဗျားဒီသင်္ဘောကြီးနဲ့စင်ကာပူသွားမှာလားဆိုရင် ခင်ဗျားကစင်ကာပူကိုပဲသွားမှာဆိုရင် Yes လို့ ဖြေရမှာဖြစ်ပြီး စင်ကာပူသွားမှာမဟုတ်ဘူးဆိုရင် No လို့ဖြေရမှာဖြစ်ပါတယ်"

ကျောင်းသားများ Yes၊ No ကို သံယောင်လိုက်ရင်းရယ်ကြသည်။သူကတော့ခပ်တည်တည်ပင် ကျောက်သင်ပုန်းပေါ် နောက်ခေါင်းစဉ်တစ်ခုထပ်ရေးချလိုက်ပြန်သည်။

"နိုင်ငံတကာအဆင့်မြင့်ဟိုတယ်ကြီးများတွင် သုံးသောအဆင့်လွန်အင်္ဂလိပ်စကားပြော"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ ခပ်ဟဟရယ်ရင်းလိုက်ဖတ်ကြသည်။

"နိုင်ငံတကာ အဆင့်မြင့်ဟိုတယ်ကြီးများမှာသုံးတဲ့ အင်္ဂလိပ်စကားပြောက တခြားအသုံးနှုန်းတွေနဲ့မတူပါဘူး၊ ဒီနေရာမှာအင်္ဂလိပ်သဒ္ဒါအသုံးအနှုန်းနဲ့ လေယူလေသိမ်းကအစ ကွယ်ဝရပါတယ်"

"ဟိုတယ်ကြီးတစ်ခုထဲ ခင်ဗျားဝင်လိုက်လို့ ဧည့်ကြိုကခင်ဗျားကို"

"ဆရာ ဒီမှာတည်းမှာလားဆရာဆိုရင် ခင်ဗျားကဒီဟိုတယ်မှာပဲတည်းမှာဆိုရင် Yes လို့ ပီပီသသကြီးဖြေရမှာဖြစ်ပြီး မတည်းဘူးဆိုရင် No လို့ စကားပရိယာယ်ကြွယ်ကြွယ်ဝဝကြီး သုံးပြီးပြန်ဖြေရမှာပါ"

ကျောင်းသားများက သူဘာပြောမယ်ဆိုတာသိပြီးလိုက်ပြောကာရယ်ကြသည်။ သူကဆက်၍

"အကယ်၍ ခင်ဗျားရဲ့အခန်းထဲကို ဟိုတယ်ဝန်ထမ်းတစ်ယောက်ကဝင်လာပြီး ဆရာဝီစကီရောသောက်ဦးမလားဆရာဆိုရင် ခင်ဗျားကသောက်ချင်တယ်ဆို"

သူ့စကားပင်မဆုံးလိုက် ကျောင်းသားများက သံပြိုင်ဖြင့်

"Yes လို့ဖြေရမှာဖြစ်ပြီး မသောက်ဘူးဆိုရင် No လို့ဖြေရမှာပါ"

အားလုံး ကိုယ့်ဘာသာကိုယ်ပြောပြီး သဘောကျကာရယ်ကြသည်။ ထိုစဉ်မှာပင်

"လင်းထိုက်"

ခေါ်သံကြား၍ ကြည့်လိုက်တော့ အတန်းပိုင်ဆရာ ဦးမြအောင်။ ဟိုကောင်ကလည်း ကြောင်ပြီးပြန်ထူးသည်။

"Yes"

ကျောင်းသားများ ဝါးခနဲပွဲကျသွား၏။





"မင်းက အဆင့်မြင့်အင်္ဂလိပ်စာတွေတတ်နေပြီပေါ့"

"No"

ကျောင်းသားများ ဝါးခနဲရယ်ကြပြန်သည်။ ဆရာက တစ်လှမ်းချင်းလှမ်းလာပြီး

"မင်း ဘာဆက်လုပ်ရမယ်ဆိုတာသိလား"

"Yes"

"ဘာပြောစရာရှိသေးလဲ"

"No"

"အေး ဒါဆို ကျောင်းဝင်းထဲကမြက်တွေအားလုံး နုတ်ပြီးမှပြန်လာခဲ့"

"Yes"

ကျောင်းသားများက သူ့ကို အရှုံးပေါ်စေသည်ဖြင့်ထောပနာပြုရင်းရယ်ကြသည်။ သူက တစ်ခွန်းထဲပြန်ပြောသွား၏။

"No"

သိပ်မကြာခင်အချိန်အတွင်း ကျောင်းဝင်းဝတွင် တွေ့ကရာလူကို နုတ်ထားသော မြက်ပင်များနှင့် ပစ်ပေါက်ကြည်စယ်နေသောလင်းထိုက်ကိုတွေ့ရသည်။ ဖြတ်သွားဖြတ်လာများက သူ့ကိုတွေ့ပြီး

"လင်းထိုက် အပြစ်ပေးခံရတာလား"

"Yes"

"ဒီနေ့ရောပြီးဦးမှာလား"

"No"

စသည်ဖြင့် နိုင်ငံတကာသုံး စကားလုံးကို ပရိယာယ်ကြွယ်ဝစွာသုံးရင်း ပျော်နေလေတော့သည်။

××××



www.burmeseclassic.com

www.burmeseclassic.com





"ဟေး ယောက်ဖ မင်းညီမနေကောင်းလား"

"အေး မင်းကိုမသေသေးဘူးလားဆိုပြီး မေးနေသေးသကွ"

"ဟဲ့ တင်တင်သန်း နင် ဘော်ဒီဖြူတီးကစားနေတယ်ဆို"

"အေး ဘာဖြစ်လို့လဲ"

"ငါ့တစ်သက်မှာ လိပ်တွေပိန်တယ်လို့ တစ်ခါမှမကြားဖူးပါဘူးဟာ"

"သေနာ နင်တော့လား"

"ဟော့ ပြတ်မြတ်မွန် နင်ရော ကိုယ်လုံးလှချင်လို့ ရေကူးနေတယ်ဆို"

"ဘာဖြစ်လဲ၊ ဘာဖြစ်လဲ"

"ရေကူးတိုင်းသာ ကိုယ်လုံးလှမယ်ဆို ငါးတွေအားလုံး ကိုယ်လုံးလှကုန်မှာပေါ့"





"မသာ အဲဒါနင့်အလုပ်လား" ပဲ"

"ဟား ဟား ဟိုကောင်ပေါက်ကြီး၊ မင်းနာမည်စောလေက်လို့ မပြောင်းသေးဘူးလား"

"မင်းကိုရပ်ကွက်က အရှုးဆိုပြီးနှင်လွှတ်တဲ့အချိန်ကျ ပြောင်းမယ်ကွ"

လင်းထိုက်လာရာလမ်း ဤနှယ် စည်ကားသွားသည်။ နှုတ်ဆက်သူ၊ ပြစ်တင်သူ၊ ကြည်နူးသူ၊ ရယ်ရွှင်သူများနှင့် လှုပ်လှုပ်ရွရွကျန်ခဲ့မြဲ။

"ဟော့ သဲလေး မင်းကိုယ့်ကို အဖြေမပေးရသေးဘူးနော့"

"နင့်ကိုအဖြေပေးမယ့်အစား တောထဲကမျောက် သွားဖမ်းပြီးကြိုက်ပစ်မယ်"

"ရပါတယ်၊ ငါနောက်တစ်ယောက် ပြောင်းကြိုက်မှ မျက်ရည်စမ်းစမ်းနဲ့လာငိုမပြနဲ့"

"ဟာဟ. . . မျက်ရည်နှမြောလို့"

"ဟော့ကောင်ဂျိုကာ မင်းကိုမနေ့ညနေကဘုံဆိုင်ထဲမှာတွေ့လိုက်တယ်"

"နှစ်ပက်ထဲပါကွာ"

"အေး အဲဒီနှစ်ပက်ကိစ္စနဲ့ မင်းအဖေအမွေပြတ်သွားနိုင်တယ်နော့"

"ယောက်ဖ ယောက်ဖ ယောက်ဖ"

"ငါ့ညီမမေးပြီးပြီ သူလင်မယူတော့ဘူးတဲ့၊ သီလရှင်ဝတ်မှာတဲ့"

နှုတ်ဆက်သူများ၊ စနောက်ပြီး ခနဲ့ပစ်သူများနှင့် လင်းထိုက်လာရာလမ်း ရွှင်လန်းစေလေသည်။ သူ့ကိုကြည့်ပြီး ဇေမောင်က

"ဒီကျောင်းမှာ မင်းကိုမသိတဲ့လူကိုမရှိတော့ပါလား"

www.burmeseclassic.com



ဇေမောင်အမေးကို လင်းထိုက်က ဘေးနားသူငယ်ချင်းများ ကိုပြန်နှုတ်ဆက်ပြီး ရယ်သည်။

"ကောင်းကောင်းမွန်မွန် ပေါင်းသင်းရင် လူတိုင်းခင်တာပေါ့ ဟုတ်ဘူးလား၊ လူတွေကို ရယ်ပြရတာ ဘာပင်ပန်းတာမှတ်လို့"

ဇေမောင်က ခေါင်းညိတ်ထောက်ခံရင်း

"ဟုတ်တော့ဟုတ်တယ်ကွ၊ အဲ ဒါပေမဲ့"

ဟုဆိုရင်း လင်းထိုက်လက်ဆွဲကာ. . .

"ဟိုး. . . လက်ဖက်ရည်ဆိုင်မှာတွေ့လား"

ဇေမောင်ညွှန်ပြရာ လင်းထိုက်လိုက်ကြည့်ရင်း. . .

"အင်း တွေ့သား ဖိုင်နယ်ကအစ်ကိုကြီးတွေလေ၊ ကိုမြမောင်တဲ့၊ ဖိုင်နယ်ကတွေ၊ ကျောင်းမှာတော့ လူဆိုးတွေလို့ပြောတာပဲ"

"အေး အဲဒီအစ်ကိုကြီးက ငါနဲ့တွဲနေတဲ့သင်းပျံ့အေး သိလား"

လင်းထိုက် မျက်မှောင်ကျုံ့ကာ. . .

"သိတယ်လေ၊ ဖိုးကွက်မဟုတ်လား၊ ခုနကတင် ကျောင်းပေါက်ဝမှာတွေ့ခဲ့သေး"

"အေး. . . အဲဒီဖိုးကွက်၊ အဲ သင်းပျံ့အေးကို ကြိုက်နေတာကွ"

"အဲဒီတော့"

"အဲဒါကို သူကဘယ်လိုထင်လို့လည်းမသိပါဘူးကွာ၊ မနေ့ကငါ့ကိုခေါ်ပြီး မင်းကကောက်ရိုးပုံစောင့်ရတာ အဆင်ပြေလား၊ ဘာလားနဲ့ခေါ်ပြီး ဖြဲခြောက်တာကွ၊ သူတို့က လူလည်အကြီးကြီးတွေ၊ နောက်ပြီးလေးငါးယောက်ဆိုတော့ ငါလည်းကြောက်ပြီးငြိမ်နေရတာ"

ဇေမောင်စကားကို လင်းထိုက်ရယ်သည်။ ပြီးမှ. . .





"ဘာကြောက်စရာရှိလို့လဲကွ၊ ကျောင်းသားအချင်းချင်းပဲ"

"ကျောင်းသားအချင်းချင်းပေမဲ့ အဲဒီအစ်ကိုကြီးက လက်သွက်တယ်ဆိုပြီး ရပ်ကွက်ထဲနာမည်ကြီးနေတာကွ"

လင်းထိုက်ပြုံးရင်း. . .

"အလကားပါကွာမင်းကလည်း၊ ကဲလာ မင်းကိုငါလက်တွေ့ပြမယ်"

ဆိုပြီး ကိုမြမောင်တို့ထိုင်နေရာ ဦးတည်သွားတော့

"ဟာ ဟေ့ကောင် ပြဿနာပဲကွာ၊ ပြဿနာတော်တော့မှာပဲ"

ဟု ရေရွတ်ရင်း ဇေမောင်အနောက်က ကုပ်ချောင်းချောင်းနှင့်လိုက်သွားရလေ၏။

မထင်မှတ်ထားဘဲ လင်းထိုက် သူတို့ရှေ့ရောက်လာတော့ ကိုမြမောင်မော့ကြည့်သည်။ လင်းထိုက်ကခပ်တည်တည်နှင့် ကိုမြမောင်ကိုလက်ညှိုးထိုးရင်း

"အစ်ကိုအားလား"

မထင်မှတ်သောစကားကြောင့် ကိုမြမောင်ဒေါသထွက်သွားသည်။

နံဘေးနားမှ သူငယ်ချင်းများကလည်း အခြေအနေမကောင်းမှန်းသိ၍ အကျီလက်ခေါက်ကြသည်။ ဖိုက်ရန်အဆင်သင့်ဟူသည့်သဘော။ ထိုတော့မှ ကိုမြမောင်က အရှေ့စားပွဲကိုလက်နှင့်ပုတ်ကာ

"အားတယ်ကွာ၊ အားတယ်၊ မင်းဘာလုပ်ချင်လဲပြော"

"အားရင် တွဲကရအောင်လေ"

"ဟမ်"

လင်းထိုက်၏ မထင်မှတ်သောစကားကြောင့် ကိုမြမောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွား၏။ ဘေးနားသူငယ်ချင်းများ ပြုံးစေ့စေ့ဖြစ်ကုန်၏။ ဒါကို လင်းထိုက်က ကိုမြမောင်၏လက်ကိုဆွဲကာ. . .

"လာပါ အစ်ကိုရ၊ ကျွန်တော်ပျင်းနေလို့ပါ၊ ပျော်သွားအောင် တစ်ပိုဒ်လေး တွဲကလိုက်ရအောင်"

လင်းထိုက်၏အပြုအမူကြောင့် ကိုမြမောင်ရှုံ့ရှုံ့ရှားရှား ဖြစ်သွားကာ

"အာ ဒီကောင်တော့ ငါရိုက်မိတော့မယ်၊ တောက်"

သူ့စကားကို လင်းထိုက်က. . .

"အစ်ကို တကယ်ရိုက်မှာလား"

"ဟေ့ကောင် ရိုက်ချင်နေတာကွ၊ ရိုက်ချင်နေတာ"

လင်းထိုက်က ကိုမြမောင်ကို လက်ညှိုးထိုးရင်း. . .

"တကယ်ရိုက်မှာနော်"

"တကယ်ရိုက်မှာကွ၊ တောက် လက်ယားလာပြီ"

ကိုမြမောင်က အသံကျယ်ကျယ်နှင့်အော်ရင်း လက်ကြီး မြှောက်တက်လာ၏။

ဒါကို လင်းထိုက်က

"ကိုးမီးလား၊ ဘူကြီးလားပြော"

"ဟင်"

လင်းထိုက်အမေးကို ကိုမြမောင်ကြောင်သွား၏။ ဒါကို လင်းထိုက်မှပင်ဆက်၍

"ကျွန်တော့်မှာ အထုပ်ပါတယ်ဗျ၊ ဟီဟိ ကျွန်တော်လည်း ဝါသနာတူတွေလိုက်ရှာနေတာ၊ တစ်ပွဲနှစ်ပွဲလောက်ဆွဲလိုက်ရအောင် ဂျိုကာပါရင်ဒေါင်းကြေးနှစ်ဆ"

ဟုဆိုကာ လွယ်အိတ်တွင်း ဟိုရှာဒီရှာလုပ်နေ၏။ သဘော ကတော့ အထုပ်ရှာသည့်သဘော။ ဒါကို ကိုမြမောင်က





"တောက် ဒီကောင်တော့ ငါဖွဲ့မိတော့မယ်"

"ဘာရယ် အစ်ကို"

ကိုမြမောင်စကားကိုလင်းထိုက်က မကြားသလိုပြန်မေး သည်။ ပြီးမှရယ်ရင်းနှင့်

"ဩော် အစ်ကိုကဖွဲ့ချင်နေတာကိုး၊ ကျွန်တော်လည်းဖွဲ့မလို့ စဉ်းစားနေတာ"

ကိုမြမောင်က အင်္ကျီလက်ဆွဲတင်ရင်း. . .

"မင်းတကယ်ဖွဲ့မှာလား"

"ဖွဲ့မှာပေါ့"

"ဘယ်မှာဖွဲ့ချင်လဲပြော"

"တစ်ယောက်တစ်ဝက်ဖွဲ့မှာလေ"

"ဘာ"

ကိုမြမောင် မျက်မှောင်ကျုံ့ပြီးထအော်သည်။ လင်းထိုက် ကစားပွဲပေါ်တင်ထားသော ပေါင်မုန့်တစ်လုံးကို ထိုးပေးရင်း. . .

"ဒါကို တစ်ယောက်တစ်ဝက် ဖွဲ့လိုက်မယ်လေ၊ အစ်ကိုလည်း ဗိုက်ဆာနေတယ်မို့လား"

"ဟား ဟား ဟား"

ဘေးနားကပြုံးစေ့စေ့နှင့် ကြည့်နေသော ကိုမြမောင်သူငယ် ချင်းများထရယ်သည်။ လင်းထိုက်က မသိချင်ယောင်ဆောင်ပြီး

"လာလေ အစ်ကို တစ်ယောက်တစ်ဝက် ဖွဲ့လိုက်မယ်၊ ကျတဲ့ ပိုက်ဆံအစ်ကိုရှင်း"

ကိုမြမောင် ရှုံ့ရှုံ့ရှားရှားဖြစ်သွား၏။ သူငယ်ချင်းများကပါ လိုက်ရယ်နေ၍ သူ့ခမျာလည်းဘာလုပ်ရမှန်းမသိ။ ထို့ကြောင့် တစ် ဘက်လှည့်၍. . .

"တောက် ဒီကောင်တော့ လုပ်လိုက်ရမကောင်းရှိရော့မယ်



www.burmeseclassic.com

အရှုံးကွက်လာနင်းနေတယ်"

"လက်မှတ်ကြည့်မလားအစ်ကို"

"ဟင်"

သူ့စကားမဆုံးခင် ဖြတ်ပြောလိုက်သောစကားကြောင့် ကိုမြမောင်ကြောင်သွား၏။ ပြီးနောက်ဇဝေဇဝါနှင့်

"ဘာလက်မှတ်လဲဟင်"

"ရွာသာကြီးကပေးထားတာလေ၊ အရှုံးလက်မှတ်၊ ကျွန်တော်ရထားတာ"

"ဟမ်"

"ဟုတ်တယ်အစ်ကိုရ၊ ကျွန်တော်က ရှော့(ခ်)နှစ်ခါ ရိုက်ထားရတာ၊ နေပူရင်မရဘူး"

"ဟင် ဟို ဟို"

လင်းထိုက်စကားများကြောင့် ကိုမြမောင်ဘာပြန်ပြောလို့ပြောရမှန်းမသိဖြစ်ကုန်၏။ နံဘေးနားကသူငယ်ချင်းများကလည်း ပြုံးစေ့စေ့နှင့်မို့ သူ့မှာဘာမှလုပ်၍မရ။ အတန်ကြာမှ

"ကဲ တော်ပါတော့ကွာ၊ သွားပါတော့"

သူ့စကားကို လင်းထိုက်က

"မသွားသေးဘူးအစ်ကိုရာ အစ်ကိုနဲ့ကျွန်တော်ဒါလေး တစ်ယောက်တစ်ဝက်ဖဲ့ပြီးမှသွားမယ်"

ကိုမြမောင် စိတ်ညစ်ဟန်ဖြင့်ခေါင်းကုပ်ကာ. . .

"သွားပါဆိုကွာ"

"သွားဘူးကွာ၊ ဒါလေးတစ်ယောက်တစ်ဝက်စားပြီးမှသွားမယ်"

လင်းထိုက်က ကလေးအထာနှင့်ပေကပ်နေသည်။ ကိုမြမောင်ကသာ စိတ်ရှုပ်ထွေးစွာခေါင်းကုတ်ပြီး. . .





"သွားမယ့်သာသွားစမ်းပါကွာ၊ ငါမစားချင်လို့ပါကွာ"

"မရဘူးဗျာ၊ တစ်ကိုက်တော့စား"

"စားပါဘူးဆိုနေကွာ"

"ဒါဆို ကျွန်တော့်ကိုတောင်းပန်"

"ဟမ်"

လင်းထိုက်စကားကြောင့်ကိုမြမောင်ကြောင်သွား၏။ နောက်မှသဘောပေါက်သွားသလိုဖြင့်

"အေး ငါတောင်းပန်ပါတယ်ကွာ နော်၊ မင်းသွားတော့တောက် အမူတော့ဖြစ်တော့မယ်"

ကိုမြမောင်စကားကြားတော့ အားလုံးပြုံးသွား၏။ ထိုတော့မှ လင်းထိုက်ကျေနပ်သွားဟန်နှင့် ကိုင်ထားသောပေါင်မုန့်ကို လွယ်အိတ်ထဲထိုးထည့်ရင်း. . .

"ဒါဆို ကျွန်တော်သွားတော့မယ်အစ်ကို၊ နောက်တစ်ခါကျွန်တော်နဲ့အစ်ကိုတွေ့လို့အားနေရင် တွဲကရမယ်နော်"

"အေး. . . အေးပါ၊ အခုမြန်မြန်ကြွပါ၊ စိတ်ညစ်လွန်းလို့ပါ"

လင်းထိုက် ပြုံးရွှင်စွာဖြင့်ထိုင်ရာမှပြန်ထပြီး. ...

"သွားပြီအစ်ကိုရေ၊ ကျေးဇူးပဲ"

လမ်းပေါ်ပြန်ရောက်တော့ အသင့်စောင့်နေသောဇေမောင်က. . .

"မင်းကွာ ငါ့မှာစိတ်ပူလိုက်ရတာ၊ တစ်ခုခုဖြစ်ရင် လွယ်မှာမဟုတ်ဘူးကွ"

လင်းထိုက်က သဘောကျဟန်နှင့်ရယ်ကာ. . .

"ဟား. . . ဟား ဘာမှစိတ်မပူပါနဲ့ကွ၊ ဒီကိစ္စမျိုးတွေ ငါကနိုင်ပါတယ်၊ ဟဲ ဟဲ နောက်ဆိုကြည့်နေ ငါ့ကိုမြင်တာနဲ့ လန့်နေရမယ်"

www.burmeseclassic.com



လင်းထိုက်က ကိုမြမောင်တို့စားပွဲကယူလာသော ပေါင်မုန့်ကိုထုတ်ကာဇေမောင်ကို တစ်ဝက်ဖဲ့ပေးလိုက်သည်။ ဇေမောင်က ပေါင်မုန့်ကိုလှမ်းယူရင်း. . .

"ဒါနဲ့နေပါဦး မင်းအခုဘယ်သွားမှာလဲ"

လင်းထိုက်က လက်ထဲကပေါင်မုန့် ပါးစပ်ထဲထိုးသွင်းကာ. .

"အဆောင် (၂၆)ဘက် ခဏသွားမလို့"

"ဘာသွားလုပ်မှာလဲ"

"ဘာရယ်မဟုတ်ပါဘူးကွာ၊ နယ်ကကောင်မလေး တစ်ယောက် ဒီသောကြာနေ့နယ်ပြန်မှာမို့ မှာစရာရှိတာသွားမှာမလို့"

ဇေမောင်က မျက်မှောင်ကျုံ့ရင်း. . .

"ဘာလဲ မင်းတို့နယ်ကလား"

"အင်းပေါ့ကွ၊ ငါတို့ရွာက သြော် မင်းကို မိတ်ဆက်ပေးဘူးတယ်နဲ့တူတယ်၊ မင်းတွေ့ရင် ခိုက်သွားမယ်၊ ဟဲ ဟဲ"

၊

ဇေမောင် အလိုက်သင့်ရယ်သည်။ ပြီးမှ. . .

"ဘယ်မှာချိန်းထားတာလဲ"

"ဖယ်ရီဂိတ်နားက ကင်(န်)တင်းလေ၊ ဟိုမှာ"

လင်းထိုက်ညွှန်ပြရာ ကြည့်လိုက်တော့ လူရှင်းစပြုပြီဖြစ်သော ကင်(န်)တင်းထဲတွင် ထိုင်နေသော ကောင်မလေးနှစ်ယောက်။

"အလို"

ဇေမောင့်ထံမှ အာမေဍိတ်သံ။ လင်းထိုက်က သူ့ကိုမျက်မှောင်ကျုံ့ကြည့်ရင်း. . .

"ဘာဖြစ်တာလဲကွ"

"ဟိုတစ်နေ့က ကားရှေ့မှာ ငါလဲ့အိပ်နေတုန်း ငါ့ကိုတက်နင်းမိသလိုဖြစ်သွားတာ သူတို့ပေါ့ကွ"

လင်းထိုက် ရယ်သည်။





"ဟား. . . ဟား ဒါဆိုရင်တော့ မော်တော်ကားအောက်ဖူးစာပေါ့၊ ဟား ဟား လာသွားရအောင်"

ဆိုကာ ကောင်မလေးများရှိရာစားပွဲသို့ ခြေဦးလှည့်လိုက်ကြရသည်။

"ဘာတွေသဘောကျလာတာလဲ လင်းထိုက်"

ကောင်မလေးတစ်ယောက်က လှမ်းမေးသည်။

ဇေမောင်နှင့်လင်းထိုက် ဝင်ထိုင်ရင်းက. . .

"အင်မတန်ထူးဆန်းတဲ့ ယောကျ်ားလည်စေ့နဲ့ မိန်းမခြေဖနောင့်ဆုံတဲ့ဖူးစာပေါ့"

အခြေအနေကိုသိနေသောကောင်မလေးများက ရယ်သည်။ ပြီးမှ တစ်ယောက်က. . .

"အဲဒီနေ့ကလည်း ငါတို့နှစ်ယောက် စကားတပြောပြောနဲ့နေကြာစေ့ဝါးစားပြီး ရှေ့မကြည့်နောက်မကြည့်လုပ်လာတာ၊ အောက်ငုံ့ကြည့်လိုက်မှ အောင်မလေး လန့်သွားတာပဲ၊ နောက်တစ်လှမ်းဆို နင်းပြီ၊ ဟင်း ဟင်း"

"ဪဆို ဒီကောင် အကုန်မြင်သွားတာပေါ့"

"လူယုတ်မာ"

ကောင်မလေးများက ထောင်းနှာပြုသည်။ ဇေမောင်က ရှက်ကိုးရှက်ကန်းနှင့်. . .

"ငါ ငါလည်း မျက်လုံးမှိတ်ထားပါတယ်ကွ"

"ဒါဆို အဲဒီနေ့က သူတို့ဘာဝတ်ထားလဲ"

"အနီရောင် အဲ မမြင်ပါဘူးဆိုနေမှကွာ၊ မင်းကလည်း"

ရုတ်တရက်မေးလိုက်သောစကားကြောင့် ဇေမောင်ယောင်ပြီးပြန်ဖြေမိသည်။ ပြီးမှ အကြောက်အကန်ပြန်ငြင်းသည်။

"ဟား ဟား ဟား ဟား"



www.burmeseclassic.com

လင်းထိုက်က သဘောကျစွာ အသံကျယ်ကျယ်နှင့်ရယ်သည်။ ကောင်မလေးနှစ်ယောက်က ရှက်ရွံ့ဟန်နှင့် သံယောင်လိုက်ရယ်၏။ ပြီးမှလင်းထိုက်က. . .

"ဪ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့သူငယ်ချင်းအသစ် ဇေမောင်တဲ့၊ ဒီနှစ်မှမန္တလေးက ကျောင်းပြောင်းလာတာ"

သူ့စကားကို အရပ်ရှည်ရှည်ကောင်မလေးက. . .

"အောင်မလေး အကြောင်းမသိလို့ နှင်နဲ့ပေါင်းတာပေါ့ လင်းမွေရယ်၊ အကြောင်းသိရင် ဘယ့်နှယ်ပေါင်းမှာလဲ"

လင်းထိုက်က ရယ်သည်။ ပြီးမှဇေမောင်ဖက်လှည့်ပြီး. . .

"သူက ငါတို့ရွာကလေ၊ နာမည်ရင်းက မြတ်မြတ်သစ်တဲ့၊ ငါကတော့သူ့ကို ဝေါဒစ္စနေက ကာတွန်းကားထဲကဘဲပေါက်နဲ့တူလို့ ဘဲပေါက်လို့ခေါ်တယ်"

"သေဦးမယ်"

ကောင်မလေးက ရယ်ရင်းပြောသည်။ ဟုတ်ပါသည်။ မျက်လုံးကပြူးကြောင်ကြောင်နှင့် သနားစဖွယ်ဖြစ်နေ၍ ဘဲပေါက်စလေးနှင့်ပင်တူသေး၏။ နှုတ်ခမ်းပေါ်တွင်အမာရွတ်သေးသေးလေးရှိနေ၍ ဘဲနှုတ်ခမ်းနှင့်ပိုတူနေသယောင် ဇေမောင်၏မျက်ဇေ့ထဲ ရုတ်တရက်မထွက်နိုင်အောင်ဖြစ်သွားသည်။

"သူက ဘဲပေါက်သူငယ်ချင်း"

"ပြည့်နိုင်စိုး၊ နင်ထပ်မရှည်နဲ့၊ သေမယ်နော်"

"ငါတို့ခေါ်တာက မီးပြောင်း၊ ဟီဟိ"

"ကဲဟယ်"

ကောင်မလေးက အရှေ့ကတစ်ချက်နှင့်ကောက်ပေါက်၏။ ဇေမောင်ရယ်ချင်သွားသည်။ ဟုတ်ပါသည် ကောင်မလေးပုံက မည်းမည်းရှည်ရှည်လေးမို့ မီးပြောင်းနှင့်ပင်တူသေး၏။





"ဟဲ့ ဘဲပေါက်၊ နင်သောကြာနေ့ပြန်မယ်ဆိုတာ သေချာသွားပြီလား"

ကောင်မလေးကစိတ်မဆိုးဘဲခေါင်းညိတ်သည်။

"အင်းလေ သောကြာနေ့ညနေ ကားလက်မှတ်ဖြတ်ထားပြီးပြီ၊ တနင်္ဂနွေ၊ အဲ တနင်္ဂနွေနေ့ညနေပြန်လာမယ်၊ နင်အိမ်ကိုဘာမှာဦးမှာလဲ"

"ထုံးစံအတိုင်းပေါ့၊ ပိုက်ဆံမလောက်လို့"

"ဟဲ့. . . ပြီးခဲ့တဲ့အပတ် ငါပြန်တုန်းကတောင် ယူခဲ့ပေးသေးတယ်လေ၊ အဲဒါကုန်ပြီလား"

"အာ. . . ကုန်တာ ဟိုးတစ်နေ့ထဲက အခုတောင် ဇေမောင့်ဆီ ကပ်စားနေရတာ"

"နင်ကလည်းဟယ်"

ကောင်မလေး၏ ကရုဏာသံလေးလား၊ စိတ်ပျက်သွားသံလားတော့မသိ။ ပြီးမှ. . .

"ပြီးခဲ့တဲ့အပတ်ကတင် တစ်လစာဆိုပြီး ငါတောင်းခဲ့ပေးတာ အခုသုံးရက်နဲ့တင်ကုန်ပြီဆိုတော့"

"ဘဲပေါက်ကလည်းဟာ ကျောင်းမှာစာအုပ်တွေဝယ်ရလို့ ထမင်းလခတွေ ဈေးတက်သွားလို့၊ ဘာလို့ညာလို့ဆိုပြီး နည်းနည်းပါးပါးရှိုးလိုက်ပေါ့ဟာ"

လင်းထိုက်စကားကို ကောင်မလေးက သက်ပြင်းချ မျက်စောင်းထိုးကာ. . .

"နင်နဲ့ပေါင်းမှပဲ ငါလည်းလူလိမ်လေးကိုဖြစ်နေတာ၊ ဟိုလိုလှည့်လိမ်ပေးရ၊ ဒီလိုလှည့်လိမ်ပေးရနဲ့"

"နင်ကလည်းဟာ တစ်သက်လုံးပေါင်းရမဲ့ဟာပဲ"

လင်းထိုက်စကားကြောင့် ဘဲပေါက် အရှေ့ကရေနွေးခွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကောက်ယူပြီးပစ်ရန်ရွယ်ကာ. . .

"သေဦးမယ်"

လင်းထိုက်ရှောင်ရန်ပြင်သည်။ တကယ်တမ်းကျတော့ ကောင်မလေးကမပစ်။ ကောင်မလေးစကားပြောလိုက်တိုင်း လှုပ်လှုပ်သွားသော အမာရွတ်ကလေးကြည့်ပြီး ဇေမောင်အသည်းယားနေ၏။ ဇေမောင်ကတော့ သူတို့ဖြစ်နေပုံကိုကြည့်ပြီး ကြည်နူးစွာရယ်၏။

"ကဲ ငါသွားမယ်ဘဲပေါက်၊ အိမ်ကိုတော့ နင်ပဲနည်းနည်းရှင်းခဲ့တော့ဟာ၊ ပြန်လာရင်နင့်ကိုငါကြံရည်တိုက်မယ်"

ကောင်မလေးမျက်နှာ ရှုံ့မဲ့ကာ. . .

"နင့်ကြံရည်တစ်ခွက်နဲ့"

ဟု မကျေမနပ်ဟန်နှင့်ဆိုသည်။ လင်းထိုက် ထထွက်သွား၍ ဇေမောင်ကပါလိုက်ထကာ. . .

"သွားဦးမယ်နော်၊ မဘဲ. . . ဘဲ"

သူဘယ်လိုမှ ခေါ်မထွက်ဖြစ်နေ၏။ ဒါကို လင်းထိုက်က

"ဟေ့ကောင် မင်းသူတို့ကို ဆိတ်လိုအော်ပြနေတာလား"

ကောင်မလေးနှစ်ယောက်ရယ်ပါသည်။ ဇေမောင်ကရှက်ကိုးရှက်ကန်းနှင့်. . .

"မဟုတ်ပါဘူးကွာ၊ ခွင့်ပြုပါဦး၊ မ. . . မီး. . . မီး"

"ဟေ့ကောင် အဲဒါကြောင်ခေါ်တာကွ"

"ဟာကွာ ဘယ်လိုခေါ်ပြီးသွားရမှန်းမသိဘူး၊ ရိုးရိုးပြောတော့မယ်၊ သွားပြီဗျို့"

ဟုဆိုကာ လင်းထိုက်နောက် ပြေးလိုက်သွားရလေတော့၏။ ဇေမောင်အပြင်ရောက်မှ လင်းထိုက်ကနောက်ပြန်လှည့်ကာ. . .

"ဘဲပေါက်"





"ဟေ"

ကောင်မလေးက ပြန်ထူးသည်။

"ငါတို့အိမ်ရဲ့ဧည့်ခန်း ဘယ်ဘက်ထောင့်မှာလေ သိလား"

"အေး. . . ပြော"

"အဲဒီမှာ ငါတို့အဖေဂျာကင်ကြီးချိတ်ထားတယ်သိလား"

"အေး"

"အဲဒီဂျာကင်ရဲ့ ညာဘက်အတွင်းအိတ်ထဲမှာ ငါ့လက်စွပ်ပေါင်ထားတဲ့ဘောက်ချာရှိတယ်"

"အဲဒီတော့"

"အဲဒီဘောက်ချာကိုယူပြီး နင်ရလာတဲ့ပိုက်ဆံနဲ့ မတိုးတို့အိမ်"

"ဘယ်မတိုးလဲ"

"ဟာ နင်ကလည်း ရွာတောင်ဖျားက အပေါင်ခံတဲ့မတိုးပေါ့၊ ဘယ်သူရှိရမှာလဲ၊ အဲဒီမှာ ဘောက်ချာပြပြီး အတိုးသုံးလစာသတ်ခဲ့ပေးဟာ နော"

"ဟာ ငါအပေါင်ဆိုင်မသွားချင်ဘူး"

"နင်ကလည်းဟာ ရောက်တုန်းရောက်ခိုက်ကူညီပါ၊ ကဲ ငါသွားပြီနော့"

ဟုဆိုကာ လှည့်ပင်မကြည့်တော့ဘဲ ထွက်သွားလေတော့သည်။ ဇေမောင်ကသာ လင်းထိုက်ကိုအမှီလိုက်ကာ. . .

"မင်းက တယ်လည်းပိုင်ပါလား"

လင်းထက်က ရယ်သည်။

"မထူးဆန်းပါဘူးကွာ၊ တစ်နယ်ထဲနေ၊ တစ်ရေထဲသောက်ပြီး မွေးလာရာကစပြီး ဆယ်တန်းအထိအတူနေလာတာ၊ နောက်ပြီးသူ့အဖေနဲ့ငါ့အဖေကအစ ငယ်ပေါင်းစီးပွားဖက်၊ ကဲ ဘာထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



သေးလို့လဲ၊ ခြေသလုံးမှာ အနာရွတ်ဘယ်နှစ်ခုရှိတာကအစသိတယ်ကဲ"

ဇေမောင် လိုက်ရယ်သည်။ အတန်ကြာမှ. . .

"ဆိုးတော့မဆိုးဟူးနော့"

လင်းထိုက်က ခြေလှမ်းရပ်ပြီး မျက်မှောင်ကျုံ့ကာ ဇေမောင်ကို ပြန်ကြည့်သည်။

"ဘယ်သူ့ကိုပြောတာလဲ"

ဇေမောင် ခေါင်းကုတ်ကာ. . .

"ဟိုလေကွာ နှစ်ယောက်လုံးပဲ၊ ဒါပေမဲ့ ဘဲပေါက်ကလေး မျက်နှာက သနားစရာလေး"

လင်းထိုက် ဇေမောင်ကို အသေအချာစူးစိုက်ကြည့်သည်။ သူ့ပုံက အံ့အားသင့်နေပုံရ၏။ ဒါကို ဇေမောင်က လင်းထိုက်ကို ပခုံးချင်းတွန်းပြီး. . .

"မင်းကလည်းကွာ ငါ့ကိုအဲလိုမကြည့်ပါနဲ့"

ခြေလှမ်းယိုင်သွားတော့မှ လင်းထိုက်သဘောကျစွာ တဟားဟားရယ်ကာ. . .

"ဟား ဟား ငါ့တစ်သက်မှာ ဘဲပေါက်ကို သနားစရာလေးဆိုတဲ့စကားသံမျိုး မကြားဖူးလို့ပါကွာ၊ ဟဲ ဟဲ ဘာလဲ မင်းက စိတ်ဝင်စားလို့လား"

လင်းထိုက်စကားကိုဇေမောင်က ရယ်ကျဲကျဲနှင့်. . .

"မင်းကလည်း ငါပြောတာက"

လင်းထိုက်ကဇေမောင်ကို ပခုံးချင်းပြန်တိုက်ပြီး. . .

"ငါသိပါတယ်ကွာ၊ မင်းစိတ်ဝင်စားရင်တော့ ငါစပ်ပေးရတာပေါ့။ ဟဲ ဟဲ ဘဲပေါက်က ငါပြီးရင်ပြီးပါတယ်"

"မင်းကလည်းကွာ ငါက"





ဇေမောင် ဘာဆက်ဖြေရမှန်းမသိတော့။ ကျောင်းကင်(န်)တင်းကြီးရောက်တော့ ကိုမြမောင် လက်ဖက်ရည်ဆိုင်မှာတွေ့ရတုန်း။ လင်းထိုက်က အသံကျယ်ကျယ်နှင့်. . .

"ကိုမြမောင်ကြီး အားပြီလား"

လင်းထိုက်အသံကြားသည်နှင့် ကိုမြမောင် တစ်ဘက်သို့ လှည့်သွားကာ

"အားပါဘူးကွာ"

"အားရင်ပြောနော့ ကျွန်တော်နဲ့တွဲကရအောင်"

ကိုမြမောင် သူငယ်ချင်းများထံမှ ဝါးခနဲရယ်သံကြားရ၏။

××××

တလက်လက်တောက်ပနေသော နေရောင်ခြည်နှင့်အတူ ချစ်ခြင်းကိုပိုင်ဆိုင်လိုသောလူငယ်လေး၏အတွေးမှာ ပိုမိုတောက်ပနေသည်။

အိပ်မပျော်တစ်ဝက်၊ ပျော်တစ်ဝက်ဖြစ်နေသော နှလုံးသားဖြင့် အိပ်မက်မီးအိမ်ကို လက်လက်ထအောင် ထွန်းညှိလိုက်လေသည်။

ထိုလက်ဆွဲမီးအိမ်ဖြင့်ပင် သနားစဖွယ်မိန်းမငယ်ဆီ တိမ်တိုက်သဖွယ်ဖြတ်သန်းရင်း မေတ္တာစကားကို ဤသို့တီးတိုးဆိုပါ၏။

"ကျွန်ုပ်ချစ်ခဲ့ဖူးပါပြီ"

ထိုစကားကိုပင် လူငယ်လေးက ထပ်တလဲလဲဆိုနေပေသည်။

ထို့ကြောင့် သေခြင်းတရားက သူ့ကို အနိုင်ယူသွားသည့်တိုင် ထိုစကားသည် တစ်ယောက်သူ၏ရင်၌ ထာဝရတည်နေပေလိမ့်မည်။

××××



www.burmeseclassic.com

www.burmeseclassic.com





"ဟော့ကောင်. . . ခွေးကောင်"

"ပြော သားကြီး မင်းဘယ်တုန်းကဆေးရုံဆင်းတာတုန်း"

"မင်းအစ်မ ဆန်ပြုတ်လာပို့တဲ့နေ့ ဆင်းတာကွ"

"စိတ်တိုမျောက်ညိုတွဲလာပြန်ပြီလား"

"စိတ်တိုနေတာနော့"

"ဒါဆိုလည်းနှစ်လုံးပြူးကြီးနဲ့ မင်းချစ်သူမျောက်ညိုကိုလိုက်ပစ်လေ"

"သေနာ. . . ငါ့ကိုတော့ နှစ်လုံးပြူးကြီးနဲ့မပစ်ဘူး၊ နင့်ကိုပဲ ခဲနဲ့လိုက်ထုမှာ"

"ဟိုဖက်ကမအေးပွင့်တို့ မြင့်မြင့်စန်းတို့ လမ်းသုံးဆယ် ရေကျော်လို့ဆို"

"အေး. . . လှေစီးပြီးလာခဲ့တာဟေ့"





"ကိုမြမောင်ကြီးရော အားပြီလား"

"အားပါဘူးဆို"

"အားရင်ပြောနော့၊ တွဲကရအောင်"

ထိုအသံများကြားကတည်းက လင်းထိုက်ကျောင်းတွင်းသို့ ဝင်လာပြီဖြစ်မှန်း ဇေမောင်သိလိုက်သည်။

စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက် ဖြစ်သော်လည်း တစ်ရက်မှ မျက်နှာချင်းဆိုင်ကိုမတွေ့ရသေး။ နှစ်ရက်လုံးဘယ်သွားလို့သွားမှန်းမသိဘဲ ရှာလို့ကိုမရဖြစ်နေသည်။ ယခု ကျောင်းဖွင့်ရက်မှ ပြန်ဆုံရ၍ ဇေမောင်ပျော်သွား၏။

"ရှာလိုက်ရတာကွာ၊ စနေ တနင်္ဂနွေနှစ်ရက်လုံးမင်းဘယ်ရောက်နေတာလဲ"

ဇေမောင့်အမေးကို လင်းထိုက်က. . .

"ဟိုမှာလေ ဘိုထွန်းတို့ဆီအလည်လိုက်တာ၊ မနေ့ည မိုးအတော်ချုပ်မှပြန်ရောက်တာ"

"မင်းကကွာ ခေါ်တာမဟုတ်ဘူး"

"ခေါ်မလို့ပါပဲကွာ၊ ကမန်းကတန်းကြီးထွက်သွားရလို့၊ ကဲ ဆိုစမ်းပါဦး ငါ့ကိုရှာနေတဲ့ကိစ္စက"

"ဘာမှမဟုတ်ပါဘူးကွာ"

ဇေမောင်ကခေါင်းကုတ်ရင်း ရယ်ကျဲကျဲနှင့်ပြော၏။ လင်းထိုက်ကမသင်္ကာသလို မျက်မှောင်ကျုံ့၍ ပြန်ကြည့်သည်။ ဇေမောင်က မနေနိုင်မထိုင်နိုင်ဖြစ်ပြီး. . .

"ဟိုလေကွာ"

"ဟာ. . . ဟော့ကောင်တွေ ခေါင်းချင်းဆိုင်ပြီးဘာလုပ်နေတာလဲ"

သူ့စကားမဆုံးမီ လင်းထိုက်က လမ်းဘေးလက်ဖက်ရည်ဆိုင်

www.burmeseclassic.com



တွင် ခေါင်းချင်းဆိုင်ထိုင်နေကြသော ညီနိုင်တို့အုပ်စုကိုကြည့်ပြီး လှမ်းအော်လိုက်သည်။

"ဟာ. . . လင်းမွေပါလား၊ လာလေကွာ ဒီမှာပိုက်ဆံရှာတမ်းကစားမလို့"

"ဒီလိုလား ငါလည်းငွေမရှာရတာအတော်ကြာပြီ၊ လုပ်ကြည့်လိုက်မယ်"

ဟုဆိုကာ ညီနိုင်တို့အုပ်စုရှိရာလက်ဖက်ရည်ဆိုင်ဘက် ခြေဦးလှည့်သွားသည်။ ဒါကိုဇေမောင်က လင်းထိုက်လက်မောင်းလှမ်းဆွဲရင်း. . .

"ဟာ. . . ဟော့ကောင် မင်းဘဲပေါက်ဆီက ပိုက်ဆံသွားယူရဦးမှာလေ၊ မသွားဘူးလား"

လင်းထိုက် ခြေလှမ်းရပ်တန့်သွား၏။ ပြီးနောက် ဇေမောင်ကို အသေအချာပြန်ကြည့်သည်။ ဇေမောင်က ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကုတ်ရင်း. . .

"ဟိုလေကွာ. . . သူတို့စောင့်နေရင် အားနာစရာကြီးမို့ပါ"

လင်းထိုက် ရယ်သည်။ ပြီးမှ. . .

"ဒါဆိုဒီလိုလုပ်၊ မင်းပဲ ငါ့ပိုက်ဆံသွားယူပေး"

"ဟင်"

"ငါ့ကိုမေးရင် ငါမအားလို့မလာနိုင်ဘူးလို့ပြောလိုက်"

"ဟင်. . . ငါတစ်ယောက်တည်း"

"ဖြစ်ပါတယ်ကွ၊ မင်းသွားချင်နေတာမဟုတ်လား"

"ဟာ. . . ငါ ငါပြောတာက"

"သွားမယ့်သာသွားစမ်းပါကွာ၊ ငါ ဒီကပဲငွေရှာရင်းစောင့်နေမယ်၊ ပြန်လာရင် လက်ဖက်ရည်သောက်ရအောင်"

ဟုဆိုကာ ညီညီနိုင်တို့ဝိုင်းသို့ ထွက်သွားလေတော့၏။ ဇေ






မောင်ကသာ ကြောင်တောင်တောင်နှင့် လမ်းမမှာကျန်ခဲ့၏။ သူ့ခမျာ လင်းထိုက်နောက် လိုက်ရနိုး၊ ဟိုဘက်သွားရနိုး ချီတုံချတုံ ဖြစ်နေ၏။ နောက်ဆုံး စိတ်၏စေရာသို့သာ. . .။

××××



www.burmeseclassic.com



အလှတရားတို့သည် နေရာတိုင်းတွင်ရှိပါသည်။ သို့သော် လူများ၏အလှတရား ရှာတွေ့ပုံခြင်းမတူညီနိုင်ပေ။ တချို့ကလည်း အနီးနား၌သာ လက်လှမ်းမီရာကိုရှာဖွေတွေ့ရှိပြီးတချို့လူများက သူ့နှလုံးသားနှင့် ထပ်တူကျသော အလှတရားကိုရှာဖွေတွေ့ရှိကြသည်။

ထိုအရာသည် မြက်ပင်တစ်ပင်မျှပင် တန်ဖိုးရှိငြား ထိုသူ၏ နှလုံးသားထဲ၌ အဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိတတ်ပါသည်။

အလှတရားကို ရှာဖွေတွေ့ရှိခြင်းသည် အချစ်စစ်၏ အစပင် တည်း။ ထိုအရာသည် ထာဝရဂီတသံလည်းဖြစ်၏။

ထာဝရဂီတကို ကြားနေရသူသည်သာလျှင်. . .

"ဘဲပေါက်"

သူမမော့ကြည့်ကာ အံ့အားသင့်သွားပုံရ၏။

"ဇေမောင်"





သူလွတ်နေသော ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူမ ကသာ ဘေးဘီဝေ့ကြည့်ရင်း. . .

"လင်းထိုက်ရော"

ဇေမောင် သက်ပြင်းချကာ. . .

"သူ ဟိုဖက်ကင်(န်)တင်းမှာ သူ့သူငယ်ချင်းတွေနဲ့ ကျန်ခဲ့ တယ်"

"ဩော်"

စကားသံများ ခေတ္တတိတ်ဆိတ်သွား၏။ အတန်ကြာမှ. . .

"အခု သူလွှတ်လိုက်တာလား"

"ဗျာ. . .ဩော် အင်း ဟုတ်ကဲ့"

ကယောင်ကတမ်းနှင့် ဘာပြန်ပြောလို့ပြောမိမှန်းမသိ။ လူ ကလည်းထူပူနေသည်။ သူမကသာလွယ်အိတ်ထဲမှ အထုပ်တစ်ထုပ် ကိုဆွဲနှိုက်ယူပြီး

"သူ့အိမ်ကပေးလိုက်တာပါလို့"

"ဟုတ်ကဲ့"

"လက်စွပ်ဘောက်ချာက သူ့အမေတွေ့ပြီး ပြန်ရွေးပြီးသွား ပြီလို့"

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ"

စကားသံများ ပြန်လည်တိတ်ဆိတ်သွားပြန်၏။ ပြောစရာ စကားလုံးများ အဘယ်ကြောင့်ရှားပါးသွားသည်မသိ။

"လက်ဖက်ရည်သောက်ဦးလေ"

"ဩော်. . . အင်း ဟိုလေ မသောက်တော့ဘူး၊ လင်းထိုက် စောင့်နေမှာမို့ သွားလိုက်ပါဦးမယ်"

"ဩော်. . . ဟုတ်ကဲ့"

ခဏတာတွေ့ဆုံရသောအချိန်၌ ဆွံ့အနေမိသော သူ့ကိုယ်

www.burmeseclassic.com



သူ ပြန်ပြီးမကျေမနပ်ဖြစ်မိသည်။ အမှန်ဆို ပြောစရာစကားကအများကြီးရှိသည်မဟုတ်ပါလား။

"ကျောင်းတက်ရတာ အဆင်ပြေရဲ့လား၊ စာရေးလိုက်နိုင်ရဲ့လား၊ နယ်မှာ ရာသီဥတုအခြေအနေဘယ်လိုလဲ၊ မိုးရောရွာသေးလား၊ သူငယ်ချင်းတွေမတွေ့မိပါလား၊ ယောကျ်ားလေးသူငယ်ချင်းရော မရှိဘူးလား၊ လင်းထိုက်ကို ဘာမှာလိုက်ဦးမလဲ"

စသည်ဖြင့် ပြောမကုန်နိုင်အောင်ရှိသေးသည်ပဲ။ သည်လောက်များသည့်စကားလုံးများ ဘာကြောင့်သူတစ်လုံးမှပြောမထွက်ခဲ့တာလဲ။

လင်းထိုက်ကိုပင် သူမနာလိုဖြစ်သွားမိ၏။ လင်းထိုက်ဆိုပြောလိုက်မည့်ဖြစ်ခြင်း။

"တောက်. . . ဇေမောင် မင်းဟာလူညံ့ပဲ"

သူ့ဘာသာသူ ပြန်ရေရွတ်ရင်း ရင်ခုန်တာသာ အဖတ်တင်မှုကို ပြန်လည်ကျိန်ဆဲမိ၏။

"တောက် ဒီလောက်ခုန်တဲ့ရင် ရထားသာဖြစ်ရင် မန္တလေးရောက်ပြီ"

စိတ်တိုတိုနှင့်လျှောက်လာရင်း လင်းထိုက်တို့လူစုနား ပြန်ရောက်လာသည်။

လင်းထိုက်တို့ကတော့ တစ်စုံတစ်ခုကို စိတ်ဝင်စားစွာယှဉ်ပြိုင်နေဆဲ။ ဇေမောင်လည်းသူတို့စားပွဲဝိုင်းထဲ ခုံတစ်လုံးဆွဲကာဝင်ထိုင်လိုက်သည်။

"အိမ်ကပို့တဲ့ ပိုက်ဆံတွေကတော့ လင်းထိုက်ဆီပဲရောက်ကုန်ပြီ၊ ကဲ ဒါနောက်ဆုံးပွဲပဲ"

ညီညီနိုင်၏စကား။ လင်းထိုက်က. . .

"ဘယ်လိုလုပ်ချင်လဲ"





ညီညီနိုင်မှပင် ဆက်၍. . .

"စကားထာဖွက်သလိုကွာ ကိုယ်ဖွက်ချင်ရာဖွက်၊ စကားထာဆိုလည်းရတယ်၊ ကျန်တာတွေလည်းရတယ်၊ ဒါပေမဲ့ ကိုယ်ဖွက်တာနဲ့ အဖြေနဲ့ ကိုက်ညီနေရမယ်၊ ဒါကိုမှ မဖြေနိုင်တဲ့သူအရှုံး"

"ဟား. . . ဟား မင်းတို့ရှုံးမှာမြင်ယောင်သေး၊ ကဲ ဝေဖြိုးတို့ ဇော်ကြီးတို့ရော ပါဦးမှာလား"

"ပါမှာပေါ့ကွ၊ ငါတို့ရှုံးထားတာ၊ ကဲ ဒီပွဲတစ်ထောင်ကြေးအားလုံးတစ်ထောင်စီထည့်၊ နိုင်သူအားလုံးစားကြေး"

"ရတယ်၊ ထည့်ပြီဗျား၊ ဟေ့ကောင်ဇေမောင် မင်းရောပါဦးမလား"

လင်းထိုက်အမေးကို ဇေမောင်က ခေါင်းခါရင်း. . .

"ဟင့်အင်း ငါဖွက်တတ်ဖြေတတ်မှာမဟုတ်ဘူး၊ မင်းတို့ဘာသာလုပ်ကြ"

အားလုံးပေါင်းလေးယောက် တစ်ယောက်တစ်ထောင်စီထည့်ကြ၏။ ဇော်ကြီးက. . .

"ငါစဖွက်မယ်"

"လုပ်လေ. . . ဖွက်"

လင်းထိုက်က ခွင့်ပေးသည်။

"အခြေလေးခုမြေမှာစု ခြေလက်မပါ ခေါင်းဗလာ"

မဆိုင်းမတွပင် ညီညီနိုင်က. . .

"ဒါလေးများကွာ ခွေးခြေခုံ"

"ဟာကွာ"

ဇော်ကြီး ပျော့ကျသွား၏။ ဝေဖြိုးက တစ်စခန်းထ၍

"နေတော့မတ်တပ် ထဘီပတ်တော့ရင်ခေါင်း၊ အပေါက်ခေါင်းကို အသာဖွင့်မော့မှ ရင်အေးရကြောင်း၊ ကဲ ဘာလဲပြော"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခေါင်းကုတ်ကုန်ကြ၏။ ကြားဖူးနေကျစကားပုံ မဟုတ်၍ အဖြေကရုတ်တရက်ပေါ်ပုံမရ။

"နေတော့မတ်တပ်၊ ထဘီပတ်တော့ရင်ခေါင်း၊ အပေါက်ခေါင်းကိုအသာဖွင့်မော့မှ ရင်အေးရကြောင်း မင်းဟာရိုင်းတာကြီးလားဟင်"

ဖော်ကြီးကရေရွတ်ရင်း ပြန်မေးသည်။ ဒါကိုဝေဖြိုးက မျက်နှာရှုံ့မဲ့ကာ. . .

"ဘယ်နှယ့်ရိုင်းရမှာလဲ၊ ယဉ်ယဉ်ကျေးကျေးလေး၊ အဖြေကသိပ်လှတယ်"

အားလုံး ခေါင်းကုတ်ပြန်၏။ ပြီးနောက် တတွတ်တွတ်နှင့် ရေရွတ်ရင်း ခေါင်းကုတ်ကြ၏။ နောက်မှ ညီညီနိုင်၏မျက်နှာဝင်းလက်သွားတာ. . .

"ငါသိပြီ"

အားလုံး၏အာရုံ ညီညီနိုင်ဆီ ရောက်သွား၏။

"ဘာလဲဟင်"

"မြစ်ဆိပ်မှာ ကောင်မလေးတစ်ယောက် ရေချိုးရင်း ထဘီရင်ရှားနဲ့ သေးပေါက်ချတာ"

"ဟာ. . . မင်းဟာက တခြားစီပါကွာ"

ညီညီနိုင် ခေါင်းကုတ်သည်။ ပြီးမှ. . .

"သိဘူးလေကွာ၊ နေတော့မတ်တပ်၊ ထဘီပတ်တော့ရင်ခေါင်းဆိုတော့ ငါ့မျက်စေ့ထဲ ဒါပဲပြေးမြင်တာ"

"နှာဘူးက နှာဘူးလိုပဲတွေးမှာပေါ့"

"ပြောတော့ မြစ်ဝကျွန်းပေါ်သား၊ တွေးတာက မြစ်ဆိပ်ကကိုမတက်ဘူး"

အားလုံးဝိုင်း၍ ထောပနာပြုကြသည်။





"ငါသိပြီ၊ ဟား ဟား ငါသိပြီ"

လင်းထိုက်၏အသံ။ ခေါင်းတွေက သူ့နားတိုးကပ်လာ. . .

"ဘာလဲဟင်"

"ရေသန့်ဘူး"

"ဟင်"

အားလုံး အာမေဋိတ်သံများထွက်သွား၏။ ဝေဖြိုးကတော့ မျက်နှာပျက်သွားသည်။

"မင်းတို့စဉ်းစားကြည့်လေ၊ နေတော့မတ်တပ်ဆိုတာ ဘူးကိုထောင်ထားတာ၊ ထဘီပတ်တော့ ရင်ခေါင်းဆိုတာ ရေသန့်ဘူးတံဆိပ်ကို ခါးလယ်အပေါ်မှာကပ်ထားတာ၊ အပေါက်ခေါင်းကို အသာဖွင့်မှဆိုတာ ရေသန့်ဘူးအဖုံးဖွင့်တာ၊ ရင်အေးရကြောင်းဆိုတာ ရေကျလာတာ၊ ဟုတ်တယ်မဟုတ်လားဝေဖြိုး"

လင်းထိုက်စကားကို ဝေဖြိုးက ခေါင်းကို စိတ်မပါလက်မပါ ညိတ်ရင်း. . .

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ တောက် ဒါတောင်သိတယ်ကွာ"

ဇေမောင်ပင် ဘေးကကြည့်ရင်း ပျော်လာ၏။

"ဒီတစ်ခါ ငါ့အလှည့်"

ညီညီနိုင်က ရင်ကော့ရင်းပြော၏။ ဖော်ကြီးကဝင်၍

"ကဲ မင်းဘာဖွက်မှာလဲ"

"လွယ်လွယ်လေးပါကွာ၊ ဖြေကြည့်"

ဆိုကာ မေးခွန်းကိုစလိုက်သည်။

"ဥပမာကွာ လက်မှာပတ်တော့"

"လက်ပတ်"

"ခြေမှာပတ်တော့"



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပတ်"

[illegible]ားကို အားလုံးလိုက်ရေရွတ်သည်။

[illegible]မှာပတ်တော့"

"ခါးပတ်"

"လည်မှာပတ်တော့"

"လည်ပတ်"

"ခေါင်းမှာပတ်တော့"

"ခေါင်းပတ်ပေါ့ကွ၊ ဒါလေးများ"

"ဒါဆိုရင် စက်မှာပတ်တော့"

"စက်. . . စက်ဟင်"

လိုက်ပါရေရွတ်သူများ အားလုံးရပ်သွား၏။ နောက်မှ ဝေဖြိုးက. . .

"ဟော့ကောင်ညီနိုင် မင်းမရိုင်းနဲ့နော်"

"ငါဘာရိုင်းလို့လဲ၊ ရိုးရိုးလေးမေးထားတာပဲ"

"မင်းမေးထားတာက ဖြေမရတဲ့စကားလုံးကြီး"

"ဖြေလို့ရပါတယ်ကွာ၊ ဖြေကြည့်ပါ၊ မဖြေနိုင်ရင်ငါနိုင်ပြီ ဒါပဲ"

"မင်းကွာ. . . တောက်"

အချင်းချင်းစကားတွေများကုန်၏။ လင်းထိုက် တစ်ယောက်သာ ညီညီနိုင်၏မေးခွန်းကို ပြန်လည်ရေရွတ်ကြည့်ပြီး

"ခေါင်းမှာပတ်တော့ ခေါင်းပတ်၊ လည်မှာပတ်တော့ လည်ပတ်"

ဟုဆိုရင်းက အရှေ့ခုံကို လက်ဝါးနှင့် ဖြန်းခနဲပုတ်ကာ. .

"ငါသိပြီ"

သူ့စကားကို ညီညီနိုင်ကမျက်မှောင်ကျုံ့ပြီး. . .





"ဘာသိတာလဲကွ"

"အဖြေသိပြီလေ၊ မင်းမေးတဲ့အဖြေသိပြီ"

"ဒါဆိုပြောပြလေ"

"မင်းပြန်မေးလေ"

လင်းထိုက်စကားကြောင့် ညီညီနိုင်ပြန်မေးသည်။

"မေးပြီကွာ 'လက်မှာပတ်တော့"

"လက်ပတ်"

လင်းထိုက်ကဖြေသည်။

"ခါးမှာပတ်တော့"

"ခါးပတ်"

"လည်မှာပတ်တော့"

"လည်ပတ်"

"ခေါင်းမှာပတ်တော့"

"ခေါင်းပတ်"

"ကဲ စက်မှာပတ်တော့"

"မော်တာကြိုး"

"ဟင်"

"ဟာ"

လင်းထိုက်အဖြေကြောင့် အားလုံးကြောင်သွား၏။ ဒါကို လင်းထိုက်က. . .

"မင်းတို့စဉ်းစားကြည့်လေ စက်မှာ မော်တာကြိုးတို့၊ ပန်ကာကြိုးတို့မပါရင် စက်က ဘယ်လိုလုပ်လည်မှာလဲ၊ ဟုတ်ဘူးလား"

သူ့အဖြေကို အားလုံးခေါင်းညိတ်သည်။ မေးခွန်းမေးသော ညီညီနိုင်ပင် ခေါင်းကုတ်ပြီး. . .

"အဲဒီအဖြေကို ငါတောင်မသိဘူးကွ၊ ဘယ်သူမှမဖြေနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီးမေးတာ၊ သွားပါပြီကွာ"

"မသွားနဲ့ဦး၊ ငါဖွက်ရဦးမယ်"

လင်းထိုက်စကားကြောင့် အားလုံးခေါင်းထောင်လာကြပြန်သည်။ ပြီးနောက် ဝေဖြိုးက. . .

"ဟေ့ကောင် ငါတို့ကို သိပ်ခက်ခက်တွေမမေးနဲ့နော့၊ မဖြေနိုင်ဘူး"

သူ့စကားကို ဇော်ကြီးက ထောက်ခံ၏။ ဆရာကြီးလည်းမကျ ဆရာလေးလည်းမကသော ညီညီနိုင်ကသာ

"အိုကွာ သူ့ဘာသာသူဘာပဲမေးမေး ငါဖြေပြမယ်"

ဟု သူ့ရင်ဘတ်ပြားကို တအုန်းအုန်းထုရင်းပြောသည်။ လင်းထိုက်ကပြုံးပြီး

"လွယ်လွယ်ကလေးပါကွာ၊ မင်းတို့အားလုံး ဖြေနိုင်ကြမှာပါ၊ ကဲ နားထောင်"

အားလုံးခေါင်းတွေ စုကပ်ကုန်၏။

"အပင်တစ်ပင်မှာကွာ အညှာကတစ်ခုတည်းရှိတယ်၊ အဲဒီအညှာတစ်ခုထဲကမှ အသီးတစ်ရာသီးတယ်၊ ဒါပေမဲ့ အဲဒီသီးတဲ့အသီးတွေက တစ်သီးနဲ့တစ်သီး အမျိုးမတူကြဘူးကွ၊ သူ့သန်ရာသန်ရာသီးကြတယ်၊ အဲဒါဘာလဲ"

"ငါသိပြီ၊ ကနစိုးသီး၊ ဟား ဟား"

လင်းထိုက်စကားမဆုံးမီ ညီညီနိုင်က ထအော်သည်။ ဒါကို လင်းထိုက်က. . .

"ကနစိုးသီးက အကိုင်းမှာသီးတာ၊ ပွတ်ခဲနေတာမှန်ပေမဲ့ အညှာတစ်ခုမှာ အသီးတစ်လုံးပဲသီးတာ၊ နောက်ပြီး ကနစိုးသီးက သူ့တစ်မျိုးပဲသီးတာ၊ ငါပြောတဲ့အသီးတွေက တစ်မျိုးနဲ့တစ်မျိုး မတူဘူး၊ အသီးတစ်ရာအညှာတစ်ခုကိုမေးတာ"





လင်းထိုက်စကားကြောင့် အားလုံးမျက်မှောင်ကျုံ့ကုန်၏။ နောက်မှ ညီညီနိုင်ကသူ့မေးကိုသူပွတ်ပြီး. . .

"အသီးတစ်ရာ အညှာတစ်ခု၊ အသီးတစ်ရာ အညှာတစ်ခု"

ဆိုပြီးရေရွတ်၏။ ဇော်ကြီးနဲ့ ဝေဖြိုးတို့လည်း သူတို့နားထင်သူတို့ထောက်ပြီး

"အညှာကတစ်ခုထဲ အသီးကတစ်ရာတောင် အပြင်ကိုတစ်သီးနဲ့တစ်သီးမတူဘူးဆိုတော့ ထူးဆန်းတာပဲ၊ မင်းရောဘယ်လိုထင်လဲ"

"အေးကွ. . . ငါတို့ဘက်က မြရာသီးတွေကတော့ အညှာတစ်ခုထဲအသီးတွေပွတ်သိပ်နေပေမဲ့ တစ်ရာတော့ပြည့်ဘူးကွ၊နောက်အသီးလည်းတူနေတယ်"

သူတို့ဘာသာသူတို့ တိုင်ပင်နေကြသည်များကို ကြည့်ပြီး လင်းထိုက်က

"ဟဲ ဟဲ မေးခွန်းက လွယ်လွယ်လေးပါကွာ၊ ငါအဖြေပြောပြလိုက်မှ ဟာ လွယ်လွယ်လေးပါလား၊ ငါဘာလို့မစဉ်းစားမိတာလဲ ဆိုပြီး ဖြစ်သွားမယ်၊ ဟဲ ဟဲ"

သူ့စကားကြောင့် အဖြေသိချင်နေသော ဇော်ကြီးနှင့် ဝေဖြိုးက. . .

"ပန်းပေးပြီကွာ"

"အေး. . . ငါလည်းပေးတယ်၊ ဘာလဲ အသီးတစ်ရာ အညှာတစ်ခုဆိုတာ"

သူတို့အမေးကို လင်းထိုက် အဖြေမပေးသေးဘဲ ညီညီနိုင်ကို ဝေ့ကြည့်သည်။ ညီညီနိုင်ကလည်း ဘယ်လိုမှ စဉ်းစားမရတော့၍ထင့် သက်ပြင်းချကာ. . .

"ငါလည်းပေးတယ်ကွာ၊ မင်းအဖြေကတော့ မှန်ပါစေ၊ မမှန်



www.burmeseclassic.com

www.burmeseclassic.com



ရှင် တစ်ပြားမှမပေးဘူး"

"ဟုတ်တယ်၊ ဒါတော့ဟုတ်တယ်"

"ဒီလိုပဲလေ အဖြေကတော့တိကျရမှာပေါ့"

အားလုံးထောက်ခံသည်။ လင်းထိုက်က သဘောကျဟန်ဖြင့် ရယ်ပြီး. . .

"ဟား ဟား အဖြေက တိကျရမှာပေါ့ကွ၊ မတိကျရင် ပိုက်ဆံမယူပါဘူး"

သူ့စကားကို အဖြေသိချင်နေသောညီနိုင်က

"ကဲ အဖြေဘာလဲပြော"

"တွံတေးသိန်းတန်"

"ဟမ်"

လင်းထိုက်၏အဖြေကြောင့် အားလုံးကြောင်သွား၏။

"ဟား. . . ဟား အသီးတစ်ရာအညှာတစ်ခုဆိုတာ တွံတေးသိန်းတန်သီချင်းလေ၊ ဟား ဟား"

"ဟင်. . . ဒါနဲ့ အသီးတွေက မတူဘူးဆို"

"အေးလေ. . . ဘယ်မှာတူလို့လဲ၊ သူ့သီချင်းမှာကို အင်ဂျင်နီယာဖြစ်တဲ့သူဖြစ်၊ စစ်သားကြီးဖြစ်တဲ့သူဖြစ်၊ စာရေးဆရာဖြစ်တဲ့သူဖြစ်၊ လယ်သမားကြီးဖြစ်တဲ့သူဖြစ်လေ ဟုတ်ဘူးလား"

လင်းထိုက်အဖြေကို အားလုံးငေါင်ပြီး နားထောင်နေကြသည်။ လင်းထိုက်က အရှေ့က ပိုက်ဆံများကိုဆွဲယူရင်း ကွယ်လွန်ပြီဖြစ်တဲ့ အဆိုတော်ကြီးတွံတေးသိန်းတန်၏ အသီးတစ်ရာအညှာတစ်ခု သီချင်းကို စဆိုလိုက်သည်။

"ခေါင်းလောင်းသံတညံညံပေး ×××ရွာလမ်းဆီကနေ လက်ချင်းယှက်ကာ ပြေးကာလွှားကာ ××× ကျောင်းတက်လာကြတာတွေ မေ့နိုင်ပါ့မလား ××× မင်းတို့ငါတို့ငယ်ငယ်တုန်းကလေ××× ကြည်းမြေ





လေတပ်မတော်ထဲက သူငယ်ချင်းရေ ××× ထိုမှတစ ဂီတနဲ့အနုပညာနယ်မြေ"

သူ့သီချင်းသံက ပျံ့လွင့်ဆဲ။ ခံလိုက်ရသူများက ငေါင်ကျန်ဆဲ။


××××



www.burmeseclassic.com

www.burmeseclassic.com





"ဟား. . . ဟား. . . ဟား ငါ့မှာတော့ စဉ်းစားလိုက်ရတာ လင်းထိုက်ရာ၊ ဟား ဟား ဟိုကောင်တွေတော့ တွံတေးသိန်းတန် တစ်လုံးထဲနဲ့တင် ခံလိုက်ရတယ်"

လင်းထိုက်က ပြုံးရင်း လက်ဖက်ရည်ကို မော့သောက်လိုက်ပြီး. . .

"မင်းကရော ငါမေးတုန်းက ဘာလို့တွေးမိလဲ"

"အင်း. . . ကြက်ဟင်းခါးသီးတွေရော၊ ပြောင်းဖူးတွေရော စုံလို့ပါပဲကွာ၊ ဟား ဟား အသီးကတစ်ရာ၊ အညှာကတစ်ခုထဲဆိုတော့ တွံတေးသိန်းတန်လည်းကြားရော ရယ်လည်းရယ်ချင်၊ အဖြေမှန်လည်းသိလိုက်ရတာပေါ့ကွာ၊ ဟား ဟား"

လင်းထိုက်က လိုက်မရယ်ဘဲပြုံးနေပြန်သည်။ အတန်ကြာမှ. . .





"နေပါဦး. . . မင်းဘဲပေါက်ဆီသွားတာ အဆင်ရောပြေရဲ့လား"

လင်းထိုက်မေးလိုက်မှ ဇေမောင်သတိရသွားကာ. . .

"မေ့နေတာကွ၊ ရော့ ဒီမှာ မင်းကိုဘဲပေါက်ပေးလိုက်တာ၊ လက်စွပ်ဘောက်ချာက မင်းအမေအရင်တွေ့လို့ရွေးလိုက်ပြီတဲ့"

လင်းထိုက် ဘာမှမပြောဘဲ ခေါင်းညိတ်နေ၏။

"နောက် မင်းတို့ဘာတွေပြောဖြစ်ခဲ့သေးလဲ"

"ဘာမှမဖြေဖြစ်ပါဘူးကွာ၊ ဘာဖြစ်တယ်တော့မသိပါဘူး၊ သူ့ကိုတွေ့တာနဲ့ ကတုန်ကယင်တွေဖြစ်နေတယ်၊ ဘာစကားမှကိုပြောမထွက်တော့ပါဘူးကွာ"

လင်းထိုက် ဇေမောင်ကို မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်ကာ. .

"မင်း ဘဲပေါက် ပြုစားခြင်းခံလိုက်ရပြီနဲ့တူတယ်"

ဇေမောင်က ရယ်ရင်း. . .

"ဟုတ်လိမ့်မယ်ကွ၊ ငါ့မှာ ဘယ်လိုဖြစ်သွားမှန်းကိုမသိဘူး"

လင်းထိုက်ကပြောပြောသလဲနဲ့ ဇေမောင်နားကပ်ကာ. . .

"မင်းကို အဲသည်လိုပြုစားတာမဟုတ်ဘူးကွ၊ အဲဒါ ဘဲပေါက်ပညာနဲ့ပြုစားလိုက်တာ"

"ဘာ. . . ဘယ်လို"

လင်းထိုက် ဘေးဘီဝေ့ကြည့်ကာ. . .

"ဒီလိုကွ၊ ဘဲပေါက်ရဲ့အမေက အရင်တို့ရွာက မဟုတ်ဘူးကွ၊ ယောတို့ဆောတို့ဖက်က ပညာသည်တွေ၊ သူ့အဖေနဲ့ညားပြီးမှ ရွာရောက်လာတာ"

"ဘာလဲကွ ပညာသည်ဆိုတာ"

"ဟိုလေကွာ စုန်းတို့ဘာတို့တတ်/တဲ့သူတွေ"

"စုန်း"



www.burmeseclassic.com

www.burmeseclassic.com



ဇေမောင် မျက်လုံးပြူးသွားသည်။

“ဟုတ်တယ်ကွ၊ သူတို့ ငါတို့ရွာကို သူတို့အမေရောက် တုန်းက သူတို့အိမ်ကြီးကို အိမ်ရှေ့မျက်နှာစာတည့်တည့် မီးဖိုပြင်ဆောက်တာ၊ မျက်နှာစာကို နောက်ဖေးလုပ်တဲ့သဘောပေါ့”

“ဟင် မျက်နှာစာက နောက်ဖေး”

“အေး အဲဒါကို ဘဲပေါက်တို့အဖေရဲ့အစ်ကိုက ပြန်ဖျက်ပစ်တော့ ဘဲပေါက်တို့အမေ ဘာလုပ်လိုက်တယ်မသိပါဘူးကွာ၊ အဲဒီလူကြီး အိပ်ရာပေါ်ကိုလဲနေတော့တာ၊ ဆရာဝန်ပြတော့လည်းမသက်သာ၊ ဗိုက်ကိုနှိပ်ပြီးလှိမ့်နေတာ၊ နောက်ဆုံးပယောဂဆရာသွားပြတော့မှ ဗိုက်ထဲကဖားပြုတ်အရှင်ကြီးတစ်ကောင် ထွက်လာတာ”

“ဟင်. . . ဖားပြုတ်ကြီး”

“အေး. . အဲဒီဖားပြုတ်ကြီးထွက်လာတာတောင် မကောင်းတော့ နောက်ဆုံးပယောဂဆရာကိုယ်တိုင် ဘဲပေါက်တို့အမေကိုသွားပြန်တောင်းပန်ရတာ၊ အဲသည်လိုတောင်းပန်လည်းပြီးရော ခုနလူနာဟာ ချက်ချင်းလူကောင်းပြန်ဖြစ်သွားတော့တယ်”

ဇေမောင် ဇဝေဇဝါနှင့်နားထောင်နေမိသည်။ နောက် ဘဲပေါက်ရဲ့မျက်နှာကိုမြင်လိုက်၊ ပညာသည်ဆိုတာ ပေါ်လာလိုက်ဖြစ်နေသည်။ အတန်ကြာမှ သဘောပေါက်သွားပြီး. . .

“ဟား . . . ဟား မင်းကကွာ အတော်ဟာသပြောနိုင်တဲ့ကောင်ပဲ၊ လင်းထိုက်ရ၊ ငါ့မှာကြောင်ပါကြောင်သွားတယ်”

လင်းထိုက် ခပ်တည်တည်နှင့် ဇေမောင်ကို ပြန်ကြည့်သည်။

“ဒီဟာ ငါဟာသပြောတာမဟုတ်ဘူး ဇေမောင်၊ အတည်ပြောနေတာ၊ တစ်ခါကလည်းရွာမှာ ဟိုဘက်ရွာကရွာသား အိမ်ပေါ်တက်ပြီး ဘာသွားပြောတယ်မသိဘူး၊ ဘဲပေါက်လုပ်ထည့်လိုက်တာ ဖင်မှာဖျာကပ်ပါသွားလို့ မနည်းတောင်းပန်ယူရတယ်”





“ဟား ဟား ဟား ဟား”

ဇေမောင်သဘောကျစွာရယ်သည်။ ပြီးမှ. . .

“ဟား ဟား ဖျာမှာထမင်းလုံးကပ်နေလို့နေမှာပေါ့ လင်းထိုက်ရ၊ ဟား ဟား ဒီအတိုင်းဆို ဖျာကအလကားကပ်မှာလား”

လင်းထိုက် သက်ပြင်းချသည်။

“မင်းမယုံရင်လည်းနေပေါ့ ဇေမောင်၊ ဒါပေမဲ့ မင်းတစ်နေ့ကြုံရမှာပါ”

အလေးအနက်ပြောလိုက်သော လင်းထိုက်စကားကြောင့် ဇေမောင် လင်းထိုက်ကို နားမလည်နိုင်စွာပြန်ကြည့်မိသည်။ သူ့စိတ်ထဲတွင်တော့ တကယ်လား၊ နောက်နေသည်လားမခွဲခြားတတ်။

တစ်ခါတစ်ရံ၌လည်း. . .

××××



www.burmeseclassic.com

www.burmeseclassic.com





မပြီးပြည့်စုံခြင်းမှာ ကျွန်တော်တို့ဘဝ၏ နေထိုင်နည်း အစစ်အမှန်လော။ ပြီးပြည့်စုံခြင်းကို အဘယ်နေရာ၌ ရှာဖွေတွေ့ ရှိနိုင်မည်နည်း။

အချစ်ဖြင့်နိုးထသူသည် ချိုမြိန်မှုနှင့်နိုးထခြင်းနှင့် အဓိပ္ပါယ်သက်ရောက်မှု မည်မျှကွာခြားနေသနည်း။ ကျွန်တော်တို့ ထိုက်သင့်သောဝေစုထဲ၌ ဝေဒနာကိုမည်သည့်ရာခိုင်နှုန်းပါဝင်ရမည်ဟူသော သတ်မှတ်ချက်ရောရှိပါသလား။

ထာဝရမချုပ်ငြိမ်းနိုင်ခင် အချိန်အတွင်း သစ္စာ၊ မျှော်လင့်ချက်၊ ပျော်ရွှင်ခြင်းများရော မလိုအပ်ပါလား။

မြစ်၏အနားသတ်သည် မြစ်ကမ်းဟုဆိုကြသူရှိသလို မြစ်၏အနားသတ်အစစ်အမှန်မှာ မြစ်ကမ်းမဟုတ်ကြောင်း ယုံကြည်နေသူများလည်းရှိနေပေလိမ့်မည်။ ဤကား လူ၏ခန္ဓာကိုယ်ပေါ် လိမ်း





ကျံထားသော စရဏမတူညီခြင်းကြောင့်ပင်။

××××



www.burmeseclassic.com

www.burmeseclassic.com





ဘယ်မှာမှရှာမတွေ့၍ ကျောင်းခန်းထဲပြန်ဝင်ကာမှ အခန်း၏ထောင့်တစ်နေရာမှာ ယောကျ်ား၊ မိန်းမနှစ်ဆယ်ခန့်စုပြုံနေသည့်အလယ်မှာမှ လင်းထိုက်ကိုမြင်လိုက်ရ၍ ဇေမောင်ဝမ်းသာသွားသည်။

အားလုံးကသူ့ကိုလှည့်မကြည့်အားသေး။ လင်းထိုက်ပြောသမျှကို စိတ်ဝင်တစားနှင့်နားထောင်နေကြပုံရ၏။ အားလုံး တုတ်တုတ်ပင်မလှုပ်။ ခေါင်းချင်းပူးပြီး အသေအချာနားထောင်နေကြ၏။

"အဲဒီမှာ ချန်တဟားက ဝါဘီကိုခိုးပြေးတာ ဝါဘီရဲ့အဖေဦးဆိုနားက လူမိုက်ရာဂျားနဲ့ မူလာဂျစ်တို့ကိုငှားပြီး လိုက်ခိုင်းတာ"

"ဟာ. . . ဒါဆို တွေ့ကြပြီပေ့ါ၊ ရာဂျားနဲ့မူလာဂျစ်က ချန်တဟားရဲ့အဖေအမေကိုသတ်ခဲ့တာပဲ"

ဘေးနားတစ်ယောက်က စိတ်ပါလက်ပါ ဝင်ထောက်သည်။





ဒါကို လင်းထိုက်ကဆက်၍

"ဖြစ်ချင်တော့ ချန်တဟားကလည်း ဝါဘီကို ကွန်းဒရပ်လမ်းထဲကို ခိုးပြေးတာဗျား"

"ကွန်းဒရပ်လမ်းဆိုတာ ဘယ်လမ်းလဲ"

တစ်ယောက်ကဖြတ်မေး၏။ ဒါကို ဘေးနားကတစ်ယောက်က

"မင်းကလည်း ဘုံဘေမြို့စွန်လေကွာ၊ ချန်တဟားဦးလေး ရိုရှိုးကြီးတို့ ခါတမာတို့နေတဲ့ရပ်ကွက်လေ၊ ဒါတောင်မသိဘူးလား"

"အဲဒီနေ့ ငါကျောင်းမတက်ဖြစ်ဘူးကွ၊ အဲဒီအခန်းလွတ်သွားတာ နာတယ်ကွာ"

သူတို့ဘာသာသူတို့ဇာတ်ရည်က ဘယ်လောက်လည်နေကြသည်မသိ လင်းထိုက်ပြောသမျှကိုနားလည်ကြသည်။

"ချန်တဟားလည်းရောက်သွားရော ကွန်းဒရပ်မှာက ရိုရှိုးကြီးက မရှိဘူး၊ သူကဂန်းဂျပ်သွားပြီး စပါးသွားသွင်းနေတာ၊ ခေါ်ခါတမာက သူတို့ကိုအိမ်ပေါ်ခေါ်ရုံရှိသေးတာ ရာဂျားနဲ့မူလာဂျစ်တို့ရောက်လာပြီး ဝါဘီကို အတင်းပြုဆွဲခေါ်ကြတာ။ ဝါဘီကလည်း မလိုက်ချင်ဘူး။ ချန်တဟားကလည်း ဝါဘီလက်ကို မလွှတ်တမ်းဆွဲတာပေ့ါ။ ဒါကို မူဂျာရစ်တပည့်တွေကို ချန်တဟားကို ရိုက်နှက်ပြီး အိမ်ကိုမီးရှို့ပစ်တာ"

"ဟယ်"

"ချန်တဟားရဲ့ မိဘတွေတုန်းကလည်း မူဂျာရစ်တို့ဒီလိုပဲ အိမ်မီးရှို့ပြီးသတ်ခဲ့တာ၊ ချန်တဟားမသိဘူးလား"

အာမေဋိတ်သံများ ဝိုင်းမေးသံများ စုံသွား၏။

"ဘယ်သိပါ့မလဲဟ . . . ချန်တယားအဖေ ချွန်တားက ဥနှစ်လုံးတစ်ကောင်ကြွက်ဟာ"

www.burmeseclassic.com



"ဟယ် . . . ဘာလဲဟနင့်စကား"

"ဟိုလေ . . . သားနှစ်ယောက်အဖေလို့ပြောတာ၊ သူ့အမေကတော့ဥမပြောနဲ့ ကြွက်တောင်မရှိလို့ တွင်းပဲကျန်တယ်"

"ဟယ် . . . နင့်ဟာကလည်း ကြွက်နားရွက်တော့ကျန်မှာပါ၊ ဒါကိုချန်တယားကမသိဘူးလား"

"မသိလို့ပေါ့၊ သူ့မိဘအသတ်ခံရတုန်းက ချန်တဟားကလသားအရွယ်၊ သူ့အမေရဲ့အစ်မ အမိနာလက်ထဲမှာရှိသေးတာ၊ အခုအမိနာကလည်း ရူးနေတော့ သူ့ဘဝကိုသူမသိဘူးလေ"

"အဲ. . . အဲဒါနဲ့ ဘာဆက်ဖြစ်သွားသေးလဲဟင်"

"အိမ်လည်းမီးလောင်ရော ဒေါ်ခါတမာရဲ့သား နီဟားလေးက အိမ်ထဲကျန်နေတာ"

"ဟို သုံးနှစ်လောက်ရှိတဲ့ကောင်လေးလား"

"အေးလေ ဒေါ်ခါတမာမှာကနီဟားနဲ့ ဖိနပ်ချုပ်ဆိုင်မှာလုပ်တဲ့ သူ့အစ်ကို အပနားနှစ်ယောက်တည်းရှိတာ"

"ပြောပါဦး နီဟားက မီးထဲကျန်နေတာ"

"ချန်တဟားက သူ့ချစ်သူကို မူလာဂျစ်တို့ ဆွဲခေါ်သွားတာကြည့်လိုက်၊ မီးထဲက နီဟားလေးကိုကြည့်လိုက်နဲ့ ဝေခွဲမရဖြစ်နေတာပေါ့၊ ချစ်သူဝါဘီကလည်း ချန်တဟား သူ့ကိုကယ်ပါပေါ့၊ နီဟားလေးကလည်းမီးထဲမှာငို၊ ဒေါ်ခါတမာကလည်း သူ့သားကိုကြည့်ပြီးမြေမှာလဲနေပြီ၊ အဲဒီမှာချန်တဟားကဆုံးဖြတ်ချက်ချပြီး သူ့ချစ်သူနောက်မလိုက်ဘဲ မီးထဲကနီဟားလေးဆီကိုပြေးတာ၊ အစတည်းကမူလာဂျစ်တို့ ရိုက်ထားတဲ့ဒဏ်ရာတွေဗလပွနဲ့ မီးထဲပြေးတာအိမ်တိုင်တွေကလည်း မီးကျွမ်းပြီး တဝုန်းဝုန်းပေါ့၊ ချန်တဟားလည်း နီဟားဆီရောက်ရော သူဝတ်လာတဲ့အကျီကိုချွတ်ပြီး နီဟားလေးကိုခြုံပေးပြီး သူကအကျီချွတ်နဲ့"





"သနားပါတယ်ဟယ်"

"မီးထဲကခုန်အထွက်အဲဒီအချိန်မှာမှ အနောက်စပါးကျီကမီးလောင်ပြီး စပါးစက်နှိုးဖို့စုထားတဲ့ဆီတွေလပေါက်တာ"

"ဟယ်. . . ဘာ ဘာဖြစ်သွားလဲ၊ ချန်တဟားလေးဘာဖြစ်သွားသေးလဲ"

လင်းထိုက်က အပျင်းကြောဆန့်သလိုလုပ်ပြီး. . .

"လက်ဖက်ရည်သောက်ချင်ပြီဟ"

"ဟယ် နင်ကလည်း"

"ဟုတ်ပ. . . ကောင်းခန်းရောက်မှ"

သူ့စကားလည်းကြားရော အားလုံးထအော်ကြ၏။ လင်းထိုက်ကသာခပ်တည်တည်နှင့်. . .

"ဒီနေ့အတွက်တော့အချိန်စေ့သွားပြီ၊ ငါပြောနေတာတစ်နာရီနဲ့ ဆယ့်ငါးမိနစ်တောင်ရှိနေပြီ၊ တော်ပြီ၊ နောက်နေ့မှဆက်မယ်"

ဆိုကာ ထထွက်လိုက်သည်။ ပြီးနောက် ဇေမောင်၏ပခုံးကိုလှမ်းဖက်ကာ. . .

"သွားပြီဟေ့. . . နောက်နေ့မှပဲထပ်ဆုံကြမယ်"

ဆိုကာ အတန်းပြင်သို့ လှမ်းထွက်လိုက်၏။ သူတို့အနောက်မှာမှ. . .

"ဟယ် ချန်တဟားလေးသနားပါတယ်ဟယ်"

"အေးနော်. . . ဒီအဖြစ်တွေကို သူ့ဘကြီးယူနွတ်ဘိုင်သိရင်ဘယ်လိုနေမယ်မသိဘူး၊ ယူနွတ်ဘိုင်က ချမ်းသာတယ်ဟ"

"ယူနွတ်ဘိုင်ထက်ဆိုးတာက ချန်တဟားတို့အဘိုးနောက်မိန်းမ နာဟားရဲ့မောင် ရှရစ်ဘိုင်သိရင်ကို မချောင်ဘူး၊ ရှရစ်ဘိုင်ကချန်တဟားတို့ ရိုရှိုးကြီးတို့လိုမဟုတ်ဘူး၊ စိတ်ဆတ်တယ်ဟ"

"ဒီအချိန်ကြမှ ချန်တဟားသူငယ်ချင်း ပြာလမွတ်နဲ့ ကရှင်

www.burmeseclassic.com



(ရှိ)ကဘယ်ရောက်နေကြလဲမသိဘူး"

"အိုး သူတို့က ဂန်ဂျာလောက်စိတ်ဝင်စားကြတာ၊ ဂန်ဂျာပဲ လိုက်ရှာနေကြတာပေါ့"

စသည်ဖြင့် စကားသံများ လွင့်ပျံ့ကျန်ရစ်ခဲ့လေသည်။ အသံများနှင့် ခပ်လှမ်းလှမ်းရောက်မှဇေမောင်ကသိချင်စိတ်နှင့်. . .

"လင်းထိုက် ခုနကမင်းပြောနေတာဘာတွေလဲ၊ လူတွေအားလုံးက မင်းပြောနေတာကို အားလုံးစိတ်ဝင်စားကြတယ်နော်"

လင်းထိုက်က ပြုံးပြီး. . .

"ဘာမှမဟုတ်ပါဘူး၊ ကုလားဇာတ်လမ်းတစ်ပုဒ်ပါ"

ဇေမောင်က မျက်မှောင်ကျုံ့၍

"ရုပ်ရှင်ဇာတ်လမ်းလား"

"နိုး"

"ဒါဆို ဝတ္ထုဇာတ်လမ်းပေါ့"

"နိုး"

"ဟင်. . . ဒါဆို"

"ဘာမှမဟုတ်ပါဘူး၊ ငါ့ဘာသာ ငါ့ပါးစပ်ထဲရှိတာ လျှောက်ပြောနေတာ"

လင်းထိုက်အဖြေစကားကြောင့် ဇေမောင် ခေါင်းကုတ်သွား၏။

"ပါးစပ်ထဲရှိတာလျှောက်ပြောတာ၊ ဒါနဲ့ မင်းပြောသမျှလမ်းတွေ လူနာမည်တွေ သူတို့သိနေတာကရော"

"ငါ ဒီဇာတ်ကိုပြောလာတာတစ်နှစ်ခွဲကျော်ပြီ"

"ဟင်"

ဇေမောင်မျက်လုံးပြူးသွား၏။ ပါးစပ်ထဲရှိသမျှပြောတဲ့ ဇာတ်တောင်တစ်နှစ်ခွဲကျော်ပြီတဲ့။





"အေးကွ မင်းသာဇာတ်လမ်းတွဲရေးရင် အလုပ်ဖြစ်မှာနော့"

လင်းထိုက်ကပြုံးလိုက်ကာ. . .

"အခုဇာတ်ညွှန်းရေးတဲ့သူတွေကို သနားလို့မလုပ်တာ"

ဇေမောင်ရယ်မိသည်။

ကမ္ဘာလောကတွင် မည်သည့်အရာကိုလုပ်လုပ် အောင်မြင်နိုင်အောင် စွမ်းဆောင်နိုင်သူသာ လူအများ၏ ဂရုပြုခြင်းကို အလိုလိုခံရပါသည်။ ထိုသူမျိုးကိုအများက ကံကောင်းလွန်းသူဟုဆိုကြသည်။

ကံသည် အလုပ်ပင်။ ထိုသူကံကောင်းနေခြင်းမှာ သူ၏အလုပ်အတွက်ဖြစ်ကြောင်း မေ့လျော့၍မရနိုင်ပေ။

"ဘယ်သွားမလို့လဲ လင်းထိုက်"

ဇေမောင်ကမေးသည်။ လင်းထိုက်က မျက်မှောင်ကျုံ့၍

"လက်ဖက်ရည်ဆိုင်လေကွာ၊ ဒီကောင် အူကြောင်ကြောင်နဲ့"

ဇေမောင် ရယ်ကျဲကျဲနှင့်ခေါင်းကုတ်သည်။ ပြီးမှ မရွံ့မရဲနှင့်. . .

"ဟိုလေ လက်ဖက်ရည်ဆိုင်ဆိုရင် ဖယ်ရီဂိတ်နားကဆိုင်သွားရအောင်၊ အဲဒီမှာ လက်ဖက်ရည်ပိုကောင်းတယ်ကွ"

လင်းထိုက် မျက်မှောင်ကျုံ့သွားပြန်သည်။

"ဘာလဲ. . . အဲဒီကလက်ဖက်ရည်ကပိုချိုလို့လား"

"ဟုတ်ဘူးလေကွာ၊ အဟဲ. . . ဟိုလေ. . . ဟို"

ဇေမောင်စကားကို ဘယ်လိုပြန်ဆက်ရမှန်းမသိ။ ပုံစံကိုက မလုံမလဲနဲ့ စပ်ဖြဲဖြဲကြီး။ လင်းထိုက်က သူ့ကို အသေအချာပြန်ကြည့်ကာ. . .

"ဘာလဲ ဘဲပေါက်တို့ဆီသွားဖို့လား"

လင်းထိုက်အမေးကိုဇေမောင်က ရယ်ကျဲကျဲနှင့်. . .

www.burmeseclassic.com



"ငါပြောတာ ဟိုလေကွာ၊ လက်ဖက်ရည်ဆိုတာက"

"ကောင်မလေးမျက်နှာကြည့်သောက်မှချိုတယ်ပေါ့"

ဇေမောင်မျက်နှာ ရဲရဲနှင့် ခေါင်းကုတ်သလို ဇက်ယားသလို လုပ်နေ၏။ ဒါကို လင်းထိုက်က. . .

"ဒီအချိန်သွားလည်း သူတို့က အတန်းတက်နေမှာ၊ ဒီအချိန်က သူတို့ပရယ်တီကယ်ရှိတယ်"

"ဟင်. . . မင်းက သူတို့အချိန်စာရင်းသိတယ်"

ဇေမောင်အမေးကြောင့် လင်းထိုက် ခြေလှမ်းရပ်တန့်သွား၏။ နောက်မှ ခပ်ဟဟရယ်ရင်း. . .

"ဟား. . . ဟား ငါက သူတို့အချိန်စာရင်းတင်မကဘူးကွ၊ တစ်ကျောင်းလုံးရဲ့အချိန်စာရင်းပါအလွတ်ရတယ်"

ဇေမောင် ဘာပြန်ပြောရမှန်းမသိ၍ ရယ်ဖြဲဖြဲသာနေသည်။

နေရောင်ခြည် လက်လက်ကလေးက မျှော်လင့်ချက်ရှိသူတို့၏ ဇာတ်လမ်းကိုညွှန်ပြနေသည်။ သို့သော် သူကိုယ်တိုင်ပို့ဆောင်ခြင်းကိုမူ မပြုလုပ်ချေ။ သို့သော် ကြွေကျနေသောသစ်ရွက်ငယ်ကလေးများကတော့ လူတို့၏စိတ်ဝိညာဉ်ကို ကျီစယ်ဟန်ဖြင့် ကလေးတစ်ဦးသဖွယ် ရှေ့မှနေ၍ ခုန်ပေါက်ပြေးလွှားနေသည်။ ထို့ကြောင့် ဖြစ်နိုင်မှုများသည် မဖြစ်နိုင်မှုများအားချန်ရစ်၍ ပိတ်ထားသောတံခါး များအား တွန်းရွှေ့စေခဲ့သည်။

××××







"ဟာ . . . လင်းထိုက် . . အတော်ပဲ၊ လာပါဦးကွ"

လမ်းလျှောက်လာရင်း အောင်ကိုတို့ရဲ့ခေါ်သံ။

"ဘာလဲကွ၊ ဘာကိစ္စလည်း"

လင်းထိုက်ကမေးလိုက်သည်။ ဒါကိုအောင်ကိုက

"ဒီမှာကွာ . . . ဒီအဓိပ္ပါယ်လေးဖော်ပေးစမ်းပါ၊ မဖော်တတ်လို့"

"ဘယ်ဟာလဲ"

"ဒီမှာကွ"

အောင်ကိုက ခုနသူတို့ခေါင်းချင်းဆိုင်စုပြုံကြည့်နေသောစာရွက်ကိုထိုးပြ၏။ စာရွက်ပေါ်တွင်ရေးထားသည်က

62.222.44.4448.2288.32777.222555.844289.444 66

www.burmeseclassic.com



"ဘာလဲဟ"

လင်းထိုက်၏အမေးကို အောင်ကိုက

"ဒီလိုကွ ဟိုကောင်မြင့်နိုင်က သူ့ကောင်မလေးကိုအဖြေ တောင်းလိုက်တယ်၊ အဲဒါ ကောင်မလေးက ဒီစာရွက်ပေးလိုက်တာ ကွ၊ အဓိပ္ပါယ်ကဘာမှန်းမသိဘူးကွ၊ အားလုံးဂဏန်းတွေချည်းဆို တော့"

"ကြော်"

လင်းထိုက်ရေရွတ်ရင်းခေါင်းညိတ်သည်။

"မှန်း"

ပြီးနောက်စာရွက်ကိုအသေအချာပြန်ကြည့်သည်။ အတော် လေးကြာမှ

"ငါသိပြီ"

"အင်း . . . ဘာတဲ့လဲ"

သိချင်စိတ်နှင့် ခေါင်းများလင်းထိုက်နား စုပြုလာသည်။

"မင်းကောင်မလေးနာမည်က သက်ဝင်းမဟုတ်လား"

"အေး . . . ဟုတ်တယ် မင်း. . . မင်းဘယ်လိုသိလဲ . . . ရေးထားတာဘာတဲ့လဲ . . ."

မြင့်နိုင်ကအလောတကြီးမေး၏၊ ဒါကိုလင်းထိုက်က

"အလကားမရဘူးလေ . . . ဖြေဆိုခလေးပေးမှပေါ့"

"ဟင် . . . ဖြေဆိုခ"

"အေး"

လင်းထိုက်စကားကြောင့် မြင့်နိုင်မျက်လုံးပြူးသွား၏၊ ပြီးမှ ရယ်ကျဲကျဲနှင့်

"ဟာ . . . မင်းကလဲကွာ အချင်းချင်းတွေပဲ၊ ဟဲ ဟဲ . . ."

"ဟင့်အင်း၊ လာရယ်ပြမနေနဲ့၊ ဒီခေတ်မှာအလကားဘာမှ





မရဘူး၊ ငွေမရရင်အချိန်ကုန်မခံဘူး သွားမယ်"

ဟုဆိုရင်းလှည့်ထွက်လိုက်တော့ မြင့်နိုင်က လင်းထိုက်လက် ကို ကမန်းကတန်းဆွဲကာ

"ဟာ . . သူငယ်ချင်းရာ၊ အဲလိုတော့မလုပ်ပါနဲ့ကွာ၊ ဖြေဆိုခ ပေးဆိုပေးပါ့မယ်၊ အဖြေသိရင်တော်ပြီ၊ ဘယ်လောက်ပေးရမှာလဲ"

"တစ်သောင်း"

"ဟင် တစ်သောင်းတောင်"

"မင်းအတွက်တန်ပါတယ်ကွာ"

လင်းထိုက်စကားကို မြင့်နိုင်ကရယ်ကျဲကျဲလုပ်ပြီး

"ဟာကွာ သူငယ်ချင်းကလည်း ကျောင်းသားတစ်ယောက် မှာ ငွေတစ်သောင်းဆိုတာ"

"မပေးနိုင်ရင်ဆက်စဉ်းစားလေ၊ ဒါမျိုးကိုငါကလွဲပြီးဘယ် သူမှသိနိုင်မှာမဟုတ်ဘူး မတန်ဘူးထင်ရင် မပေးနဲ့ပေါ့"

"ပေး . . . ပေးပါ့မယ်ကွာ"

ဟုဆို၍သူ့အိတ်ထဲနှိုက်ကာ

"ရော့ . . . . အခုက ခုနစ်ထောင်ပဲရှိသေးတယ်"

"မရဘူး . . . ဟိုကောင်တွေဆီမှာယူပြီး တစ်ခါတည်းရှင်း ဒီလိုကိစ္စမျိုးတွေက တစ်ခါတည်း အပြတ်ဖြတ်တာကောင်းတယ်"

မြင့်နိုင် ချက်ချင်းပျာယာခတ်သွားသည်။ သူ့သူငယ်ချင်းများ ဘက်လှည့်၍

"ဟေ့ကောင်တွေ . . ငါ့ကိုပိုက်ဆံနည်းနည်းချေးကြဦးဟ အိမ်ကငွေရောက်ရင်ပြန်ပေးပါ့မယ်"

သူ့စကားကြောင့် ဟိုလူကတစ်ထောင်၊ ဟိုလူကငါးရာ၊ ဟို လူကနှစ်ရာမျိုးနှင့် စုလိုက်သည်။

"ရော့ . . ဒီမှာတစ်သောင်း"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတစ်သောင်းကို လင်းထိုက်လက်ထဲပုံအပ်လိုက်သည်။ လင်းထိုက်က ပိုက်ဆံများကိုရေတွက်ရင်း

"ဟော့ကောင် နှစ်ရာလိုသေးတယ်ကွ"

"အာ . . မင်းဘာလဲအချင်းချင်းတွေပဲ၊ဒီလောက်တော့လျှော့ပေးပေါ့"

လင်းထိုက်ခေါင်းဆတ်ဆတ်ညိတ်ကာ ပိုက်ဆံများကိုအသေအချာထိုးထည့်လိုက်ရင်း

"ဒီလိုကွ"

"အင်း"

အားလုံး သူ့နားစုပြုံသွားကြပြန်သည်။

"မင်းတို့ဆီမှာ တစ်ယောက်ယောက်များဟမ်းဖုန်းရှိလား"

"ရှိတယ် . . . ရှိတယ် ငါ့မှာရှိတယ်"

ဘယ်သူ့ဆီကမှ ဖုန်းလာခြင်းမရှိသော်လည်း ဟမ်းဖုန်းကို အလှပြသက်သက်ကိုင်ထားသော ညိုမင်းကသူ့ဟမ်းဖုန်းထောင်ပြ၏။ လင်းထိုက်က ညိုမင်းဟမ်းဖုန်းကိုလှမ်းယူလိုက်ပြီး

"ဒီလိုကွ. . မင်းတို့ဖုန်းကိုအသေအချာကြည့် ဂဏန်းတိုင်းမှာ အေဘီစီဒီဆိုတဲ့ဂဏန်းတွေပါတယ်၊ ဥပမာ နှစ်ကစပြီး အေဘီစီဆိုပြီး စပါတယ်၊ သုံးမှာဆို ဒီအီးအပ်(ဖ်)၊ လေးမှာ ဆိုဂျီအိပ်(ချ်) အိုင် စသည်ဖြင့်ပေါ့ကွာ မင်းတို့လည်းဖုန်းနဲ့မက် ဆေ့(ချ်)ပို့ဖူးကြမှာပဲ မက်ဆေ့(ချ်)ပို့တဲ့အခါမှာ အိုင်ဆိုတဲ့စကားလုံးကိုလိုချင်ရင်လေးဂဏန်းကိုဘယ်နှစ်ခါနှိပ်ရလဲ"

"သုံးခါနှိပ်ရတယ်လေကွာ၊ အရှေ့မှာဂျီနဲ့အိပ်ချ်ရှိနေတာကိုး"

ညိုမင်းကဝင်ဖြေသည်။ ဒါကိုလင်းထိုက်ကပြုံးရင်း

"အယ်(လ်)ကိုလိုချင်ရင်ရော . . ."





"ငါးကိုသုံးချက်နှိပ်ရမှာပေါ့ . . ."

"ဇီကိုကျရင်ရော"

"ရှစ်ကိုသုံးခါ"

"ဒါပဲပေါ့ . . အဲဒီသဘောပဲပေါ့၊ သူကဒါတွေအားလုံးကို စာလိုမရေးပဲ ဂဏန်းလိုရေးထားတာ"

"ဒါ . . ဒါဆို . . . ဒီစာဂဏန်းနဲ့ အိုင်လပ်(ဗ်)ယူလို့ရေးထားတာလား"

မြင့်နိုင်က အားတက်သရောဝင်မေးသည်။ လင်းထိုက်က ဆက်၍

"မဟုတ်ဘူး"

"အင်"

လင်းထိုက်စကားကြောင့် မြင့်နိုင်နင်သွားသည်။

"ဒီစာကို သူကအင်္ဂလိပ်လိုရေးထားတာမဟုတ်ပဲ မြန်မာအသံထွက်နဲ့ရေးထားတာ"

"ဘယ်လို"

"ဒီမှာလေ . . . ၆၂ ဆိုတာအမ် 'မ' နှစ်သုံးလုံးက 'စိ' ပြီးတော့ အိုင်တီ ချစ် ဘီယူ ဘူး ဒါပဲ . . . သက်ဝင်းတဲ့ . . ကဲ . . . ရှင်းပြီလား . . ."

"ဗျာ"

လင်းထိုက်အဖြေကြားသည်နှင့် မြင့်နိုင်မျက်နှာကြီးငိုမလိုဖြစ်သွားပြီး

"ဟင် . . ရည်းစားဆီအဖြေလည်းမရ၊ ပိုက်ဆံတစ်သောင်းလည်းဆုံး"

"ဒါက မင်းတို့ချစ်ခြင်းနဲ့မဆိုင်ဘူး၊ ဉာဏ်ပူဇော်ခပဲ၊ ကဲ သွားပြီဟေ့"

++++++



www.burmeseclassic.com



ဘဲပေါက်တို့ဆီရောက်တော့ လင်းထိုက်ပြောသည့်အတိုင်းပင်။ အတန်းမပြီးသေးသည်ကိုတွေ့ရ၏။ ထို့ကြောင့် ဘဲပေါက်တို့အတန်းရှေ့ဖြတ်လျှောက်၍ ကိုယ်ရောင်ပြရသည်။

သူတို့နှစ်ယောက်ကိုမြင်တော့ ဘဲပေါက်၏မျက်ဝန်းများတောက်ပသွား၏။ သူ့ခမျာ အံ့အားသင့်သွားပုံရ၏။ လင်းထိုက်က ကင်(န်)တင်းမှာ စောင့်နေမည်ဟုလေသံနှင့်ပြောပြီး ဘဲပေါက်တို့ထိုင်နေကျ ကင်(န်)တင်းဆီသွား၍စောင့်နေလိုက်ကြသည်။

သိပ်မကြာပါ။ ဘဲပေါက်တစ်ယောက် ပြည့်ခိုင်စိုးခေါ်သောမီးပြောင်းကြီးချီပြီး အပြေးတစ်ပိုင်းနှင့်ရောက်ချလာ၏။

"ကျားသားမိုးကြိုး . . . ငါတော့ထိပေါက်ဦးမယ်ထင်တယ်"

"ဘာဖြစ်လို့လဲ"

ဇေမောင်က ဖြတ်မေး၏။ ဘဲပေါက်က ခုံတစ်လုံးကိုဆွဲယူ





ထိုင်ပြီး လင်းထိုက်ကိုလက်ညှိုးညွှန်ပြကာ. . .

"မပြောမဆိုဘဲ ရောက်လာလို့"

အားလုံးရယ်မိကြသည်။ ပြည့်ခိုင်စိုးက

"ထုံးစံအတိုင်း ပိုက်ဆံချေးဖို့ပဲနေမှာပေါ့"

ဘဲပေါက် မျက်လုံးပြူးသွားကာ. . .

"ဟယ် ဟိုတစ်နေ့ကပဲ နယ်ကပိုက်ဆံပေးလိုက်တယ်လေ"

လင်းထိုက်က ပြုံးလိုက်ပြီး. . .

"ပိုက်ဆံချေးဖို့ မဟုတ်ပါဘူးဟ"

"ဒါဆို"

"နင့်ကိုမှ တစ်နေ့မတွေ့ရရင် ကိုယ်တစ်ခြမ်းလေဖြတ်မဲ့သူရှိနေလို့"

သူ့စကားကြောင့် ဘဲပေါက်မျက်နှာပျက်သွားကာ. . .

"အဲဒါ နင်ပြောရမဲ့စကားလား"

ဟုဆိုကာ စိတ်ဆိုးမာန်ဆိုးနှင့် ဖာရှေ့ကတစ်ရှူးဘူးနှင့်ပစ်ပေါက်လိုက်သည်။ ကြားကဇေမောင်ကလည်း ဘယ်လိုနေရမှန်းမသိဘဲ. . .

"မင်းကလည်းကွာ"

ဟုဆိုကာ ထိုင်ရမလို ထရမလိုဖြစ်နေမိ၏။ ဒါကို လင်းထိုက်က သူ့လုပ်ရပ်ပဲအောင်မြင်သလိုနှင့် သဘောကျစွာ တဟားဟားရယ်လိုက်ပြီး. . .

"ဟား ဟား ကဲ ကဲ မင်းတို့ချင်းတွေ့နေပြီပဲ၊ စကားပြောနေနှင့်ကြ၊ ငါဟိုမှာ ညီညီနိုင်တို့နဲ့ချိန်းထားလို့ သွားလိုက်ဦးမယ်"

ဟုဆိုကာ ထိုင်ရာမှထ၍ ဇေမောင်ကျောကိုပုတ်ကာ. . .

"ကဲ ဇေမောင် မင်းနေနှင့်ခဲ့လိုက်၊ ငါ ဟိုဖက်ကင်(န်)တင်းမှာရှိမယ်၊ ပြောစရာရှိတာပြောပြီး လာခဲ့ပေါ့ကွာ၊ ဟဲ ဟဲ"

ဟုဆိုကာ မည်သူမှမတားနိုင်ခင် လှည့်ထွက်သွားတော့၏။ ကျန်နေသူများကတော့ မျက်နှာအပျက်ပျက်ယွင်းယွင်းနှင့် ရှက်ကိုးရှက်ကန်း။

"နင် သူ့ကို ဘာမှမပြောတော့ဘူးလား မြတ်မြတ်သစ်"

ပြည့်ခိုင်စိုး၏စကား။ ဘဲပေါက် သက်ပြင်းချကာ. . .

"ပြောလို့မှမနိုင်တာပဲ စိုးရယ်၊ သူက ငယ်ငယ်ထဲက ဒီလိုပဲဟာ"

"နင် သူ့ကို ပညာပေးသင့်ပြီထင်တယ်"

ဘဲပေါက် လှည့်ကြည့်သည်။ ပြီးနောက် ပြုံးနေ၏။ ဇေမောင်ကသာ သူတို့ပြောသမျှ ဘာမှနားမလည်ဘဲ ကြားထဲကအူကြောင်ကြောင်နှင့် ငုတ်တုတ်ထိုင်နေရ၏။ အားလုံးကတော့ အတွေးကိုယ်စီနဲ့ မို့လားမသိ ငြိမ်သက်နေကြသည်။ ဖြတ်သွားဖြတ်လာများက သူတို့သုံးယောက်ကို ပြုံးစေ့စေ့နှင့်ကြည့်သွားကြ၏။ တချို့ကလည်း. . .

"ဟား ဟား ရုပ်ရှင်များလာရိုက်နေကြလား၊ ဟား ဟား"

ဟု ရယ်သွမ်းသွေးကြသည်။ သူတို့ကတော့ အတွေးကိုယ်စီနဲ့မို့ ငြိမ်သက်နေတုန်း။ တချို့ကရယ်ရင်းပြန်လှည့်လာကြသည်။ ရယ်ရင်းပြန်ထွက်သွားကြ၏။ နောက်မှ ဘဲပေါက်ကသတိရသွားပြီး. . .

"ဟဲ့ တို့ဝိုင်းကို လူတွေကြည့်ကြည့်ပြီး ရယ်နေကြတယ်၊ ဘာဖြစ်လို့လဲ"

ပြည့်ခိုင်စိုးက ဘေးဘီဝေ့ကြည့်ပြီး. . .

"အေး. . . ဟုတ်တယ်ဟဲ့၊ တစ်ခုခုတော့တစ်ခုခုပဲ လိုက်ကြည့်စမ်း ဘာများနေလဲလို့"

အားလုံး ဘေးဘီဝေ့ကြည့်သည်။ ဘာမှမတွေ့။ ဘဲပေါက်က အလန့်တကြားဖြင့်

"လင်းထိုက်များ တစ်ခုခုလုပ်သွားသလားပဲ"





အားလုံး စားပွဲခုံအောက်ပါမကျန် ငုံ့ရှာကြသည်။ မထူးခြား။ သူတို့ ပျာပျာသလဲဖြစ်နေ၍ ဇေမောင်လည်းဘာမှဆက်ပြော၍ရတော့မည်မဟုတ်၍ . . .

"ကျွန်တော်သွားတော့မယ်"

နှစ်ယောက်လုံး သူ့ကိုပြန်ကြည့်သည်။ ပြီးမှ ဘဲပေါက်က

"ဩော်. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"နောက်လည်းလာလည်ပေါ့"

နှုတ်သွက်လျှာသွက်ရှိသော ပြည့်ခိုင်စိုးကနှုတ်ဆက်သည်။ ဇေမောင် ခေါင်းညိတ်ပြပြီး စားပွဲဝိုင်းမှထထွက်လိုက်သည်။

"ခစ် ခစ် ခစ်"

"ဟား ဟား ဟား"

အနောက်မှရယ်သံကြား၍ ပြန်လှည့်ကြည့်မိသည်။ ရယ်နေသူများက ဘဲပေါက်တို့။ နောက်မှ ပြည့်ခိုင်စိုးက

"ဟား. . . ဟား. . . ဟား ဇေမောင် အနောက်က နန္ဒာလှိုင်ရုပ်ကြီးဖြုတ်လိုက်ဦး၊ ဟား ဟား"

ဆိုတော့ ဇေမောင်လည်းကမန်းကတန်းအနောက်ကို ပြန်စမ်းလိုက်တော့

"ဟာ"

သူ့ကျောကုန်းမှာ ကပ်ထားသော အရုပ်တစ်ရုပ်။ သေးသေးလေးလည်းမဟုတ်။ နန္ဒာလှိုင် တယောထိုးနေသည့်ပုံကြီး။ အသေအချာကပ်ကြေးနှင့်ညှပ်ပြီး တိတ်နှင့်ကပ်သွားပုံရ၏။ အားလုံးက သူ့ကိုကြည့်ပြီး ဝိုင်းရယ်နေကြသည်။ သူလည်းထုပ္ပြီး နန္ဒာလှိုင်ပုံကြီးကိုင်ကာကြောင်နေ၏။ ဘယ်အချိန်မှာ ဘယ်သူ၊ ဘယ်လိုကပ်သွားမှန်းပင်မသိ။

နောက်မှ လင်းထိုက်ထွက်သွားခါနီး သူ့ကိုကျောပုတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သတိရမိ၏။

"တောက် လင်းထိုက်ကပ်သွားတာဖြစ်မယ်"

အားလုံးကတော့ နန္ဒာလှိုင်ပုံကြီးကိုင်ပြီး ငြိမ်နေသော သူ့ကို ကြည့်၍ ရယ်နေကြတုန်း။

သူလည်း ပုံကို ဘဲပေါက်တို့ဆီပဲပြန်ပေးရမလား။ ခေါက်ပဲ သိမ်းသွားရမလား။ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေ၏။ နောက် ကယောင်ကတမ်းနှင့် ထိုပုံကို ကပျာကယာနှင့် လွယ်အိတ်ထဲထိုးသွင်း လိုက်မိတော့၏။ သို့သော် သူခြေလှမ်းလိုက်တိုင်း ရယ်သံများက ကပ်ပါဆဲ။ ရယ်လိုက်စမ်းပါလေ။

ချစ်သူ၏ရယ်သံသည် ကမ္ဘာပေါ်တွင် သာယာနာပျော်ဘွယ် အကောင်းဆုံးအသံအဖြစ် အသိအမှတ်ပြုကြ၏။ သို့သော် ယခုရယ်သံမျိုးကရော. . .

ရယ်လိုက်စမ်းပါ ချစ်သူ။ မည်သို့ပင်ဖြစ်စေ မိမိချစ်မိနေသူ၏ ရယ်မောပျော်ရွှင်သောနေ့သည် ကမ္ဘာပေါ်တွင် အသာယာဆုံး နေ့တစ်နေ့သာဖြစ်ပေလိမ့်မည်။

×××××








သူ လင်းထိုက်တို့ဆီရောက်ရှိနေချိန်တွင် လင်းထိုက်တို့ပွဲက ကောင်းနေပြီ။

"ဒီတစ်ခါငါ့အလှည့်"

လင်းထိုက်၏အသံ။ ခေါင်းအားလုံး စုကပ်နေ၏။ ဇေမောင် လည်း စိတ်ဝင်တစားနှင့် အနားကပ်သွား၏။

"တုတ်ချောင်းလေးချောင်းရှိတယ်၊ အဲဒီတုတ်ချောင်းလေး ချောင်းကို တစ်ချက်ရွှေ့တာနဲ့ လေးထောင့်ပုံ ညီညီညာညာဖြစ်သွား ရမယ်၊ ကဲ တုတ်ချောင်းစီထားပုံက ဒီလိုမျိုး"

လင်းထိုက်က အောက်ပါအတိုင်း တုတ်ချောင်းစီပြ၏။




www.burmeseclassic.com



"ကဲ အဲဒီတုတ်ချောင်းလေးချောင်းကို ကြိုက်တဲ့တုတ်ချောင်းကိုင်ပြီး တစ်ချက်ပဲရွှေ့ လေးထောင့်ပုံညီညီညာညာဖြစ်သွားရင် မင်းတို့နိုင်ပြီ"

အားလုံး၏အာရုံက တုတ်ချောင်းပေါ် စုပြုနေ၏။

ဝေဖြိုးက တုတ်ချောင်းတစ်ချောင်းကို ကိုင်ပြီး ရွှေ့ကြည့်၏။ လေးထောင့်ပုံမဖြစ်။ လေးထောင့်ပုံရွဲ့ရွဲ့ကြီးသာဖြစ်လာ၏။



"ဒါလည်းမဟုတ်သေးဘူးနဲ့တူတယ်"

"ဘယ်ဟုတ်မှာလဲကွ၊ လေးထောင့်ပုံတညီတညာတဲဆိုမှ မင်းဟာက ရွဲ့ရွဲ့ကြီး"

တုတ်ကို မူလနေရာပြန်ထားသည်။

"လေးထောင့်ပုံတညီတညာထဲနော်"

ညီညီနိုင်က မေးသည်။

"မှန်ပ၊ လေးထောင့်မှ လေးထောင့်ကွက်တိ"

လင်းထိုက်ဖြေ၏။

အားလုံး ဟိုရွှေ့ဒီရွှေ့လုပ်ကြသည်။ လေးထောင့်ပုံက ဘယ်လိုမှမဖြစ်။ အတန်ကြာမှ ဇော်ကြီးက. . .

"တုတ်က တစ်ချက်ပဲရွှေ့ရမှာနော်"

"ဒါပေါ့"

"လေးထောင့်အတိဖြစ်ရမှာနော်"

"အမှန်ပေါ့"

"ကဲ ဒါဆိုရွှေ့ ငါအရှုံးပေးတယ်၊ ဉာဏ်များမယ်တော့မကြံ





နဲ့"

ဇော်ကြီးစကား။ လင်းထိုက်က ညီညီနိုင်တို့ဖက်ပါလှည့်၍


"ကဲ မင်းတို့ကရော"

"ငါတို့လည်း ပန်းပေးတယ်ကွာ၊ မဟုတ်လို့ကတွေ့ပြီ"

အားလုံး အရှုံးပေးမှ လင်းထိုက်က

"ဟား ဟား မင်းတို့ကို လိမ်မစားပါဘူးကွာ၊ ဟောဒီမှာကြည့် ဟောဒီတုတ်ကလေးတစ်ချက်ရွှေ့လိုက်တာနဲ့ လေးထောင့်ပုံဖြစ်ပြီ"

ဟုဆိုကာ တုတ်ကလေးကို ဤသို့ရွှေ့ပြလိုက်သည်။



"ဟင် ဘယ်မှာလဲ မင်းလေးထောင့်ပုံက"

"အဲလယ်မှာလေကွာ"

"ဟင် သေးသေးလေး"

"မင်းတို့ကို ငါက သေးသေးကြီးကြီး လောင်းတာမှမဟုတ်တာ၊ လေးထောင့်ပုံဖြစ်မဖြစ် လောင်းတာလေ၊ လေးထောင့်ပုံဖြစ်တဲ့အတွက် ငါနိုင်ပြီ၊ ကဲ ဘာငြင်းချင်သေးလဲ"

အားလုံး ဘာမှမပြောနိုင်တော့။

"တောက် သေးသေးလေးနဲ့ခံရတယ်ကွာ"

လင်းထိုက်က အရှေ့မှ ပိုက်ဆံများကို ကောက်သိမ်းပြီး. . .

"ကဲ လက်ဖက်ရည်ဖိုးပေးတဲ့အတွက်ကျေးဇူးပါပဲကွာ၊ နောက်နေ့မှာလည်း မင်းတို့ ငါ့ကိုဘယ်လို လှူရင်ကောင်းမယ်ဆိုတာ စဉ်းစားထားကြပေါ့၊ ကဲ သွားပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဇေမောင့်ပခုံးကို လှမ်းဖက်၍ ထွက်ခဲ့တော့သည်။

ရာသီဥတုက သာသာယာယာပင်။

ခြေလှမ်းများကသိပ်မမြန် သိပ်မနှေးလွန်းပေမဲ့ရွက်ခြောက်ကလေးများက လေဟပ်၍ ကပ်ပါလာသည်။

“မင်းက တော်တော်များများကို တတ်နေသလိုပဲ လင်းထိုက်”

ဇေမောင်စကားကို လင်းထိုက်ရယ်သည်။

“ဒီလောက်လည်းမဟုတ်ပါဘူးကွာ၊ သူတို့ထက် တစ်ခုနှစ်ခုပိုသိရုံပါ၊ ဒါနဲ့ ဘဲပေါက်တို့နဲ့တွေ့ရတာအဆင်ပြေရဲ့လား”

ဇေမောင် လိုက်ရယ်ကာ. . .

“ဟား. . . ဟား ဘယ်နှယ့် အဆင်ပြေရမှာလဲကွာ၊ မင်းပဲငါ့ကျောမှာ ပိုစတာပုံကြီးကပ်ပေးခဲ့ပြီးတော့ လူများဝိုင်းရယ်ကြတာကွာ၊ ငါ့မှာရှက်လိုက်တာ၊ ဟား ဟား”

လင်းထိုက် မျက်မှောင်ကျုံ့သွားကာ. . .

“ပိုစတာပုံ”

“အေးလေကွာ. . . နန္ဒာလှိုင် တယောထိုးနေတဲ့ပုံကြီး”

“ဟင့်အင်း. . . ငါမကပ်ပါဘူး”

“ဟား ဟား မင်းကလည်းမနောက်ပါနဲ့ကွာ”

“တကယ်ပြောတာကွ၊ ငါမကပ်ပါဘူး”

ဇေမောင်ကြောင်သွား၏။ နောက်မှ လင်းထိုက်လက်မောင်းကို လက်သီးနှင့် ခပ်ဖွဖွထိုးရင်း. . .

“မင်းကတော့ တကယ့်ကောင်ပါကွာ”

လင်းထိုက်က ဇေမောင်ကိုပြန်ကြည့်သည်။

“တကယ်ပြောတာကွ၊ ငါမကပ်ဘူး သေချာတယ်”

လင်းထိုက် အသေအချာပြောနေသည့်အတွက် ဇေမောင်ငေးဝေသွား၏။





“ဒါ. . . ဒါဆို”

လင်းထိုက် သက်ပြင်းချကာ. . .

“မင်းကို ဘဲပေါက်ပညာနဲ့ ကျီစယ်လိုက်ပြီထင်တယ်”

“ဟင်”

ဇေမောင်၏ခြေလှမ်းများ လန့်ဖျန့်ကာ ရပ်တန့်သွား၏။ နောက် သူ့ဘာသာသူရေရွတ်သလိုနှင့်. . .

“ပညာနဲ့ကျီစယ်တာ ဟုတ်ပါ့မလား”

လင်းထိုက်က ဇေမောင်၏ပခုံးကိုဖက်ကာ. . .

“မစိုးရိမ်ပါနဲ့ကွာ၊ သူချစ်လို့စလိုက်တာဖြစ်မှာပါ၊ ဘာမှမဖြစ်ပါဘူး”

“ချစ်လို့စတာ”

“အင်းလေ. . . ဘာဖြစ်လို့လဲ”

ဇေမောင်၏ ခြေလှမ်းများ ရပ်တန့်သွားပြန်၏။

“ဒါကြောင့်ထင်တယ်”

လင်းထိုက် မျက်မှောင်ကျုံ့ကာ. . .

“ဘာလဲ”

“ငါ သူ့ကိုချစ်မိနေပြီထင်တယ်”

“ဟင်”

ဇေမောင်စကားကြားတော့ လင်းထိုက်၏လက်ဖျားများအေးစက်သွားသလိုထင်ရ၏။ ပြီးနောက် ပြူးကြောင်သောမျက်လုံး များနှင့် ဇေမောင်ကို တအံ့တဩကြည့်သည်။ ဇေမောင်ကလင်းထိုက်ကိုပြန်ကြည့်ကာ. . .

“မင်းက ဘာဖြစ်သွားတာလဲကွ”

လင်းထိုက် ပြန်အဖြေမပေးသေးဘဲ ဇေမောင်ကိုသာ အံ့ဩဟန်နှင့်စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ဘာဖြစ်နေတာလဲ"

ထိုတော့မှ လင်းထိုက်က သဘောကျဟန်ရယ်ရင်း. . .

"ဟား ဟား ငါ မင်းကို အံ့အားသင့်အောင် လုပ်လိုက်တာပါကွ၊ ဘယ့်နှယ်လဲ ပီပြင်တယ်မဟုတ်လား"

"ကွတ်. . . မင်းကတော့ကွာ"

ဇေမောင် အသံထွက်ရေရွတ်ရင်းလိုက်ရယ်သည်။လင်းထိုက်ကဆက်၍

"ဟဲ ဟဲ ငါ့သရုပ်ဆောင်မှု ပီပြင်မပီပြင် စမ်းကြည့်တာပါကွာ"

"ဘာလဲ မင်းက မင်းသားလုပ်တော့မလို့လား"

"လက်ရှိမင်းသားတွေ ထမင်းဝေကုန်ပါ့မယ်ကွာ"

နှစ်ယောက်သား ကြည်နူးစွာရယ်သံများ ပျံ့နှံ့လျက်။

××××







တချို့ကလည်း နာမှချစ်တတ်သတဲ့။

တစ်ခါကလည်း နိုင်ငံတကာမှာ တုန်လှုပ်ချောက်ချားသွားရလောက်အောင် အမှုတစ်ခုဖြစ်ခဲ့တယ်။

ရက်စက်သော ဓားပြများက အိမ်တစ်အိမ်ထဲဝင်ပြီး အိမ်ရှင်အမျိုးသမီးကို မသေရုံတမယ်ရိုက်နှက်ပြီး ပစ္စည်းတွေအားလုံးကိုယူသွားသတဲ့။ အနှိပ်စက်ခံရတဲ့အမျိုးသမီးမှာ ဆေးရုံမှာအချိန်အတော်ကြာ ကုသယူခဲ့ရတယ်။ ဒါပေမဲ့ အဲဒီဓားပြများကိုအစိုးရကဖမ်းမိတဲ့အခါ အဲဒီအမျိုးသမီးဟာ အဲဒီလူတွေကိုထောင်ဝင်စလာတွေ့ပြီး စားစရာများကအစပို့ပေးသတဲ့။

ဒီလောက်နှိပ်စက်တဲ့သူတွေကို သည်လိုအစားအသောက်ကအစ လိုလိုချင်ချင် လာပို့နေတာတွေ့လို့ လူတွေကမေးကြည့်တဲ့အခါ

"နာကျင်မှုက သူ့အတွက်ကျေနပ်နှစ်သိမ့်မှုဖြစ်စေသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာမှာကို နာကျင်မှုနဲ့ပတ်သက်ပြီး စိတ်ရောဂါတစ်မျိုးဖြစ်ကြောင်း အကျယ်တဝင့်စစ်ဆေးတွေ့ရှိပြီး တစ်ကမ္ဘာလုံး တုန်လှုပ်ချောက်ချားခဲ့ရလေတော့တယ်။

ဒီလိုပါပဲ။

တချို့ကနာကျင်မှုကို ရွံ့မုန်းကောင်း ရွံ့မုန်းကြလိမ့်မည်။ သို့သော် အချစ်နဲ့ပတ်သက်တဲ့နာကျင်မှုက ပြီးပြည့်စုံသောခံစား မှုတစ်ခုဖြစ်၍ နာကျင်မှုမရှိသောအချစ်သည် ဆားမပါသောဟင်းတစ်မျိုးသာဖြစ်ပေလိမ့်မည်။

××××







လရောင်ဆမ်း၍ လန်းနေသည်။

အိပ်မပျော်သေးသူနှစ်ယောက်က ဂစ်တာကြိုးကိုညှိရင်း လရောင်ခြုံ၍ လုံနေကြ၏။ တစ်ယောက်က အုတ်ခုံပေါ် လှဲချပြီး သာနေသောလမင်းကို သူပိုင်ပန်းချီကားသဖွယ် တစိမ့်စိမ့်ကြည့်၍ အရသာခံနေသည်။ နံဘေးနားကဂစ်တာကြိုးညှိသံက တဖွဲဖွဲ။ သီချင်းတစ်ပုဒ်အစပျိုးရန် ပြင်ဆင်နေဟန်တူသည်။

“ငါ သူ့ကိုချစ်မိသွားပြီလင်းထိုက်”

ဂစ်တာသံ ရုတ်တရက်တိတ်ဆိတ်သွား၏။ တိမ်များက လေပြည်အားကိုးနှင့် လမင်းကိုဖုံးကွယ်ရန်အားပြုနေသည်။

“ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်တယ်တော့မပြောတတ်ပါဘူးကွာ၊ အမြဲတမ်းသူ့အရိပ်ပဲပေါ်နေတယ်”

အသံများ ရုတ်တရက် တိတ်ဆိတ်သွားပြန်သည်။ ဖုံးကွယ်



www.burmeseclassic.com

ရန် ကြုံစည်နေသော တိမ်များက လမင်းခြေရင်း ဝပ်စင်းလွန်မြောက်ကုန်ပြီ။

"ငါဘာလုပ်သင့်လဲ လင်းထိုက်"

"ကြိုက်ရင်ဖွင့်ပြောပေါ့ကွ၊ မင်းကလဲ"

အဖြေစကားနှင့်အတူ ဂီတသံများ ပြန်ပေါ်လာ၏။ ဂစ်တာကြိုးခတ်သံ ခပ်ဖြည်းဖြည်းက ညခင်းကိုအေးစေ၏။

"ငါ. . . ငါ မဖွင့်ပြောရဲဘူးဖြစ်နေတယ်"

"မင်္ဂလာဆောင်ရင်တောင် ခါးလိုက်တွန်းပေးရမယ်နဲ့တူတယ်၊ အိမ်အောက်ဝက်မွေးကွ၊ အဲဒါ ယောက်ျားအားပေးတယ်"

"ဘာဆိုင်လို့လဲ"

"ညည ဝက်က အု(ရ်) အု(ရ်)နဲ့ ထထအော်လို့"

ဇေမောင် အသံထွက်အောင်ရယ်သည်။ သီချင်းတစ်ပုဒ်အစပျိုးရန် ဂစ်တာကော့(ဒ်)တစ်ခုချလိုက်သံကြားရ၏။

"အဲဒါ ငါဘယ်လိုလုပ်ရမလဲလို့"

သီချင်းမစဖြစ်ဘဲ ဂစ်တာသံရပ်သွားပြန်၏။

"မင်းကြိုက်တာ မင်းဖွင့်မပြောလို့ ဘယ်သူက ဖွင့်ပြောရမှာလဲကွ၊ တကတည်းမှပဲ"

"ဟိုလေကွာ မင်းများကူညီနိုင်မလားလို့"

လင်းထိုက်က ဇေမောင်ကိုမျက်စောင်းထိုးကြည့်၏။ ဇေမောင်က မျက်နှာချိုသွေး၍ . . .

"ငါပြောတာက မင်းနဲ့ဘဲပေါက်က ပိုရင်းနှီးတယ်လေ အဲဒါ"

ဇေမောင်စကားကို လင်းထိုက်ကလက်တား၍. . .

"ကဲ တော်ပါပြီ၊ မပြောရဲရင်လည်းစာလိုက်ပေးပေါ့ကွာ၊ မင်းကလဲ"

"စာပေးဖို့"





"အေး ဘဲပေါက်က စာဖတ်ဝါသနာပါတယ်ကွ"

"ငါ ငါမှ ရည်းစားစာမရေးတတ်တာ"

လင်းထိုက် စိတ်မသက်သာဟန်နှင့် သက်ပြင်းချကာ. . .

"ကဲ ဒီလိုလုပ် မင်းအတွက်စာကို ငါပဲရေးပေးလိုက်တော့မယ်"

"ဟင် ဒါဆို မင်းလက်ရေးသူသိနေမှာပေါ့"

"ဟ. . . ဒါတော့ မင်းပြန်ကူးရေးပေါ့ကွ၊ မင်းကလည်း ဒီလောက်လေးတော့ အာရုံစိုက်လေကွာ၊ ဟုတ်ဘူးလား"

လင်းထိုက်စကားကြောင့် ဇေမောင်ရယ်ကျဲကျဲဖြစ်သွားသည်။ ပြီးမှ. . .

"အေးကွ ကောင်းတော့ကောင်းသားပဲ၊ ဟို မင်းရေးပေးတဲ့စာက"

"မနက်ရမယ်"

လင်းထိုက် တိုတိုတုတ်တုတ်ပြောပြီး သီချင်းတစ်ပုဒ်ကိုဆိုရန်ပြင်သည်။

ဒါကို ဇေမောင်က

"ဟေ့ကောင် ဒီမှာဂစ်တာတီးတာနဲ့စာရင် ဘဲပေါက်တို့အဆောင်ရှေ့သွားတီးရအောင်လား"

လင်းထိုက်ကမျက်မှောင်ကျုံ့ကာ ဇေမောင်ကို ပြန်ကြည့်သည်။

"မင်းက တစ်မျိုးပြီးတစ်မျိုးပါလား"

ဇေမောင် ရယ်ကျဲကျဲနှင့်. . .

"မဟုတ်ပါဘူးကွာ မိန်းကလေးအဆောင်ရှေ့ဆိုတော့ ဟိုငေးဒီငေးနဲ့ ပျော်ဖို့ကောင်းတာပေါ့ကွ၊ အဟဲ နောက်ပြီး"

သူ့စကားမဆုံးခင် လင်းထိုက်က ထိုင်ရာမှထရပ်ကာ. .

www.burmeseclassic.com



"ကဲ ဒါဆိုလည်း သွားကြရအောင်ကွာ၊ ကြာတယ်"
ညခင်းကအေးနေဆဲ။

××××







ညခင်းကအေးဆဲ။

သူတို့ ဘဲပေါက်တို့အဆောင်ရှေ့ရောက်တော့ ကြားလိုက်ရသောအသံက. . .

"အရှင်ဘုရား မြတ်စွာဘုရားထံ ဘုရားတပည့်တော်သည် ကြာနွယ်လက်ဆယ်ဖြာ ဆွတ်မိုးဦးညွတ်ရင်း ဒီလူ့သားဘဝမှာ မငြိမ်းချမ်း ဆူးခင်းသောလမ်း ညများလမိုက်မှာမွေးလို့လားရော့သလား"

အဆိုတော်စိုးပိုင်၏သီချင်းကို အဆိုတော်စိုးပိုင်အသံနှင့် ကစ်ထပ်တည်းတူအောင် ဟဲနေသောကိုမြမောင်။ ကိုမြမောင်ကိုမြင်တော့ ဇေမောင်တွန့်သွား၏။

"ဟော့ကောင်လင်းထိုက် ဖြစ်ပါ့မလား၊ ကိုမြမောင်တို့ ရောက်နေတယ်၊ ပြဿနာမတက်အောင် လှည့်ပြန်မှနဲ့တူတယ်"

လင်းထိုက် ပြုံးလိုက်ပြီး. . .



www.burmeseclassic.com

"မင်းကလည်း ဘာတွေသွေးပျက်နေတာလဲ၊ မင်းစိတ်ထဲမှာ ပျော်ရမယ်လို့သာတွေးထား၊ လာ ငါ့နောက်လိုက်ခဲ့"

ဟုဆိုကာ ဂစ်တာထမ်း၍ အရှေ့မှရင်ကော့ကာထွက်သွားလေသည်။ ဇေမောင်က မဝံ့မရဲခြေလှမ်းဖြင့်။

"ဟ ကိုမြမောင်တို့ အုပ်စုတောင့်လှချည်လား၊ အားပြီလားဗျို့"

သီချင်းတစ်ပုဒ်ပြီး၍ နောက်တစ်ပုဒ် အစပြုရန်ပြင်နေသော ကိုမြမောင်တို့ လင်းထိုက်ကိုမြင်တော့မျက်နှာပျက်သွားကြ၏။ နောက်မှကိုမြမောင်က. . .

"ဟေ့ကောင် မိန်းကလေးအဆောင်ရှေ့ ငါပြဿနာမဖြစ်ချင်ဘူးနော်၊ မင်း တခြားနေရာသွားရင်ကောင်းမယ်၊ ငါလည်းမအားသေးဘူး"

ကိုမြမောင်စကားကို လင်းထိုက်က ခြေလှမ်းပင်မပြောင်းဘဲ ကိုမြမောင်နားဝင်ထိုင်ကာ. . .

"ကိုမြမောင်ကလည်း စိတ်ကြီးပဲဗျာ၊ ဟိုမှာကြည့်စမ်း သီချင်းသာအော်ဆိုနေရတာ ဘယ်မိန်းကလေးမှလည်း ထွက်ပြီးအားမပေးဘူး၊ အမှန်ဆိုဒီလိုမဖြစ်သင့်ဘူးဗျ"

ကိုမြမောင် မျက်မှောင်ကျုံ့သွား၏။

"ဒါဆို ငါဘယ်လိုလုပ်ရမှာလဲ"

"ဘယ်လိုလုပ်ရမလဲဆိုတော့ ဘယ်သူ့အတွက် ရည်ရွယ်တယ်ဆိုတဲ့ခေါင်းစဉ်ရှိရမယ်၊ ပြီးရင် ခုနတုန်းကလို ရှေးနည်းနည်းကျတဲ့ သီချင်းမဟုတ်တဲ့သီချင်းဖြစ်ရမယ်"

ကိုမြမောင် စိတ်ဝင်စားသွား၏။

"ဘယ်လိုသီချင်းမျိုးလဲ"

လင်းထိုက် ဘာမှပြန်မဖြေသေးဘဲ လက်ညှိုးကို သုံးပတ်ရစ်





လိုက်သည်။ စဉ်းစားနေသည်ဆိုသည့်သဘော။

"ဟိုလေ ပလေးဘွိုင်သန်းနိုင်ရဲ့ ဆုသီချင်းရလား"

"ဆု"

"ဟုတ်ပါ့. . . အဲဒီသီချင်းကို ကိုမြမောင်သာ ခုနကစိုးပိုင်သံနဲ့ဆိုချလိုက်ရင် ပြီးပြီ"

ကိုမြမောင် မျက်နှာဝင်းလက်သွား၏။

"အေး. . . ရတော့ရတယ်ကွ၊ ဒါပေမဲ့ သန်းနိုင်သီချင်းကို စိုးပိုင်အသံနဲ့ဆိုလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါ့ဗျာ၊ ဒါမှ ကြားနေကျအသံမဟုတ်ဘဲ သူတို့နားထဲ ထူးထူးဆန်းဆန်းကြားရမှ စိတ်ဝင်စားမှာ၊ ကဲ စကြရအောင်"

ဟုဆို၍ ဇေမောင်ဘက်လှည့်၍. . .

"ဟေ့ကောင်. . . ဇီးကွက်နာမည်ရင်းကဘာလဲ"

"ဘယ်ဇီးကွက်လဲ"

"မင်းကလည်း တုံးပါ့၊ မင်းသူငယ်ချင်း ကိုမြမောင်ကြိုက်နေတာလေ"

"သြော် သင်းပျံ့အေး"

"အေး. . . သူ့ကိုပြောတာ"

ဟုဆိုကာ အဆောင်ဖက်လှည့်၍

"တေးဂီတကိုနားဆင်နေကြသော ညီမငယ်များခင်ဗျား အခုဆက်လက်ပြီးသီဆိုမည့်သူက ကိုမြမောင်ပဲဖြစ်ပါတယ်၊ ကိုမြမောင်ကသင်းပျံ့အေးအတွက်"

"ဟေ့ကောင်"

သူ့အော်သံမဆုံးမီ ကိုမြမောင်ကလှမ်းဟန့်သည်။ ဒါကို လင်းထိုက်က အသာနေပုံစံမျိုးနှင့်လက်ကာပြပြီး ဆက်အော်သည်။

"ပလေးဘွိုင်းသန်းနိုင်ရဲ့ ဆုဆိုတဲ့သီချင်းကို ကိုစိုးပိုင်အသံ



www.burmeseclassic.com

ကိုစိုးပိုင်ဟန်နဲ့ သီဆိုသွားမှာဖြစ်ပါတယ်၊ နားသောတဆင်ပေးကြပါခင်ဗျား"

သူစကားဆုံးသည်နှင့် ကိုမြမောင်က

"ဟေ့ကောင် မင်းကလည်းကွာ မပြောမဆိုနဲ့၊ တောက်"

လင်းထိုက်က ကိုမြမောင်နား တိုးကပ်သွားပြီး. . .

"မပြောမဆိုမဟုတ်ဘူး၊ ဟိုမှာသင်းပျံ့အေးတို့ထွက်လာပြီ တွေ့လား၊ ကိုင်း သီချင်းကိုသာ အပီဆို၊ သူကြွေသွားအောင်ဆို"

ဟုပြောကာ သီချင်းကိုအစပျိုးလိုက်သည်။ မှန်ပေသည်။ သင်းပျံ့အေးနှင့် ကျောင်းသူတစ်သိုက် ထိုအသံကြောင့် ဝရန်တာထွက်လာကြ၏။ သူနောက်မှလိုက်၍ ကိုမြမောင်က ခံစားချက်အပြည့်နှင့် ဤနှယ်ဆိုလိုက်၏။

"စအိပ်မဆိုးနဲ့နော်၊ ခွင့်လွှတ်ပါကွယ်၊ ကိုယ်ရအိုင်းနေရင် ကိုယ့်စိတ်က အရင်း ဒီလအို ဟုတ်ဘူးကွဲ့၊ မင်းနအဲ့မှ ပြအောင်လည်း ကုန်ပြီ"

"မင်းလအေးနဲ့တွေ့ရတာဟာ ငါ့အတွက် အားလုံးပြအေ့ဖို့ ဖြစ်များဖြစ်နေအေပြီလား၊ မင်းလအေးဟာ ငါ့အတွက်ပဲ၊ မင်းလအေးဟာ ငါ့ဘဝပဲ လအွန်တယ်လို့မအင်းထင်လား"

"အဘိမ္မွာတစ်ရပ်မှာ အချစ်က နှအေးနေမရအင်ခံသွားနိုင်တယ်၊ တစ်ယောက်ယောက်က ဝင်လာပြီး လအုယူသွားမှာလည်း ဒီကောင်လေးကြောက်နေတယ်"

"ဟား ဟား ဟား ဟား"

သူ့သီချင်းသံကြားသည်နှင့် အားလုံးထရယ်ကြသည်။ တချို့က အရယ်လွန်ပြီး ကျွမ်းများပင်ထိုးသွားကုန်၏။ ဒါကို ကိုမြမောင်ကြောင်ပြီးလိုက်ကြည့်သည်။ ဒါကို လင်းထိုက်က တံတောင်နှင့်တွတ်ပြီး ဆက်ဆိုရန် မျက်ရိပ်ပြသည်။ ကိုမြမောင်ကလည်း ဆက်ဆိုသည်။





"အဘိမ္မွာတစ်ရပ်မှာ အချစ်က နှအေးနေရအင် ခံသွားနိုင်တယ်၊ တစ်ယောက်ယောက်ကဝင်လာပြီး လအုယူသွားမှာလည်း ဒီကောင်လေးကြောက်နေတယ်"

"ဟား. . . ဟား. . . ဟား. . . ဟား"

ရယ်သံများ ညယံတွင် ပျံ့နှံ့နေလေတော့သည်။

××××

www.burmeseclassic.com





ညကအေးဆဲ။ ပြန်လာချိန်ကြတော့ ညကအတော်နက်နေပြီ။ လင်းထိုက်က သူ့ဂစ်တာလေးကိုပခုံးပေါ်ထမ်းထား၏။ ဇေမောင်ကတော့ လတ်ဆတ်အေးမြသောလေပြည်ကိုရှိုက်သွင်းကာ. . .

ညကား ကြည်နူးစိတ်နှင့် အေးနေဆဲ။

"လင်းထိုက် မနက်ကျရင်ငါ့ကို စာရေးပေးဖို့မမေ့နဲ့နော်"

"အေးပါကွာ"

ညကား အေးနေဆဲ။

မေတ္တာတရားကို ယုံကြည်သက်ဝင်သူသည် မေတ္တာတရား၏ နှစ်သက်မှုကိုခံရသည့်အပြင် သစ္စာတရားကပါ အလိုလိုနေရင်း ဦးညွှတ်တတ်၏။

လိုအင်မပြည့်ဝသောအနှောင်အဖွဲ့များသည်လည်း ဝေဒနာများ စိတ်ပျက်အားငယ်မှုများကိုချန်ရစ်ကာ ဆိတ်ငြိမ်၍ အေးချမ်း





သော မေတ္တာတရားရှိသူနောက် ကသုတ်ကယက် လိုက်တတ်ကြ၏။

ဆိတ်ငြိမ်သော်လည်း အထီးကျန်မှုကင်းမဲ့သောမေတ္တာတရားရှိရာအရပ်၌ အရာရာအားလုံးသည် ပြည့်ဝစွာခိုလှုံပျော်ရွှင်နေကြသော်လည်း တစ်နေ့သ၌ သူတို့ထံသို့မဖိတ်ခေါ်ဘဲ ဧည့်သည်တစ်ဦးရောက်ရှိလာသည်။

ထိုဧည့်သည်ကြောင့်ပင် အရာအားလုံးတစ်စစီ ပြန်လည်ပြိုကွဲရန်ဖြစ်လာခဲ့သည်။

ထိုဧည့်သည်မှာ. . .

"အချစ်ဖြစ်သည်"

××××



www.burmeseclassic.com

www.burmeseclassic.com





"သစ်သစ်"

"ငါလိုက်ရေးရမှာလား"

"လိုက်ရေးလေကွာ၊ ငါခေါ်ပေးမယ်"

"ဪ အင်း အင်း"

ဇေမောင် စာရွက်နှင့် ဘောလ်ပင်ထုတ်၍ အသင့်ပြင်လိုက်သည်။ စာရွက်ကပန်းရောင်လေး၊ ဘောလ်ပင်မှင်အရောင်က စိမ်းပြာရောင်။

"သစ်သစ်"

"ဘဲပေါက်လို့ပဲရေးရင် မကောင်းဘူးလား"

"အာ. . . မိန်းကလေးရည်းစားစာပေးတာ နာမည်ပြောင်နဲ့ရေးလို့ ဘယ်ကောင်းမှာလဲကွ၊ နောက်ပြီးဘဲပေါက်ကသူ့ကို သစ်သစ်လို့ခေါ်ရင်သိပ်သဘောကျတာ၊ တော်ပြီကွာ မရေးချင်လည်းနေ





တော့"

ဆိုတော့ ဇေမောင် ပျာပျာသလဲ ဖြစ်သွားပြီး. . .

"ဟာ မဟုတ်ပါဘူးကွာ၊ ငါကဖြစ်နိုင်မလားဆိုပြီးအကြံဉာဏ်ပေးတာပါ၊ လုပ်ပါ ရေးပါ့မယ်"

"ဒါဆိုလျှာမရှည်နဲ့ ခေါ်ပေးတာလိုက်ရေး၊ တကတည်း ကူလည်းကူညီရသေး"

"အေး. . . အေးပါကွာ"

"ဒါဆိုလိုက်ရေး"

"အင်း"

"အေး. . . ဒါဆိုရေးနေတာဘယ်ရောက်သွားပြီလဲ"

"အာ. . . အခုမှစရေးတာလေ"

"ဪ အေး သစ်သစ်ပြီးပြီနော်"

ဇေမောင် ခေါင်းညိတ်ပြလိုက်သည်။

"သစ်သစ်"

"ရင်ထဲမှာဖြစ်ပေါ်လာတဲ့ရင်ခုန်သံကို ထိန်းမထားနိုင်လို့ ဝန်ခံပါရစေ"

လင်းထိုက်ပြောသမျှ ဇေမောင်လိုက်ရေးသည်။ လင်းထိုက်ကစဉ်းစားဟန်နှင့် ဟိုဘက်လျှောက်ဒီဘက်လျှောက်လုပ်ရင်း

"တစ်စုံတစ်ခုလှုပ်ရှားသံကြားတိုင်း ချစ်သူရဲ့ခြေသံများလားလို့ လန့်နေရတာအမော"

"ဖြစ်နိုင်ရင် မင်းရဲ့အနားမှာအမြဲရှိနေချင်တယ်၊ ဒါမှလည်းကိုယ့်ရဲ့ဘဝဟာ အရာရာပြည့်စုံသွားမယ်လို့ထင်မိတယ်"

"သစ်သစ်ကိုချစ်တယ်"

"ဟာ. . . ကောင်းလိုက်တာကွာ၊ တိုတိုလေးနဲ့ထိတယ်"

ဇေမောင်က ရေးရင်းဝမ်းသာအားရထအော်သည်။ လင်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကတော့ ဆရာကြီးဟန်နှင့်ပြုံးနေတုန်း။ နောက်မှ ဇေမောင်၏ ပခုံးကိုလှမ်းပုတ်ကာ. . .

"ကဲ. . . အဲဒီစာကို မင်းရဲ့မှော်ဆရာမလေးဆီရောက်အောင်သာသွားပို့တော့ဟေ့၊ မင်းအဆင်ပြေမယ်လို့ ငါထင်တယ်"

ဇေမောင်က စာရွက်ကိုအသေအချာခေါက်နေရင်း ရယ်ကျဲကျဲလုပ်ကာ. . .

"အေးပါကွာ၊ ဒါနဲ့ မင်းရောမလိုက်ဘူးလား"

"ဟ ရည်းစားစာသွားပေးတာ ငါက ဘာလို့လိုက်ရမှာလဲ၊ သက်သက်ကြီး လိုက်ရှုပ်သလိုဖြစ်နေမှာပေါ့"

ဇေမောင်က ရှက်ပြုံးပြုံးရင်း . . .

"ဟုတ်တော့ဟုတ်တယ်ကွ၊ ဒါပေမဲ့ ငါတစ်ယောက်တည်းကျတော့လည်း ကြောက်သလိုပဲကွ"

"ဟား. . . ဟား ဘာမှမကြောက်နဲ့ဟေ့ကောင်၊ ဒီလိုကိစ္စတွေက ကမ္ဘာဦးကနေတို့မိဘတွေအထိ ဒီလိုပဲလုပ်လာရတာ၊ ကဲ ပြောနေကြာတယ်ကွာ၊ ကျောင်းနောက်ကျနေဦးမယ်၊ သွားကြရအောင်"

နှစ်ယောက်လုံး လွယ်အိတ်များပြင်ပြီး ကျောင်းသို့ထွက်လာခဲ့ကြသည်။

××××







"ယောက်ဖရေ ဒီနေ့တယ်စောပါလား"

"အေး. . . မင်းညီမလေးနဲ့ ချိန်းထားလို့ကွ"

"ဟေ့ကောင်ကြီး ကျောင်းတယ်လည်းမှန်နေပါလား၊ မိဘကငွေမပို့တော့လို့ ကျောင်းစောစောလာပြီး ဖေတွ့ကရာလူ ကပ်စားနေရပြီနဲ့တူတယ်"

"မင်းတောင် တောင်းစားနေမှ လုပ်ရတော့တာပေါ့ကွာ"

"ကိုမြမောင်ကြီး အားပြီလား"

"အားပါဘူးဆိုနေမှကွာ"

"ညကျရင် ဆအုသွားဆိုရအောင်"

"နွယ်နီ မိတ်ကပ်အဟောင်းတွေ ဘယ်မှာဒစ္စကောင့်ချလို့လူးလာတာပဲ"

"နင့်ကြီးတော်လို ရွှံ့သုတ်လွှတ်လိုက်တာမှမဟုတ်တာ"

www.burmeseclassic.com



လင်းထိုက်လာရာလမ်း ထုံးစံအတိုင်း စိုပြေနေ၏။ ဇေမောင်ကတော့ လက်ထဲကရည်းစားစာလေး ပျောက်သွားမည်စိုးသည့်အလား ကျစ်ကျစ်ပါအောင်ဆုပ်ရင်းလိုက်၏။

"ဟော့. . . သူဇာနဲ့ မင်းဇော်တို့ ဘာငြင်းနေပြန်ပြီလဲ"

"ဟာ. . . လင်းမြွေ လာ လာပါဦးကွာ၊ ဒီမှာဖြေရှင်းပေးစမ်းပါဦး"

လင်းထိုက်ကိုမြင်တော့ မင်းဇော်က ပြေးထွက်လာပြီး လာဆွဲ၏။ ဒါကို သူဇာတို့က. . .

"ဟဲ့. . . အဲဒီကောင်ကိုမခေါ်နဲ့၊ အဲဒီကောင်က လူညစ်ကြီး"

"ဘာလို့မခေါ်ရမှာလဲ၊ နင်တောင် ဖြူပြာတို့ မိုးမိုးတို့ကို ခေါ်ထားသေးတာပဲ၊ လာ လင်းထိုက်"

ဟုဆိုကာ လင်းထိုက်လက်ကို မလွတ်တမ်းဆွဲထား၏။ ဇေမောင်ကတော့ သူတို့နောက်ကပ်လျက်. . .

"ဘာတွေဖြစ်နေတာလဲကွ၊ ဟေ"

လင်းထိုက်အမေးကို မင်းဇော်က. . .

"ဒီလိုကွ ငါတို့ ဒီမှာငြင်းနေကြတာ သူတို့မိန်းကလေးတွေ မှန်နေတယ်ချည်းလုပ်နေလို့"

မင်းဇော်စကားကြောင့် သူဇာရော ဖြူပြာရော မိုးမိုးပါ တစ်ဘက်လှည့်သွား၏။ ဒါကို လင်းထိုက်က မျက်မှောင်ကျုံ့၍. . .

"ဘာကိစ္စ ကြီးကြီးကျယ်ကျယ်မို့ ဒီလောက်တောင် ငြင်းနေရတာလဲ"

"ဒီလိုကွ"

မင်းဇော် စကားစသည်။ လင်းထိုက်ရော ဇေမောင်ပါ ဂရုတစိုက်နားထောင်သည်။

"ယောကျ်ားနဲ့မိန်းမ အိမ်ထောင်ကျတယ်ကွာ"





"ဪ. . . မင်းတို့က အိမ်ထောင်ရေးဆွေးနွေးနေကြတယ်ပေါ့"

ကောင်မလေးများ မျက်နှာရှုံ့မဲ့သွား၏။

"အေး. . . အဲသည်လို အိမ်ထောင်ကျပြီး မွေးလာတဲ့ကလေးကို ဘယ်သူပိုင်သင့်သလဲဆိုတာ ငြင်းနေတာ"

"သူတို့က"

"သူတို့က ကိုးလလွယ် ဆယ်လဖွား ကိုယ်ဝန်ဆောင်ခဲ့ရတဲ့အတွက် မွေးလာတဲ့ကလေး သူတို့ပိုင်သတဲ့ကွ၊ ကဲ ငါတို့ယောကျ်ားတွေကရော မပိုင်ရဘူးလား"

မင်းဇော်စကားကို သူဇာက. . .

"ဪ. . . မဟုတ်လို့လား၊ မိန်းမဆိုတာ ကလေးကို ကိုယ်ဝန်စဆောင်တဲ့အချိန်ကကတည်းက မိခင်စိတ်အပြည့်နဲ့ ဂရုတစိုက်ပြုစုပျိုးထောင်ရတာ မွေးလာတဲ့ကလေးမိခင်မပိုင်ရရင် ဘယ်သူပိုင်ရမှာလဲ၊ ကဲ ပြောလေ ပြောလိုက်စမ်းပါ ဉာဏ်ကြီးရှင်တွေရဲ့၊ ဟွန်း"

သူဇာ၏နောက်ကမှ ဖြူပြာနှင့် မိုးမိုးတို့ကပါ. . .

"ဟုတ်ပ. . . မိခင်ဆိုတာ သားသမီးတွေအတွက် မရှိမဖြစ်လိုအပ်ချက်ပဲ၊ မိခင်ကမွေးမှ သားသမီးဆိုတာ ဖြစ်လာတာ၊ ဖခင်က မွေးရိုးထုံးစံမရှိဘူး"

"အို. . . တို့ကတော့ ရှင်းရှင်းပဲ၊ ကိုယ့်မွေးကိုယ်ရ ကိုယ်ရကိုယ်ယူ၊ ဒါပဲ"

အားလုံး၏စကားကို လင်းထိုက်ကပြုံးရင်း နားထောင်နေသည်။ ပြီးမှ. . .

"ဒီလိုကွ မင်းဇော်ရ"

"အင်း. . . လုပ်စမ်းပါဦး"

လင်းထိုက်ပါလာ၍ မင်းဇော် အားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကွာ မြို့ထဲစားသောက်ဆိုင်တွေမှာရှိတယ်၊ အအေးစက်တွေ၊ လူလည်းစောင့်မနေဘူး၊ ကိုကာကိုလာစက်တွေလေ၊ နိုင်ငံခြားမှာတော့ အများကြီးပဲ"

"အင်း တွေ့ဖူးသားပဲ၊ ဘာဖြစ်လို့လဲ"

တွေ့ဖူးလား မတွေ့ဖူးလားတော့မသိ သံယောင်လိုက်သည်။

"အဲဒီစက်တွေက အပေါက်ကနေ အကြွေစေ့ထည့်လိုက်ရင် အောက်ကနေ ကိုကာကိုလာဗူး ထွက်ကျလာတာမျိုးလေ"

"အေးလေ ဘာဖြစ်လို့လဲ"

"ဟ. . . ဘာဖြစ်ရမှာလဲ၊ အဖြေက ရှင်းရှင်းလေးလေ"

"ဆိုပါဦး"

"ဆိုပါတော့ကွာ၊ မင်းကအဲဒီစက်ထဲကိုအကြွေစေ့ထည့်လိုက်တယ်ကွာ"

"အင်း"

"အဲဒီအကြွေစေ့ကြောင့် ထွက်ကျလာတဲ့ ကိုကာကိုလာဗူးကို စက်ကပိုင်လား၊ အကြွေစေ့ထည့်တဲ့ မင်းပိုင်လား"

"ဟ. . . ငါပိုင်တာပေါ့ကွ၊ ငါလိုချင်လို့ ငါထည့်ခဲ့တာ"

"ဒါပဲပေါ့ကွ၊ ယောကျ်ားလေးနဲ့ မိန်းကလေး အိမ်ထောင်ကျရင် မွေးလာတဲ့ကလေး ဘယ်သူပိုင်မလဲဆို အကြွေစေ့ထည့်တဲ့သူက ပိုင်ရမှာပေါ့ ဟုတ်ဖူးလား၊ ဟား ဟား ဟား"

လင်းထိုက်စကားလည်းကြားရော မိန်းကလေးများ မျက်လုံးပြူးသွားကာ. . .

"ဟင်. . . သေနာ၊ ငါတို့က အဟုတ်မှတ်လို့ နားထောင်နေတာ၊ နင်က ငါတို့မိန်းမတွေကို အအေးလုပ်တဲ့စက်များထင်နေလား"

"ဟဲ့. . . အဲဒီစက်မျိုး နိုင်ငံခြားမှာပဲရှိတယ်၊ နိုင်ငံခြားမှာ သွားထည့်ဟဲ့ သေနာကျရဲ့"





ဆိုကာ လွယ်အိတ်နှင့် ကောက်ပေါက်သူကပေါက်၊ ထမင်းချိုင့်နှင့် လိုက်ရိုက်သူကရိုက် ဖြစ်ကုန်၏။ လင်းထိုက်က သူတို့ပြုလုပ်မှုများကို လွတ်အောင်ရှောင်ရင်း တဟားဟားရယ်မောကာ. . .

"ဟား. . . ဟား. . . ဟား မင်းဇော်ရေ မင်းမှာအကြွေစေ့ရှိရင်သိမ်းထားကွ၊ စက်ထဲသွားမထည့်မိစေနဲ့၊ မိန်းမတွေရဲ့ခန္ဓာကိုယ်ထဲမှာ ကိုကာကိုလာဗူးတွေတပြုံကြီးရှိတယ်၊ သတိထား၊ ဟား ဟား တော်ကြာကျမှ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ ဟား ဟား"

"သေနာကျလေး"

"အေး. . . နောက်တစ်ခါတွေ့ရင် သေပြီသာမှတ်"

အနောက်မှကျိန်ဆိုသံများတသီကြီးကြားရသည်။လင်းထိုက်ကသူ့အဖြေကိုသူ့ဘာသာသူ သဘောကျစွာရယ်ရင်းပြောသည်။ ဇေမောင်က သူ့နောက်ကကပ်လျက်. . .

"မင်းကွာ တော်တော်ပေါက်ပေါက်ရှာရှာ တွေးနိုင်တဲ့ကောင်"

ဇေမောင့်စကားကို လင်းထိုက် ဘာမှပြန်မပြောဘဲရယ်၍သာနေသည်။ ဇေမောင်ကသာဆက်၍

"အကယ်၍ မိန်းကလေးက ပိုင်ရမယ်ဆိုတဲ့ဘက်ကဆိုရင်ရော"

ဇေမောင်အမေးကို လင်းထိုက်က ရွဲ့ပြုံးလိုက်ပြီး. . .

"အများကြီးပါကွာ၊ Toilet နဲ့ပဲပြောပြော၊ အမှိုက်ပစ်တာနဲ့ပဲပြောပြော၊ ငွေလက်ခံဌာနနဲ့ပဲနှိုင်းနှိုင်း အများကြီးပါ"

ဇေမောင် ထပ်မမေးတော့။ သူ့ဘာသာသူ အတွေးနယ်ချဲ့နေ၏။ အတန်ကြာမှ. . .

"လင်းထိုက် ငါ ဘဲပေါက်ဆီ ဒီစာသွားပေးလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ အပျိုလူပျိုကြိုက်လို့ စာပေးတာပဲ၊ ဘာ

www.burmeseclassic.com



မဖြစ်စရာရှိလဲ"

"သူ. . . သူက မယူဘူးဆိုရင်ရော၊ ဒါမှမဟုတ် ရန်ဖြစ်လွှတ်ရင်ရော"

လင်းထိုက် ဇေမောင်ကို ပြန်စေ့ကြည့်သည်။

"ဘဲပေါက်မှာ အဲသည်လိုစိတ်မျိုးမရှိဘူး၊ မင်းအဆင်ပြေမှာပါ"

ဇေမောင် သက်ပြင်းချသည်။ နောက်မှ ရယ်ကျဲကျဲလုပ်ကာ

"အေးကွ. . . ငါ့မှာတော့ ကြောက်လိုက်တာ ခြေဖျားလက်ဖျားပါအေးနေပြီ"

"မကြောက်ပါနဲ့ကွာ၊ ကိုယ်ကယောကျ်ားလေးပဲ၊ သွားမဲ့သာသွားစမ်းပါ"

"အေး. . . ဒါနဲ့ မင်းဘယ်မှာရှိမှာလဲ"

"အိန္ဒိယဇာတ်လမ်းတွဲမှာရှိမယ်"

လင်းထိုက်စကားကို ဇေမောင် သဘောကျစွာရယ်လိုက်သည်။

"ကဲ ဒါဆိုသွားပြီကွာ၊ ခဏနေရင် ပြန်ဆုံမယ်"

နှစ်ယောက်သား လမ်းခွဲလိုက်ကြသည်။ အတန်ငယ်ဝေးတော့မှ လင်းထိုက်ကပြန်လှည့်ပြီး. . .

"ဇေမောင်"

ဇေမောင် ပြန်လှည့်ကြည့်သည်။

"ဘဲပေါက်၊ ဒီအချိန် အတန်းထဲမှာမရှိဘူး"

"ကင်န်တီးမှာလား"

"ကင်န်တီးမှာလည်းမရှိလောက်ဘူး"

"ဒါဆို"

"ဘွဲ့နှင်းသဘင်ခန်းမဘေးက မလေးရှားပိတောက်ပင်တန်း





က ဒုတိယမြောက်ခုံမှာရှိလိမ့်မယ်"

လင်းထိုက်စကားကြောင့် ဇေမောင် အံ့အားသင့်သွားသည်။ နောက်မှ ရယ်မောရင်း. . .

"မင်းဟာက သိလှချည်လား"

လင်းထိုက် ပြုံးလိုက်ပြီး. . .

"သိဆို ငါတို့ချိန်းတွေ့နေကြနေရာလေ"

"ဟင်. . . ဘာ"

"ဟိုလေ. . . ဒီလိုနေ့မျိုးဆို ဘဲပေါက်ကသူ့တစ်ယောက်တည်းအဲဒီကိုသွားပြီး တွေ့ချင်တဲ့သူငယ်ချင်းတွေကိုချိန်းတွေ့နေကြနေရာ"

"ဪ"

"ငါသွားပြီဟေ့ကောင်၊ ငါ အိန္ဒိယရုပ်ရှင်ရုံမှာရှိမယ်၊ အဲဒီမှာတစ်နာရီစာဇာတ်ကားပြရဦးမယ်"

ဆိုကာ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။ ဇေမောင် လင်းထိုက်၏ကျောပြင်ကိုငေးကြည့်ရင်း ဘာရယ်မဟုတ်ဘဲရပ်နေမိသည်။ လင်းထိုက်လုံးဝပျောက်သွားတော့မှ ပြုံးပြီး. . .

"အကော်လည်း တတ်နိုင်တဲ့ကောင်"

ဟုတီးတိုးရေရွတ်ရင်း ခြေလှမ်းကို ပြန်စလိုက်သည်။

နံနက်ခင်းက ငှက်ငယ်တို့၏ သီကျူးသံကိုပိုင်ဆိုင်နေလေပြီ။

နံဘေးနားမှ လူငယ်တို့၏ ကြည်နူးစရာအသံများ၊ သီချင်းသံများနှင့်လှပနေသည်။ ထို့ကြောင့် ချစ်ခြင်းကိုပိုင်ဆိုင်လိုသူ၏ ခြေလှမ်းတိုင်း၌ သာယာနာပျော်ဖွယ်အသံများ ကပ်ပါနေသည်။ သီဆိုတီးမှုတ်သူများက ရင်ခုန်သံနှင့် ထပ်တူထပ်မျှလိုက်ဖက်သော သံစဉ်တို့ကိုဖန်ဆင်းပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏စိတ်ထဲ၌လည်း ပျော်ရွှင်ဖွယ်ရာ ရသများနှင့် မအားလပ်နိုင်။ ပုံစံမျိုးစုံနှင့် ဝင်ရောက်လာသော ကြိုးများကိုပင် သူကိုယ်သူ ပျော်ရွှင်စွာချည်နှောင်နေမိတော့၏။

အချစ်သည် နှောင်ကြိုးများနှင့် တည်းထားသော ကိုယ်ပိုင်လွတ်လပ်ခွင့်ပင်။ ဘဲပေါက်တို့ထိုင်နေကျ ဖယ်ရီကားဂိတ်အနီးလက်ဖက်ရည်ဆိုင်သို့ အလိုလိုနေရင်း ရောက်လာသည်။ သူကိုယ်သူပင် ဘယ်လိုရောက်လာသည်ကို မစဉ်းစားတတ်တော့။

သူမြင်ချင်သော အရိပ်အယောင်ကို စိုးစဉ်းမျှပင်မမြင်ရ။ မလိုအပ်ပါဘဲ သူမတို့ စာသင်ခန်းဘက် ခြေဦးလှည့်မိသည်။ အတန်းချိန်မရှိ၍ စာသင်ခန်းက တိတ်ဆိတ်နေသည်။ နောက်မှ သတိရပြီးဘွဲ့နှင်းသဘင်ခန်းမဘက် ခြေဦးလှည့်ဖြစ်သည်။

ခြေလှမ်းများ။ ခြေလှမ်းများ။

အရာရာကို ကျော်လွှားနိုင်မည်ဟုထင်ရသောခြေလှမ်းများ။ အလိုလိုနေရင်း လွင့်မျောနေသောခြေလှမ်းများ။မလှပသောအန္တရာယ် ဖြစ်စေနိုင်သောအရာများကို လှပစွာဖြတ်ကူးလာသောခြေလှမ်းများ။ မျက်လုံးက ဘာမှသတိမထားမိဘဲ စိတ်က ဦးဆောင်၍လျှောက်လှမ်းနေသောခြေလှမ်းများ။

စိမ့်ခနဲ အအေးဓာတ်ကြုံရမှ ပြန်လည်အသက်ဝင်လာမိသည်။

ဟော. . . ဘွဲ့နှင်းသဘင်ခန်းမတောင်ရောက်ပြီပဲ။

ထိုတော့မှ ဇေမောင်သတိထားမိသည်။

"လင်းထိုက်လမ်းညွှန်လိုက်တာဒီနေရာပဲ"

သူဝေ့ကြည့်လိုက်သည်။

သိပ်မရှာလိုက်ရပါ။ လင်းထိုက်ပြောခဲ့သည့်အတိုင်း မလေးရှားပိတောက်ပင်တန်း၏ နှစ်ပင်မြောက်အုတ်ခုံပေါ်တွင်တစ်ယောက်





တည်း ငြိမ်သက်စွာထိုင်နေသောသူမ။

"အို. . . လှလိုက်တာ"

နတ်ပြည်နတ်နန်း၌ နတ်သမီးတို့ သာယာနာပျော်ဖွယ်အသံများမြည်ကြွေးသော နတ်ဝတ်တန်ဆာများဝတ်ဆင်လျက် လှပစွာခြေကြွယိမ်းကနေသည့်နှယ် သူမ၏ဆံနွယ်စများ ဝေ့ဝဲနေသည်။

နို့နှစ်ရောင်သန်းနေသော သူမ၏ကိုယ်သင်းရနံ့က မပြည့်စုံသေးသူများအား ပြည့်စုံမှုရရှိစေရန်လမ်းပြပေးနေသည်။

ကောင်းကင်ပြာအောက် ငြိမ်သက်နေသော လှယမင်းကိုမည်သူကွေကွင်းနိုင်အံ့နည်း။ ချစ်ခြင်းဟူသောမျက်စေ့နှင့်ကြည့်ပါကအရာရာသာယာဖွယ်ချည်းသာ။

"ဘဲပေါက်"

အံ့ဩဟန်နှင့် သူမဝေ့ကြည့်သည်။

"ဩော်"

လေပြည်ဆော့ကစားနေသော ဆံနွယ်စများ သိမ်းသပ်လိုက်သည်။

"ဒီကို ဘယ်လိုရောက်လာတာလဲ"

သူမအမေးကို ရုတ်တရက် မည်သို့ဖြေရမှန်းမသိ။ တစ်နည်းဆိုသော် ဘာကိစ္စရှိလို့လဲဟု အဓိပ္ပာယ်သက်ရောက်သော ပညာသားပါပါအမေးကို ရုတ်တရက်ဖြေစရာစကားမရှိ။

"ဒီလိုပါပဲ"

မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးများ သုံးကြမှန်းတော့မသိ။ မြန်မာလူမျိုးများအနေဖြင့် အဖြေမပေးချင်သော တစ်ဘက်လူမသိစေလိုသော သိလျှင်လည်း ဘာမှအကြောင်းထူးမည်မဟုတ်ဟုထင်ရသော စသည့်အခါများတွင် သုံးလေ့ရှိသော ဘာအဓိပ္ပာယ်မှသက်ရောက်မှုမရှိသော အများသုံးဘာသာစကားဖြင့်သာ ပြန်ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"လင်းထိုက်ရော"

သိချင်လို့မေးတာလား၊ စကားမရှိလို့ စကားရှာမေးတာလား ရုတ်တရက်မသိနိုင်။ ထိုစကားတွင် ရည်ရွယ်ချက်ရှိခြင်း၊ မရှိခြင်းက သူမသာသိနိုင်ပေလိမ့်မည်။

"သိတဲ့အတိုင်းပါပဲဟာ"

ဘာကို ဘာကြောင့်၊ ဘယ်နေရာဟူ၍ နေရာအတည်တကျ အလုပ်အကိုင် အတည်တကျ ရည်ညွှန်းခြင်းမရှိသော်ငြား တစ်ဘက် သားစိတ်ဝယ် အလုပ်များနေတယ်၊ သို့မဟုတ် နားနေတယ်၊ သို့မဟုတ် ဖျားနေတယ်၊ စသောတစ်ခုခုကို လုပ်နေဖြစ်နေတယ်ဟူ၍ အဓိပ္ပာယ် သက်ရောက်သော သို့မဟုတ် မေးသူကိုပြန်လည်စဉ်းစားစေသော အမှန်အတိုင်းဆိုရသော် ဘာအဖြေမှတိတိကျကျမပါဘဲ တိကျသော စကားဖြင့်သာပြန်ဖြေလိုက်သည်။

"တစ်ယောက်တည်းလား"

"အင်း"

တစ်ယောက်တည်းမြင်လျက် တစ်ယောက်တည်းလားမေး သောမေးခွန်းတွင် တွေဝေစရာမရှိပါ။ သူငယ်ချင်းတွေပါတယ် ဟို ဘက်မှာ ကျန်ခဲ့တာလေဟူသော မုသာဝါဒမျိုးလည်း သုံးရန်လိုမည် မထင်။

"ဘဲပေါက်"

သူမငေ့ကြည့်သည်။ ဇေမောင်က တုန်ယင်နေသောသူ့လက် ကို သူပြန်ဆုပ်ကိုင်ရင်း. . .

"ကျွန်တော့်မှာဖွင့်ပြောစရာစကားတွေ အများကြီးရှိပါတယ်၊ ဒါပေမဲ့"

သူမ ဇေမောင်ကို ငေးကြည့်နေသည်။ ပြောမည့်စကားကို





သိနေ၍ပဲလား၊ မသိခြင်းပဲလားတော့ မဝေခွဲနိုင်။

"ကျွန်တော် ဖွင့်ပြောဖို့အတွက်ကို မဝံ့မရဲဖြစ်နေတဲ့အတွက် စာရွက်ပေါ်မှာပဲ စာစီထားပါတယ်၊ ကျေးဇူးပြုပြီး ဖတ်ကြည့်ပေးပါ"

ကျေးဇူးပြုပြီးဟူသော စကားသည် မည်သူ့ထံတွင် မည်သည့် အချိန်က ကျေးဇူးရှိခဲ့မှန်းမသိသော်လည်း ထိုစကားသည်လည်းအ များသုံးဘာသာစကားဖြစ်၏။

ဇေမောင် သူ့အိတ်ထဲမှ ပန်းရောင်စာရွက်ကလေးကိုထိုး ပေးလိုက်သည်။ သူမကတည်ငြိမ်စွာပင် လှမ်းယူလိုက်၏။

ခေါက်ထားသောစာရွက်ကလေးကိုဖွင့်ဖတ်လိုက်သည်။ အ စတစ်ကြောင်းလောက်သာဖတ်ပြီး စာရွက်ကိုပြန်ခေါက်လိုက်သည်။ ဇေမောင်မှာ ကတုန်ကယင်နှင့် ငေးနေမိသည်။ သူမထံမှသက်ပြင်းချ သံကြားရ၏။

"လင်းထိုက် ရေးပေးလိုက်တာမဟုတ်လား"

"ဟင်. . . ဘယ်. . . ဘယ်လိုသိ. . . သိ"

ဇေမောင်ထံမှ ရုတ်တရက် ဘာသာစကားရှားသွား၏။ သူမ ကသာ သက်ပြင်းချပြီး. . .

"ဒီစာကြောင်းနဲ့တူတဲ့စာမျိုး ကျွန်မဆီမှာ သုံးဆယ့်နှစ်စောင် ရှိတယ်"

"ဗျာ"

"တချို့စာဆို သူကိုယ်တိုင်လက်ရေးတောင်ပါသေး"

"ဟင်"

လေထဲမျောလွင့်လာသော သစ်ရွက်ခြောက်တို့ကိုမြင်ရ သည်။ သူရဲကောင်းဟုထင်ထားသော လူငယ်လေးများကိုင်ထားသော လက်ကိုင်ဓား လွတ်ကျနိုင်သည့်ခံစားချက်မျိုး။ မထင်မှတ်သောအလှ တရားများက အရိုင်းဆန်သွားသလို ခံစားလိုက်ရသည်။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျစ်ကျစ်ပါအောင် အဆုပ်ခံလိုက်ရသော သူ့နှလုံးသားစစ်ခန် နာကျင်ရုံမျှ။

သူ သက်ပြင်းချလိုက်မိသည်။ နောက်မှ စစ်ပွဲတွင်ဒဏ်ရာများနှင့်ပြန်လည်နိုးထလာသောသူရဲကောင်းသဖွယ် မာန်တင်း၍

"ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အချစ်ဆိုတာမျိုးက လုပ်ယူလို့ရတာမျိုးမဟုတ်ပါဘူး"

သူမစာရွက်ကလေးကိုင်ပြီး ငေးကြည့်နေသည်။

"ကျွန်တော် ဘယ်သူ့ကိုမှမပြောဖူးတဲ့စကားလေးပြောခဲ့မယ်၊ ကျွန်တော် ဘဲပေါက်ကိုချစ်တယ်၊ ဒီထက်ပိုပြီးတော့လည်း ကျွန်တော် မပြောတတ်တော့ပါဘူး၊ ကျေးဇူးပါပဲ"

သဘာပတိများ မိန့်ခွန်းပြောလျှင် ပြောတတ်သောစကားဖြင့်ပင်အဆုံးသတ်လိုက်သည်။ နားထောင်ပေးသည့်အတွက် ကျေးဇူးတင်တာလား၊ ပြောချင်တာပြောခွင့်ရသည့်အတွက် ကျေးဇူးတင်တာလားတော့မပြောတတ်။

လေထဲ တွဲရရွဲဖြစ်နေသော သူမ၏ခြေထောက်များ အသာအယာလှုပ်ယမ်းသွားသည်။ ပုံစံက အဝေးကြီးကိုစိတ်လွတ်ကိုယ်လွတ်ငေးနေပုံ။ အတန်ကြာမှ သူ့ဘက်ပြန်လှည့်လာပြီး. . .

"လင်းထိုက်က ကျွန်မအကြောင်း ဘာမှမပြောထားဘူးလား"

ဇေမောင် ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။

"ပြောထားပါတယ်"

"ဘာတဲ့"

"ဘဲပေါက်က ပညာသည်တဲ့"

"ခစ်"

ကလေးငယ်တစ်ယောက်၏ ရယ်သံမျိုး ကြားလိုက်ရသည်။





မည်သို့သောရယ်စရာ အမျိုးအစားဖြစ်မည်ကိုတော့ မဝေခွဲနိုင်ပါ။

"ဘယ်လိုပဲဖြစ်နေဖြစ်နေ ကျွန်တော်ဘဲပေါက်ကိုချစ်တယ်၊ ဒါကိုပဲထပ်ပြောပါရစေ၊ နောက်ဆက်ပြောရင်လည်းဒီစကားကလွဲပြီး ဘာမှဆက်ဖြစ်လာတော့မယ်မထင်ဘူး"

မင်္ဂလာရှိသောစကားမို့လားမသိ သူမပြုံးလိုက်သည်။

"ရင်ထဲကစကားပါ၊ ကျွန်တော် ဘဲပေါက်ကိုချစ်တယ်"

အပ်ကြောင်းထပ်နေသောခေတ်ပြားကို ထိုစကားလုံးသာ ရှေ့တိုးနောက်ငင်ဖြစ်နေသည်။

"ကျွန်မ စဉ်းစားမယ်လေ"

ရိုးရိုးလေးနှင့် နှင်သည်လား၊ မကြားလိုတော့၍ စကားဖြတ်လိုက်သည်လားတော့မသိ။ ဇေမောင်ခေါင်းငုံ့သွားသည်။

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ကျွန်တော် ဘဲပေါက်ကိုချစ်တယ်"

သူမနှုတ်ခမ်းကိုက်ပြီး ရှက်သလိုဟန်နှင့်ရယ်သည်။ သူ၏ ခြေလှမ်းများကသာ နောက်ပြန်ရွှေ့လျက်. . .

"ဇေမောင်"

သူပြန်ငေ့ကြည့်မိသည်။

"လင်းထိုက်ကိုတွေ့ရင် လာခဲ့ပါဦးလို့"

"ကျွန်တော် ဘဲပေါက်ကိုချစ်တယ်"

ရယ်သံတချို့ ကြားရ၏။

နေရောင်ခြည်က ပြန့်ကျဲလွှန်းနေပြီ။ ပီပြင်မှုသိပ်မရှိသော အရိပ်အာဝါသတို့က တစ်ကိုယ်ရည်လုံခြုံအောင်မစွမ်းဆောင်နိုင်။ သစ်ရွက်စိမ်းများကလည်း အရောင်ပြယ်နေသော ခပ်ညှို့ညှို့ပန်းချီကားလို မှုန်ဝါးနေသည်။

ခြေလှမ်းများ။ ခြေလှမ်းများ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုဦးတည်နေမှန်းမသိသော ခြေလှမ်းများ။ အောင်မြင်ခဲ့သည်လား၊ ကျရှုံးခဲ့ပြီလားမသိသော ခြေလှမ်းများ။ အပြစ်မှာ ပူပြင်းသလောက် ရင်တွင်း၌ ရှုပ်ထွေးနေသောခြေလှမ်းများ။

ပြင်းပြသောစိတ်ကူးများက ခွဲခွာရတာတောင်မောရမှန်းမသိသေး။

"နင့်ကိုငါချစ်တယ်"ဟူသော စကားလုံးမှလွဲ၍ ဘာမှမပြောတတ်သော လူအတစ်ယောက်။ ဘယ်ကိုမျက်နှာမူနေမှန်းတောင် မသိရလောက်အောင် အမြင်တွေကန်းနေလေပြီ။

လူညံ့လို့ပဲဆိုဆို လူရိုးလို့ပဲပြောပြော ချစ်သူရှေ့ရောက်ချိန် ရင်ခုန်သံမြန်ပြီး စကားလုံးများဆွံ့အခဲ့တာအပြစ်များလား။

စိတ်ကဦးဆောင်မှုမရှိဘဲအလိုလိုနေရင်း သူ့အလိုလိုလှမ်းနေသောခြေလှမ်းများ။

"အဲဒီမှာ ချန်တဟားက မူလာဂျစ်ကိုထိုးဖို့ပြေးအဝင် ပြာလမွတ်က ချန်တဟားကို ဝါးလုံးကြီးနဲ့ နောက်စေ့ကိုချထည့်လိုက်တာ"

"ဟယ်. . . ပြာလမွတ် သစ္စာဖောက်တာပေါ့"

"ဟယ်. . . ဒီကောင်က ဘာဖြစ်သွားတာလဲ၊ ချန်တဟားက သူ့သူငယ်ချင်းအရင်းကြီးကို"

"ဂန်ဂျာလေ၊ ဂန်ဂျာ၊ ပြာလမွတ်က ဂန်ဂျာစွဲနေမှန်းသိတော့ ရာဂျားက ဂန်ဂျာပေးပြီး ပြာလမွတ်ကိုစည်းရုံးထားတာ၊ အဲဒီမှာ ချန်တဟားလည်း မြေပေါ်လဲရာက သွေးသံရဲရဲနဲ့ ပြန်အထ မူလာဂျစ်က ခါးကြားကခြောက်လုံးပြူးဆွဲပြီး မင်းကိုလူပြည်မထားတော့ဘူး၊ တစ်ခါတည်းသွားသေဆိုပြီးအပစ်"

"အဲဒီတော့မှ စိတ်မနှံ့တဲ့သူကြီးတော် အမီနာက သတိရပြီး ချန်တဟားကိုယ်ပေါ်လှဲအိပ်ချလိုက်တာ"

"ဒိုင်းဆို သေနတ်ကျည်ဆံက ဒေါ်အမီနာကြီးရင်ကို ဖောက်





ထွက်သွားတော့တာပဲ"

"ဟယ်. . . ဒါဆို ဒေါ်အမီနာကြီးသေရောပေါ့၊ သနားလိုက်တာ"

"အေးလေ. . . သူ့ခမျာ မူလာဂျစ်တို့လုပ်လို့ စိတ်မနှံ့ဖြစ်နေရတဲ့ကြားထဲ အခုတော့ သေနတ်တောင်မှန်သွားတာဆိုတော့ အဟင့်"

စိတ်ပါဝင်စားစွာနားထောင်နေရင်း တချို့က ငိုမလိုပင်ဖြစ်နေကြသည်။ ဒါကို လင်းထိုက်ကဆက်၍

"ဒေါ်အမီနာကြီး သေခါနီးပြောသွားတဲ့စကား သိပ်ကောင်းတာ၊ ခုချိန်ထိ ငါ့နားထဲကကိုမထွက်ဘူး"

"သူ . . . သူ ဘာပြောသွားလို့လဲ"

တစ်ယောက်က ဖြတ်မေးသည်။ ဒါကို လင်းထိုက်က အမီနာကြီးသေခါနီး သူ့နားကပ်ပြောသည့်အလား ကြေကွဲစွာဖြင့်. . .

"ငါ့သား လောကမှာ လူဆိုးတွေကအသက်မရှည်ဘူး၊ လူလိမ္မာတွေကအရင်သေတယ်တဲ့ ဘာလို့လဲဆိုတော့ အလ္လာရှင်မြတ်ကသူချစ်တဲ့သူအရင်ခေါ်လို့"

"ဟယ်. . . လွမ်းစရာကောင်းလိုက်တာ"

"တကယ်ထိတဲ့စကားပဲ ဒါမျိုး ကုလားတွေမှတတ်တာ"

"အဲဒါနဲ့ ဘာဆက်ဖြစ်ကြသေးလဲ"

"စကားတောင်သိပ်မပြောလိုက်ရပါဘူး၊ အရှုးမကြီး အမီနာက သေရော၊ အဲဒီအချိန်ကြမှ ပုလိပ်တွေက သေနတ်သံကြားပြီး ပြေးလာကြတာ"

"ဒါဆို မူလာဂျစ်တို့ကို ပုလိပ်တွေဖမ်းမှာပေါ့"

"ဘယ်ဖမ်းပါ့မလဲ၊ ဝါဘီအဖေ ဦးဆိုနားက သူ့ငွေးဆိုတော့ ပုလိပ်တွေ ပိုက်ဆံပေးပြီးဖမ်းခိုင်းတာ"

www.burmeseclassic.com



"ဟယ်. . . ယုတ်မာလိုက်တာဟယ်"

"ငါအသည်းယားလာပြီနော်"

အားလုံး မရိုးမရွှဖြစ်နေကြသည်။ ဇာတ်ကမည်မျှဆွဲဆောင်မှုရှိသည်မသိ။ အားလုံး တောက်ခတ်သူ၊ မြည်တွန်တောက်တီးသူများ လျှံနေတော့၏။

"အဲ. . . အဲဒါနဲ့ ချန်တဟားကို ဖမ်းသွားရောလား"

"ဘာ. . . ဘာတွေဆက်ဖြစ်သေးလဲ"

အားလုံး၏အမေးကို လင်းထိုက်က နာရီကိုကြည့်အပျင်းဆန့်ကာ. . .

"အင်း တစ်နာရီတောင်ခွဲသွားပြီပဲ၊ လက်ဖက်ရည်လေးများ"

သူ့စကားကြားသည်နှင့် အားလုံးက. . .

"ဟယ်. . . နင်ကလည်း ဇာတ်လမ်းကကောင်းလာပြီဆိုလုပ်ပြီ"

"နည်းနည်းဆက်ပြောပါ၊ နင်ကလည်း"

ဟူသောအသံများကို လင်းထိုက်က

"ဟာ. . . နင်တို့ကလည်းကိုယ်ချင်းစာကြလေကွာ၊ ငါလည်း အာညောင်းပြီပေါ့၊ ကဲ ဇေမောင် လာသွားရအောင်"

ဟုဆိုရင်း ထထွက်လာလေသည်။ သူတို့နောက်မှ အသံများက

"ဟယ်. . . ချန်တဟားလေး အချုပ်ကျပြန်ပြီပေါ့၊ ဟိုတစ်ခါကတော့ သူကူညီဖူးတဲ့ သူဌေးကြီးဦးရှန့်တ်ဘိုင်ကပြန်ထုတ်ပေးခဲ့တာ၊ အခုတော့ ဦးရှန့်တ်ဘိုင်က အင်္ဂလန်ကိုခရီးထွက်နေတာ"

"အေးဟယ် ဟိုတစ်ခါတုန်းကတော့ ရိုက်မှုဆိုတော့ပြန်ထွက်လို့ရပေမယ့် အခုဟာက လူသတ်မှုကြီး"

"အို အမှန်တရားကတော့ပေါ်မှာပဲ"





စသည်ဖြင့် ပွက်လောရိုက်၍ကျန်ရစ်ခဲ့လေသည်။

နှစ်ယောက်သား သစ်ရိပ်ဝါးရိပ်များကို အမှီသဟဲပြုရင်း လမ်းလျှောက်လာကြသည်။

"ဘယ့်နှယ်လဲ ဇေမောင်၊ ဘဲပေါက်နဲ့အဆင်ပြေရဲ့လား၊ ငါပေးတဲ့စာနဲ့ရောအဆင်ပြေရဲ့လား"

"ဘယ့်နှယ်ပြေပါ့မလဲ၊ သူပြောတယ်"

"အင်း"

"အဲဒီစာမျိုး တစ်ပုံစံထဲ သူ့ဆီမှာ သုံးဆယ့်နှစ်စောင်တောင်ရှိတယ်တဲ့၊ တချို့ မင်းလက်ရေးတွေတောင်ပါသေးတဲ့၊ ဒါပါနဲ့ဆိုသုံးဆယ့်သုံးစောင်ပေါ့"

လင်းထိုက်ခြေလှမ်းရပ်ပြီး မျက်မှောင်ကျုံ့သွားသည်။ ပြီးနောက်ခြေလှမ်းပြန်စလိုက်ပြီးမှ သူ့ဘာသာသူရေရွတ်ဟန်ဖြင့်

"သုံးဆယ့်လေးစောင်ရှိရမှာ၊ ဒီကောင်မလေး တစ်စောင်ဘယ်ဖျောက်လိုက်ပါလိမ့်"

"ဘာ"

ဇေမောင်အသံကြားတော့ လင်းထိုက် ရယ်ကျဲကျဲပြန်လုပ်ကာ. . .

"အဟဲ ဘာမှမဟုတ်ပါဘူးကွ၊ ငါ့ဘာသာငါ အလီရွတ်နေတာပါ"

ဇေမောင် ဘာမှပြန်မပြောဘဲ သက်ပြင်းသာချလိုက်တော့သည်။

"ဒါနဲ့နေပါဦး မင်းဘာမှဆက်မပြောခဲ့ဘူးလား"

"အဟဲ ဘယ့်နှယ်မပြောရမှာလဲကွာ၊ ငါလည်း ဘယ်ကဘယ်လိုသတ္တိတွေရတယ်မသိပါဘူးကွာ၊ ငါလည်းနင့်ကိုချစ်တယ်ဆိုပြီး ပြောထည့်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက် ခြေလှမ်းတုန့်ခနဲဖြစ်သွားသည်။ နောက်ဟန်မပျက်ပြန်လှမ်းရင်း. . .

"အင်း. . . လုပ်စမ်းပါဦးဟာ"

"ဟား. . . ဟား ဘယ်ကဘယ်လိုဖြစ်တာလဲ မသိပါဘူးကွာ၊ အဲဒီစကားတစ်ခွန်းထဲကို အခါရှစ်ဆယ်လောက်ထိပြောဖြစ်ခဲ့တယ် ထင်တာပဲ၊ ဟား ဟား"

လင်းထိုက် လိုက်ရယ်သည်။ အတန်ကြာမှ. . .

"သူက ဘာပြန်ပြောသေးလဲ"

"သူရယ်နေတယ်ကွ၊ နောက်မှ သူစဉ်းစားပေးမယ်တဲ့"

"ဟင်. . . ဩော်"

စကားများ တိတ်ဆိတ်သွားပြန်သည်။ ဘာမှတပ်ဆင်မထားသောခြေလှမ်းများက အလိုလိုရွေ့လျားဆဲ။

"ဟာ. . . ဟော့ကောင် လက်ဖက်ရည်ဆိုင် ကျော်သွားပြီကွ၊ လင်းထိုက်ရ"

ဇေမောင်၏စကားသံ။ လင်းထိုက် ခြေလှမ်းရပ်ပြီးဝေ့ကြည့်သည်။ နောက်မှ ရယ်လိုက်ကာ. . .

"အေး. . . ဟုတ်သား"

ဟုဆိုကာ လက်ဖက်ရည်ဆိုင်ဖက်ပြန်လှည့်လိုက်သည်။

"သတိလက်လွတ်ကွာ၊ ရန်သူနယ်မြေဆို သေတယ်"

လင်းထိုက်၏စကားကို ဇေမောင် ဟက်ဟက်ပက်ပက်ရယ်မိသည်။ ပြီးမှ. . .

"ဟော့ကောင် မင်းကိုဘဲပေါက်က လာခဲ့ပါဦးတဲ့၊ အရေးကြီးလို့တဲ့"

လင်းထိုက် ဇေမောင်ကိုပြန်ကြည့်သည်။

"ဒီနေ့ဘာနေ့လဲ"





"အဲ"

လင်းထိုက်၏ မဆီမဆိုင်အမေးကြောင့် ဇေမောင်ကြောင်သွား၏။ နောက်မှနာရီကိုပင့်ကြည့်လိုက်ပြီး

"ဗုဒ္ဓဟူးနေ့ကွ . . ဘာဖြစ်လို့လဲ"

ထိုတော့မှ လင်းထိုက်က

"ဩော် . . အဲဒါကြောင့်ဖြစ်မယ်၊မနက်ဖြန်ကြာသာပတေးနေ့က ဘဲပေါက်မွေးနေ့ကွ၊ ကြာသာပတေးမနေ့တိုင်းဘုရား သွားနေကြ၊ အဲဒါ မနက်ဖြန်မင်းသူ့ကိုဘုရားလိုက်ပို့ပေးလိုက်ပါလား"

"ငါက"

လင်းထိုက်စကားကြောင့် ဇေမောင်ကြောင်ပြီး ခြေလှမ်းများရပ်တန့်သွား၏။ နောက်မှကတုန်ကရင်နှင့်

"ငါ . . . ငါလိုက်ပို့လို့ဖြစ်ပါ့မလားကွ . ."

"ဖြစ်ပါတယ်ကွ . . . ဘာဖြစ်လို့လဲ"

"ငါ . . . ငါရင်တွေတုန်နေလို့ . . . ဟီးဟီး"

လင်းထိုက် ဇေမောင်ကို ပြန်ကြည့်သည်။

"ဘာရင်တုန်စရာရှိလဲ၊ ဒီမှာ . . ငါပြောပြမယ်"

လင်းထိုက်က ဇေမောင်ပခုံးကိုဖက်ပြီးပြောသည်။

"မင်း ဘဲပေါက်ကိုချစ်နေတယ်မဟုတ်လား"

"အေး"

"အဲဒါမျိုးက ဘုရားတွေဘာတွေသွားမှ ရင်းနှီးမှာ ပေါ့ကွ ဟုတ်ဖူးလား၊ မင်းသူနဲ့ ဘုရားပေါ်ရောက်ရင် စကားတွေအများကြီးပြောပြီး ရင်းနှီးအောင်လုပ်ခဲ့၊ ဒါမှမင်းရှေ့ဆက်ရမယ့်လမ်းက အဆင်ပြေမှာ"

"ဟင် . . တကယ်လား"

"တကယ်ပေါ့ကွ၊ အဲဒီတော့မှမင်းရဲ့စိတ်သဘောကိုလဲ သူက

www.burmeseclassic.com



ခန့်မှန်းလို့ရမှာ"

"အေး . . . ဒါဆိုမနက်ဖြန် သူ့ကိုငါဘုရားလိုက်ပို့ပေးလိုက်မယ်၊ နို့ မင်းကိုမေးရင်ရော"

"အာ . . . လင်းထိုက်မအားဘူးလို့ပြောလိုက်၊ သူသိတယ်"

ဇေမောင်ခေါင်းကုတ်သွားသည်။ ပြီးမှ

"အေးကွ . . . မင်းကမအားဘူး မအားဘူးနဲ့ ငါ့ကိုထိုးထိုးကြည့်နေတော့ ပြောင်များကျနေမလားလို့ . . . ဟီးဟီး . . ."

"ဟာကွာ . . မင်းကပူတတ်ရန်ကော၊ ဒါမျိုးကလူတိုင်းမှာဖြစ်နေကျပါပဲကွ၊ ဘာမှမပူနဲ့ ဘုရားသွားပြီးရင် သူပြောသမျှနားထောင်ခဲ့ . . . မိန်းကလေးတွေက ဟုတ်သည်ရှိမဟုတ်သည်ရှိ သူတို့ပြောသမျှနားထောင်မှသဘောကျကြတာကွ၊ ကဲ . . . ကြိုးစားစမ်းပါကွာ"

ပြီးနောက် ထုံးစံအတိုင်း တွေ့ကရာလူကို ရှင်လန်းသောအသံဖြင့်

"ယောက်ဖရေ ငါပြန်လာပြီကွ"

"အေး. . . မင်းညီမ ငါ့ကိုဘာမှာလိုက်သေးလဲ"

"လေးနွယ်ရေ ကုက္ကိုလ်ပင်အောက်က ကိုသာမောင်စောင့်နေမတဲ့"

"နင့်ကြီးတော်ကို မျှော်နေတာနေမှာပေါ့ သေနာရဲ့"

"သူဇာရေ ကိုကာကိုလာတစ်ဗူးလောက်"

"သေနာကောင် သေချင်လို့လား"

"ကိုမြမောင်ကြီး အားပြီလား"

"အားပါဘူးဆိုကွာ"

စသည်ဖြင့်။

××××







အမိပွါယ်ဖော်ဆောင်ရန်ခက်ခဲလှသောအပြုံးတို့နှင့် ဝေဆာနေသောလောကကြီးထဲ စိတ်ကူးရွှက်လွှင့်သူများသည် သနား ကြင်နာဖွယ်ကောင်းသော မျက်ရည်လက်နက်နှင့် ဖြတ်သန်းလာကြသည်။

နေဝင်တော့မည်။

ဟောင်းနွမ်းအိုမင်းခဲ့ပြီဖြစ်သော နေ့တစ်နေ့။ နောက်ဆုံးလည်ပတ်ချိန်တွင် မလတ်ဆတ်သည်များကို ထားပစ်ခဲ့ရန်နှင့် အသစ်တို့ကိုအစပျိုးရန် နေမင်းသည်ထွက်ပြူစလမင်းအား မျက်နှာပေါ်တွင် အန္တရာယ်ပေးနိုင်သော ယန္တယားများ တပ်ဆင်ထားသော နှုတ်ခမ်းနီမလေးအကြောင်း သတင်းစကားပါးလေတော့သည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့မနက် ဇေမောင်ရောက်သွားချိန် သူမကိုအဆောင်ရှေ့တွင် အသင့်တွေ့ရ၏။ ဘုရားသွားမည်မို့ထင့်၊ မြန်မာဆန်ဆန်ဝတ်စုံလေးကို ရိုးရိုးလေးဝတ်ထားပုံက တစ်မျိုးလှနေသည်။

"လင်း . . . လင်းထိုက်ကမအားလို့တဲ့၊ အဲဒါ"

မည်သူမှမမေးပါဘဲ အိုးမလုံအုံပွင့်စွာ အန်ကျလာသောစကားများ။ သူမကရယ်ရင်း

"ဘယ်သူကမှရိုက်မစစ်ပါဘူး၊ လင်းထိုက်မလာဘူးဆိုတာသိပါတယ်"

"အဲဒါ . . ကျွန်တော့်ကိုလိုက် . . လိုက်"

"လိုက်ခဲ့လေ"

သူမကမျက်လွှာချ၍လည်းမဟုတ် မျက်လွှာပင့်၍လည်းမဟုတ်ဘဲ ဘာမှမထူးခြားသလိုပင်ပြော၏။





ထိုနေ့ ဇေမောင် ဘုရားပေါ်သို့ မိန်းကလေးတစ်ယောက်နှင့် ပထမဆုံးအကြိမ် ရောက်ဖူးခြင်းပင်။

သူမက ဘုရားကိုသုံးပတ်ပတ်ပြီး ကြာသာပတေးထောင့်တွင် ကြာမြင့်စွာဘုရားရှိခိုး၏။ ပြီးမှ လေများတသုန်သုန် တိုက်နေသော စောင်းတန်းထောင့်စွန်းတွင်ထိုင်မိကြသည်။

သူမကတော့ အပေါ်စီးမှနေ၍ လမ်းမပေါ်ဖြတ်သွားသည်များကိုငေးနေ၏။ သူကတော့ သူမကိုငေးလျက်။

"ဘုရားကို ကြာသာပတေးနေ့တိုင်းရောက်တာပဲလား"

"ဟင် . . ဩော်"

သူမ ယခုမှသတိရဟန်နှင့်ပြန်ကြည့်သည်။

"မမှန်ပါဘူး၊ ကျောင်းမှာပရယ်တီကယ်ရှိတဲ့အခါနဲ့တိုက်နေရင်မရောက်ဖြစ်ဘူး"

ဘုရားနှင့် ပရယ်တီကယ် ဘယ်ဟာအရေးကြီးလည်း သူမသိပါ။

"ဘာတွေဆုတောင်းလည်း"

သူမကရယ်ပါသည်။ နောက်ရယ်ရင်းနှင့်ပင်

"လင်းယိုက်ကိုမေတ္တာပို့တယ်"

"ဘာလို့လဲ၊ ခင်လို့လား"

"မဟုတ်ဘူး၊ မေတ္တာစူးအောင်လို့"

နှစ်ယောက်သား ပြိုင်တူရယ်မိကြသည်။သူ့စကားကအတည်လား နောက်နေတာလားမသိ။ သူလည်းအတတ်နိုင်ဆုံး စကားမရှိစကားရှာရင်း အချိန်ရရန်ကြံစည်နေရသည်။

"ရှာက ဘယ်သူ့ကိုမှ သတိမရဘူးလား"

သူမငေ့ကြည့်သည်။ ပြီးနောက်ခေါင်းညိတ်ပြီး အရှေ့ဘက်ကို ပြန်လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှမောင်ကြီးကိုသတိရတယ်"

သူမစကားကြောင့် ဇေမောင် မျက်မှောင်ကျုတ်သွားရသည်။

"လှမောင်"

သူ၏ရေရွတ်သံကို သူမကခေါင်းညိတ်ရင်း

"ဟုတ်တယ် လှမောင်ကသိပ်ချစ်ဖို့ကောင်းတာ၊ လှမောင်ရေလို့ခေါ်လိုက်ရင် သူကျွန်မကိုနမ်းချင်လို့ပြေးပြေးလာတယ်၊ နောက်သူ့မှာလည်းမိန်းမတွေအများကြီးပဲ"

"အဲ"

သူမ၏စကားကို သူတစ်ခုမှနားမလည်ဖြစ်နေရသည်။ ထို့ကြောင့်

"လှ . . . လှမောင်ဆိုတာ"

"ဩော် . . . ကျွန်မအိမ်မှာမွေးထားတဲ့ကြက်ဖကြီးလေ၊ အမွေးတွေလည်းအများကြီးပဲ လှမှလှ သူကျွန်မကိုတွေ့ရင် ကရော်ကရော်နဲ့အော်တော့တာပဲ၊ အဲဒီအချိန်ကြရင်လည်း သူမိန်းမတွေကိုလည်း သူဆိတ်လွှတ်တယ်"

"ဩော် . . . "

အခုမှ လှမောင်ကိစ္စဇာတ်ရည်လည်တော့တယ်။ ရွာသားကြီးမဟုတ်တဲ့အတွက် ရင်ထဲမှာလည်း အလုံးကြီးကျသွား၏။

"အဲဒီအချိန်မျိုးမှာ ဟဲ့ . . လှမောင်ကြီးရေလာလာ လို့ခေါ်လိုက်ရင် သူပြေးလာတော့တာပဲ"

သူမသက်ပြင်းချပြန်သည်။

"အခုအချိန်ထိတောင် တစ်ခါတလေကြရင် နားထဲမှာလှမောင်ကြီးအသံကြားနေရတုန်းပဲ . . . ဟော . . ဟော . . ခုတောင်ကြားနေရပြီ"



BURMESE CLASSIC .com



သူမက နားသယ်စပ်မှ ဆံပင်များကိုဖယ်ပြီး အသေအချာနားစွင့်သည်။ သူ့ပုံစံက ကြက်အော်သံ ကရော်ကရော်ကြီး တကယ်ကြားနေရပုံ။

"အခု . . အဲဒီလှမောင်ကြီးရောရှိသေးလား"

"လင်းထိုက်ချက်စားလိုက်တယ်လေ၊ ကြည့်လို့ကိုမရဘူး ငိုလိုက်ရတာပြောမနေနဲ့၊ သူ့အိမ်မှာ ဟင်းကောင်းလို့ဆိုပြီး လာပို့တာ ထမင်းစားနေတုန်း လှမောင်ကြီးပေါင်ကိုကိုက်ပြီးငိုတာ"

"အင်"

သူဘာဆက်ပြောရမှန်းမသိ။ မွေးတာကတစ်ယောက်၊ ချက်စားတာကတစ်ယောက်။ သူမကသာဆက်၍

"အဲဒီထဲက မေတ္တာပို့နေတာ . . . မေတ္တာစူးပါစေလို့ . . ကြည့်လို့ကိုမရဘူး"

သူမခံစားချက်နဲ့ပြောနေတာလား။ နောက်နေတာလား မခွဲခြားနိုင်။ ရုပ်ကဘာမှလည်းမပြောင်းလည်း။

"ဇေမောင်သိလား ရွာမှာဆိုရင်လေ ညဘက်ဆိုဒီလိုပဲ ဘုရားပေါ် သူငယ်ချင်းတွေစုထိုင်ပြီး ကောင်းကင်ပေါ်မော့ကြည့်ရင်းနတ်သမီးရှာကြတာ"

"ဟင် . . . နတ်သမီးရှာတာ၊ နတ်သမီးကတကယ်ရှိလို့လား"

"ရှိတယ် တွေ့ရခဲ့တယ်၊ ညဘက်ဆိုနတ်သမီးတွေက လက်ပွဲမီးအိမ်လေးဆွဲပြီး သူတော်ကောင်းတွေကိုလိုက်ရှာတာ"

သူမပြောနေတာ ဟုတ်သည်လား မဟုတ်သည်လားမသိဘဲ ဖဘိုင်း အကြောင်းသားနားထောင်နေရသည်။

"နတ်သမီးတွေက ကောင်းကင်ပေါ်ပျံတာ သိပ်မြန်တာ . . ဟုတ်ို့သွားပြီဆို သူတို့မီးအိမ်အရောင် လင်းခနဲတွေ့ရပြီး ခဏလေးနဲ့ ပျောက်သွားရော၊ အဲဒီအချိန်မှာဆုတောင်းရင် ဆုတောင်းပြည့်တယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့"

"အင်း . . ဩော် . . ကြယ်ကြွေတာကို ပြောတာလား"

"ဟင် . . ဖွဖွ . . အဲလိုမပြောရဘူး"

သူမက သူလက်ကိုရိုက်ရင်းပြောသည်။

"အဲဒါကြယ်ကြွေတာမဟုတ်ဘူး၊ နတ်သမီးကလက်ဆွဲမီးအိမ်ကို မီးမြှင့်ပြီး သူတော်ကောင်းကိုရှာတာ၊ ဟော . . . ဟိုမှာဟိုမှာတွေ့ပြီ ဆုတောင်း . . ဆုတောင်း"

သူမ၏အလောတကြီးစကားကြောင့် ဇေမောင်လည်း ကြောင်ပြီး မျက်လုံးမှိတ်၍ဆုတောင်းနေမိသည်။

"သူနဲ့ငါနဲ့ညားပါစေ သူနဲ့ငါနဲ့ညားပါစေ"

နံဘေးတွင်တခစ်ခစ်ရယ်သံကြားရ၏။ လှည့်ကြည့်လိုက်တော့ သူ့ကိုကြည့်ပြီးရယ်နေသောသူမပင်။ ထိုတော့မှသတိရပြီး

"ဟာ . . ဘဲပေါက်ရာ . . . နေ့ခင်းပိုင်းကြီး ကြယ်က ဘယ်လိုလုပ်ကြွေမှာလည်း"

သူမဘာမှပြန်မပြောဘဲ ရယ်၍သာနေ၏။ ဘာရယ်မဟုတ်ဇေမောင်လည်း ရွှင်မြူးစွာရယ်မိသည်။

"နင်လည်း လင်းထိုက်နဲ့ပေါင်းပြီး ကြပ်တတ်နေပြီ"

သူမရယ်၍သာနေ၏။ ဘာပဲပြောပြော ချစ်သူနှင့် စကားအများကြီးပြောဖြစ်သည်က ပျော်စရာပင်။

+++++







မတွေ့ရမနေနိုင်သောစိတ်၊ ဘယ်ကဘယ်လို အစပျိုးခဲ့သည်တော့မသိ။ အလိုလိုနေရင်း မတွေးဘဲလည်း စိတ်ကူးထဲ စိုးမိုးနေသော သူမ၏ရုပ်ပုံမှာ မခေါ်ဘဲရောက်နေတတ်သည့် ပဋ္ဌလက်လို့ပဲခေါ်မှာလား။

တကယ်ချစ်မိပြီဆိုမှဖြင့် သွားလည်းဒီစိတ်၊ စားလည်းဒီစိတ်နှင့် အရာရာတိုင်း ချစ်သူ၏ပုံရိပ်သာ လွှမ်းမိုးနေတတ်သည်မဟုတ်ပါလား။

ကြိုတင်ကြံစည်ထားခြင်းမဟုတ်ဘဲ ခြေလှမ်းများက ရောက်နေကျနေရာများကျော်သွားပြီး ချစ်သူရှိရာ ရောက်လာသည်က ဘာကြောင့်ရယ်မသိ။ နေ့စဉ်ရက်ဆက်ဆိုသလို ရောက်နေတတ်ပြီ။

ကြာလာသည်နှင့်အမျှ တစ်ယောက်နှင့်တစ်ယောက် ဆက်နွယ်နေသော သံယောဇဉ်ကြိုးများပိုမိုခိုင်မာလာခဲ့ပြီ။

www.burmeseclassic.com



အနစ်နာခံမှု၊ အနွံတာခံမှုနှင့် ရိုးသားခြင်းများက မိန်းမပျို တစ်ယောက်၏အချစ်စိတ်ကို နိုးကြွစေရန် အခြေခံလက်နက်ကောင်း များပင်မဟုတ်ပါလား။

"နင်စဉ်းစားဦးနော် လင်းထိုက်"

တွေ့နေကျနေရာ၌ မထင်မှတ်သောအသံကြား၍ဇေမောင့် ခြေလှမ်းများရပ်တန့်သွား၏။ လင်းထိုက် သူဘယ်လိုကြောင့် ဒီနေရာ ရောက်နေပါလိမ့်။

ဇဝေဇဝါစိတ်နှင့် ဇေမောင် သစ်ပင်နောက် ဒ:သာအယာ ချဉ်းကပ်လိုက်၏။

"အာ. . . ဘာစဉ်းစားစရာလိုလို့လဲဘဲပေါက်ရဲ့၊ ဒါဖြစ်ရိုး ဖြစ်စဉ်ပါ၊ ကောင်လေးနဲ့ကောင်မလေးတွေ့ကြတယ်၊ ကြာတော့သံ ယောဇဉ်ဖြစ်ကြတယ်၊ ဒါပဲဟာ"

"ဟဲ့ အခုဟာက ငါလေ"

လင်းထိုက်ထံမှ ရယ်သံကြားရသည်။ ဇေမောင် သူတို့ထံ မသွားသေးဘဲ သစ်ပင်အကွယ်မှနေ၍ တိတ်ဆိတ်စွာ နားဆင်နေ လိုက်သည်။

"ဘဲပေါက်ရယ် ဘာမှတွေးမနေပါနဲ့၊ ဒါတွေကအပေါ်ယံ တွေပါ၊ ကြာရင် သူဟာသူစိတ်ပျက်သွားပါလိမ့်မယ်"

"သူစိတ်ပျက်မပျက်တော့မသိဘူး၊ ငါတော့ နင့်ကိုစိတ်ပျက် နေပြီလင်းထိုက်"

လင်းထိုက် အားရပါးရထပ်ရယ်သည်။

"ဟား ဟား ဟား ဒါကလည်း အခုမှမဟုတ်တာ၊ ဟိုးငယ် ငယ်လေးထဲက နင်ငါ့ကိုစိတ်ပျက်နေကျပဲ၊ မထူးဆန်းတော့ပါဘူး၊ ဟဲ ဟဲ ကဲ ငါသွားလိုက်ဦးမယ်၊ နင်လည်း စိတ်ပျက်လက်စနဲ့ဆက် ပျက်လိုက်တော့"





"နေဦး လင်းထိုက်၊ ငါမေးစရာရှိသေးတယ်"

"နောက်မှမေးတော့ ဘဲပေါက်ရာ၊ ငါ ကိုမြမောင်နဲ့ အရေး ကြီးကိစ္စချိန်းထားလို့၊ ကဲ သွားလိုက်ဦးမယ် See you"

ဟုဆိုကာ ဘဲပေါက်မတားမြစ်နိုင်မီ ခပ်သုတ်သုတ်လှမ်း ထွက်သွားတော့၏။ ဇေမောင်ကသာ လင်းထိုက်မမြင်အောင် သစ်ပင် အကွယ်မှနေ၍ငြိမ်သက်နေလိုက်သည်။ သိပ်မကြာခင်အချိန်အတွင်း ရှိုက်သံသဲ့သဲ့ကြားရ၏။ တိုးလျသောရှိုက်သံ။ အသံမထွက်သော် လည်း ရင်ထဲကလာသောရှိုက်သံမို့ကောင်းစွာကြားနေရသည်။

ဇေမောင် ဆက်လက်ပုန်းကွယ်နေ၍မဖြစ်တော့။ ချစ်သူ ငိုသံ မည်သူကအရသာခံနားဆင်နိုင်အံ့နည်း။ ထို့ကြောင့်

"ဘဲပေါက်"

"ဟင်. . . ဇေမောင်"

မျက်ရည်များဝေ့ဝဲစွာဖြင့် အံ့အားသင့်ကာ မော့ကြည့် သည်။

"နင်ငိုနေတာလားဟင်"

ငိုနေတာတွေ့လျက်နှင့် မလိုအပ်ဘဲ မေးမိသောမေးခွန်း။ ဘဲပေါက် ရှက်ပြုံးပြုံးရင်း မျက်ရည်သုတ်ကာ. . .

"အဲလိုလည်းမဟုတ်ပါဘူး"

"လင်းထိုက်နဲ့"

ဘဲပေါက် မျက်ရည်ကြားက ပြုံးလိုက်ရင်း. . .

"ဩော်. . . တွေ့လိုက်တယ်လား၊ ဟင်း ဟင်း"

ဇေမောင် တိတ်ဆိတ်စွာငေးကြည့်နေမိသည်။ သူမကသာ ဆက်၍

"ရန်ဖြစ်နေတာလေ၊ ထုံးစံအတိုင်းပေါ့၊ ဟင်း ဟင်း ဒါပေမဲ့ အခုတော့ ပြီးသွားပါပြီ၊ ဟင်း ဟင်း"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမှမျက်ရည်စများနှင့်ဆိုသော်ငြား အသံကို အတတ်နိုင်ဆုံးပျော်ရွှင်ဟန်ပြုနေပုံရ၏။

"တစ်ယောက်တည်းလား"

"အင်း"

ဇေမောင် ခပ်မြန်မြန်ပင်ခေါင်းညိတ်လိုက်သည်။

"ဘယ်ထဲက ရောက်နေတာလဲဟင်"

သူမနဂိုဟန်နှင့်ပင် ရယ်ရယ်ပြုံးပြုံးမေးသည်။ ဇေမောင်က သက်ပြင်းချရင်း. . .

"ခုနကပါပဲ၊ မကြာသေးဘူး၊ လင်းထိုက်ပြန်ထွက်သွားမှ"

"ဪ"

သူမ ရှက်ကိုးရှက်ကန်း အမူအရာဖြင့် မျက်လွှာပင့်ကြည့်သည်။ မလိုအပ်ပါဘဲ လက်ထဲက လက်ကိုင်ပဝါလေးကို လုံးချေနေသည်။

"လက်ဖက်ရည်ဆိုင်သွားထိုင်ရအောင်လေ"

ဇေမောင်၏စကား။ သူမ နာရီကိုကြည့်၍

"အင်း အတန်းချိန်နီးနေပြီ"

"ဟုတ်လား"

ဇေမောင်ကပါနာရီကြည့်ရင်းရေရွတ်သည်။

"ဒါဖြင့် သွားကြရအောင်လေ၊ အတန်းရှေ့ထိလိုက်ပို့မယ်"

နှစ်ယောက်သား ဘေးချင်းယှဉ်လျက်ပင် ပြန်ထွက်လာခဲ့ကြသည်။

ညိုညာသောမြက်ခင်းစိမ်းလေးများက သူတို့ခြေရင်းဝပ်ဆင်းနေကြသည်။

"ခစ် ခစ် ခစ်"

သူမထံမှ ရယ်သံကြားရသည်။ ဇေမောင်က မျက်မှောင်ကျုံ့



BURMESE CLASSIC .com



၍

"ဘာရယ်တာလဲ"

သူမ ဆက်ရယ်လိုက်သေး၏။ အတန်ကြာမှ အပြုံးမျက်နှာနှင့်

"ရှက်လို့ရယ်တာ"

"ဘာကိုရှက်တာလဲ"

"ငိုနေတာသူမြင်သွားလို့၊ ခစ် ခစ်"

ဇေမောင် ဘာပြန်ပြောရမှန်းမသိ။ စိတ်ထဲတွင်တော့

"ဪ. . . မိန်းကလေးများက ရှက်ရင်လည်းရယ်တတ်ကြတာပဲ"ဟုသာ။

ကလေးငယ်တစ်ယောက်လိုပင် ရှိရှိသမျှသစ်ပင်များကို လက်နှင့်လိုက်ထိရင်း ကွေ့ကွေ့ကောက်ကောက်သွားနေသည်။ တစ်ခါတစ်ရံ၌ဇေမောင်ဘက် ပြန်လှည့်ကြည့် အကြောင်းမဲ့ တခစ်ခစ်နှင့် ရယ်သေး၏။

ကျောင်းနားပြန်ရောက်တော့မှ လွယ်အိတ်ကို ကျောပေါ်သို့ ဆွဲတင်ကာ မြောက်ကြွ မြောက်ကြွနှင့် လျှောက်သွားသည်။ ဇေမောင်ကတော့ ခပ်ဖြည်းဖြည်းခပ်လေးလေးဖြင့်သာ သူမနောက်ကလိုက်နေရသည်။

သူမ ခြေလှမ်းရပ်တန့်သွားသည်။

ဪ. . . အတန်းရှေ့တောင်ရောက်နေပြီကိုး။

ဇေမောင်ခြေလှမ်းလည်း ရပ်တန့်လိုက်သည်။

"တာ့တာ"

တိုတောင်းလှသော နှုတ်ဆက်စကားဖြင့်သာ နှုတ်ဆက်ရင်း သူမရွှင်လန်းစွာ အတန်းထဲပြေးဝင်သွားသည်။

ဇေမောင်ကသာ တွေဝေနေသောစိတ်အစဉ်ဖြင့်ရပ်တန့်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်း။ နောက်တော့ ထုံးစံအတိုင်း မထူးခြားသောခရီးစဉ်တစ်ခု အတွက် အပြန်လမ်းသာခြေဦးပြန်လှည့်လိုက်ရသည်။

××××







BURMESE CLASSIC .com

"ဟော့ကောင် ဇေမောင်၊ ငါက မင်းကိုလိုက်ရှာနေတာကွ"

မိမိတို့အတန်းနားရောက်သည်နှင့် လင်းထိုက်၏အော်သံကြား၍ ဇေမောင်ပျော်သွားသည်။ လင်းထိုက် သူနှင့်အတူထိုင်နေသော သူငယ်ချင်းများကြားမှ ခပ်သွက်သွက်ထလာ၏။

"ဘာကိစ္စလဲကွ"

လင်းထိုက်က ဇေမောင်၏ပခုံးကို လှမ်းဖက်ရင်း. . .

"သာသနာပြုကိစ္စပေါ့ကွာ၊ လာ သွားမယ်"

ဟုဆိုရင်း ဆွဲခေါ်သွားသည်။ ဇေမောင်ကသာ ဘုမသိဘမသိနှင့် လင်းထိုက်ဆွဲခေါ်ရာ လိုက်သွားရသည်။

"နွယ်နီရေ၊ ကိုကာကိုလာတစ်ဗူးလောက်"

"နင့်ကြီးတော် အအေးဆိုင်ဖွင့်ထားတယ်၊ သွားတောင်း"

"ညီညီနိုင်. . . တွဲတေးသိန်းတန်အေ့. . . မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါလူလိမ်ရာ"

"ဇော်ကြီး ဒီနေ့ဘာလျှိုဦးမှာလဲ"

"ဝေဿန္တရာလို ကလေးလျှို့ဖို့ပဲရှိတော့တယ်ဟေ့"

လင်းထိုက်လာရာလမ်း ဤနှယ်စည်ကားနေပြန်သည်။ ဇေမောင်ကသာ ပခုံးဖက်ထားသော လင်းထိုက်လက်ကိုဖယ်ရင်း

"မင်း အဲသည်လိုအော်သွားတာ အားလုံးအဓိပ္ပါယ်ရှိတာပဲလား"

လင်းထိုက်ကရယ်ရင်း. . .

"အေးပေါ့ကွ၊ အဓိပ္ပါယ်မရှိရင် သူတို့ဘယ်သိမှာလဲ"

"အခုက"

"ကိုမြမောင်ကြီးကိစ္စကို ကုသိုလ်ပြုဖို့"

"ဘယ်လို"

"ဒီလိုလေကွာ ကိုမြမောင်ကြီးက မင်းသူငယ်ချင်းဘယ်သူ"

"သင်းပျံ့အေး"

"အေး. . . အဲဒီဇီးကွက်မကို သူမရမနေနိုင်လောက်အောင်ဖြစ်နေတာကွ"

"အဲဒီတော့"

"အဲဒီတော့ ငါကကြားထဲကအောင်သွယ်ပေးမလို့၊ ဟောဟိုမှာတွေ့လား လုပ်ငန်းတောင်စနေပြီ၊ ဟိ ဟိ"

လင်းထိုက်ညွှန်ပြရာ ကြည့်လိုက်တော့ ကိုမြမောင်တို့အဖွဲ့က သင်းပျံ့အေးတို့အဖွဲ့ကိုရှေ့မှပိတ်ပြီးအပီပြောနေပုံရ၏။ သင်းပျံ့အေးတို့က ဟိုဘက်က လှည့်ထွက်မလိုလုပ်လိုက် ကိုမြမောင်တို့က ဆီးပိတ်လိုက်နှင့် ကိုးယိုးကားယားတွေဖြစ်နေသည်။

"ဇေမောင်. . . ဇေမောင် လာပါဦး"

သင်းပျံ့အေးက ဇေမောင်ကိုမြင်သည်နှင့် ဝမ်းသာအားရ





ခေါ်သည်။ ဒါကို လင်းထိုက်က. . .

"တွေ့လား. . . ဒါကြောင့် ငါကမင်းကိုရှာနေတာ၊ လာသွားရအောင်"

ဟုဆိုကာ ဇေမောင်၏ပခုံးကို ဖက်ကာ အတင်းဆွဲခေါ်သွားတော့၏။

"အိုင်ဆေး. . . ကိုမြမောင် အားပြီလားဗျ"

လင်းထိုက်အသံကြားရ၍ ကိုမြမောင် မျက်နှာပျက်သွားရသည်။

ပြီးနောက် ဒေါသထွက်သွားဟန်နှင့် အကျႌလက်ကို ခေါက်၍

"ဟေ့ကောင်. . . ငါမအားသေးဘူးလို့ မင်းကိုဘယ်နှစ်ခါပြောရမှာလဲ၊ ငါ့ကိစ္စထဲဝင်မရှုပ်ပါနဲ့၊ ငါ အမှုမဖြစ်ချင်ဘူး"

ကိုမြမောင်စကားကို လင်းထိုက်ပြုံးလိုက်သည်။ ဇေမောင်ကတော့ စိုးရိမ်စိတ်နှင့် တုန်တုန်ယင်ယင်။

လင်းထိုက်က ကိုမြမောင်နားတိုးကပ်ကာ. . .

"အခုကိစ္စက ခင်ဗျားကိုကျွန်တော်က ကူညီမှာပါဗျ၊ ဒေါသမကြီးပါနဲ့"ဆိုကာ သင်းပျံ့အေးတို့ဘက်သို့ ခပ်တည်တည်နှင့် ပြန်လှည့်၍

"ဒီမယ်ဇီးကွက်၊ သူ့နာမည်က ဘယ်. . ."

"သင်းပျံ့အေးပါ"

ဇေမောင်က ဝင်ထောက်သည်။

"အေး. . . ဒီမှာသင်းပျံ့အေး၊ ယောကျာ်းတစ်ယောက်က မိန်းကလေးတစ်ယောက်ကိုချစ်တာ အပြစ်မဟုတ်ပါဘူး၊ အခုတို့အစ်ကိုကြီးကရိုးသားတယ်၊ ကြိုးစားတယ်၊ သစ္စာရှိတယ်၊ နင့်ဘက်ကဘာမှငြင်းစရာမရှိပါဘူး"

လင်းထိုက် တကယ်ပဲ သူ့အတွက်ဝင်ပြောပေးနေ၍ကိုမြ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်ကော့သွားသည်။

"ဒီလို ရိုးသားကြိုးစားတဲ့လူတစ်ယောက်ကို ငါ့မှာသာ ညီမရှိရင် နင်ရလိမ့်တော့မှာမဟုတ်ဘူး၊ ငါ့ကြီးတော်ကလည်း သေွးဆုံးနေပြီမို့ သွေးဆုံးနေသူချင်းကလည်း ပေါင်းလို့မသင့်တော်ဘူး၊ အဲဒါကြောင့် နင့်ကိုလက်ခံပါလို့ပြောနေတာပါ"

လင်းထိုက်၏စကားကြောင့် ဘေးလူများ ပြုံးစေ့စေ့ဖြစ်သွားသည်။ သင်းပျံ့အေးကသာ ခါးထောက်၍

"နေပါဦး နင်ကအခုဘယ်သူ့အတွက်ပြောနေတာလဲ"

လင်းထိုက်က ခပ်တည်တည်နှင့် သူ့နောက်မှာရပ်နေသော ကိုမြမောင်အားလှည့်မကြည့်ဘဲ လက်မနှင့်ညွှန်ပြရင်း. . .

"သူ့အတွက်ပဲ"

သူ့စကားလည်းကြားရော သင်းပျံ့အေးက ဒေါသထွက်ဟန်နှင့်. . .

"ဪ. . . နင်က ကြားကပွဲစားလုပ်နေတာပေါ့"

"ဟုတ်ပ့ါ၊ အချစ်ပွဲစားလေ၊ ဟဲ ဟဲ"

"အချစ်ပွဲစားဟုတ်လား၊ အေး ဒါဆိုငါကသူ့ကိုပါးရိုက် ချင်တယ်ဆို ကြားက သူ့ကိုယ်စားနင့်ကိုရိုက်ရမှာလား"

သင်းပျံ့အေး၏ ချက်ကျလက်ကျစကားကြောင့် ကြားကဇေမောင်ပင်ပြာတော့က်သွား၏။ သို့သော်လည်း လင်းထိုက်က ခပ်တည်တည်ပင်။ ခေါင်းကိုပါ တဆတ်ဆတ်ညိတ်ရင်း

"ရပါတယ်၊ သူ့ကိုယ်စား ကြားဝင်ပြောပေးတဲ့အတွက် သူ့ကိုယ်စား ငါ့ကိုပါ ပါးရိုက်ချင်တယ်ဆိုရပါတယ်"

"အေး ဒါဆိုလည်း"

သင်းပျံ့အေးကတကယ်လုပ်ရန်ပြင်သည်။ ဒါကို လင်းထိုက်က





"နေဦး. . . ခဏနေဦး"

လက်မြှောက်ထားသော သင်းပျံ့အေးလက် လေထဲတန့်သွားသည်။

"နင်အခု မကျေနပ်လို့ သူ့ကိုယ်စားငါ့ကိုပါးရိုက်ချင်ရင်ရပါတယ်၊ ငါမငြင်းပါဘူး၊ ဒါပေမဲ့ နင်သိထားရမှာကငါကြားဝင်ပြောပေးလို့ နင်တို့အဆင်ပြေသွားတဲ့အခါ မင်္ဂလာဆောင်တဲ့အခါ သူ့ကိုယ်စား ငါက ပါးအရိုက်ခံထားပေးတဲ့အတွက် မင်္ဂလာဦးမှာ. . ."

သူ့စကားပင် မဆုံးလိုက်။ သင်းပျံ့အေးက

"ဟင် သေချင်းဆိုး၊ နင်က အဲလိုအကြံကြီးနဲ့ပေါ့ ဟုတ်လား"

"ဟ. . . ငါက အနစ်နာခံထားဖူးတယ်လေ"

"တော်ပြီ. . . တော်ပြီ နင်တို့ကိုဘာမှမပြောတော့ဘူး"

ဟုဆိုကာ လာရာလမ်းအတိုင်း ပြန်လှည့်သွားကြလေသည်။ ဒါကိုပင် လင်းထိုက်ကအသံကျယ်ကျယ်နှင့်. . .

"ဟဲ့. . . ဇီးကွက်၊ နင်မင်္ဂလာဆောင်ရင် ငါ့ကိုမမေ့နဲ့နော ဟား ဟား"

ဟိုက လှည့်ပင်မကြည့်တော့။ အုပ်စုလိုက်ကြီး သုတ်ခြေတင်သွားတော့၏။ လင်းထိုက်ကတော့ ထုံးစံအတိုင်း တဟားဟားရယ်မောရင်းကျန်ခဲ့သည်။ နောက်မှ ကိုမြမောင်ဘက်လှည့်၍

"တက္ကနစ်မှားနေတာဗျ"

"ဟင်. . . ဘယ်လို"

ကိုမြမောင်က အူကြောင်ကြောင်ပြန်မေးသည်။ ဒါကို လင်းထိုက်က ကိုမြမောင်ပခုံးလှမ်းဖက်ရင်း ခြေလှမ်းကိုစကာ. . .

"ဒီလိုဗျ. . . မိန်းကလေးတွေက သူတို့မှာ အဖော်အပေါင်းရှိနေရင် သိပ်ကိုသတ္တိကောင်းကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အဲလိုလား"

ကိုမြမောင်က စကားကိုထောက်သည်။

"ဆိုရိုးစကားကိုက မိန်းမသုံးယောက် စုမိသွားရင်ကျားဖြစ်သွားသတဲ့၊ တွေ့ကရာလူကို လှည့်စားလို့ရတယ်ထင်နေတာ၊ နောက်ပြီး သူငယ်ချင်းတွေရှေ့ဆိုတော့ ပိုဆိုးတယ်ဗျာ၊ တကယ်ကြိုက်နေရင်တောင်အဖြေမပေးဘူး၊ မိန်းမတွေကအဖြေပေးချိန်မှာ တိတ်ဆိတ်နေတာပိုကြိုက်တယ်ဗျ"

"အဲဒီတော့"

"အဲဒီတော့ ရှင်းရှင်းလေးပါ၊ သူတစ်ယောက်တည်း ရှိချိန်ကိုချောင်း၊ တစ်ယောက်တည်းရှိချိန်ဆိုအတင်းလက်ဆွဲပြီး အဖြေတောင်း၊ ရကိုရရစေ့မယ်၊ အာမခံတယ်"

လင်းထိုက်က သူ့ရင်ဘတ်သူ တဖုန်းဖုန်းထုရင်းပြောသည်။ ကိုမြမောင်က

"မင်းဟာ သေချာလို့လား"

"ဩော်. . . ကဲ"

လင်းထိုက်က စကားမဆက်သေးဘဲ ရေရွတ်သည်။ သဘောကတော့ တယ်လည်းနပါသေးလားဆိုသည့်သဘော။ ပြီးမှ

"ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်ပါ၊ မအောင်မြင်ရင် သဘောရှိပြော၊ ဩော် နောက်ပြီး သင်းပုံ့အေးပြောတာကျွန်တော်ကြားဖူးတယ်"

"ဟင်. . . ဘာ ဘာပြောလဲ၊ ဘာပြောလဲ၊ ငါ့အကြောင်းလား"

"အင်းပေါ့"

"ဘာတဲ့လဲ"

"အဲဒီလူကြီးကို ကြည့်လို့ကိုမရဘူးတဲ့"





ခုန အားတက်နေသော ကိုမြမောင်ကြီး ပြန်ပျော့ကျသွား၏။ ဒါကို လင်းထိုက်က. . .

"ဟ. . . အဲဒီလိုပြောတယ်ဆိုတာ သူ့စိတ်ထဲမှာ ကိုမြမောင်ဆိုတဲ့လူကြီးစိုးမိုးနေလို့ပေါ့ဗျ"

ကိုမြမောင်ကြီးအားတက်သွားပြန်ကာ လင်းထိုက်၏ပခုံးကို ကလေးတစ်ယောက်လို လှုပ်ရမ်းရင်း. . .

"မင်းဟာ သေချာလို့လားကွာ"

"ဟ. . . သေချာတာပေါ့၊ သူ့စိတ်ထဲမှာ ဒီလူကြီးစိုးမိုးနေတာကို မခံမရပ်နိုင်လို့ဖွင့်အန်လာတာ၊ သူ့စိတ်ထဲမှာမရှိရင် ဘယ်ပြောပါ့မလဲ ဟုတ်ဘူးလား၊ ဟင် ဟုတ်တယ်မဟုတ်လားဇေမောင်"

လင်းထိုက်က သူ့ဘာသာသူပြောနေရင်း ဇေမောင်ကိုစပ်ကူလှမ်းတောင်း၏။ ဇေမောင်က အလိုက်သင့်ပင်. . .

"ဟုတ်ပါ့. . . ဟုတ်ပါ့"

ဟုဆို၍ ဖြေပေးလိုက်သည်။ ဒါကို ကိုမြမောင်က

"ဒါ. . . ဒါဆို ငါဘယ်လိုလုပ်ရမလဲ"

"ဩော်. . . ကဲ ပြောပြီးပြီလေ"

"ဘာလဲ"

"တစ်ယောက်တည်းရှိနေချိန်မှာ လက်ဆွဲပြီးအဖြေတောင်းပါလို့"

ကိုမြမောင် အားတက်သွားပြန်ကာ. . .

"အေး. . မင်းပြောတာမဆိုးဘူး၊သင်းပုံ့လေးတစ်ယောက်တည်းရှိနေချိန် အတင်းလက်ဆွဲပြီးအဖြေတောင်းမယ်၊ ဟား ဟား မြမောင် ဒီတစ်ခါသေချာပေါက်စွံပြီကွ၊ ဟား ဟား"

ကိုမြမောင်က လင်းထိုက်အကြံကို သဘောကျရင်း သဘောကျစွာရယ်သည်။ ဒါကိုလင်းထိုက်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး"

"အေး. . . အေး ကျေးဇူးပါပဲကွာ"

"ရပါတယ်၊ ဒါမျိုးကအေးဆေးပါ၊ ဒါနဲ့ ဘယ်နေ့အားလဲ"

"ဘာလုပ်ဖို့လဲ၊ သင်းပျံ့အေးကို ဝိုင်းပြောပေးဖို့လား"

"မဟုတ်ဘူး၊ တွဲကမလို့"

"ငါ"

ကိုမြမောင်၏ ကျိန်ဆိုသံများ ညံစည်သွား၏။ လင်းထိုက်ကတော့ တဟားဟားရယ်ရင်း ဇေမောင်ကိုလှမ်းခေါ်ကာ လှမ်းထွက်လာတော့သည်။

ကောင်းကင်တွင် မိုးရိပ်မိုးငွေ့များညို့နေပေပြီ။ မကြာမီ မိုးရာသီကို ရောက်တော့မည့်နိမိတ်ပုံများ။

"နေပါဦး၊ မင်းက ဒါလည်းတတ်တာပဲလား"

ဇေမောင်၏အမေး။ ဒါကို လင်းထိုက်က

"ဘာကိုလဲ"

"အဲသည်လို သမီးရည်းစားစပ်ပေးတာလေ"

"ဟဲ ဟဲ ဟဲ"

လင်းထိုက်ရယ်နေလိုက်သည်။ အတန်ကြာမှ

"မယုံရင်ကြည့်နေ ကိုမြမောင်ကြီးမကြာခင်ရည်းစားရ လိမ့်မယ်၊ အဲ သိပ်မကြာခင်မှာပဲ သူအသည်းပြန်ကွဲလိမ့်မယ်"

ဇေမောင် မျက်မှောင်ကျုံ့သွား၏။

"မင်းဟာ သေချာလှချည်လား"

"ဟား ဟား သိပ်သေချာတာပါပေါ့ကွာ၊ ငါတွေးရင် လွဲကို မလွဲဘူး၊ ဩော် ဒါနဲ့ မင်း ဒီမနက် ဘဲပေါက်ငိုနေတာတွေ့လိုက်တယ် မဟုတ်လား"

"ဟင်. . . ဟို"





လင်းထိုက်၏စကားကြောင့် ဇေမောင်ဘာပြန်ပြောရမှန်း မသိဖြစ်သွားရ၏။ ပြီးမှ ဇဝေဇဝါဖြင့်

"မင်း. . . မင်း ဘယ်လိုသိတာလဲ"

"ဟဲ ဟဲ မထူးဆန်းပါဘူးကွာ၊ ငါက မင်းတို့ကို ပြန်ချောင်းခဲ့တာပေါ့၊ မင်းလုပ်သလိုပေါ့ကွာ၊ ဟဲ ဟဲ"

"ဩော်"

ဇေမောင် သူလုပ်ခဲ့သမျှ လင်းထိုက်သိနေ၍ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ အတန်ကြာမှ သက်ပြင်းချရင်း

"ဟင်း. . . မင်းဟာ အရာရာကိုသိနေသလိုပဲ"

လင်းထိုက်ကဘာမှပြန်မပြောဘဲ ရယ်၍သာနေသည်။ ဇေမောင်ကသာဆက်၍

"ငါလည်း မင်းလိုဖြစ်ချင်တယ်"

လင်းထိုက် ဘာမှပြန်မပြော။ ရယ်၍သာ။

"မင်းဟာ ငါ့ရဲ့သူရဲကောင်းပါပဲ"

လင်းထိုက် ဇေမောင်ကိုရယ်ရင်း ပြန်ငေ့ကြည့်သည်။ ပြီးမှ

"ငါက မင်းရဲ့သူရဲကောင်းတော့ မဖြစ်နိုင်ဘူး၊ သရဲခေါင်းပဲဖြစ်မယ်"

"ဘယ်လို"

"သရဲခေါင်းလေ"

လင်းထိုက်က မျက်စေ့ကြီးပြူး၊ လျှာကြီးထုတ်ကာ သရဲပုံလုပ်ပြသည်။ ဇေမောင်က လင်းထိုက်လုပ်ပြပုံကို သဘောကျစွာရယ်သည်။ လင်းထိုက်က ဆက်၍

"အဲဒီလို သရဲခေါင်းလေ၊ ကိုင်ထားရမှာလည်းကြောက်၊ လွှတ်ချလိုက်ရမှာလည်း ဝန်လေးနဲ့ ဘာလုပ်ရမှန်းမသိတဲ့ သရဲခေါင်း၊ ဝရား ဝရား ဝရား"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်က ဇေမောင်ကို ခြောက်သည်။ ဇေမောင်ကတော့ လင်းထိုက်လုပ်ပြသမျှ အူတက်မတတ်ရယ်ရင်းသာ။ လင်းထိုက်က နှာခေါင်းကိုလှန်၊ မျက်လုံးကိုဆွဲ၍

"ဘဲပေါက်က ပညာနဲ့ကြိုးစားပြီး ဖြစ်လာတဲ့သရဲခေါင်းကြီး၊ ဝါး ဟား ဟား မင်းဘဝကိုပြုတ်စားဖို့လာပြီ၊ ဝရား ဟား ဟား ဟား မင်းမကြောက်ဘူးလား၊ ဟား ဟား"

"ဟား ဟား ဟား"

ဇေမောင်လင်းထိုက်၏အပြုအမူကို ဗိုက်ပင်နှိပ်၍ရယ်သည်။ ဩော် . . . အခုတော့လည်းရာသီဥတုက မိုးရိပ်များဖြင့် သာသာယာယာ။

××××







ပြုစားတယ်ဆိုတဲ့စကား မသုံးစမ်းပါနဲ့လား။

ကိုယ်တိုင် အပြုစားခံချင်လို့ သူမရှေ့ဒူးထောက်ခဲ့တာပါ။

ဘဝကြီးတစ်ခုလုံးပျက်စီးသွားရင်တောင် နှလုံးသားကပြုံးနေမှာပါ။

လူအမျိုးမျိုး စိတ်အထွေထွေ။

ငါရဲ့စိတ်ကမင်းအတွက် အချစ်တွေ တစ်အိတ်စာရှိတယ်။

မမြဲခြင်းတွေနဲ့ မြဲနေရတဲ့ဘဝမှာ ခဏတာလေးပဲဖြစ်ဖြစ် သမိုင်းဝင်ချင်သူချည်းပါပဲ။

မျက်ရည်ကျပြီးမှ သင်ခန်းစာရသူ ဘယ်သူဖြစ်ချင်မှာလဲ။

ဘယ်သူမဆို ချစ်သူအတွက်ကတော့ စရွေးကိုက်ထားတဲ့ စိတ်ကူးလတ်လတ်ဆတ်ဆတ်တွေ ရှိနေမှာပါပဲ။

ဒါကို စိတ်ကြီးဝင်နေတယ်လို့ဘယ်သူကပြောလဲ။

××××



www.burmeseclassic.com

www.burmeseclassic.com





တဖွဲဖွဲမိုးရေစက်များ နေရာအနှံ့အပြားပြေးလွှားနေပေပြီ။ မုတ်သုန်ဦးကာလမို့ လေပြင်းများတိုက်ခတ်နေပြီဖြစ်သော်ငြား မိုးကား ကောင်းစွာမရွာသေး။ သို့သော် ထီးမဆောင်သူများအတွက် တော့စိုတယ်ဆိုရုံမက ရွှဲစိုနိုင်သောအရည်အချင်းများကို ပိုင်ဆိုင်လေသည်။

"တောက်. . . ဒီမိုးနဲ့ကတော့ကွာ"

ဇေမောင် သစ်ပင်အောက်မိုးခိုနေရင်းက မဆီမဆိုင် သဘာဝကို ပြစ်တင်ကြိမ်းမောင်းလိုက်သည်။

သွားရမည့်နေရာက နီးလျှင် သိပ်တော့ကိစ္စမရှိ။ သူတို့အဆောင်လောက်ဆိုလျှင် သည်မိုးလောက်ကို ဂရုမစိုက်ဘဲပြေးသွား၍ရသည်။ ယခုကသူ့စိတ်များက ဘဲပေါက်ဆီသို့ဦးတည်နေ၍ သွားသင့်မသွားသင့် ချီတုံချတုံဖြစ်နေခြင်းပင်။ နောက်တော့လည်း ချစ်





သူမျက်နှာ မမြင်ရမနေနိုင်တတ်သော လူသတ္တဝါငယ်မှာ ဤမျှလောက် မိုးရေစက်ကိုမဆိုထားနှင့် ပင်လယ်ကြီးကာဆီးထားမည်ဆိုပါက မရောက်ရောက်အောင်တွန်းအားပေးနိုင်သော နှလုံးသား၏အလိုကျ ရောက်အောင်သွားမိမှာပင်။

ထို့ကြောင့်ပင်. . .

"ဟော. . . ငါမပြောလား၊ အချိန်မှန်ရထားကြီး မိုးထဲရေထဲ လမ်းမချော်ဘဲ ဆိုက်လာပြီ"

ဘဲပေါက်၏သူငယ်ချင်း တစ်ယောက်ဖြစ်သော နွယ်လှိုင်၏ စကားကြောင့် ဘဲပေါက်ကရှက်ရယ်ရယ်ရင်း ပေါင်ကိုလှမ်းရိုက်သည်။

"ခုမှရှက်မနေပါနဲ့၊ ခုနကနင်ပဲမိုးရွာလို့ သူမလာတော့ဘူးလားမသိဆိုပြီး မေးနေပြီးတော့"

နွယ်လှိုင်ပြီးသည်နှင့် မီးပြောင်းကပါထောက်ခံသည်။ ဒါကို ဘဲပေါက်က ရယ်ရင်း. . .

"ကောင်မတွေ မဟုတ်ကဟုတ်ကဆို ညီတယ်"

"မဟုတ်ကဟုတ်က ဟုတ်ပေါင်"

"အောင်မယ်. . . ခုနသူပြောတော့ ချိုချိုဝင်းတောင် ကြားလိုက်သေး၊ ဟုတ်တယ်မဟုတ်လား"

နွယ်လှိုင်က စစ်ကူတောင်းသည့်အနေနှင့် နံဘေးနားတွင် MP 3 နားကြပ်ကလေးနှင့် ငြိမ့်နေသော ချိုချိုဝင်းကို တံတောင်နှင့်တွတ်ပြီး စစ်ကူတောင်းသည်။ ဒါကို ချိုချိုဝင်းက ဘာကြားသည်မသိ

"ဟုတ်ပ၊ လွန်ကိုလွန်တယ်"

"ဘယ်သူလဲ"

ဘဲပေါက်က ထောက်သည်။

"မက်ဒေါနားလေ"



www.burmeseclassic.com

www.burmeseclassic.com



ချိုချိုဝင်းစကားလည်းကြားရော အားလုံးဝါးခနဲဝိုင်းရယ်ကြသည်။ ဒါကိုချိုချိုဝင်းက အူကြောင်ကြောင်နှင့်

"ဘာဖြစ်လို့ရယ်တာလဲ"

သူ့အမေးကို နံဘေးနားဝင်ထိုင်သောဇေမောင်က

"မက်ဒေါနားက ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တလောက ဘရစ်တနီစပီးယားနဲ့တွဲဆိုပြီး အခုတင်းဘားလန့်တို့၊ ဂျက်စတင်းဘားလိစ်(ခ်)တို့နဲ့ တွဲဆိုပြန်ပြီ၊ ဒါအမှန်ဆိုလုပ်စားတာဗျ၊ သူတစ်ယောက်တည်းမဖြစ်တော့လို့ လူလည်ကျတာ မဟုတ်ဘူးလား"

ချိုချိုဝင်းစကားကို အားလုံးဝါးခနဲဝိုင်းရယ်ကြသည်။ နောက်မှမီးပြောင်းက

"ကဲ နင့်မက်ဒေါနားလွန်ရင်လည်း နောက်မှလွန်တော့၊ အခုတော့ ငါတို့ရှောင်ပေးရမယ့်အချိန်ရောက်ပြီ၊ ကဲ သွားကြစို့သူငယ်ချင်းတို့"

ပြောင်ပဲ တိုက်တွန်းသူရှိသလို သူ့သူငယ်ချင်းများက ပြောင်ပင်ထောက်ခံကာ

"ဟုတ်တယ်ဟေ့၊ ဒါမျိုးကရှုပ်လို့မကောင်းဘူး၊ သွားကြစို့၊ ကိုယ့်အလှည့်ကျ ဝင့်လည်နေဦးမယ်"

"ဟုတ်ပါ့၊ ဒီမက်ဒေါနားတော့ ဝင့်ကိုလည်ဦးမယ်"

ဟုဆိုကာ ထထွက်ကုန်ကြ၏။ ဇေမောင်နှင့် ဘဲပေါက်တို့ တားချိန်ပင်မရလိုက်တော့ဘဲ ခပ်ဝေးဝေးရောက်မှ နွယ်လှိုင်က သူတို့ဖက်ပြန်လှည့်၍

"ဘဲပေါက်"

"ဟေ"

"အပြန်ကျရင် ဇေမောင်ကို ထီးပေးလိုက်ဖို့မမေ့နဲ့ဦး"





ဘဲပေါက်ကရယ်ရင်း

"သေဦးမယ်"

ဟုဆိုကာ ခေါင်းငုံ့၍ရယ်နေသည်။ အတန်ကြာမှ ဘဲပေါက်က လွယ်အိတ်ထဲမှလက်ကိုင်ပဝါထုတ်ပေးသည်။

"မိုးရွာတော့မလာတော့ဘူးတောင်ထင်နေတာ"

"ဟုတ်ချီး"

ဇေမောင်စကားပင်ပြန်မပြောနိုင်ဘဲ ဘဲပေါက်ကမ်းပေးသောလက်ကိုင်ပဝါကိုယူကာ ခေါင်းကိုမြန်မြန်သုတ်လိုက်သည်။

"ဟယ်. . . နှာချေနေပြီ၊ နေမကောင်းဖြစ်နေဦးမယ်၊ ဆေးသောက်ထားမလား"

ဇေမောင်က လက်ကာပြပြီး. . .

"ရတယ်. . . ရတယ်၊ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

နှစ်ယောက်သား ခေတ္တတိတ်ဆိတ်သွား၏။ နောက်မှ ဘဲပေါက်က သူ့ထံမှလက်ကိုင်ပဝါကိုပြန်ယူလိုက်ပြီး စိုနေသောနေရာများကို တယုတယသုတ်ပေးနေ၏။

"ထီးမရှိလို့လား"

ဇေမောင် ဘဲပေါက်ဆီက လက်ကိုင်ပဝါ ပြန်ယူလိုက်ကာ

"ထွက်လာစက ဒီလောက်မိုးမရွာဘူးထင်လို့"

"အပြန်ကျရင်ထီးယူသွားလေ"

"ရပါတယ်"

ဇေမောင်က အရှေ့မှ ရေနွေးပူပူတစ်ခွက်ကိုငှဲ့သောက်လိုက်လေသည်။

ခန္ဓာကိုယ်က နွေးခနဲ။ ရေနွေးကြောင့်လား၊ ချစ်သူ၏ ယုယ



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့်လားတော့မသိ။

"ဘဲပေါက်"

သူမ မော့ကြည့်သည်။

"သူများတွေပြောကုန်ကြပြီ"

"ဘာကိုလဲ"

ဇေမောင်ဘာမှပြန်မပြောဘဲ စကားစဖြတ်လိုက်သေး၏။ အတန်ကြာမှ. . .

"ကျွန်တော်တို့နှစ်ယောက် ချစ်သူဖြစ်နေကြပြီလားဆိုတာကိုလေ"

သူမပြုံးရင်း ခေါင်းငုံ့သွား၏။ ဒါကလည်း ပြုံးစားခြင်းတစ်မျိုးသာဖြစ်ပေလိမ့်မည်။ ဇေမောင်ကသာ အားမလိုအားမရဖြစ်ပြီး

"ပြောလေ"

"ဘာကိုလဲ"

သူမက မော့ကြည့်ပြီးပြန်မေးသည်။ မျက်နှာကပြုံးလျက်

"ချစ်သူဖြစ်နေကြပြီလား ဆိုတာကိုလေ"

"ဩော်"

သူမပခုံးတွန့်ရင်းပြုံးနေပြန်သည်။ ရံဖန်ရံခါ၌ နှုတ်ခမ်းလေးပွင့်အောင် ရယ်သေးသည်။

"ပြောလေ"

သူမရယ်ပါသည်။ အတန်ကြာမှ. . .

"ဘာပြောရမလဲ စဉ်းစားနေတာ"

"ဟာ"

ဇေမောင်ခန္ဓာကိုယ်တစ်ခုလုံး ပျော့ကျသွား၏။ ပြီးမှ. . .

"ကျွန်တော့်မှာ ငြင်းစရာအချက်များရှိလား"

သူမမျက်လုံးလေး ထောင့်ကပ်ကာ. . .





"အင်း. . . ငြင်းစရာတော့ မရှိပါဘူး"

သက်ပြင်းချသံကြားရ၏။ ပြီးမှ ခေါင်းငုံ့ကာ. . .

"စဉ်းစားစရာတော့ရှိတယ်"

"ဘာကိုလဲ"

"တစ်ခုခုကိုပေါ့"

မရေရာခြင်းများဖြင့် စကားသံများပြန်လည်တိတ်ဆိတ်သွားပြန်၏။ အပြင်မှာ မိုးရေစက်များ မစဲသေး။ ရှေ့မှာချထားသော ရေနွေးခွက်က အေးနေပြီ။ သူမလက်ကလေးတစ်ဘက်ထုတ်၍ မိုးရေစက်များခံလိုက်သည်။ ပြီးမှ နာရီကြည့်ကာ. . .

"သွားကြစို့"

သူမှာ ဘာမှပြောစရာမရှိတော့။ လွယ်အိတ်ကိုပြင်ရင်းထရပ်လိုက်သည်။

နောက် သေးငယ်လှသော မိန်းမဆောင်း ထီးတစ်ချောင်းထဲနဲ့ နှစ်ယောက်သားပြန်လျှောက်လာကြသည်။

ပခုံးချင်းထိလိုက်၊ လက်ဖျားချင်းထိလိုက်နှင့် ကသုတ်ကရက်ပြေးနေသော မိုးရေစက်များကြား လမ်းလျှောက်ရတာ ရင်ခုန်စရာ။

မိုးရေစက်များက နှစ်ကိုယ်စာလုံခြုံမှုမပေးသော ထီးကလေးကို ဖြတ်သန်း၍ ပက်ဖြန်းနေသည်။

"လုံချည်တွေ စိုကုန်ပြီ"

သူမပြန်ငုံ့ကြည့်ကာ. . .

"ရပါတယ်"

လက်ချင်းထိသည့်ခဏ တဒိတ်ဒိတ်ရင်ခုန်သံကိုပင် အတိုင်းသားကြားနေရ၏။ မိုးရေပက်ဖြန်းမှုကြောင့် အေးစက်နေသော်လည်း သူမ၏မျက်နှာမှာ ပန်းရောင်သန်းနေ၏။

"ဘဲပေါက်"



www.burmeseclassic.com

"ဟင်"

"ဘယ်တော့လောက်အထိ စဉ်းစားနေဦးမှာလဲ"

ထုံးစံအတိုင်း သူမ ခပ်ဖွဖွရယ်ပါသည်။ အတန်ကြာမှ

"သိပ်မကြာတော့ပါဘူး၊ အစကနဲ့စာရင်နီးလာပါပြီ"

ဘာပဲပြောပြော ထိုအဖြေကပင်သူ့အတွက် ဝမ်းသာရမလို ပင်။

"ရော့"

အမှတ်မထင် သူမက ထီးထိုးထည့်ပေး၍ သူယောင်ဖြီးလှမ်း [illegible]ဒိက်မိသည်။

"ယူသွားတော့နော်၊ နောက်နေ့မှပြန်ပေး"

ဟုဆိုကာ သူဘာမှပြန်မပြောနိုင်ခင် သူမကျောင်းဆောင်ထဲ ပြေးဝင်သွားလေတော့၏။ မိုးလွတ်ရာရောက်မှ ရှက်ပြုံးလေးနှင့် သူ့ဖက်ပြန်လှည့်ကြည့်ရင်း

"ထီးမှာရေးထားတယ်"

"ဘာကိုလဲ"

"မသိဘူး၊ ကိုယ့်ဘာသာကိုယ်ရှာကြည့်"

သူမက နှုတ်ဆက်ရင်း လှည့်ပင်မကြည့်တော့ဘဲ အခန်းထဲ ပြေးဝင်သွားတော့၏။

အခုတော့ ထီးတစ်လက်နှင့် သူတစ်ယောက်တည်း။

ချစ်သူရဲ့ထီးမို့လားမသိ အနွေးသား။

နောက်မှသတိရပြီး ထီးကိုသူမော့ကြည့်လိုက်သည်။

ဘာမှမတွေ့။ နောက် သူထီးတစ်ခုလုံးကို စေ့စေ့စပ်စပ် လိုက်မော့ကြည့်သည်။ ဘာမှမထူးခြား။ မိုးရေစိုလျှင်စိုပါစေတော့ဟု သဘောထား၍ ထီးကိုအသေအချာလှည့်ပတ်ကြည့်သည်။ ဘာမှ မတွေ့။ ထီးရွက်အပေါ်ကိုပါ စေ့စပ်အောင်လိုက်ကြည့်သည်။





မထူးခြား။

မိုးရေထဲ ထီးကိုမဆောင်းဘဲ ရေအစိုခံ၍ ထီးကိုသာ သည်းသည်းမဲမဲလှည့်ပတ်ကြည့်နေသောသူ့ကို လူအများက တအံ့တသြကြည့်ကြသည်။ သူလည်း သူ့ဇောနှင့်သူမို့ သတိမထားမိသေး။ နောက်မှ ဘေးဘီဝေ့ကြည့်ရင်း သူ့ကိုဝိုင်းကြည့်နေမှန်းသိကာ ယောင်ရမ်းပြီး ထီးကို ကမန်းကတမ်းပိတ်မိသည်။

မိုးရေကြားဆောင်းထားသည့် ထီးကြီးပိတ်လိုက်၍ လူအများ သူ့ကိုကြည့်၍ ဝိုင်းရယ်ကြသည်။ သူလည်းပိတ်လက်စ မထူးပြီမို့ အားလုံးကိုရှက်ရွံ့စွာရယ်ပြရင်း. . .

"အဟဲ. . . မိုးရေချိုးချင်လို့"

အဓိပ္ပာယ်မရှိသော စကားကိုဆိုရင်း ပိတ်ထားသောထီးကို စနစ်တကျလိပ်ရင်း နှိပ်သီးကိုနှိပ်လိုက်သည်။ ထိုတော့မှ

"ဟာ"

ထီးအလိပ်ကလေးအတိုင်း တညီတညာတည်း ရေးထား သော လက်ရေးကိုမြင်၍ အံ့အားသင့်သွားသည်။ စာလုံးပိုမိုပီပြင်စေ ရန် တွန့်လိပ်နေသည်များကို ဆွဲဆန့်လိုက်သည်။ ဟုတ်ပါသည်။ သူ့အမြင်မမှား။ မျက်လုံးကိုပွတ်ပြီး အသေအချာ ပြန်ဖြဲကြည့်သည်။ မြင်နေရသောစာတန်းက

"ချစ်ပါတယ်"

"အောင်ပြီကွ. . . အောင်ပြီ၊ ဟား ဟား ရည်းစားရပြီကွ၊ လင်းထိုက်ရေ. . . ဟား ဟား"

အော်ဟစ်ရယ်မောရင်း မိုးရေကြား ဒရောသောပါးပြေး သွားသောသူ့ကို လူအများက အထူးအဆန်းသဖွယ်ကြည့်ရင်းကျန်ခဲ့ လေသည်။

××××

www.burmeseclassic.com



ရည်းစားရပြီ၊ ကျောင်းသားတွေကြား ရင်ကော့လို့ရပြီ၊ ဟီး ဟီး ဟီး"

ရယ်သံက မြင်းဟီသံနှင့်ပင်တူနေသေးတော့၏။ ဒါကို လင်းထိုက်က မြှောက်ထိုးပင့်ကော်နှင့်. . .

"အဲဒါကြောင့်ကျွန်မတော်ပြောတာပေါ့ဗျ၊ သူတစ်ယောက် တည်းရှိချိန်မှာ လက်ဆွဲပြီးတော့သာပြောလို့၊ ကျွန်တော် အရင်က တည်းက သူ ကိုမြမောင်ကိုကြည့်တဲ့ အကြင်နာမျက်ဝန်းတွေ တွေ့ ထားပြီးသား"

"ဟင်. . . မင်းတွေ့ထားပြီးသား၊ ဒါဆိုငါ့ရဲ့ဟောဒီလို ရီဝေ ဝေမျက်ဝန်းကြီးကိုလည်း မင်းတွေ့ခဲ့မိမှာပေါ့"

ပြောရင်းဆိုရင်း ကိုမြမောင်က သူ့မျက်လုံးဖောင်းဖောင်း ကြီးကို ရီဝေဝေလုပ်ပြသည်။ မိုးဦးကျကိုမျှော်နေသော ဖားပေါင်စင်း နှင့်ပင်တူသေး၏။ ပြီးနောက် သူ့လက်နှစ်ဘက် ပေါင်ကြားဝှက် ဂုတ် ကိုတို့ကာ. . .

"ဟီ. . . ဟီ ဒါဆို ငါ သူနဲ့တွေ့တိုင်း အရှက်သည်းနေတာ မင်း အသေအချာတွေ့ခဲ့မှာပေါ့နော်၊ ရှက်လိုက်တာ၊ ဟီဟိ"

ဆိုပြီး တစ်ယောက်တည်းလာရှက်ပြနေသေး၏။ သူ့ပုံမှာ နှစ်ချို့ဖားကြီးအော်နေတုန်း လူမိသွားသည့်ပုံ။ လင်းထိုက်ကတော့ စားပွဲထိုးလေးကိုခေါ်ကာ ရှိသမျှမုန့်အစုံချခိုင်း၍ ကျန်သူများကို လည်း အကုန်စားရန်မျက်ရိပ်ပြသည်။ ကိုမြမောင်ကတော့ ဒါကိုမသိ သေး။ သူ့ဘာသာသူ အရှက်သည်းကောင်းတုန်း။ လင်းထိုက်လက် ကိုပင် ကလေးတစ်ယောက်လိုလှမ်းဆွဲပြီး. . .

"ဟင်. . . ဟင် ဒါ ဒါဆို ဟိုတစ်နေ့က သူနဲ့တွေ့တုန်း ငါ့မျ ည်ို့မျက်ဝန်းညိုညိုကြီးကိုလည်း မြင်လိုက်သေးတာပေါ့၊ ဟောဒီလို လေ"

သူ့မျက်ဝန်းကြီးကို ညိုပြသည်။ မျက်ဝန်းညို့နေပုံနှင့်မတူ





မိုးအရွာနည်းလွန်း၍ ဖားခံတွင်းချဉ်နေပုံနှင့်သာ တူသေး၏။

"ဒါ. . . ဒါဖြင့်ရင် ငါ့ရဲ့ ဟောဒီလိုအပြုံးနုနုနဲ့ သူ့ကိုဖမ်းစား ခဲ့တာလည်း မင်းမြင်လိုက်မှာပေါ့၊ ဟောဒီလိုလေ"

မိုးဦးကျ စားဖားကြီး သွားကြားညှပ်နေသလို ပါးစပ်ဖြဲပြ၏။

"ဟင်. . . ဒါဒါနဲ့"

ကိုမြမောင်စကားစရန် ကြံစဉ်မှာပင် လင်းထိုက်ကလက် ကာပြသည်။

"ကိုမြမောင် ဒီကိစ္စအတွက် အောင်ပွဲရောမခံချင်ဘူးလား"

"အောင်ပွဲခံရမယ်"

ကိုမြမောင်က ဘုမသိဘမသိနှင့် လိုက်လံရေရွတ်သည်။ ဒါကိုလင်းထိုက်က

"ဒါပေါ့ဗျ၊ ချစ်သူရတဲ့အထိမ်းအမှတ်နဲ့ ဂုဏ်ပြုရာလည်း ရောက်တာပေါ့"

"ဒီလိုလား"

ကိုမြမောင်က ဝင်းလက်သော မျက်နှာနှင့် ခေါင်းညိတ်ကာ

"ကောင်းပြီလေ၊ ဒါတွေအားလုံး ငါရှင်းပေးပြီးတဲ့အပြင် နောက်ထပ် တစ်နေရာမှာလည်း ချစ်သူရခြင်းအခမ်းအနားကျင်းပ ကြတာပေါ့"

"ဟေး"

အားလုံး ဝမ်းသာအားရ ထအော်သည်။

ဩော်. . . အချစ်သည် ရံဖန်ရံခါ၌ ငွေကုန်ပေါက်တစ်ခု ပင်။

×××××



www.burmeseclassic.com

www.burmeseclassic.com





တိကျသော မိုးရာသီက အေးချမ်းမှုကို ဆောင်နှင်းပေးနေပါပြီ။ အေးချမ်းမှုနှင့်အတူ လိုက်ပါလာသော စိုစွတ်မှုက လူအများကို ဟန့်တားမှုတော့ဖြစ်စေသည်။ အကယ်၍များ သင်၏ချစ်သူသာ အဝေးမှာရှိနေလျှင် မိုးရေစက်များကို သင်ကျေနပ်နိုင်ပါ့မည်လား။

သို့သော် ချစ်သူအကြောင်းစားမြုံ့ပြန်သူများကတော့ အေးချမ်းမှုကို ခါးသက်သောအရာများနှင့်တားဆီးရင်း ပျော်ရွှင်နေကြလေသည်။

“ဟား. . . ဟား. . . ဟား ဘယ်ရမှာလဲကွ၊ ငါလည်း လင်းထိုက်ပြောတဲ့အတိုင်း သူ့ကိုတစ်ယောက်တည်းဖြစ်တဲ့အချိန်ကို ချောင်းနေတာ၊ သူ့သူငယ်ချင်းတွေကလည်းကွာ တစ်ခါမှ လက်တွဲဖြုတ်တယ်ရယ်ကိုမရှိဘူး၊ ဒီလိုနဲ့ စောင့်နေရင်းကမှ ရှစ်ရက်မြောက်တဲ့နေ့ကြမှ နေ့ခင်းနှစ်နာရီလောက်မှာ အခန်းထဲ စာသင်နေရင်း





ဆရာကို လက်ညှိုးတစ်ချောင်းထောင် ခွင့်တောင်းပြီးအထွက် ငါလည်းအနောက်ကခိုးလိုက်ပြီး Toilet ရှေ့အရောက် သူကလည်း Toilet ထဲ ခြေတစ်ဘက်ဝင်နေပြီ၊ အဲဒီမှာ ငါက အနောက်ကလက်ဆွဲပြီး”

“နင် ငါ့ကိုချစ်လား၊ မချစ်ဘူးလားပြော ဆိုတော့ ပထမတော့မပြောဘူးကွ၊ ခြေတစ်ဖက် Toilet တံခါးကိုယက်ရင်း ရုန်းတယ်၊ ငါကလည်းမလွှတ်ဘဲ အဖြေမပေးရင်မလွှတ်ဘူးဆိုမှ သူက ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်ဆိုပြီး Toilet ထဲ ဒရောသောပါးပြေးဝင်သွားတာ။ နောက် ရှက်လို့ထင်ပါ့ကွာ တော်ရုံပြန်မထွက်လာတော့ဘူး၊ ငါလည်း အတော်ကြာတဲ့အထိ စောင့်တာပါပဲကွာ၊ ဒါပေမဲ့ ကောင်မလေးတွေက ရောက်လာပြီး ငါ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်တာကတစ်ကြောင်း၊ ငါကလည်း သူလွှတ်လွှတ်လပ်လပ်ရှက်ပါစေဆိုပြီး မစောင့်ဘဲပြန်လာခဲ့တာ၊ ဟား ဟား သောက်ကြကွာ၊ ငါ့ရဲ့ ပထမအဆင့်အောင်ပွဲလေး၊ ချီးယား(စ်)”

ဒုတိယအောင်ပွဲက ဘာမှန်းမသိ။ ရှည်လျားသော စကားသံနှင့်အတူ ရီဝေဝေအရည်များကို ခွက်မြှောက်၍ ချွင်ခနဲ တိုက်လိုက်ကြသည်။

“ဒါ လင်းထိုက်ရဲ့အကြံကောင်းလို့ကွ၊ မင်းတို့လည်းဘာကိစ္စနဲ့ဖြစ်ဖြစ် အကြံဉာဏ်လိုချင်ရင် လင်းထိုက်ဆီအကြံတောင်းကြ၊ သူ့ရဲ့အကြံဉာဏ်အတွက် အောင်မြင်ရမယ်လို့ ငါအာမခံတယ်”

ကိုမြမောင် သူ့ရင်ဘတ်ကို တဗုန်းဗုန်းထုရင်း မတ်မတ်ကြီးအာမခံသည်။ ပြီးနောက်ဝမ်းသာအားရနှင့် လင်းထိုက်၏ပခုံးကို ဝမ်းသာအားရ လှမ်းဖက်လိုက်သေး၏။ နောက် သူမှပင်ဆက်၍ ဇေမောင်ဘက်လှည့်ကာ. . .

“ဒီမှာဇေမောင်. . . မင်းလည်း ရည်းစားမရသေးဘူးမဟုတ်လား



www.burmeseclassic.com

လား၊ မင်းကွာ လင်းထိုက်နဲ့ဒီလောက်တောင်ခင်နေလျက်နဲ့ ဒီလိုဖြစ်နေတာတော့ ဘယ်ကောင်းပါ့မလဲ၊ ငါ့လိုမျိုး လင်းထိုက်ပြောတာကို ယုံယုံကြည်ကြည်နဲ့လုပ်စမ်းပါ၊ ရက်ပိုင်းအတွင်း အောင်မြင်စေရမယ်၊ ဟား ဟား"

ကိုမြမောင် သူ့စကားနှင့်သူ အရယ်လွန်နေသည်။ လင်းထိုက်က ကိုင်ထားသောဖန်ခွက်ကိုမသောက်သေးဘဲ အထဲကရေခဲများကို ခလောက်ရင်းအရသာခံနေသည်။ ဇေမောင်က ပြုံးရင်း လင်းထိုက်ပခုံးကိုဖက်၍ အသံတိုးတိုးဖြင့်

"လင်းထိုက်"

"ဟေ"

ဇေမောင် လင်းထိုက်နားနား ပိုတိုးကပ်လိုက်ပြီး. . .

"ငါလည်းရည်းစားရပြီကွ၊ ဟဲ ဟဲ"

လင်းထိုက် မျက်မှောင်ကျုံ့သွား၏။ နောက်တော့ ဇေမောင်ကို အသေအချာပြန်ကြည့်သည်။ ပြီးမှ

"ဘယ်သူနဲ့လဲ"

"ဘဲပေါက်နဲ့လေ"

"ဟင်. . . ဩော်"

လင်းထိုက် ခေါင်းတညိတ်ညိတ်နှင့် ငြိမ်နေသည်။ ပြီးနောက် ကိုင်ထားသောဖန်ခွက်ကို နှုတ်ခမ်းနားတေ့လိုက်သည်။ သောက်တော့မသောက်သေး။ သောက်မလို့လုပ်လိုက်၊ ခွက်ကို အသာအယာလှုပ်လိုက် လုပ်နေသည်။ ရုတ်တရက်ကြည့်လျှင် လက်တုန်နေသလိုကြီး။ အတန်ကြာမှ အသက်ကိုခပ်ပြင်းပြင်းရှူသွင်းရင်း. . .

"မင်းကို ထီးမှာရေးပေးလိုက်တာမဟုတ်လား"

"ဟင်. . . မင်း မင်း ဘယ်လိုသိလဲ"

ဇေမောင်အမေးကို လင်းထိုက် မရယ်ချင်ရယ်ချင် ပုံစံမျိုး





နှင့် ရယ်လိုက်သည်။ ပြီးမှ. . .

"သိပ်မထူးဆန်းပါဘူးကွ၊ ဒီနေ့ မင်း ဘဲပေါက်ထီးကိုဆောင်းလာတယ်လေ"

"ဩော်. . . ဟင်း ဟင်း"

ဇေမောင် လင်းထိုက်စကားကို လိုက်ရယ်သည်။

"ဟင်း. . . အတော်အကင်းပါးတဲ့သူပဲ၊ ဟင်း ဟင်း"

လင်းထိုက်မျက်မှောင်ကျုံ့လိုက်သည်။ ပြီးမှ ဟက်ခနဲတစ်ချက်ရယ်ပြီး. . .

"အစကတော့ ဟုတ်ချင်ဟုတ်မယ်ကွ"

"အခုတော့"

ဇေမောင်က ဖြတ်မေးသည်။ လင်းထိုက်က ဇေမောင်မျက်နှာကို စေ့စေ့စပ်စပ်ပြန်ကြည့်ရင်း. . .

"ငါမသိသေးတာ အများကြီးပဲ"

ဘာရယ်မဟုတ် ဇေမောင် တိုးတိုးဖွဖွ လိုက်ရယ်လိုက်သည်။ ပြီးနောက် လင်းထိုက်ဖန်ခွက်ကို သူ့ဖန်ခွက်နှင့်တိုက်ရင်း. . .

"ကဲ သူငယ်ချင်း၊ ဒါက ငါ့အောင်မြင်မှုအတွက်ပေါ့ကွာ"

လင်းထိုက်က သူ့ဖန်ခွက်ကိုပြန်ကြည့်ရင်း. . .

"မင်းအတွက်အောင်မြင်မှုဆိုတော့ ငါ့အတွက်က"

"ဟား ဟား မင်းကအောင်မြင်ပြီးသားလူပါကွာ၊ ဟား ဟား"

ဇေမောင်စကားကိုလင်းထိုက်ကဘာမှပြန်မပြောဘဲ အရက်ဤက်ကို တရှိန်ထိုးမော့ချလိုက်သည်။ ဒါကိုမြင်တော့ ဇေမောင် က

"ဟကောင်ရ. . . ဖြည်းဖြည်းလုပ်ပါဟ"

လင်းထိုက်က မျက်နှာကိုရှုံ့မဲ့ရင်း. . .

"ဒီညငါမူးမှ ဖြစ်မယ်ကွ"

"ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထိုက်က အရှေ့က အမြည်းပန်းကန်ထဲက တစ်ခုကို ကောက်ဝါးလိုက်ပြီးမှ. . .

"ငါ အိပ်မပျော်တာကြာပြီကွ၊ ဒီည အိပ်ပျော်မှဖြစ်မယ်"

"ဒါဆိုလည်းချကွာ၊ အိပ်မပျော်ဘူးဆိုတာ အိပ်မက်ဆိုးတွေနဲ့လည်းဆိုင်တယ်၊ တစ်ခါတလေ အိပ်မက်ဆိုးတွေကို မောင်းထုတ်နိုင်ဖို့ ဒီနည်းကိုအသုံးပြုရတယ်"

ဖန်ခွက်ချင်းထိခတ်သံများ ကျယ်လောင်စွာကြားနေရသည်။ အချစ်ရေးကိစ္စနှင့်ဆုံတွေ့ရခြင်းဖြစ်သည့်အတွက် နှလုံးသားချင်း ထိခတ်ပွတ်တိုက်သံများသဖွယ် တုန်ယင်မြည်ဟီးနေလေတော့သည်။

ညကား နက်နေပေပြီ။

ပျော်ရွှင်သံများ၊ ခံစားမှုများ၊ ပင့်သက်ရှိုက်သံများ၊ မီးခိုးငွေ့များ၊ ထုံရီမှုများဖြင့်လွှမ်းခြုံနေသော သူတို့၏ခြေလှမ်းများက လမ်းလုံးပြည့်မျှ. . .

"လင်းထိုက် မင်းလမ်းလျှောက်နိုင်သေးရဲ့လား"

"ရပါတယ်ကွာ၊ အေး ဒါပေမဲ့ ဖြစ်နိုင်ရင် ဒီညအဖို့ ငါလမ်းဘေးမှာတင် လွတ်လွတ်လပ်လပ် လှဲအိပ်လိုက်ချင်တယ်ကွာ"

"ဘယ်ဖြစ်မှာလဲကွ၊ အေး. . . မနက် ဖြတ်သွားဖြတ်လာကလူတွေ တွေ့သွားရင်ဘယ်ကောင်းပါ့မလဲ၊ ဟုတ်ဘူးလား၊ တော်ကြာငါတို့ကို အသည်းကွဲလို့ လမ်းဘေးလှဲအိပ်နေတယ်ထင်ပြီး အထင်လွဲကုန်မှာပေါ့၊ ဟုတ်ဘူးလား ဟား ဟား"

"မင်းမအိပ်ချင်နေကွာ၊ ငါကတော့ လမ်းဘေးမှာပဲ လှဲအိပ်ကျန်ခဲ့တော့မယ်"

"အဲ. . . အဲလိုတော့မလုပ်နဲ့လေကွာ၊ မင်းအိပ်ရင် ငါလည်းအိပ်မှာပေါ့၊ မင်းနဲ့ငါက အချစ်ဆုံးသူငယ်ချင်းတွေပဲ၊ လာပါကွာ ငါ့ကိုချစ်ရင် အဆောင်မှာပဲပြန်အိပ်ပါ၊ ငါမင်းကိုတွဲနိုင်ပါတယ်၊ လာ သူငယ်ချင်း"





မည်သို့ပင်ဖြစ်စေ ချစ်ခင်သောသူငယ်ချင်းများ၏ ဖေးမမှုသည် နာမကျန်းဖြစ်နေသောသူ့အတွက်ပင် အင်အားဖြစ်စေသည်မဟုတ်ပါလား။

"လာ. . . သူငယ်ချင်း၊ မင်း ငါ့အိပ်ရာမှာအိပ်"

"ဟင်. . . မင်း မင်းကရော"

"ငါက မင်းနားမှာအိပ်မှာပေါ့ လင်းထိုက်ရ"

ဇေမောင်က လင်းထိုက်ကို တယုတယ စောင်များဆွဲခြုံပေးပြီး လင်းထိုက်ဘေးနားဝင်အိပ်လိုက်သည်။

"မင်းဟာ ငါ့ဘဝအတွက် မှတ်တမ်းတစ်ခုပါကွာ၊ မင်းဟာ ငါ့ကို မမေ့စေနိုင်စရာတွေအများကြီးသယ်လာပေးတဲ့သူပါပဲ"

ညက မှုန်ရီနေသလို စကားသံများကလည်း ပွံဝါးနေသည်။ နောက် မူးယစ်ရီဝေနေသူတို့၏ ထုံးစံအတိုင်း မေ့ခန်း။

××××



www.burmeseclassic.com

www.burmeseclassic.com





မျက်နှာပေါ် နေခြည်ဖြန်းမှ လန့်ခနဲနိုးလာရသည်။ အိပ်ရာက နိုးနိုးချင်း သတိရမိသည်က. . .

"လင်းထိုက် လင်းထိုက်ရော"

ညက အတူတူအိပ်ခဲ့သော လင်းထိုက်ကိုဝေ့ကြည့်မိသည်။ မရှိ။ ဘယ်အချိန်က ထထွက်သွားသည်မသိ။

အိပ်ရာမှ ကမန်းကတမ်းထပြီး အပြင်ဖက်ထွက်ရှာကြည့်သည်။ မတွေ့။ အထဲပြန်ဝင်လာပြီး နံဘေးခုတင်မှ မင်းသန့်ကိုမေးကြည့်သည်။ သူ့အဖြေက

"အေး. . . ညကတည်းက ပြန်ထွက်သွားတာပဲ၊ ညဆယ့်နှစ်နာရီလောက်ကြီး ဒယီးဒယိုင်နဲ့ ပြန်ထွက်သွားတာတော့တွေ့တယ်၊ ဘယ်သွားတယ်တော့မသိဘူး"

မင်းသန့်စကားကို အပြင်မှပြန်ဝင်လာသော အောင်ကျော်မှ





"လင်းထိုက်ကို ပြောနေတာလား"

"အေး. . . ဘယ်မှာတွေ့မိလဲလို့"

ဇေမောင်အမေးကိုအောင်ကျော်က လွယ်ထားသော လွယ်အိတ်ကိုချွတ်ပြီး. . .

"အေး. . . ညက ဆယ့်နှစ်နာရီကျော်ကြီး မိန်းကလေးအဆောင်ရှေ့က ငါတို့ဂစ်တာတီးပြီးပြန်လာတော့ လမ်းပေါ်မှာဒီကောင်လှဲအိပ်နေတာတွေ့တယ်၊ ပါးစပ်ကလည်းဘာတွေအော်နေမှန်းမသိပါဘူးကွာ၊ ဆူညံနေတာပဲ"

"ဘာတွေအော်နေတာလဲ"

"မသိပါဘူးကွာ၊ အိုးတွေရော အိုးတွေရောစုံနေတာပဲ၊ ကြည့်ရတာ ဒီကောင်ရှူးချင်ယောင်ဆောင်ရင်း ဆောင်ရင်းနဲ့ တကယ်ရူးသွားပြီလားမသိဘူး"

"မဟုတ်တာကွာ၊ မင်း မင်းတို့ ပြန်မခေါ်ခဲ့ကြဘူးလား"

ဇေမောင်အမေးကို အောင်ကျော် မျက်နှာကိုရှုံ့မဲ့ပြီး. . .

"ခေါ်ပါကွာ၊ ဒါပေမဲ့ သူက ငါတို့ကိုပါ ရန်လုပ်ရှာလို့ ထားခဲ့ရတယ်၊ ဒီကောင် ဘယ်လိုကောင်လဲမသိဘူး၊ ဟာသပဲလုပ်နေတာလား၊ အတည်လားဆိုတာ ခွဲလို့ကိုမရဘူး၊ မိုးကလည်း တစိမ့်စိမ့်နဲ့ဆိုတော့ မစောင့်နိုင်တော့ဘူး၊ မိုးရေထဲပဲအိပ်လား၊ အဆောင်ပြန်လားတော့မသိဘူး"

ဇေမောင် သက်ပြင်းချလိုက်သည်။ မနေ့ညကတည်းက လင်းထိုက်ကို ဂရုတစိုက်စောင့်ကြည့်ခဲ့လျှင် အကောင်းသားဟုပင် စဉ်းစားမိလိုက်သေး၏။ နောက် လင်းထိုက်ကိုပဲလိုက်ရှာရမလား၊ ပုပ္ပနွေးနွေးချစ်သူထံပဲ သွားရမလား ခွဲခြားမရဖြစ်နေမိသည်။ သို့သော် ချစ်သူပေးလိုက်သောထီးကို ဖွင့်ဆောင်းလိုက်ချိန်ဝယ်. . .

×××××



www.burmeseclassic.com

www.burmeseclassic.com





"လာပါပြီ၊ အချိန်မှန်ရထားကြီး မီးခိုးတလူလူနဲ့ ဆိုက်လာပါပြီ"

"ဒီရထားကတော့ ရထားလမ်းရေကျော်လို့ နောက်ကျတယ်ကိုမရှိဘူး၊ အမြဲအချိန်မှန်နေတာပဲ"

"အိုအေ. . . ဒီရထားက လမ်းရေကျော်ရင်တောင် သူကိုယ်တိုင်လျှော်ပြီးလာမှာ"

လင်းထိုက်ကို မြင်သည်နှင့် သူမ၏သူငယ်ချင်းများထံမှ အထက်ပါအော်သံများကြားရလေသည်။ ဒါကို အပြောခံရတာများ၍ ရိုးနေပြီဖြစ်သောဇေမောင်က သူတို့စားပွဲဝိုင်းခပ်တည်တည်ဝင်ထိုင်လိုက်ပြီး. . .

"မနာလိုမဖြစ်ကြနဲ့၊ နင်တို့မှာတောင် ဒီလိုအချိန်မှန်တဲ့လူမျိုးရှိလို့လား"





အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ နောက်မှ ချိုဝင်းကစ၍

"အောင်မာ. . . မလိုချင်လို့ပါနော်၊ လိုချင်လို့ကတော့ ရန်ကုန်ဘူတာကြီးထက်တောင် ရထားများဦးမယ်"

သူ့စကားကို MP3 နားကြပ်နှင့် ငြိမ့်နေသောနွယ်လှိုင်က

"အို. . . လိုချင်လို့ကတော့ ရန်ကုန်ကနေ မန္တလေးထိ ဇလီဖားတုံးခင်းလို့ရတယ် မှတ်ထား"

"ဟဲ့. . . နင့်စကားကြီးကဘာကြီးလဲ"

ချိုဝင်းက ပြန်မေးသည်။ နွယ်လှိုင်က အူကြောင်ကြောင်နှင့်

"သိဘူးလေ. . . ရထားလမ်းခင်းဖို့ ပြောနေတာမဟုတ်ဘူးလား"

သူ့စကားကို အားလုံးဝိုင်းရယ်ကြသည်။ နွယ်လှိုင်က ဤသို့ပင် အူကြောင်ကြောင်နှင့်. . .

နောက် ချိုဝင်းမှပင်စ၍

"ကဲ ကဲ ထုံးစံအတိုင်း ဝင့်ဆိုတာယုံကြည်သူတိုင်း ထုံးစံအတိုင်း"

ဟုဆို၍ ထရပ်လိုက်သည်။ ဒါကို နွယ်လှိုင်ကပါ လိုက်ရယ်လိုက်ပြီး. . .

"ဘာလဲ ရထားဇလီဖားတုံးသွားရှာမလို့လား"

"ဟဲ့. . . နင့်စကားက"

"သိဘူးလေ"

အားလုံးဝိုင်းရယ်ကြသည်။ သူတို့ခြေလှမ်းတစ်လှမ်း နှစ်လှမ်းစပြီးမှ နွယ်လှိုင်ကပြန်လှည့်၍. . .

"ဒါနဲ့နေပါဦး. . . ဇေမောင်က ဒီနေ့ ဘာကိစ္စနဲ့လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ဟို"

နွယ်လှိုင်၏အမေးကြောင့် ဇေမောင် ရုတ်တရက် မည်သို့ ပြန်ဖြေရမှန်းမသိဖြစ်သွားရသည်။ အတန်ကြာမှ

"ဟိုလေ. . . မနေ့က လင်းထိုက်အဆောင်ပြန်မအိပ်လို့ အဲဒါသူ့ကိုသွားပြန်ရှာမလို့"

"အဲဒါနဲ့ ဘဲပေါက်ကိုလာခေါ်တာပေါ့"

"အဲ. . . ဟုတ်ကဲ့"

သူ့အဖြေကို နွယ်လှိုင်က မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

"အဲဒါပဲ. . . လူတွေများရည်းစားရသွားရင် တစ်ယောက်တည်းလည်းလမ်းမလျှောက်တတ်၊ တစ်ယောက်တည်းလည်း ဘာမှမဆုံးဖြတ်နိုင်ဘဲ အီကြာကွေးဘဝရောက်ရတော့တာပဲ"

"ဟဲ့. . . ဘာလဲ နင့်စကားက"

"ဟိုလေ. . . နှစ်ယောက်ပေါင်းမှဖြစ်တဲ့ ဇလီဖာတုံး၊ အဲလေ အီကြာကွေးလို ပျော့ခွေခွေတွေဖြစ်ကုန်ကြဝာပြောတာ၊ အို ငါလည်း ဘာတွေပြောနေမိမှန်းမသိဘူး၊ မက်ဒေါနားလည်း မကောင်းဘူး၊ ဇလီဖာတုံးလည်းမကောင်းဘူး၊ အီကြာကွေးလည်းမကောင်းဘူး"

ဟုဆိုကာ အူကြောင်ကြောင်နှင့် သူ့ဘာသာသူပြောချင်တာတွေပြောပြီး ထွက်သွားလေတော့၏။ ဘဲပေါက်ကတော့ ရယ်ရင်းနှင့်. . .

"သူနဲ့ပေါင်းရတာပျော်ဖို့ကောင်းတယ်၊ အမြဲတမ်း အူကြောင်ကြောင်နဲ့၊ ဒါပေမဲ့ စိတ်ရင်းကောင်းတယ်၊ ချစ်ဖို့လည်းကောင်းတယ်"

"ဘာလဲ ပြောင်းချစ်လိုက်ရမှာလား"

ဇေမောင်စကားကြောင့် ဘဲပေါက် နှုတ်ခမ်းစူသွား၏။ သည်လိုပါပဲမိန်းကလေးများက သူတို့ထက်မည်သူ့ကိုမှ ပိုချစ်ခြင်းကို လိုလားသည်မှမဟုတ်ဘဲ။





"အလကားစတာပါ"

"သိသားပဲ"

ဇေမောင် သဘောကျစွာ တိုးတိုးဖွဖွရယ်လိုက်သည်၊ ရယ်သာရယ်နေသော်လည်း ယောကျ်ားသားများ၏ စိတ်တွင်တော့ တစ်ခုခုကိုလုပ်ချင်နေတာ။ ဘာဖြစ်ဖြစ် တစ်ခုခုပေါ့။

"ခုနကပြောတယ်လေ၊ လင်းထိုက်ဘာဖြစ်လို့"

"ဩော်. . . ဟိုလေ"

ဇေမောင် ဘယ်ကစပြောရမှန်းမသိ။ အရက်သောက်သည်က စပြောလျှင်လည်း ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ။ (မိန်းကလေးများက အရက်သောက်ခြင်းကို မနှစ်မြို့ကြမဟုတ်လား) ထို့ကြောင့်

"ဟိုလေ. . . ညက သူနဲ့အတူအိပ်နေရင်း ညဆယ့်နှစ်နာရီလောက်ကြီးထွက်သွားပြီး လမ်းဘေးမှာဆင်းအိပ်နေတယ်တဲ့"

"ဩော်"

ဘဲပေါက်က ခေါင်းညိတ်သည်။ သူ့စကားကို စဉ်းစားနေပုံလည်းရ၏။

"အဲဒါ ညကလည်းမိုးရွာထားတော့ သူမိုးရေထဲမှာပဲဆက်အိပ်နေလား၊ ဒါမှမဟုတ် တစ်နေရာရာပဲ ရောက်သွားလား၊ ဒီမနက်လည်း ရှာမတွေ့လို့"

အမှန်တော့ သူကိုယ်တိုင် မယ်မယ်ရရ မရှာဖွေခဲ့ခြင်းကိုတော့ အမျိုးသားပီသစွာ မှန်မှန်ကန်ကန်ဖုံးကွယ်ခဲ့ခြင်းပင်။ သို့သော်ဤစကားသည် ချစ်သူရည်းစားကြား လိမ်ညာမှုမမြောက်။

"အဲဒါ အခု သူ့ကိုသွားရှာမလားလို့"

သူမ တစ်ချက်ငေးကြည့်သည်။ ပြီးနောက် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေသည်။

"လိုက်ခဲ့ပါလားဟင်"

www.burmeseclassic.com



"ဟင်. . . ဘယ်ကိုလဲ"

"လင်းထိုက်ကို သွားရှာမလားလို့"

"ဩော်"

ထိုစကားလေးအပေါ် သူမအတော်လေးအလန့်တကြားဖြစ် နေပုံရ၏။ ဖြစ်လည်းဖြစ်စရာ။ ရည်းစားဖြစ်ကာစက အချိန်မျိုးမှာ တင် မရှိးသားသောမျက်လုံးကြီးနှင့် လိုက်ခဲ့ပါလားဆိုတာကြီးကို မည်သည့်မိန်းကလေးက မလန့်ရှိမည်နည်း။

"မိုးတွေမိပြီးဖျားနေမှာစိုးလို့၊ နောက်ပြီးကျွန်တော်တို့နှစ် ယောက်လည်း တစ်ခါမှ အဲဒီဖက်လမ်းမလျှောက်ဖူးလို့"

သူမခေါင်းငုံ့ရင်းပြုံးနေသည်။ ဇေမောင်ကတော့ ကိုယ် လည်းမသောက်ရပါဘဲ ချစ်သူရည်းစားဖြစ်ကာစတို့၏ ထုံးစံအတိုင်း ယောကျ်ားလေးသာတာဝန်ယူရမည်ဟူသော (မည်သူပညတ်ခဲ့သည် မသိသော) ဝတ္တရားအတိုင်း လက်ဖက်ရည်ဖိုးကိုရှင်းပေးလိုက်သည်။ (နောက်ပိုင်း ပိုက်ဆံပြန်ချေးတာတစ်ပိုင်းပေါ့လေ။)

"သွားရအောင်"

သူမ ဘာမှငြင်းဆန်မှုမပြုဘဲ ထလိုက်လာသည်။

မိုးရွာနေခြင်း မဟုတ်သော်ငြား သူမထီးဖွင့်ဆောင်းလိုက် သည်။

"ထီးပေးလေ ကိုယ်မိုးပေးမယ်"

မူဝံကြွယ်ကိုဆွတ်ခူးပေးရန်မစွမ်းသာသော ယောကျ်ားသား များတိုင်း ချစ်သူကို ရိုးရာမပျက် မျက်နှာလိုမျက်နှာရနှင့်ထီးမိုးပေး တတ်ကြပါသည်။

ရွှဲဖွဲဖွဲတိုက်ခတ်နေသော မိုးရနံ့ပါသော လေပြည်အေးက သူတို့နှစ်ယောက်ကြား ကသုတ်ကရက်ဖြတ်ပြေးနေသည်။ လက် မောင်းသားအချင်းချင်းက မထိတစ်ချက် ထိတစ်ချက်။





သူမကတော့ မည်သို့နေသည်မသိ။ ဇေမောင်ကတော့ ယောကျ်ားသားတို့၏ ထုံးစံအတိုင်း ကတုန်ကယင်နှင့်။ အမိက အစိတ်အပိုင်းကြီးသုံးပိုင်းဖြစ်သော နေရာများမှရေငတ်ခြင်း၊ သေး ထွက်ခြင်း၊ ရင်တုန်ခြင်းတည်းဟူသော ခံစားမှုများကို ပြိုင်တူခံစားနေ ရခြင်းပင်ဖြစ်သည်။ ထိုအခါ၌ဖြစ်တတ်သော ယောကျ်ားသားများ၏ ကိုက်တင်အတိုင်း ခေါင်းငုံ့ခြင်း၊ ခြေအတွင်းသို့ ခွင်ဝင်ခြင်း၊ ရယ်ချင် စိတ်ကိုအတင်းမျိုသိပ်ထားရသော မျက်နှာပြိုကြီးနှင့် မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြစ်ခြင်းများ ပြိုင်တူဖြစ်ပေါ်နေလေသည်။

ဘယ်သူက ဘယ်လိုဦးဆောင်နေမှန်းမသိငြား လမ်းကား ဖြောင့်၏။ ကျောင်းလမ်း၏ သစ်ပင်တန်းများကိုဖြတ်ကျော်ပြီး မေဂျာ ဆောင်၏ကင်န်တင်းဆီသို့ သူအလိုလိုရောက်လာ၏။

"ဒါ မင်းသက်သက်ညစ်တာ လင်းထိုက်"

"ငါညစ်တာမဟုတ်ဘူးကွ၊ မင်းတို့ညစ်တာ၊ မင်းတို့ညစ်တာ၊ မြင်းက ဘယ်လို ဒီကိုရောက်လာမှန်းမှငါမသိတာ"

"ဟ. . . ရှင်းရှင်းကလေးလေ၊ မြင်းက ခုန ဒီကနေခုန်လာ တာ၊ မင်းက ရထားကိုဒီနေရာရွှေ့တယ်၊ ငါက မြင်းကိုဒီလိုထပ်ခုန် ပြီးချက်တာ၊ ကဲ မင်းရှုံးပြီ"

"ဒါ ငါမှမမြင်တာကွ၊ ပြန်လုပ်မယ်"

ငြင်းခုန်သံများနှင့်အတူ လူအများကြား ပေပွနေသောဝတ် စုံ ခေါင်းစုတ်ဖွားနှင့် လင်းထိုက်ကိုတွေ့ရ၏။ ခါတိုင်းဆိုလျှင် အမြဲ တစေ သပ်ရပ်သန့်ပြန့်နေတတ်သူမို့ အံ့အားသင့်သွားရသည်။

"ဘယ်လိုဖြစ်ရတာလဲ လင်းထိုက်ရာ၊ ဘယ့်နှယ်ကြောင့် ဖြစ်နေရတာလဲ"

"အေးလေကွာ တခြားနည်းနဲ့ညစ်ရင်တော်သေး၊ အခုမင်း ဖြစ်ပုံက လေလည်တာကိုတောင် ကီးကြောင်နေတယ်ဆိုပြီးပြောသ



www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်နေပြီ"

"ဟာ. . . ဒါကတော့ ပြောရမှာပဲ"

"လင်းထိုက်"

ငြင်းခုန်နေသည့်ကြား ဇေမောင်၏ခေါ်သံကြောင့် လှည့်ကြည့်ကြသည်။

"ဪ"

လင်းထိုက်ဆီမှ အံ့ဩသံ။ ပြီးနောက် အရှေ့ဖက်ပြန်လှည့်ကာ. . .

"တော်ပြီကွာ. . . မင်းတို့နဲ့ တစ်သက်လုံးမကစားတော့ဘူး"

ဟုဆိုကာ ချက်ခုံကို ဝုန်းခနဲလှန်ပစ်လိုက်သည်။ ပြီးနောက် ခပ်တည်တည်နှင့် လှည့်ထွက်လာရာ. . .

"ဟာ. . . ဒီကောင်ဘာဖြစ်သွားတာလဲ"

"အေးလေ. . . ဒီကောင် ရှုံးချင်ယောင်ဆောင်ရင်းဆောင်ရင်းနဲ့ တကယ်ရှုံးသွားပြီလားမသိဘူး"

"ဂေါက်ပါကွာ. . . အစကတည်းကဂေါက်"

စသည့်အသံများ ဆူညံသွားသည်။ လင်းထိုက်က လှည့်ပင်မကြည့်ဘဲ ဇေမောင်တို့ထံလျှောက်လာကာ. . .

"ရာသီဥတုက တယ်သာယာနေပါလား၊ ဟား ဟား"

သူ့အသံက အက်ကွဲကွဲခြောက်ကပ်ကပ်နိုင်လှသည်။ ဒါကို ဇေမောင်က

"ဘယ်လိုဖြစ်တာလဲ လင်းထိုက်၊ ညကတည်းက"

"ညကတည်းက မြေခတ်ခံယူနေတာလေ၊ ဟဲ ဟဲ အခုချိန်ထိဆိုပါတော့"

"စိတ်ဆင်းရဲပါတယ်ဟယ်၊ ပေညစ်နံစော်နေတာပဲ၊ ရေလေးဘာလေးပြန်မချိုးဘူးလား"





ဘဲပေါက်၏ ကရုဏာဒေါသသံ။ လင်းထိုက်က ဘဲပေါက်ကို ငေးကြည့်ရင်း. . .

"နင်ပြောမှ ငါသတိရတယ်၊ ဟုတ်သား ရေပြန်ချိုးရမယ်၊ ဟဲ ဟဲ"

ဟုဆိုကာ ဘယ်သူ့မှနှုတ်မဆက်ဘဲ လှည့်ထွက်ရင်း. . .

"နင်ပြောမှ ငါသတိရတာတွေများနေပြီ ဘဲပေါက်"

ထပ်ဆင့်ပြောဆိုရင်း အဆောင်လမ်းဖက်လှည့်သွား၏။ ပြီးနောက် သူ့ထုံးစံအတိုင်း

"ဟေ့. . . နွယ်နီ"

"ဘာတုန်း သေနာကောင်လေး"

"ဟိုတစ်နေ့က နင် ဆိုက်ကားပေါ်အတက်မှာ နှုတ်ခမ်းက ငါ့ကို ဒေါင်လိုက်ကြီးပြုံးပြသွားတာမှတ်မိလား"

"နှုတ်ခမ်းက ကန့်လန့်ပဲရှိတာ၊ ဘယ်နှယ် ဒေါင်လိုက်"

(စဉ်းစားဟန်) နောက်မှ. . .

"ဟင်. . သေနာကျ၊ သူများဆိုက်ကားပေါ်တက်တာတောင် လိုက်ချောင်းတဲ့မသာ"

"ကိုမြမောင်ကြီး အားပြီလား"

"အားပါဘူးဆိုကွာ"

"အေးနွယ်ရေ ကိုသာအေးက ကုက္ကိုလ်ပင်အောက်ကစောင့်နေမယ်တဲ့"

"နင့်ညီမလွှတ်ပေးလိုက်"

"ဟေ့. . . ကောင်မလေး ကိုကာကိုလာတစ်ဗူးလောက်"

"နင့်ကြီးတော် ဆိုင်ဖွင့်ထားတယ်၊ သွားဝယ်ချေ"

လင်းထိုက်ကိုကြည့်ရင်း သူတို့နှစ်ယောက်မရယ်မိဘဲ သက်ပြင်းပြိုင်တူချမိသည်။

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးက ကလေးငယ်မျက်ရည်လို အနည်းငယ် စီးကျနေသည်။ ထီးမိုးထားသည်မို့ ထိုမျက်ရည်ကို အံတုနိုင်ပေပြီ။

×××××







အိပ်မက်ထဲမှ ပန်းချီကားတစ်ချပ်ကို သင်တို့လည်း မြင်တွေ့ခဲ့ဖူးကြပေလိမ့်မည်။ မည်သို့သော ပန်းချီကားကို သင်အလိုရှိသနည်း။

လွန်ခဲ့သောရက်ပိုင်းအတွင်း၌ပင် ပန်းချီကားထဲမှ အဖြူရောင်နတ်သမီးသည် လှပသောအပြုံးတို့ကို တပ်ဆင်ရင်းပိုင်ဆိုင်သမျှအားလုံး၌ နေရာယူခဲ့သေး၏။

သို့သော် ထိုအရာသည် အိပ်မက်ထဲ၌သာဖြစ်၍ အိပ်ရာမှလန့်နိုးချိန်၌ အိပ်မက်ထဲပိုင်ဆိုင်ထားသမျှသည် အရာမယွင်းရှိနိုင်ပါဦးမည်လား။

မသေချာ။

အိပ်မက်ထဲပိုင်ဆိုင်သမျှသည် ဆုပ်ကိုင်၍မရသဖြင့် ကိုယ်ပိုင်ပစ္စည်းအဖြစ် တရားဝင်သတ်မှတ်၍မရနိုင်ပေ။

ထိုနည်းတူစွာပင် အိပ်မက်ထဲမှ လန့်နိုးလာသူတို့သည်လည်း

××××



www.burmeseclassic.com

www.burmeseclassic.com





မင်္ဂလာပါ. . .

ချစ်ခြင်းကို ကိုယ့်ဘဝထဲ၌ ပုံတူအဖြစ်

ပုံသွင်းခဲ့ပါတယ်။

ပြီးနောက်

မြတ်နိုးစွာလည်း ကိုးကွယ်ခဲ့ပါတယ်။

ပေးဆပ်စရာရှိသမျှ ဝဋ်ကြွေးများကိုလည်း အတင်းအကြပ် စေခိုင်းခြင်းမဟုတ်ပါဘဲ အလိုကျပေးဆပ်ခဲ့ပါတယ်။

ယုံကြည်စွာလည်း တွေးတောမိပါတယ်။

ကိုယ့်ရဲ့နှလုံးသားကို ဆုပ်ခြေပြီး

လမ်းတကာလွှင့်ချခဲ့ရင်တောင်

ကြည်နူးမှုအပြုံးတွေ ကုန်ဆုံးသွားမှာမဟုတ်ပါဘူး။

ဒါကြောင့်





ကံတရားရဲ့ ကောင်းချီးပေးခြင်းကို ခံစားရမယ်လို့ ကိုယ့်နှလုံးသားက ယုံကြည်နေပါတယ်။

ကျေးဇူးတင်ပါတယ်။

×××××



www.burmeseclassic.com



မိုးရေစက်များက ညကို ပို၍အေးစက်စေခဲ့ပါသည်။ ခါတိုင် ဆိုလျှင်အဆောင်များရှေ့စုရုံး၍ ဆူညံနေကြသူများပင် မိုးအေးအေ နှင့် အဆောင်ထဲကွေးနေကြသည်။

"အား"

အားလုံး တိတ်ဆိတ်နေစဉ် လမ်းမဆီမှ ကျယ်လောင်သော အော်သံကြောင့် အားလုံးခေါင်းထောင်သွားကြသည်။ မိုးကလည် မှောင်မဲနေ၍ ဘာမှသဲသဲကွဲကွဲမမြင်ရ။

"အား"

အော်သံနက်နက်က ညအမှောင်ကြား ပေါ်ထွက်လာသည် ချောက်ချားဖွယ်အတိ။

ဇေမောင် ပြတင်းတံခါးကို ဖွင့်ကြည့်လိုက်သည်။ ရွာကျနေ သော ညဏ်မိုးရေစက်များက ချစ်သူ၏ဆံနွယ်စများသဖွယ် ဝဲပျံ





သည်။ ညဏ်အေးစိမ့်မှုက ချစ်သူကိုလွမ်းဆွတ်စေရန် တွန်းပို့နေ သယောင်။

"ဇေမောင် . . . ဇေမောင်"

ခေါ်သံကြောင့် ဝေ့ကြည့်မိသည်။ စိုရွှဲနေသောမိုးရေစက်များ ကိုသပ်ခါရင်း အခန်းဖော်အောင်ကိုဝင်လာ၏။

"ဘာလဲအောင်ကို၊ ဘာဖြစ်လို့လဲ"

အောင်ကိုက သူဆောင်းလာသောထီးကိုရေများခါပြီးအခန်း ထောင့်မှာထောင်လိုက်ကာ လွန်စွာအရေးကြီးဟန်နှင့်

"မင်းသူငယ်ချင်း လင်းထိုက်"

"လင်းထိုက်"

လင်းထိုက်အသံကြားတော့ ဇေမောင်ခေါင်းထောင်လာ သည်။

"လင်းထိုက် ဘာဖြစ်လို့လဲ"

"ဘာဖြစ်လဲတော့မသိပါဘူးကွာ၊ မိုးရေထဲမှာ ဒူးကြီးထောက် ပြီးအော်နေတာ ဝက်ကျနေတာပဲကွာ၊ အသတ်ခံရကာနီး ဆိုက်ကား ပေါ်တင်တဲ့ဝက်လိုပဲ ညှစ်ညှစ်ပြီးအော်နေတာ၊ ဟော မင်းမကြားဘူး လား"

ညမှောင်မှောင်မိုးရေကြားမှ အားခနဲညှစ်အော်သံ။ ဇေ မောင်အိပ်ရာပေါ်မှ ကမန်းကတန်းထပြီး. . .

"မင်းထီး ငါ့ကိုခဏငှားကွာ၊ ငါ ဒီကောင့်ကို သွားကြည့်လိုက် ဦးမယ်"

"အေး. . . အေး ယူသွားယူသွား၊ ဒီကောင်ရူးများသွားပြီ လားမသိပါဘူးကွာ"

ဇေမောင်ဘာမှမပြောဘဲ ထီးကိုဆွဲယူကာ မိုးရေထဲပြေး ထွက်လာလိုက်သည်။ မည်းမှောင်သောညက အတားအဆီးသဖွယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေစက်များက တဖြန်းဖြန်းရိုက်ခတ်ဆဲ။ အလင်းမှ အမှောင်ထဲ ရုတ်တရက်တိုးဝင်လာ၍ ဘာကိုမှ သဲကွဲစွာမမြင်ရ။ ဘယ်ကဘယ်ကို သွားရမှန်းလည်းမသိ။ နေရာကိုလည်း မမေးမိခဲ့တာကိုး။

"အား"

ကျယ်လောင်သော အော်သံကြား၍ ဇေမောင်၏ခြေလှမ်းများရွေ့သွားသည်။ ရေအိုင်ငယ်များ၊ မိုးရေစက်များကို ဂရုမစိုက်နိုင်တော့ဘဲ ကမန်းကတန်းဖြတ်နင်းကာ လင်းထိုက်ဆီအမြန်ဆုံး ရောက်ရန်သာ ဦးတည်လိုက်သည်။

သည်းသည်းမဲမဲရွာကျနေသော မိုးရေစက်များကြောင့် အမိုးအကာမပါဘဲ ရွှဲရွှဲစိုသောခန္ဓာနှင့် ဒူးထောက်ထိုင်နေသောသူ။ မည်းမှောင်သောညတွင် ချောက်ချားဖွယ်။

"လင်းထိုက်. . . လင်းထိုက်"

ဇေမောင်အော်ရင်း လင်းထိုက်ဆီပြေးသွားလိုက်သည်။ ခြေသံကြား၍ လင်းထိုက်မော့ကြည့်သည်။ ဇေမောင်ကိုမြင်တော့ ခေါင်းပြန်ငုံ့သွား၏။ သူ့မျက်ဝန်းမှာ မိုးရေတွေလား မျက်ရည်စတွေလား မသိ။

ဇေမောင်ကသာ လင်းထိုက်အနီးထိုင်ချကာ ထီးမိုးပေးရင်း

"ဘယ်လိုဖြစ်ရတာလဲသူငယ်ချင်း၊ မင်းဘာတွေခံစားနေရတာလဲ"

လင်းထိုက်ထံမှ ဘာမှပြန်ဖြေသံမကြားရ။ လမ်းမပေါ်နှင့် ထီးပေါ်ကျနေသော ရေစက်သံများက ပိုပြင်းထန်နေသည်။ အဝတ်အစားတွေကလည်း မနေ့ကအတိုင်း လုံးဝလဲဝတ်ထားပုံမပေါ်။ လက်တွေကလည်း မြေကြီးကိုစိတ်ရှိလက်ရှိထိုးထားသည်ထင့် ဒဏ်ရာများနှင့်။

"ငါ့ကိုပြောစမ်းပါ လင်းထိုက်ရာ၊ မင်းရဲ့ဝေဒနာတွေကို ငါ့





ကိုဖွင့်ပြောစမ်းပါ၊ ငါ မျှဝေပြီးခံစားပါရစေ"

နာကျင်ဟန်နှင့် ဟက်ခနဲရယ်သံတစ်ချက်ကြားရသည်။ မော့ကြည့်သောမျက်ဝန်းများက နီရဲမို့အစ်နေသည်။ ပြီးနောက် ခေါင်းပြန်ငုံ့သွားသည်။ ဇေမောင်ကသာ အားမလိုအားမရနှင့် လင်းထိုက်ပခုံးကိုကိုင်လှုပ်ပြီး. . .

"ငါ့ကိုဖွင့်ပြောစမ်းပါ လင်းထိုက်ရာ၊ ငါဟာ မင်းရဲ့အချစ်ဆုံးသူငယ်ချင်းပါ မင်းရဲ့ဝေဒနာတွေကို မျှဝေပါရစေ၊ ကူညီလို့ရရင်လည်း ကူညီပါရစေ"

မဲ့ပြုံးပြုံးရင်း လင်းထိုက်၏ခေါင်းမော့လာ၏။ မျက်နှာတစ်ခုလုံး မိုးရေစက်တို့ရွှဲနစ်နေ၏။

"မင်းကူညီလို့မရဘူး သူငယ်ချင်း၊ ဒီကိစ္စက ငါနဲ့ပဲဆိုင်တယ်"

"ပြော. . . ပြောစမ်းပါသူငယ်ချင်းရာ၊ အတတ်နိုင်ဆုံးငါကူညီပါရစေ"

လင်းထိုက် ငိုချင်စိတ်ကို ဟန်လုပ်ရင်းရယ်သည်။ ပြီးမှ

"ငါ့အချစ်ဆုံးအဘွား ဆုံးသွားတာ မင်းဘယ်လိုကူညီနိုင်မှာလဲ ဇေမောင်"

"ဟင်. . . ဩော်"

လင်းထိုက်စကားကြားတော့ ဇေမောင့်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။

ဤသို့သောကိစ္စကို ဘယ်သူကများ ကူညီနိုင်မည်နည်း။ ထို့ကြောင့် သက်ပြင်းသာချ၍. . .

"ဒါမျိုးကကြုံရတတ်ပါတယ် သူငယ်ချင်း၊ သခါရဆိုတာက"

"မင်းမကူညီနိုင်ဘူးမဟုတ်လား သူငယ်ချင်း"

လင်းထိုက် ဖြတ်ပြောသည်။ ဇေမောင် ဘာပြန်ပြောရမှန်းမသိ။ လင်းထိုက်ကသာ တိုးတိုးဖွဖွရယ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝမှာ မင်းမကူညီနိုင်တာတွေ အများကြီးရှိသေးတယ် သူငယ်ချင်း၊ အဲဒီတော့ ဒီညမှာ ငါ့တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ"

မောင်းထုတ်ခြင်း တစ်မျိုးပင်။

ဇေမောင် သက်ပြင်းချလိုက်သည်။ ချစ်ခင်သောသူတစ်ယောက်ဆုံးပါးခြင်းကြောင့် ကြေကွဲနေရသူကို မည်သို့နှစ်သိမ့်ရမည်မသိ။ မိမိအလိုကိုလိုက်ရန် အတင်းအဓမ္မ တိုက်တွန်းရန်လည်း သင့်မည်မထင်။

"ထီးလေးတော့ယူထားပါကွာ၊ မင်းတစ်ကိုယ်လုံး စိုနေပါ့မယ်"

လင်းထိုက် ရယ်သည်။

"မင်း အောင်ကိုဆီကယူခဲ့တာ မဟုတ်လား"

"ဟင်. . . မင်းသိနေတယ်"

"အောင်ကိုက မင်းကိုပြောနေပါ့မယ်ကွာ၊ ထီးကိုပြန်ယူသွားပါ"

ဇေမောင်ဘာမှမပြောသာတော့။ လင်းထိုက်နားက ပြန်ထလာရသည်။ အရာရာတိုင်းကိုသိခြင်း၊ ဆက်စပ်တွေးတောနိုင်သူတစ်ယောက်ကို သူဘာဆက်ပြော၍ရမည်နည်း။ လှည့်ထွက်လာရင်း စိတ်မချနိုင်စွာပြန်လှည့်ကြည့်မိသည်။

မိုးရေထဲတွင် လင်းထိုက်တစ်ယောက်တည်း။

ထားရှိခဲ့သောသံယောဇဉ်ကြောင့် ခပ်ဝေးဝေးရောက်မှ ပြန်ရပ်ကြည့်နေမိသည်။ လင်းထိုက်ရှိရာပဲပြန်သွားရမလား။ ကိုယ့် လမ်းကိုယ် ပြန်ဆက်လျှောက်ရမလား ဝေခွဲမရဘဲ ငြိမ်၍ရပ်နေမိသည်။

ခြေသံတချို့နှင့် ယိုင်နဲ့နဲ့အရိပ်တစ်ခု။

"လောကမှာ မုန်းစရာအကောင်းဆုံးဟာ မိန်းမတွေပဲကွ"





မပီမသရေရွတ်ရင်း ခြေလှမ်းမပျက်အောင် မနည်းထိန်းနေရပုံရသည်။

"အဲဒီမိန်းမတွေရဲ့မာယာ. . . မာယာ"

စကားမဆုံးခင် မိုးရေထဲငုတ်တုတ်ထိုင်နေသောလင်းထိုက်ကိုမြင်တော့ ခြေလှမ်းများပင်ရပ်တန့်သွား၏။ နောက် အနားကပ်ပြီးငုံ့ကြည့်သည်။ လင်းထိုက်မှန်း သေချာသိမှသူလည်းငုတ်တုတ်ထိုင်လိုက်ကာ. . .

"ညီလေးအားလား"

လင်းထိုက်က ကိုမြမောင်ကိုပြန်မော့ကြည့်ကာ. . .

"အားတယ်အစ်ကို"

"ဒါဆိုတွဲကကြရအောင်"

တိုင်ပင်ခြင်းမပြုဘဲ နှစ်ယောက်သား တစ်ယောက်ပခုံးကိုဖက်၍ တစ်ယောက်ကခါးကိုဖက်လိုက်သည်။ နောက်တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ရင်း. . .

မိုးရေထဲ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ငြိမ့်ညောင်းစွာတွဲကနေသူနှစ်ဦး။ နှစ်ယောက်လုံးမျက်ဝန်းမှာ မျက်ရည်များနှင့်။

လွတ်ထွက်သွားမည့်အလား တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင်ဆုပ်ထားကြသည်။

"မင်းသူငယ်ချင်း သင်းပျံ့အေးကွာ၊ ဟိုတစ်နေ့ကမှငါ့ကို ချစ်ဟယ်တဲ့၊ ဒီနေ့ကြမှ အဲဒီတုန်းက အဖြေပေးခဲ့တာ သူတစ်ယောက်တည်းဖြစ်နေလို့ ငါ့ကိုကြောက်ရတဲ့အပြင် အင်အင်းကလည်းထွက်ကာနီးမို့ ချစ်တယ် ချစ်တယ် ချစ်တယ်ဆိုပြီး ပြီးပြီးရော သဘောမျိုးနဲ့ ပြောဝင်သွားတာနဲ့"

"ဖြည်းဖြည်းပြောပါ ကိုမြမောင်ရာ၊ ဒီမှာလွမ်းနေရတဲ့ကြားထဲ အဟင့်"

www.burmeseclassic.com



"ငါလည်းလွမ်းလို့ပြောတာပါကွာ၊ ဟီး"

နှစ်ယောက်သား မျက်ရည်များလိမ့်ထွက်နေလောက်အောင် စီးကျနေကြသည်။

"ခင်ဗျားကြီးလွမ်းတာကလည်း ချစ်တယ် ချစ်တယ် ချစ်တယ်ဆိုတာကြီးက လူကိုလန့်ကရောဗျာ၊ အဟင့်"

"ဟီး ငါလည်းသူပြောခဲ့တဲ့အတိုင်း ပြန်ပြောပြတာပဲကွ၊ မင်းကလည်း ဖီးလ်နဲ့ပြောတာဗွေမယူပါနဲ့၊ အဟင့်"

"ဗွေယူလို့ပြောတာ မဟုတ်ဘူးဗျ၊ ဖီးလ်ပျက်လို့ပြောတာ ဟီး ဟီး"

"ဟီး. . . ဖီးလ်တက်လို့ပြောတာ မင်းမို့ ဖီးလ်ပျက်ရတယ်လို့ကွာ၊ ဟီး ကိုယ်ချင်းမစာ ချစ်တယ် ချစ်တယ် ချစ်တယ်ဆိုတာ"

"တော်ပါဆိုနေမှဗျာ၊ အဟင့်"

မိုးရေထဲ မျက်ရည်လည်ရွဲနှင့် တွဲကနေသော နှစ်ယောက်ကို ကြည့်ပြီး ဇေမောင်သက်ပြင်းချမိသည်။ နောက် မရည်ရွယ်ပါဘဲ ဆောင်း ထားသောထီးကိုလွှတ်ချလိုက်မိသည်။

သူလွှတ်ချလိုက်သောထီးက လေ၏သယ်ဆောင်ရာဖြင့် တွဲကနေသူနှစ်ယောက်အနီး တရွေ့ရွေ့နှင့်လွင့်ပျံသွားပြီး အနီးရောက်မှ ငြိမ်သက်သွားလေသည်။ ထီးကလေးကလည်းပက်လက်။ ဟိုနှစ်ယောက်ကလည်း ရင်ကွဲပက်လက်။

××××







မနေ့ညက စိုစွတ်ခြင်းသယ်ဆောင်လာသော မိုးဒဏ်ကြောင့် ဇေမောင် ခေါင်းတစ်ခုလုံးအုံကိုက်နေသည်။

မျက်နှာသစ်၊ အဝတ်အစားလဲပြီး ချစ်သူမြင်သည်နှင့် သိ...စေရန် ခေါင်းကပ်ပလာစတာတစ်ခု ဝယ်ကပ်လိုက်သည်။

ဤသို့သောအပြုအမူမျိုး သူမှပင်မဟုတ်ဘဲ အတော်များများ ပြုလုပ်ဖူးကြမည်ဟုထင်ပါသည်။

လမ်းထိပ်ဆေးဆိုင်မှ တစ်ခုခုစားပြီးမှသောက်ရန် အကိုက်...ပျောက်ဆေးဝင်ဝယ်လိုက်သေးသည်။ ပြီးနောက် ယောကျ်ားသား...၏ထုံးစံအတိုင်း သေလုမျောပါး သူငယ်ချင်းထံမသွားဘဲ ချစ်သူ...ရာသာခြေဦးလှည့်ဖြစ်သွား၏။

ရည်ရွယ်ချက်က အကြင်ဉာဏ်တောင်းခံရန်ဖြစ်သည်။ ချစ်သူ...သွားလျှင် အလိုလိုဉာဏ်တုံးသွားကြသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . နေမကောင်းဘူးလား"

ချစ်သူက စိုးရိမ်သံနှင့်မေးသည်။ အဖြေမပေးသေးဘဲ လွတ်နေသောခုံတစ်လုံးတွင်အရင်ဝင်ထိုင်လိုက်သည်။ ဒီနေ့မှ ချစ်သူက တစ်ယောက်တည်း။ ရာသီဥတုက သာသာယာယာ။

သူမ၏လက်သေးသေးကလေး နဖူးပေါ်ကျလာ၏။

"ကိုယ်တွေနွေးနေတုန်းပါပဲလား၊ ဘာဖြစ်လို့လဲ"

ချစ်သူ၏ စိုးရိမ်သံများဝေစီနေ၏။ သူကျေနပ်နေသော်လည်း လူမမာနှင့်တူရန် မျက်နှာတော်အိုအိုကို ညှိုကျထား၏။ ပြီးမှ

"ဟိုကောင် လင်းထိုက်လေ"

"လင်းထိုက် ဘာဖြစ်လို့"

ချစ်သူက ဖြတ်မေး၏။ သူအရေးမကြီးဟန်နှင့် အဖြေမပေးသေးဘဲ စားပွဲထိုးကိုမုန့်ဟင်းခါးတစ်ပွဲလှမ်းမှာလိုက်သေး၏။

ရေနွေးတစ်ခွက်ကို ငှဲ့လိုက်သေးသည်။ မုန့်ဟင်းခါးရောက်လာမှတစ်ဇွန်းကောက်ခပ်စားပြီး. . .

"ညတုန်းကပေါ့"

"အင်း"

ချစ်သူက သိချင်စိတ်နှင့်ဂရုတစိုက်နားထောင်သည်။

"လင်းထိုက် မိုးရေထဲမှာထိုင်နေတယ်၊ အဝတ်အစားတွေလည်း မနေ့ကတွေ့ခဲ့တဲ့အတိုင်းပဲ၊ ဘာမှမလဲထားဘူး၊ သွားခေါ်တာလည်းပြန်မလိုက်ဘူး၊ ငိုနေတာလည်း အကြီးအကျယ်ပဲ"

"ဘာ. . . ဘာဖြစ်လို့တဲ့လဲ"

"သူ့အဘွားဆုံးလို့တဲ့"

"ဟင်. . . ဩော်"

သူ့စကားကြောင့် ချစ်သူငြိမ်ကျသွား၏။ နောက်မှ သတိရဟန်နှင့် မျက်လုံးလေးပြူးပြီး. . .





"ဟင် သူ့အဘွားကဆုံးတာ နှစ်နှစ်ကျော်ပြီလေ၊ ဘယ့်နှယ်အခုမှလာငိုနေရတာလဲ"

"ဘယ်လို"

ဇေမောင် မုန့်ဟင်းခါးစားရင်းတန်းလန်းနှင့်ရပ်သွားသည်။ နောက် ပါးစပ်ထဲရှိသမျှကမန်းကတမ်းမျိုချပြီး. . .

"ဟာ. . . ဟုတ်ရဲ့လား၊ ညကပဲသူပြောတာပဲ"

"ဘယ်ကလာ"

ချစ်သူက မျက်နှာကိုရှုံ့မဲ့ရင်းဆိုသည်။

"ဟုတ်ရဲ့လား ဘဲပေါက်ရယ်၊ ညကပဲသူ"

"မဟုတ်ပါဘူးဆို"

"ဒီလိုလေ. . . အရင်ဆုံးတာက အဖေဘက်ကအဘွား၊ အခုဟာက"

"အဖေဘက်ကလည်းမရှိတော့ဘူး၊ အမေဘက်ကအဘွားဆိုတာ ကျွန်မတို့တောင်မမီလိုက်ဘူး"

"ဝမ်းကွဲထဲမှာရော"

"ကျွန်မအသိဆုံးပါ"

"ဟင်. . . ဩော်"

ဇေမောင် ဘာမှပြန်မပြောတတ်တော့။ သူ့ထက်အရင် ရင်းနှီးခဲ့သော တစ်ရွာထဲသားချင်းလောက် သူဘယ်လိုမှပို့မသိနိုင်။

"ဒါဆို ညကသူဘာဖြစ်လို့ငိုနေရတာလဲ"

"တစ်ခုခုကြောင့်ဖြစ်မှာပေါ့"

ချစ်သူက အမြန်ဖြေသည်။ ပြီးနောက် တစ်ရှူးစကလေးများကို အကြောင်းမဲ့ချေနေ၏။ ဇေမောင်ကသာ မုန့်ဟင်းခါးကိုဆက်မစားနိုင်ဘဲ ချစ်သူကိုငေးကြည့်နေ၏။ ချစ်သူ၏ပါးပြင်လေးက နီစွေးနေသည်။ ရှည်လျားသောဆံနွယ်စများကို ခပ်မြင့်မြင့်သိမ်းထုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



၍ မျက်နှာတစ်ခုလုံး ပြောင်ရှင်းနေသည်။

သူမ၏လက်ချောင်းများက သူမပိုင်ဆိုင်သော ခန္ဓာကိုယ်အတိုင်း သေးသေးသွယ်သွယ်နိုင်လှသည်။ ထိုလက်ချောင်းသေးသေးကလေးများကပင် သူ၏နှလုံးသားကို အတိုင်းမသိ ဆွဲကိုင်ချုပ်နှောင်ထားသည်မဟုတ်ပါလား။

××××







အရုပ်ကလေးတစ်ရုပ် ကောက်ရသလိုမျိုး မထင်မှတ်ဘဲ အချစ်နဲ့ထိတွေ့ရတယ်။ ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ အရုပ်ကလေးကို တမြတ်တနိုးသိမ်းမိတယ်။

ရင်ထဲမှာပွေ့ဖက်ထားတုန်းမှာ အရုပ်ကလေးကကိုက်လိုက်တယ်။

ရင်တစ်ခုလုံး သွေးတွေချင်းချင်းနီနေသည်အထိ သတိကြီးစွာပွေ့ဖက်မိတုန်း။ ချစ်ခြင်းကလည်း ကိုက်ထားတုန်း။

တဆတ်ဆတ်တုန် နာကျင်မှုနဲ့အတူ တင်းကြပ်စွာ မပွေ့ဖက်မိဆဲ။

သွေးယိုစီးကျသံက စမ်းရေအလားကြားရတယ်။

တင်းကြပ်စွာ ယုယလွန်း၍ အရုပ်ကလေး ကြေမွသွားတယ်။ ဒါပေမဲ့. . .

သူ့သွားကလေးကတော့ ကိုက်ထားတုန်း။

××××



www.burmeseclassic.com



စောစောစီးစီး ဒယီးဒယိုင်နှင့် လမ်းလျှောက်လာသော လင်းထိုက်ကိုမြင်တော့ ဇေမောင်အံ့အားသင့်သွားသည်။ ဆံပင်များကလည်းရှုပ်ပွပြီး အဝတ်အစားများကလည်း ညစ်ထေးနေသည်။

ခါတိုင်း အမြဲတမ်း ရှင်လန်းတက်ကြွနေတတ်သော လင်းထိုက်ကတော့ အာရုံလွတ်နေသူတစ်ယောက်လို ဘာကိုမှဂရုမပြုမိဘဲ ခေါင်းငိုက်စိုက်နှင့်လျှောက်လှမ်းနေသည်။

"လင်းထိုက်"

ဇေမောင်က လင်းထိုက်နောက်က လိုက်ရင်း အသံပြုလိုက်သည်။ သူ၏ခေါ်သံကို လင်းထိုက်ကြားဟန်မတူ။ သူ့ဘာသာသူ ခေါင်းငိုက်စိုက်နှင့် ဆက်လျှောက်နေသည်။

"လင်းထိုက်"

ခြေလှမ်းရပ်တန့်သွား၏။ ပြီးနောက် ဖြည်းညင်းစွာ သူ့ဖက်





လှည့်လာသည်။

"ဪ"

ရေရွတ်သံနှင့်အတူအပြစ်ရှိသူတစ်ယောက်ပမာ လင်းထိုက် ခေါင်းငုံ့နေ၏။

"မင်းဘာဖြစ်နေတာလဲ လင်းထိုက်၊ ငါ့ကို အမှန်အတိုင်းဖွင့်ပြောစမ်းပါ"

လင်းထိုက် ဘာမှပြန်မပြောဘဲငြိမ်နေသည်။ ဇေမောင်က သာဆက်၍

"ငါမေးပြီးပြီ လင်းထိုက်၊ မင်းအဘွားဆုံးတယ်ဆိုတာလည်း မဟုတ်ဘူးတဲ့၊ မင်း ဘာတွေခံစားနေရတယ်ဆိုတာ ငါ့ကိုပြောစမ်းပါ"

လင်းထိုက်၏ မျက်ဝန်းထဲ လက်ခနဲတစ်ချက်တွေ့ရသည်။ ပြီးနောက် နာကျင်ဟန်နှင့် တိုးညှင်းစွာရယ်သည်။ အတန်ကြာမှ. . .

"ဇေမောင်"

ဇေမောင် ပြန်မထူးဘဲ ကြည့်နေလိုက်သည်။ လင်းထိုက်မှပင် ဆက်၍

"အခုပုံအတိုင်းဆို ငါဟာ မင်းရဲ့သူရဲကောင်းရော ဖြစ်ပါတော့မလား"

"ဟင်"

ရုတ်တရက်မေးလိုက်သော မေးခွန်းကြောင့် ဇေမောင်ဘာပြန်ဖြေရမှန်းမသိဘဲ ကြောင်သွား၏။

"မင်းလေးစားအားကျတဲ့လူရဲ့ပုံက ဒီလို၊ ငါ့လိုပုံမျိုးပဲလား"

ဇေမောင် ဘာမှပြန်မပြောမိ။

"ငါက ငါထင်တာငါလုပ်နေတာ၊ မင်း ငါ့ကိုဆက်ပြီးတော့ သူရဲကောင်းအဖြစ်ယုံကြည်နိုင်ပါ့မလား၊ ပြောစမ်းပါ ဇေမောင်"

ဇေမောင် အသက်ကို ပြင်းပြင်းရှူလိုက်သည်။ ပြီးမှ ခိုင်မာ



www.burmeseclassic.com

www.burmeseclassic.com



သောအသံဖြင့်. . .

"ဒီမှာသူငယ်ချင်း၊ မင်းဟာမင်းဘာပဲဖြစ်နေဖြစ်နေ ဘယ်လိုပဲနေနေ မင်းဟာငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း၊ မင်းဟာငါ လေးစားအားကျတဲ့ တစ်ဦးတည်းသူဆိုတာ အသေအချာ ငါပြောရဲပါတယ်"

"ဟား ဟား ဟား ဟား"

လင်းထိုက်၏ ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲရယ်သံ ရုတ်တရက်ပြောင်းလဲသွားသော အခြေအနေကြောင့် ဇေမောင်၏ စိတ်ထဲ လင်းထိုက် ရူးများသွားပြီလားဟုပင်ထင်ရသည်။ ကြည့်လေ ရယ်တာမှ တော်ရုံနှင့်မရပ်။ မျက်ရည်ထွက်သည်အထိရယ်နေသည်။ အတန်ကြာမှ ဇေမောင်ထံလှမ်းလာကာ ပခုံးကိုဖက်ရင်း. . .

"ဟား. . . ဟား ဒီမှာငါပြောပြမယ်"

ဟု အစချီရင်း ခြေလှမ်းကိုအစပျိုးလိုက်သည်။ သူ၏ခန္ဓာကိုယ်က လိုသည်ထက်ပို၍ ပူနွေးနေသလိုခံစားရ၏။

"မင်းငါ့ကို မကြောက်ဘူးပေါ့၊ ဟဲ ဟဲ"

"မကြောက်ပါဘူး၊ ဘာလို့ကြောက်ရမှာလဲ"

လင်းထိုက် ရယ်သည်။

အခုတော့လည်း လင်းထိုက်မျက်နှာကကြည်ကြည်လင်လင်။

"ငါအခု ဘာလို့ ဒီလိုလုပ်နေရလဲသိလား"

ဇေမောင်က မျက်မှောင်ကျုံ့ရင်း. . .

"မသိဘူးလေ၊ အဲဒါကြောင့် မေးနေတာ"

လင်းထိုက်က နှစ်ယောက်တည်းလမ်းလျှောက်နေတာတောင် ဘယ်သူမှမကြားစေချင်ဟန်နှင့် ဘေးဘီဝေ့ကြည့်ရင်း. . .

"ငါအခု အင်မတန်ကောင်းတဲ့ဟာသတစ်ခုတွေ့ထားတယ်"

"ဟာသ"

"အေး"

ဇေမောင် ဇဝေဇဝါနှင့် လင်းထိုက်ကိုပြန်ကြည့်သည်။ ဒါကို





လင်းထိုက်မှဆက်၍

"အဲဒီဟာသက ဘဝအတွက် ကြီးကျယ်တဲ့ဟာသပဲ"

"ဘယ်လို"

"ဒီဟာသအတွက် ငါပြင်ဆင်နေတာ"

"မင်းပြင်ဆင်နေတာ"

ဇေမောင် လင်းထိုက်ကိုပြန်ကြည့်မိသည်။ ဟာသအတွက် ပြင်ဆင်နေသော သူ၏ပုံပန်းသဏ္ဌာန်မှာ ညစ်စုတ်နေပြီ။

"အေး. . . အဲဒီဟာသကို ဖြုတ်ချလိုက်တဲ့အခါ လူတိုင်းရဲ့စိတ်ထဲမှာလုံးဝမမေ့စရာ၊ အိုကွာ တစ်သက်တာလုံးကြုံဖူးသူတိုင်းရဲ့စိတ်ထဲမှာ အမှတ်ရစရာတစ်သက်မမေ့စရာ ဟာသကောင်း တစ်ခုဆိုတာ အမှတ်ကိုရစေရမယ်"

ဇေမောင် အံ့အားသင့်စွာ လင်းထိုက်ကိုပြန်ကြည့်သည်။ လင်းထိုက်ပုံက အားတက်သရော။ ဇေမောင်ကသာ ဇဝေဇဝါနှင့်

"မင်း. . . မင်းရဲ့ဟာသကဘာလဲ"

လင်းထိုက် မခိုးမခန့်ပြုံးလိုက်ပြီး. . .

"လာမယ်လေ"

သူစကားကို သူသဘောကျစွာရယ်ပါသည်။ ဇေမောင်က ဘာရယ်မှန်းမသိ သူနှင့်အတူရောရောင်ရယ်သည်။ ပြီးမှ. . .

"ငါ မင်းရဲ့ဟာသကို သိချင်တယ်ကွာ"

လင်းထိုက်က ရယ်ရင်း. . .

"လာမယ်လေ"

ဟုဆိုရင်း သူလက်နှစ်ဖက်နှင့် မျက်လုံးကိုဖြဲပြရင်း. . .

"ငါက မင်းရဲ့သရဲခေါင်းကြီး ဝဲ"

ဆိုကာ ခြောက်ပြသည်။ ဇေမောင်က လင်းထိုက်ကိုကြည့်ရင်း ရွှင်လန်းစွာရယ်သည်။

www.burmeseclassic.com



"မင်းဘာရယ်တာလဲကွ၊ သရဲခေါင်းကြီးကို မင်းမကြောက်ဘူးလား၊ ဟီး ဟီး"

သွားကြီးဖြဲကာ လုပ်ပြသည်။ ဇေမောင်ကတော့ လင်းထိုက်၏ အပြုအမူကို သဘောကျစွာရယ်သည်။

"ငါက မင်းကို ဂုတ်ချိုးတဲ့သရဲကြီးကွ၊ ဟဲ ဟဲ"

ထုံးစံအတိုင်း လင်းထိုက်က ပုံစံမျိုးစုံလုပ်ပြသည်။ ဇေမောင်ကတော့ သူ့သူရဲကောင်း၏ အပြုအမူကိုကြည့်ရင်း သူ့ရယ်သံများကို ဖြန့်ကျက်လိုက်သည်။ ပြီးနောက် လင်းထိုက်၏ နဖူး မသက်သာစိတ်နှင့် လှမ်းကိုင်ရင်း. . .

"ဟင် မင်းကိုယ်က ခြစ်ခြစ်တောက်ကိုပူနေပါရောလား၊ ဘာဘာဖြစ်တာလဲ"

ဇေမောင်၏အမေးကြောင့် လင်းထိုက်မျက်နှာပျက်သွားသေး၏။ နောက်မှ အမူအရာကိုပြောင်းရင်း. . .

"ဒါ ငါတမင်လုပ်ထားတာကွ"

"ဟင် တမင်လုပ်ထားတာ၊ ဘယ် ဘယ်လို"

"သရဲခေါင်းလေ၊ ဝူး ဝူး တစ်ကိုယ်လုံးပူနေမှ သရဲခေါင်းနဲ့ တူမှာပေါ့၊ ဒါမှ ငါဝင်ပူးလိုက်တာနဲ့ အပူးခံရတဲ့သူ ပူနွေးသွားအောင် ဟဲ ဟဲ ဟဲ ဝဲ ဟား ဟား မင်း ငါ့ကိုမကြောက်သေးဘူးလား"

လင်းထိုက်က ဇေမောင်ကြောက်အောင် ခြောက်ပြသည်။ ဇေမောင်က မယုံကြည်စိတ်ရှိသော်လည်း လင်းထိုက်လုပ်သမျှ လိုက်ရယ်နေမိသည်။

××××







"အား"

ညမှောင်မှောင် မိုးရေစက်များကြား ချောက်ချားဘွယ် အော်သံကြောင့် စာအုပ်ဖတ်နေသော ဇေမောင်ခေါင်းထောင်ထသွားသည်။

သိသည်။ ဒါ လင်းထိုက်ရဲ့အော်သံ။

စာအုပ်ကိုဘေးချ၍ ထလိုက်သွားရန် ပြင်မိသည်။ နောက်မှ လင်းထိုက်ပြောသောစကားကို ပြန်လည်ကြားယောင်မိပြီး ခုတင်ပေါ် ပြန်လှဲလိုက်မိသည်။

"ဒါဟာ လူတိုင်းရင်ထဲ အမြဲအမှတ်ရစေတဲ့ ဟာသပဲ"

ဇေမောင် သက်ပြင်းချမိသည်။ သူ့ဟာသက မည်မျှကြီးကျယ်သည်တော့မသိ။ သူလုပ်နေသော ဟာသကို တစ်ရက်ကလေး ရာဝင်မိ၍ မနေ့က တစ်ရက်တည်း မိုးမိခဲ့သောသူပင် ဖျားချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

မိုးသံကိုဖောက်ထွင်း၍ ကျယ်လောင်စွာပေါ်ထွက်လာသော အော်သံကြောင့် ဇေမောင်ပို၍မရိုးမရွဖြစ်သွားရသည်။ ထလိုက်သွားရင် ကောင်းမလား။ သည်အတိုင်းပဲ ငြိမ်နေရလျှင် ကောင်းမလား ဝေခွဲမရဖြစ်နေမိသည်။ ထိုစဉ်မှာပင်. . .

"ဇေမောင်ရေမင်းရဲ့သူငယ်ချင်းတစ်ယောက်တော့ တကယ့်ကိုရူးသွားပြီနဲ့တူတယ်၊ လမ်းပေါ်မှာလူးလှိမ့်နေတာ"

အဆောင်ထဲ လှမ်းဝင်ရင်း ပြောလိုက်သော တစ်ဆောင်ထဲနေ ငယ်ထွေး၏စကားကြောင့် ဇေမောင် ခေါင်းထောင်သွားပြန်၏။

"လင်းထိုက် ဘာဖြစ်လို့လဲ၊ ဘယ်မှာတွေ့ခဲ့တာလဲ"

ဇေမောင်၏ သိလိုဇောနှင့်အမေး။ ဒါကို ငယ်ထွေးက စိုစွတ်လာသော မိုးရေများကိုသပ်ခါရင်း. . .

"သိပ်မဝေးဘူးကွ. . . ဒီပြတင်းပေါက်ကနေ လှမ်းကြည့်ရင် တောင်မြင်လိမ့်မယ်၊ ဟော ဟိုမှာ"

ငယ်ထွေး ညွှန်ပြရာသို့ ဇေမောင်ကမန်းကတမ်းထကြည့်လိုက်သည်။ ဟုတ်ပါသည်။ တဖွဲဖွဲမိုးရေစက်များကြား လမ်းပေါ် ဒူးထောက်ထိုင်နေသော လူတစ်ယောက်၏အရိပ်ကိုတွေ့ရသည်။ ည၏အမှောင်နှင့် ရွာကျနေသော မိုးရေစက်များကြောင့် မည်သူမည်ဝါ သဲကွဲစွာမမြင်ရ။ သို့သော် လင်းထိုက်သာဖြစ်မည်ဖြစ်ကြောင်း သူ တပ်အပ်သိသည်။

သူ၏တစ်ကိုယ်လုံးမိုးရေစက်များဖြင့် စွတ်စွတ်စိုနေကြောင်း အဝေးကကြည့်လျှင်ပင်သိသာလှပေသည်။

သူထွက်သွားလျှင် ကောင်းမလား၊ သည်အတိုင်းပဲ စောင့်ကြည့်နေရမည်လား ချီတုံချတုံဖြစ်နေမိ၏။

"သူ့ရဲ့အကောင်းဆုံးဟာသဆိုတာ ဘာလဲ"





ခေါင်းထဲ အတွေးမျိုးစုံဖြင့် ရှုပ်ရှက်နေ၏။

"ဟာ"

ကြည့်နေရင်းနှင့် တိုးဝင်လာသောအရိပ်တစ်ခု။ ခပ်ဝေးဝေးကဆိုတော့ ဘာမှမသဲကွဲ။ သို့သော် ထီးကိုတော့ သူမှတ်မိသည်။

အပြာရောင်ပေါ် အဖြူရောင်ပန်းခက်များနှင့် ထီးကလေး။

"ဘဲပေါက်ရဲ့ထီးပဲ"

သူ့အတွေးမဆုံးမီ လျှပ်စီးကလက်ခနဲ. . .

ရုတ်တရက် အလင်းရောင်ကြား မသဲမကွဲမြင်လိုက်ရသော ချစ်သူမျက်နှာ။

"ဘဲပေါက်၊ ဟုတ်တယ် ဘဲပေါက်"

သူ သတိလက်လွတ်နှင့် အဆောင်အောက်သို့ ပြေးဆင်းမိသည်။ နောက် မိုးရေထဲသို့။ သူ့ခြေလှမ်းများ အလိုလို သွက်လက်နေသည်။ မိုးရေ၏ စိုစွတ်မှုကြောင့် ဖိနပ်တစ်ဘက်ပင် လွင့်ကျန်ခဲ့သည်။

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကို သူအံ့အားသင့်နေသည်။

မိုးရေထဲမှာ လင်းထိုက်တစ်ယောက်တည်း။ အနားမှာ ဘယ်သူမှမရှိ။ သူမြင်လိုက်ရသော အပြာရောင်ထီးကလေးလည်းမရှိ။ ချစ်သူ၏ အရိပ်အယောင်မျှပင်မမြင်။ ပြုစားခြင်း ခံလိုက်ရတာလား။ သူ့အမြင်ပဲမှားယွင်းခဲ့လေသလား ဇဝေဇဝါ။ သူကြက်သီးများပင် ဖြန်းခနဲထသွား၏။

ခုတော့ မိုးရေထဲတွင် သူ စင်းစင်းကြီးရပ်လို့။

"အား"

လင်းထိုက်၏ အာခေါင်ခြစ်အော်သံကြီးစိုးဆဲ။

××××



www.burmeseclassic.com

www.burmeseclassic.com





စားပွဲခုံပေါ်တွင် အပြာရောင်ထီးကလေး ငြိမ်သက်စွာရှိနေသည်။ သူကြည့်နေမှန်းသိ၍လားမသိ ချစ်သူက ထီးကလေးကိုယူပြီး သူ့ပေါင်ပေါ် ပြောင်းတင်လိုက်သည်။

“ညက ကျွန်တော်တို့အဆောင်ဖက် ရောက်သေးလား”

မရည်ရွယ်ဘဲ ထိန်းမနိုင်သိမ်းမရစွာတိုးထွက်လာသော သူ့အမေး။ ချစ်သူမျက်မှောင်ကျုံ့သွား၏။ နောက်မှခေါင်းကိုခပ်သွက်သွက်ယမ်းခါပြီး. . .

“ဟယ်. . . ညမှအပြင်ထွက်လို့မရတာ ဘယ်လိုလုပ်ထွက်ရမှာလဲ၊ ဘာဖြစ်လို့လဲ”

ချစ်သူက အဖြေပေးရင်း တစ်ခါတည်းပြန်မေးသည်။ ဇေမောင် ခေါင်းကိုခါယမ်းလိုက်ပြီး. . .

“ဘာရယ်မဟုတ်ပါဘူး၊ ညတုန်းက လင်းထိုက်နားမှာ တွေ့





လိုက်သလားလို့”

သူ့နှုတ်ဖျားမှ မဖုံးနိုင်မဖိနိုင်အောင်ဖြစ်ပြီး ပြောထွက်သွား၏။ အမှန်ဆိုလျှင်စိတ်ဆိုးစရာစကားဖြစ်သော်လည်း ချစ်သူက မျက်မှောင်သာကျုံ့သွား၏။

“လင်းထိုက်က ဘာဖြစ်လို့တဲ့လဲ”

“အင်း. . . ဘာဖြစ်တယ်ရယ်တော့မသိပါဘူး၊ သူပြောနေတာကတော့ ဟာသလုပ်နေတာ”

“ဟာသလုပ်နေတာ”

ချစ်သူကအံ့အားသင့်စွာပြန်မေးသည်။ သူကတော့ ဖြည်းညှင်းစွာပင် ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။ သူမ ငြိမ်သက်စွာစဉ်းစားနေပုံရသည်။ အတန်ကြာမှပြုံးလိုက်ပြီး. . .

“ရယ်ရသေးတာပေါ့၊ ဟင်း ဟင်း”

ရယ်သံတချို့ကြားရ၏။ ချစ်သူ၏ရယ်သံတွင် လှောင်ပြောင်နေဟန်များ အတိုင်းသားကြားရသည်။

အပြင်မှာတော့ နေပူမိုးရွာနှင့် ရာသီဥတုနှစ်မျိုးကို တစ်ပြိုင်တည်းကျင်းပနေသည်။ သူ၏ရင်ထဲ၌လည်း ပူလောင်ခြင်းနှင့် အေးမြမှုတို့ ပွဲတော်တည်နေကြပြီ။

×××××



www.burmeseclassic.com

www.burmeseclassic.com





ညက မိုးရေစက်ဒဏ်များကြောင့် ခေါင်းတစ်ခုလုံးအုံခဲနေပြန်သည်။ မိုးမရွာသည်နှင့် လူငွေ့၊ အပူငွေ့များနှင့် စည်ကားနေတတ်သော အမျိုးသားသကောင့်သားဆောင်က နှိပ်စက်ခြင်းကိုလူးလှိမ့်စွာခံစားနေရသည်။

"မိုးကရွာမှာဖြင့်လည်း ရွာစမ်းပါဦးကွာ"

သူ့ကို နေမကောင်းဖြစ်အောင် စွမ်းဆောင်ပေးခဲ့သော မိုးရေစက်များကိုတောင် ပြန်တမ်းတမိနေသည်။

ဤသို့ပင်

အချစ်သည် ဖျားနာခြင်းတစ်မျိုးပင် မဟုတ်ပါလား။

ရိုးရိုးသာမန်လူတစ်ယောက်တွင် ဖြစ်လေ့ဖြစ်ထမရှိသောရင်ခုန်ခြင်း ကတုန်ကယင်ဖြစ်ခြင်းများသည် ချစ်ခြင်းဟူသော အဖျားရောဂါစွဲကပ်၍ပေါ်လာရခြင်းတစ်မျိုးပင်။





သာမန်ဖျားသော အဖျားရောဂါသည် ကုသရလွယ်ကူသော်လည်း ချစ်ခြင်းကြောင့်ဖြစ်ပေါ်လာသော အဖျားရောဂါမှာ လွန်စွာကုသရခက်သလောက် ပျောက်ကင်းရန်လည်း ရှည်ကြာလွန်းလှပါသည်။

စဉ်းစားနေရင်း ခေါင်းမှာ ပို၍အုံခဲလာလေသည်။

ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ဆေးခန်းသွားပြမှဟူသောအသိက ခေါင်းထဲအလိုလိုပေါ်လာသည်။

ထို့ကြောင့် မိမိအသိစိတ်ဖြင့်သာ အိပ်ရာပေါ်မှအသာအယာထပြီး ဆေးခန်းရှိရာသို့ခြေဦးလှည့်လိုက်သည်။

ညက မိုးရွာထားသော်လည်း လမ်းမကခြောက်သယောင်းနေသည်။ မိုးရေကြောင့် ကြွေကျနေသော သစ်ရွက်လတ်လတ်ဆတ်ဆတ်များပင် လေထဲလွင့်ပျံနေ၏။ နေပူကျဲကျဲတွင် အုံခဲနေသောခေါင်းကိုက်ဝေဒနာနှင့် လမ်းလျှောက်ရသည်မှာ လွန်စွာဆိုးဝါးလှသော အရသာတစ်ခုပင်။

မျက်လုံးတွေက ကျိန်းစပ်ပြီး ဘာကိုမှမကြည့်ချင်။ မမြင်ချင်။ သို့သော် တွေ့မြင်လိုက်ရသည်ကား. . .

"ဟင့်"

မြင်လိုက်ရသည့် မြင်ကွင်းက သူ့မျက်စေ့တောင် သူမယုံချင်ဖြစ်သွားသည်။ သူ့အနီးရှိ စတိုးဆိုင်တစ်ခုဆီဝင်၍ ကပ်နေလိုက်သည်။

ဟုတ်ပါသည်။ သူ့အမြင်မမှား။

သူမရောက်ခင်မှာပင် ဆေးခန်းထဲမှထွက်လာသော အပြာရောင်ထီးလေး။ ထိုထီးကို ဆောင်းထားသော ချစ်သူ။ ယိုင်နဲ့နဲ့ဖြစ်နေသော လင်းထိုက်ကိုတွဲ၍

ဇေမောင်ကတုန်ကယင်နှင့် စတိုးဆိုင်ထဲမှအသာကပ်ကြည့်

www.burmeseclassic.com



နေလိုက်သည်။

ဘယ်လိုဖြစ်တာလဲ။ ဘယ်မှာတွေ့ကြတာလဲ။မနက်ကလည်း ဘာမှမပြောပါလား။

သူ့ခေါင်းထဲ အတွေးများ ပလုံစီထနေသည်။

ဟိုနှစ်ယောက်ကတော့ သူ့ကိုမမြင်သေးဘဲ သူတို့အလုပ်သာ ဆက်လုပ်နေသည်။ဆိုက်ကားငှား၏။ပြီးတော့ ဘဲပေါက်က လင်းထိုက် ကို တယုတယနှင့် ဆိုက်ကားပေါ် တွဲတင်ပေးသည်။ နောက် သူမက ဆိုက်ကားနောက်ခုံပေါ် တက်လိုက်သည်။

ဆိုက်ကားထွက်သွားတော့မှ လင်းထိုက်က ချစ်သူပေါ် မှီ၍


မြင်ကွင်းထဲမှ ပျောက်သွားသည်အထိ သူငေးကြည့်နေ သည်။

ခေါင်းကိုက်ဖို့လည်း သတိမရတော့။ ဆေးခန်းသွားဖို့လည်း သူစိတ်မပါတော့။ သူ့ခြေလှမ်းများက အလိုလိုအဆောင်ဖက်ပြ လည်၍ခြေဦးလှည့်သွားသည်။

××××







"အား"

ညနက်နက်မှာ ခြောက်ကပ်ကပ်အော်သံ။

အိပ်မပျော်သေးသော ဇေမောင်ခေါင်းထောင်သွား၏။

လင်းထိုက်၏အော်သံမှန်းသူသိသည်။သို့သော် သူထမကြည့် ချင်တော့။

ညနေကမြင်ကွင်း သူ့မျက်လုံးထဲကမထွက်သေး။

"သူငယ်ချင်းအချင်းချင်း ကူညီတာပဲ"

ဟူ၍ စိတ်ထဲ မကြာခဏ ဖြေဖျောက်နေသော်လည်း အဆုံး ပျောက်ဆုံးသွားခြင်းကိုမရောက်နိုင်။ အလိုလိုနေရင်း ထိုမြင်ကွင်း ပြန်ပြန်ပေါ် လာ၏။ အလိုလိုနေရင်း မစ္ဆရိယစိတ် ဝင်လာသည်ဟု သော် မမှားပေ။

"အား"

www.burmeseclassic.com



အာခေါင်ခြစ်အော်သံက ကြားနေရတုန်း။ ချစ်သူများ ထီး အပြာလေးနှင့် ရောက်လာဦးမှာလား။

စိုးရိမ်စိတ်က ထိတ်ခနဲ။ သူထကြည့်ရန်ပြင်လိုက်သည်။ ရုတ်တရက်ထလိုက်သည့်အတွက်ခေါင်းက ဆစ်ခနဲကိုက်တက်လာပြန်၏။

မဖြစ်နိုင်ပါဘူးလေ။ မနေ့က ချစ်သူကိုယ်တိုင် သူမဟုတ်ဘူး ပြောထားသည်ပဲ။

သို့သော် သူ့ခေါင်းထဲဘာကိုမှ မဝေခွဲနိုင်။

သူ့ဟာသကဘာလဲ။ သူလုပ်နေတာ ဘာအတွက်လဲ။ အားလုံးအတွက်လား။ သူ့တစ်ယောက်တည်းအတွက်လား။

မဝေခွဲနိုင်။

တစ်သက်တာအတွက် မေ့မရနိုင်သောဟာသသည် မည်သည့်ဟာသအမျိုးအစားဖြစ်မည်နည်း။

သူမဝေခွဲနိုင်။

သို့သော် ချစ်သူကိုမေးရန်မေးခွန်းများ ခေါင်းထဲ အလိုလို ပေါ်လာ၏။

ထိုအတွက် အဖြေကဘာဖြစ်မလဲ။

သူမဝေခွဲနိုင်။

××××







ရာသီဥတုက စိမ်းစိုနေသည်။

ဘွဲ့နှင်းသဘင်ဘေး သစ်ပင်ရိပ်အောင် ချစ်သူတစ်ယောက် ကည်းထိုင်နေသည်။

သည်တစ်ကြိမ်မှာတော့ ချစ်သူဆီသွားဖို့ ခြေလှမ်းတွေလေး ယံနေ၏။

"ရှာလို့တွေ့သားပဲ"

ပြုံးရယ်၍ နှုတ်ဆက်သော ချစ်သူ၏စကားကို သူမကြည်နူးနိုင်။ ချစ်သူ၏နံဘေး သူခပ်လေးလေးဝင်ထိုင်လိုက်သည်။

"ဟင်. . . နေမကောင်းဘူးလား၊ မျက်နှာလည်းမကောင်းဘူး"

ချစ်သူက နဖူးကိုဖွဖွလေးလာစမ်းသည်။ သူ ချစ်သူလက်ကလေးကိုဆွဲယူရင်း. . .



www.burmeseclassic.com

"ဘဲပေါက်"

သူမ အံ့ဩဟန်နှင့်ငေးကြည့်နေသည်။ လက်ကိုတော့ ရုန်းမထွက်သေး။ သူကသာ သက်ပြင်းချ၍

"ကျွန်တော် မေးစရာရှိလို့"

ချစ်သူပါးစပ်ကလေး ဟသွား၏။ နောက်မှ ခေါင်းညိတ်ရင်း

"အင်း. . . မေးလေ၊ ဘာမေးဖို့လဲ"

ချစ်သူမျက်နှာ ဒေါသေအချာကြည့်ရင်း. . .

"ကျွန်တော့်ကို ဝ ကယ်ချစ်တာပဲလား"

သူမ တိုးတိုးဖွဖွရယ်ပါသည်။ နောက် သူလ က်မောင်းကို မနာကျင်အောင်ထိုးပြီး

"ဘာများမေးမလဲလို့ စိတ်ပူလိုက်ရတာ"

ဝေ့ဝဲနေသော ဆံနွယ်စများကို လက်တစ်ဖက်နှင့် သပ်ဖယ်နေသည်။ လေပြည်က သူမဆံနွယ်စကိုဖုံးအုပ်စေသည်။ သူမ၏ရယ်သံက လေပြည်ညှင်းလို ပေ့ဝဲနေ၏။

"မနေ့ညနေက လင်းထိုက်ကိုဆေးခန်းလိုက်ပို့တာတွေ့လိုက်သလားလို့"

သူမ ဆတ်ခနဲဝေ့ကြည့်သည်။ ပြီးနောက် အတန်ကြာငေးစိုက်နေသည်။

"တွေ့လိုက်တယ်လား"

"အင်း"

"ဩော်"

သူမမျက်နှာလေးပြန်လှည့်သွား၏။ သူမ၏မျက်နှာအမူအရာများပြောင်းလဲသွားသည်ဟုထင်မိသည်။ ဇေမောင်ကတော့ ရှေ့ဆက်ရမည့်စကားများအတွက်ရင်တုန်နေမိသည်။ သို့သော် သူ့စိတ်ထဲ၌ ထိုစကားလုံးများ အလိုလိုတိုးထွက်နေသည်ဟုပင်ထင်မိသည်။





"ဘဲပေါက်"

သူမ ငြိမ်သက်နေသည်။

"လင်းထိုက်ကို တော်တော်လေး သံယောဇဉ်ရှိတာလား"

သူမ၏မျက်နှာလေးပြန်လှည့်လာ၏။ ဘာမှပြေဆိုသံမကြားရဘဲငြိမ်သက်နေပြန်သည်။ သစ်ရွက်လေတိုးသံများ ကြားရလောက်အောင်တိတ်ဆိတ်နေသည်။ ညကတည်းက သစ်ရွက်ပေါ် မှီတည်နေသောရေစက်ကလေးများက တစ်စက်နှစ်စက်မျှလွင့်ကျလာသည်။ သူမ၏မျက်ဝန်းတွင် မျက်ရည်စအချို့ကို ထူးဆန်းစွာတွေ့နေရလေသည်။

"အမှန်အတိုင်းပြောရမလား"

သူဘာမှပြန်မဖြေမိ။ ဆိတ်ဆိတ်နေခြင်းဖြင့်ပင် ဝန်ခံရာရောက်နေပေပြီ။ သူမအသံတိုးတိုးလေး ထွက်ပေါ်လာသည်။

"သူနဲ့ကျွန်မက စေ့စပ်ထားတာမဟုတ်ပေမဲ့ မိဘတွေသဘောတူထားတာ"

"ဗျာ"

သူမစကားသံက တကယ့်ကို တိုးတိုးလေးဖြစ်သော်လည်း သူ့နားထဲ ကျယ်လောင်စွာကြားလိုက်ရသည်။ ထင်မှတ်ထားသည်ထက် များစွာပို၍ဆိုးသွမ်းသောစကားဖြစ်နေ၍ သူဘာမှပြန်မပြောတတ်လောက်အောင် ဆွံ့အနေ၏။

"နောက်ပြီး သူကလည်းကျွန်မကို ချစ်ကြောင်းဖွင့်ပြောဘူးတယ်၊ ဒါပေမဲ့"

စကားစကို ရပ်လိုက်သည်။ ပြီးနောက် ဝဲနေသောမျက်ရည်စကိုပင့်သုတ်ရင်း. . .

"ကျွန်မ သူ့ကိုအဖြေမပေးခဲ့ဘူး"

ထိုစကား၏နောက်ကွယ်တွင် အဓိပ္ပာယ်ပေါင်း မြောက်မြား

www.burmeseclassic.com



စွာတွယ်ကပ်နေလောက်ပါသည်။

ပမာဏအားဖြင့် မပြောပြတတ်လောက်အောင် သေးငယ်လွန်းလှသော မိုးရေစက်များ ကြဲပြန့်လာသည်ကိုသတိထားမိသည်။ ပိုးကောင်ငယ်များသဖွယ် ခန္ဓာကိုယ်အနှံ့အပြားသို့ ထိုမိုးရေစက်များ တွယ်ကပ်နေလေသည်။

"သူက ကျွန်မကို ငယ်ငယ်လေးထဲကနိုင်ခဲ့တာ"

သူမ၏စကားသံမှာ နာကြည်းသံလား။ သို့တည်းမဟုတ် ကြည်နူးသံလား သူမခွဲခြားနိုင်။

"သူနဲ့ကျွန်မဘယ်ထဲက စသိခဲ့တယ်တော့ မမှတ်မိဘူး၊ ဒါပေမဲ့ ကျွန်မ ခြောက်နှစ်သမီးလောက်ကပေါ့"

××××







ဆောင်းတွင်းချမ်းချမ်းစီးစီး နံနက်ခင်း၌ မြတ်မြတ်သစ် အမေဝတ်ပေးလိုက်သော အနွေးအကျီကလေးဝတ်ပြီး ကျောင်းဝင်းထဲပြေးဝင်လိုက်သည်။

အနွေးထည်ဝတ်ထားသည်ကိုတောင် အကျီကြယ်သီးဟသည့်နေရာမှ လေတိုးသည်ကိုမခံရပ်နိုင်လောက်အောင် ခံစားရသည်။ ထိုအချိန်မျိုးမှာပင်

"သစ်သစ် . . . သစ်သစ်"

သူ့နောက်က ခေါ်သံကြားရ၍ လှည့်ကြည့်လိုက်တော့

"လင်းထိုက်"

အနွေးထည်ဝတ်မလာဘဲ လက်နှစ်ဘက်ကိုပိုက်၍ ပြေးလာသည်။ သူငယ်ချင်းတွေနှင့် ပြေးရင်းလွှားရင်း ရောက်လာ၍ အနွေးထည်မေ့ခဲ့ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်. . . နင့်အနွေးထည် ငါ့ကိုပေးစမ်း"

အနားရောက်သည်နှင့် သူ့အနွေးထည်ကိုလှမ်းဆွဲ၏။ သူလည်းအတင်းရုန်းကန်ပြီး. . .

"ဟင့်အင်း. . . ဟင့်အင်းဘာလို့ပေးရမှာလဲ၊ နင်က ဘာလို့ကိုယ့်အနွေးထည်ကိုယ်မဝတ်လာတာလဲ"

"ငါ ငါမေ့ခဲ့လို့ဟ၊ အဲဒါကြောင့် အနွေးထည်လာယူတာ"

"ဘာလို့ယူရမှာလဲ၊ ကိုယ့်ဘာသာကိုယ် ချမ်းတတ်ရင်ဝတ်လာပေါ့၊ ငါလည်း ချမ်းလို့ဝတ်လာတာပဲ"

"မပေးဘူးလား၊ မပေးရင်လုမှာနော်"

"ဘာလို့လုရမှာလဲ၊ လုရဲလုကြည့်ပါလား"

သူ့အင်္ကျီလေးကို အတင်းဆွဲစေ့ရင်း ရန်တွေ့လိုက်သည်။ ဟိုကလည်းမလျှော့။

"ဩော်. . . နင်ကဒီလိုလား၊ ဒါဆိုလုပြီ"

"ဟဲ့. . . လင်းထိုက်၊ မလုပ်နဲ့ လွှတ်"

သူ့အတင်းရုန်းကန်ရင်း ပြောသည်။ လင်းထိုက်ကလည်း မလွှတ်ဘဲ သူ့အင်္ကျီကို အားကုန်ဆွဲလိုက်သည်။

"ဖြုတ်"

"ဟာ"

လင်းထိုက် ဆွဲလိုက်သောအရှိန်ကြောင့် အင်္ကျီကြယ်သီးများ ပြုတ်ထွက်သွား၏။

"လွှတ်ဆိုလွှတ်နော် လင်းထိုက်"

သူ့အင်္ကျီကလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အားကုန်ရုန်းကန်ကြည့်သည်။ သို့သော် အားချင်းကမမျှ။

"ဟာ. . . အင့်"

"အား"





လင်းထိုက်က အင်္ကျီကို အတင်းဆွဲပြီး သူ့ကို မြေပြင်ပေါ်သို့ တွန်းလှဲချလိုက်သည်။ တွန်းလိုက်သောအရှိန်ကြောင့် မြေပြင်နှင့်ဆောင့်မိပြီး သူ့နှုတ်ခမ်းကွဲသွားလေသည်။

လင်းထိုက်ကတော့ သူ့ကိုဂရုမစိုက်ဘဲ သူမ၏အနွေးထည်လေးဝတ်ပြီး ကျောင်းခန်းထဲပြေးဝင်သွားလေတော့၏။

သူမကတော့ ခိုက်ခိုက်တုန်အောင် ချမ်းစီးနေသောအအေးဒဏ်များကိုပွေ့ပိုက်ရင်း မျက်ရည်လည်ရွဲနှင့် နှုတ်ခမ်းမှစီးကျနေသောသွေးများကိုသုတ်နေရလေသည်။ စာသင်ခန်းထဲရောက်သည်နှင့်

"ဟင်. . . သစ်သစ် အနွေးထည်မပါဘူးလား၊ ဘာဖြစ်လာတာလဲ၊ နှုတ်ခမ်းမှာလည်း သွေးတွေနဲ့"

ဆရာမ၏ ကရုဏာသံနှင့်အမေး။ သူမ ဘာမှပြန်ပြီးအဖြေမပေးမိ။

"ရန်ဖြစ်လာတာလား သမီး"

သူ့နှုတ်ဖျားမှာ စကားသံများ ထွက်ပေါ်မလာ။ လင်းထိုက်ကတော့ သူ့အနွေးထည်ကို လုံခြုံစွာဝတ်ရင်း ကျေနပ်ဟန်နှင့် ပြုံးနေသည်ကိုတွေ့ရ၏။ သူကတော့ ထိုနေ့တစ်နေ့လုံး စာသင်ခန်း၌ ခန္ဓာကိုယ်တစ်ခုလုံး ခိုက်ခိုက်တုန်ရင်း နှုတ်ခမ်းမှာရရှိခဲ့သော ဒဏ်ရာမှာလည်း ယောင်ကိုင်းလာသည်နှင့်အမျှ နာကျင်မှုကိုပါ ခံစားနေရသည်။

×××××



www.burmeseclassic.com

www.burmeseclassic.com





သူမထံမှ သက်ပြင်းချသံ တိုးတိုးကြားရ၏။

"အဲဒီနောက် သုံးရက်လောက်ဖျားတော့တာပဲ၊ အမေတို့ကို ပြန်ပြောတော့လည်း"

"သမီးရယ် သည်းခံလိုက်ပါ၊ အမေတို့က သူတို့မိဘတွေနဲ့ စီးပွားရေးလုပ်နေရတာတဲ့"

"ဟောဒီနှုတ်ခမ်းပေါ်က ဒဏ်ရာကတော့ သေရာပါပေါ့"

မိုးဖွဲလေးများက သူမ၏နှုတ်ခမ်းဖျားပေါ် စုပြုံကျသွားသလို ထင်ရ၏။ ကောင်းကင်၌လည်း တိမ်ရိပ်များမည်းတက်လာသည်။ နေရာပြောင်းလဲရန် သတိမရမိသေး။ သူမမျက်ဝန်းကလည်း ကောင်းကင်လိုညို့နေလေပြီ။

"အရှယ်ရောက်လာတော့လဲ"

တိမ်တစ်အုပ် သူတို့နောက်ဖက် ရွေ့သွားသည်။

×××××





"လိုက်. . . လိုက်ဟေ့၊ ဟိုဘက်လမ်းကိုပြေးပြီ၊ မလွတ်စေနဲ့ လိုက်"

ဘုန်းကြီးကျောင်းမှ တစ်ယောက်တည်းပြန်လာသော သူမ အထက်ပါအော်သံကြားရ၍ လန့်ပြီး အနောက်ဘက် ပြန်လှည့်ကြည့်မိသည်။

ဒရောသောပါး ပြေးလာသောခြေသံများ။

"လင်းထိုက်. . . လင်းထိုက်ပါလား"

သေလုမျောပါး ပြေးလာသော လင်းထိုက်ကိုမြင်တော့ သူမ ဖုံ့အားသင့်သွားသည်။ သူ့နောက်တွင်လည်း တုတ်၊ ဓား လက်နက်များစွဲကိုင်၍ ပြေးလိုက်လာသော လူတချို့။

"သစ်သစ်. . . ငါ့ကိုကယ်ပါဦး၊ ငါ့ကိုကယ်ပါဦး"

လင်းထိုက်၏ ကြောက်လန့်တကြားအော်သံ။ အနောက်မှ လူများက တွေ့ကရာနှင့်လှမ်းပစ်သည်။ သူမလည်း ရုတ်တရက်မို့ ဘာလုပ်ရမှန်းမသိဘဲ ကြောက်လန့်ပြီး ကြောင်ဖေးကြည့်နေမိသည်။

သူမနားရောက်သည်နှင့် လင်းထိုက်က သူမနောက်ကနေ ဆိုင်းဖက်လိုက်သည်။ ပြီးနောက် အသံကျယ်ကျယ်နှင့်. . .

"ဟေ့ကောင်တွေ ရှေ့မတိုးနဲ့နော်၊ ရှေ့တိုးရင် ဒီကောင်မ လေးကို ငါသတ်လိုက်မယ်"

ထင်မှတ်မထားခင်မှာပင် လင်းထိုက်၏ လက်တစ်ဘက်က သူမ၏လည်ပင်းပေါ် တင်းကြပ်စွာကျရောက်လာသည်။

"အစ်. . . အစ်"

လင်းထိုက်လက်က သူမလည်ပင်းကို ပိုမိုတင်းကြပ်လာသည်။ ထိုအချင်းအရာကိုမြင်တော့ သူ့နောက်ပြေးလိုက်လာသူများ ရပ်တန့်သွား၏။

"ဟေ့ကောင်. . . ကောင်မလေးကိုလွှတ်လိုက်၊ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ဘာမှမဆိုင်ဘူး"

"မလွှတ်ဘူးကွာ၊ မင်းတို့နောက်ပြန်ဆုတ်မှငါလွှတ်မယ်"

ဟိုဘက်ကလည်း မိန်းကလေးတစ်ယောက်ပါနေ၍ ဘာ ဆက်လုပ်ရမှန်းမသိဖြစ်နေပုံရ၏။ သူမကလည်း လင်းထိုက်တင်း ကြပ်စွာချုပ်ကိုင်ထား၍ ဘယ်လိုမှရုန်းထွက်၍မရ။

"ဟေ့ကောင်. . . ဒီကောင်မလေးက သူနဲ့ပါတနာကွ၊ ဘာမှ ရွေးမနေနဲ့ ချသာချ"

တစ်ယောက်၏အော်သံ။ ထိုအော်သံကြောင့် ကျန်ယည့်သူ များ ပြန်လည်တက်ကြွကုန်၏။

"အေး. . . ဒါဆိုလည်းချကွာ"

"ဟုတ်တယ်၊ တစ်ယောက်မှအလွတ်မပေးနဲ့"

အခြေအနေက ရုတ်ချည်းပြန်လည်တင်းမာလာသည်။ ဟို ဘက်ကလည်း လူမရှောင်ဘဲ တကယ်ဝင်ရိုက်တော့မည့်ပုံ။

ထိုခဏမှာပင် လင်းထိုက် မထင်မှတ်သော အပြုအမူတစ်ခု ကို ပြုလုပ်လိုက်သည်။

"မင်းတို့ရိုက်ချင်ရင် ရော့ကွာ"

"အို. . . အမေ့"

လင်းထိုက် သူမကို ရှေ့တိုးလာသောလူစုထဲတွန်းလွှတ်လိုက် သည်။ သူမလည်းတွန်းလွှတ်လိုက်သော ထိုလူစုကြားလဲကျသွား၏။ လင်းထိုက်ကတော့ ထိုအရာကိုအခွင့်ကောင်းယူ၍ လှစ်ခနဲ ပြေးထွက် ပျောက်ကွယ်သွား၏။

"ဟာ. . . ပြေးပြီ၊ ပြေးပြီ၊ ဟိုကောင်ပြေးပြီ"

"ဟာ. . . လွတ်သွားပြီ၊ လွတ်သွားပြီကွ"

လွတ်ထွက်သွားသော လင်းထိုက်ကိုကြည့်ပြီး အားလုံး မကျေ မနပ်ရေရွတ်ကြသည်။





"မိလို့ကတော့ကွာ၊ တောက် အရေခွံပါစုတ်ပြီမှတ်"

"အာ. . . ဟေ့ကောင်တွေ"

အားလုံး၏အာရုံက သူမဆီ ပြန်လည်ကျရောက်လာသည်။ သူမကလည်း လင်းထိုက် တွန်းချလိုက်သောအရှိန်ကြောင့် မထနိုင် သေး။

"ဟေ့ကောင်တွေ မဆိုးဘူးကွနော်"

အားလုံးသူ့နားဝိုင်းလာ၍ သူမတုန်နေအောင်ကြောက်လန့် သွားရသည်။

"မ. . . မလုပ်ပါနဲ့ရှင်၊ မလုပ်ကြပါနဲ့"

ကြောက်လန့်တကြား သူမ မြည်တမ်းသံ။ အားလုံးက ထိုစကားကို ကြားဟန်မတူ။ သူမကိုသာ သားကောင်သဖွယ် ဝိုင်းရံ နေကြသည်။

"ဘယ့်နှယ်လဲ ကိုယ့်လူတို့၊ ဟိုကောင့်ကိုမရတော့ရင်လည်း မရှုံးဘူးနော့၊ ဟီး ဟီး"

"ဒီလိုအခွင့်အရေးမျိုးကတော့ကွာ ဟဲ ဟဲ ဘယ်လက်လွှတ် လို့ရမှာလဲ"

အားလုံး၏မျက်လုံးများက အဓိုးတွေဝေနေသည်။ သူမမှာ ကြောက်လန့်လွန်း၍ မေ့လဲမတတ်။

"ကျွန်မကို. . . ကျွန်မကို ချမ်းသာပေးကြပါရှင်၊ ချမ်းသာ ပေးကြပါ"

"ဟီး. . . ဟီး ဒီလိုတောင်းပန်လို့ ဘယ်ဖြစ်ပါ့မလဲ၊ တောင်း ပန်နည်းရှိတယ်ညီမလေးရဲ့"

အားလုံး သူမနား ဝိုင်းကပ်လာသည်။ မျက်လုံးတွေက စား တော့ဝါးတော့မတတ်။ သူမသည်လည်း ကြောက်လန့်လွန်း၍ ရူးသွား မတတ်။ အားလုံးက သူမအနားရောက်လာကြပြီ။ ထိုစဉ်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ မင်းတို့ကောင်မလေးကိုဘာလုပ်နေကြ တာလဲကွဟေ့"

အော်သံတစ်ခု။ လင်းထိုက်တော့မဟုတ်။ ရွာကလူတစ် ယောက်။ လက်ထဲတွင်လည်း ဓားတစ်စင်းကျစ်ကျစ်ပါအောင်ဆုပ် ထား၏။ သူမလည်းအားတက်ပြီး. . .

"ဦးလေး. . . ဦးလေး ကျွန်မကိုကယ်ပါ"

ထိုသူကိုမြင်တော့ သူမနား ဝိုင်းထားသူများကလည်း

"ဟော့ကောင်တွေ အခြေအနေမကောင်းဘူး၊ လစ်ကြရ အောင်"

ဆိုကာ ထွက်ပြေးသွားကြလေသည်။

×××××







"သူက ပြန်လည်းမလာဘူး"

လေပြည်များက ဝေ့ဝဲနေသည်။ မျက်ရည်စလား မိုးစက် ား မသိဘဲ မျက်နှာကို လာစင်သည်။

"သူ ကျွန်မကို ပြန်လည်းမတောင်းပန်ဘူး၊ ဘာလို့လဲဆို တော့ အားလုံးဟာ သူ့လူတွေချည်းပဲလေ"

သူ သက်ပြင်းချလိုက်မိသည်။

"သူကစတယ်ဆိုပေမဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ ယ်လောက်ခံစားရမယ်ဆိုတာ စဉ်းစားသာကြည့်"

သူမနဲ့ ခွဲခွာခဲ့တာ မည်မျှကြာခဲ့ပြီဖြစ်ကြောင်း မသိတော့။ ယော် သူမ၏စကားသံများ နားထဲကြားယောင်ဆဲ။

"သူ့ကိုမေးကြည့်တော့ ချစ်လို့စတာတဲ့၊ ချစ်လို့စတာတစ်ဖက် အတွက် ဘယ်လောက်နာတယ်ဆိုတာ စဉ်းစားသာကြည့်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မှာ အခုအချိန်ထိ အဲဒီမြင်ကွင်းကို အိပ်မက်ဆိုးအဖြစ် မက်မိနေတုန်း"

သူ ကောင်းကင်ကို မော့ကြည့်လိုက်သည်။ မိုးရေစက်များ တဖွဲဖွဲ သူ့မျက်နှာပေါ် ကျလာ၏။ သို့သော် မိုးရေစက်က သူ့မျက်ဝန်း မှထွက်လာသော မျက်ရည်လောက် မနွေးထွေး။ သူမစကားသံက လည်း မိုးရေစက်လို အေးစက်စက် ကြားယောင်နေဆဲ။

"တစ်ခါကလည်းလေ"

××××

"ဘဲပေါက်. . . ဘဲပေါက်"

အနောက်မှခေါ်သံနှင့် ခြေသံများကြားရသည်။ လှည့်ကြည့် စရာမလိုဘဲ လင်းထိုက်မှန်းသိသည်။ သူ့ကို နာမည်ဖျက်ပြီးခေါ်တာ ဆိုလို့ ဒီတစ်ယောက်သာရှိသည် မဟုတ်ပါလား။

မွေးနာမည်အဖျက်ခံရခြင်းကို မည်သည့်မိန်းမက ကြိုက်နှ သက်နိုင်မည်နည်း။ သို့သော် သူ့ကိုတော့ ခွင့်လွှတ်ထားရသည်။

လင်းထိုက်က သူမနား ရယ်ကျဲကျဲနှင့် ပြေးလိုက်လာပြီး. . .

"မောလိုက်တာဟာ. . . နင်ကလည်း ရပ်ကိုမစောင့်ဘူး"

ဟုတ်ပါသည်။ လင်းထိုက်၏နဖူးမှာ ချွေးစချွေးနများ စီးကျ နေသည်။

"ဘာကိစ္စလဲ"

သူမ ခပ်တိုတိုပင်မေးလိုက်သည်။ လင်းထိုက်က ရယ်ကျဲကျဲ နှင့်ပင် ခေါင်းကုတ်ပြီး. . .

"ဟိုလေ. . . နင့်ကို စိုးနိုင်စာပေးထားတာလေ"

သူမ စိတ်ညစ်စွာ သူ့ကိုပြန်ကြည့်လိုက်ပြီး. . .

"အဲဒါ နင်ယူလာတာပဲလေ၊ ဟိုတစ်ခါ စာတွေလည်း နင်ပဲ"

"ဟုတ်တယ်လေ. . . အဲဒါ နင် စိုးနိုင်ကိုပြန်အဖြေပေး လိုက်ပါ၊ သူက နင့်ကို အရူးအမူးဖြစ်နေလို့၊ ဟီး ဟီး"





လင်းထိုက်စကားကြားတော့ သူမပို၍စိတ်ညစ်သွားသည်။

"ဟဲ့. . . ငါမှမကြိုက်တာ၊ ဘာလို့အဖြေပေးရမှာလဲ"

"နင်ကလည်းဟာ စိုးနိုင်က ရိုးတယ်ဟာ၊ စလို့လည်းကောင်း တယ်"

"အဲဒါဆို နင့်ညီမဝမ်းကွဲဖြူဖြူသိန်းရှိတာပဲ၊ သူနဲ့စပ်ပေး လိုက်ပါလား"

"ဟာ. . . ဖြူဖြူသိန်းကိုက စိုးနိုင်ကမကြိုက်ဘူးဟ၊ အသား လည်းမည်းတယ်၊ အရပ်လည်းပုတယ်၊ ပါးစပ်လည်းပြဲတယ်ဆိုပြီး နေပါဟာ ငါ့ဘာသာငါပဲကြည့်စီစဉ်လိုက်ပါ့မယ်၊ ဟီဟိ"

ဆိုကာ ပြန်လည်ပြေးထွက်သွားပြန်လေသည်။ ခပ်လှမ်းလှမ်း ရောက်မှ လင်းထိုက်က

"ဟဲ့ ဘဲပေါက် နင့်ကိုတွက်ခိုင်းတဲ့အိမ်စာ နင်တွက်ပြီးပြီ လား"

"ဟင်. . . ဩော် မတွက်ရသေးဘူး၊ မအားလို့"

သူမအဖြေကို လင်းထိုက်က တစ်ဘက်လှည့်ရင်း. . .

"အေး. . . အေး အဲဒါဆို အဲဒီအဖြေကို ငါပဲရေးလိုက်တော့ မယ်နော်"

သူမယောင်တောင်တောင်နှင့် ခေါင်းညိတ်ပြလိုက်မိသည်။ သူမကတော့ အဖြစ်တစ်ခုမှ လွတ်မြောက်သွားသလို သက်ပြင်းချ၍။

××××

နောက်တစ်နေ့မနက် သူမကျောင်းသို့သွားရန် လမ်း လျှောက်လာစဉ်. . .

"ဟိတ်"

"အို. . . အမေ့"

အနောက်မှ လက်ကိုဆွဲ၍ သူမလန့်သွားသည်။ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ စပ်ဖြဲဖြဲမျက်နှာနှင့် စိုးနိုင်။ သူမလည်း အံ့အားသင့်သွားပြီး. . .

"ဟင်. . . ရှင် ရှင် ဘာလုပ်တာလဲ၊ ဘာလို့လက်လာဆွဲတာလဲ"

သူမ၏အမေးကို စိုးနိုင်က မရယ်ရမနေနိုင်သော မျက်နှာဖြင့်. . .

"ဘာဖြစ်လို့လဲ၊ ကိုယ့်ချစ်သူလက်ကိုဆွဲတာပဲ၊ ဆွဲပါရစေနော်"

"ချစ်သူ. . . ဘာချစ်သူလဲ"

သူမ အံ့အားသင့်သွားသည်။ ဒါကို စိုးနိုင်က. . .

"အေးလေ မနေ့ကပဲ ချစ်ပါတယ်ဆိုပြီး စာပြန်လိုက်ပြီးတော့များ၊ အခုမှ မသိချင်ယောင်ဆောင်နေပြန်ပြီ"

စိုးနိုင်၏စကားကြောင့် သူမပို၍အံ့အားသင့်သွားရသည်။

"ဟင်. . . မနေ့က စာပြန်လိုက်တယ်၊ ဘယ်သူက ပြန်လိုက်တာလဲ"

"မြတ်မြတ်ပဲပြန်လိုက်တာလေ မြတ်မြတ်ရဲ့၊ လင်းထိုက်ယူလာပေးတာ"

"မြတ်မြတ်ဆိုတာ ကျွန်မလား"

"အင်းလေ. . . ကျွန်တော်က အမြတ်တနိုးနဲ့မို့ မြတ်မြတ်လို့ခေါ်တာ၊ ခေါ်ရဘူးလား"

အတော်ရှူးတဲ့ မျက်နှာပဲဟု သူမမှတ်ချက်ချမိသည်။

"ဘယ်မှာလဲ အဲဒီစာ"

သူမ၏အမေးကို စိုးနိုင်က သူ့လွယ်အိတ်ထဲမှ စာတစ်စောင်ကို ဆွဲထုတ်ပြီး. . .

"ဒီမှာလေ မြတ်မြတ်ရဲ့"





စာရွက်ကလေးက ပန်းရောင်ကလေးပါ။ သူမ စာကိုဆွဲယူကြည့်လိုက်တော့. . .

လင်းထိုက်လက်ရေး။ ရေးထားတာက

"စိုးကိုချစ်တယ်"

မြတ်မြတ်သစ်

"ဟင်. . . ဒါ လင်းထိုက်လက်ရေးပဲ၊ လင်းထိုက်လက်ရေးရှင်မသိဘူးလား"

"သိတယ်လေ မြတ်မြတ်ရဲ့၊ ဒါပေမဲ့ လင်းထိုက်ကပြောတယ် မြတ်မြတ်က သူရေးရမှာရှက်လို့တဲ့၊ အဲဒါ၊ သူ့ကိုလက်ရေးရေးခိုင်းလိုက်တာတဲ့"

သူမ ပို၍ဒေါသထွက်သွားရသည်။

"ဟင်. . . ဘာမှ ကျွန်မ မရေးခိုင်းဘူး၊ ဒါ သူ့ဘာသာသူရေးတာ"

"အဲလိုတော့ မလိမ်ပါနဲ့၊ အဲဒါဆို မနေ့ကလင်းထိုက်ကမေးတော့ ဘာလို့ခေါင်းညိတ်ခဲ့တာလဲ"

"ဘာကိုလဲ"

"အဖြေကို ငါရေးလိုက်တော့မယ်ဆိုတာကို ခေါင်းညိတ်ပြခဲ့တာလေ၊ ကျွန်တော့်မျက်စေ့နဲ့လည်းမြင်တယ်၊ နားနဲ့လည်းကြားတယ်နော့၊ ခိုးချောင်းနေတာ"

သူမ ပြန်စဉ်းစားလိုက်သည်။ မနေ့က လင်းထိုက်နှင့်ဆုံတုန်းပြောခဲ့သည့်စကားတွေ တရေးရေး။

"ဟင်. . . အဲဒါ အိမ်စာပေးတဲ့သချာအကြောင်းပြောတာလေ"

"အဲသည်လိုတော့ ပြောင်မလိမ်ပါနဲ့"

စိုးနိုင်ရဲ့ အသံကျယ်ကျယ်ကြားတော့ ဒေါသထွက်နေသော

စိုးနိုးစာပေ

www.burmeseclassic.com

သူမပင် လန့်သွား၏။ ဘေးနားဝေ့ကြည့်တော့ အားလုံးကသူတို့ကို ကွက်ကြည့်ကွက်ကြည့်နှင့်။

"ဘာမှပြောင်မလိမ်ဘူး၊ ရှင့်ရှေ့မှာတင် လင်းထိုက်ရေးတဲ့စာက ကျွန်မစာဖြစ်မလား၊ ရှင် ဦးနှောက်ရှိရင်စဉ်းစားကြည့်ပါဦး"

"ဘာကိုစဉ်းစားနေရမှာလဲ၊ မနေ့က ခင်ဗျားပဲ လင်းထိုက်က အဖြေပေးလိုက်ရမလားဆိုတော့ ခေါင်းညိတ်ပြခဲ့တာမဟုတ်လား"

"အဲဒါ ရှင့်ကိုပြောပြီးပြီမဟုတ်လား၊ အိမ်စာပေးတဲ့ သချာကိစ္စမေးလို့ ဖြေပါတယ်ဆိုမှ"

ခဏတော့ တိတ်ဆိတ်သွား၏။ သူမလည်း ဒေါသထွက်လွန်း၍ တဆတ်ဆတ်တုန်ကာ မျက်ရည်များလည်းစီးကျလာ၏။

"တော်ပြီ . . . ဘာမှလာရှင်းပြမနေနဲ့၊ ခင်ဗျားဟာမြွေဟောက်မပဲ၊ မနေ့ကပဲချစ်တယ်၊ ဒီနေ့မချစ်ဘူးနဲ့ ခင်ဗျားဟာ စကားမတည်တဲ့မိန်းမ၊ ကိုယ့်စကားတောင် ကိုယ်မယုံတဲ့မိန်းမ"

စိုးနိုင်၏ဒေါသတကြီးအော်သံ။ လူအားလုံးသူမကိုဝိုင်းကြည့်နေကြသည်။ သူမချာခနဲလှည့်ထွက်လာသည်။

"ခင်ဗျားတို့မိန်းမတွေအချစ်ကို ပေါ့ပေါ့တန်တန်သဘောထားရင် ဘာဖြစ်မယ်သိလား၊ ဘာဖြစ်နိုင်တယ်သိလား"

စိုးနိုင်ရဲ့အော်သံက ကျယ်နေတုန်း။ လူတွေရဲ့မျက်လုံးများက သူ့အပေါ်မှာလျှံကျနေတုန်း။ ရှက်လွန်း၍လဲသေချင်စိတ်ပါပေါက်နေသည်။

×××××







"အဲဒီတုန်းက ကျွန်မစဉ်းစားမိတယ်၊ ငါသေသွားရင်ကောင်းမှာပဲလို့"

သူမအသံက နာကြည်းနေတာလား၊ ကြေကွဲဝမ်းနည်းနေတာ လား မဝေခွဲနိုင်။ သူမနှင့် လမ်းခွဲပြီး အတော်ကြာကြာထိ စကားသံများကပျောက်မသွား။ သူကိုယ်တိုင်လည်း ဘယ်ကဘယ်လိုခြေဦးလှည့်နေမှန်းမသိ။ သူ့ပါးပြင်ပေါ်မှာလည်း မိုးရေတွေလား၊ မျက်ရည်တွေလားတောင်သူမသိ။ သူမ၏စကားသံများကကြားနေရဆဲ။

"သူ ကျွန်မကို အဲသည်လိုလုပ်ခဲ့တာက နေ့စဉ်နဲ့အမျှဆိုတော့ပြောလို့တောင်ကုန်မှာမဟုတ်ဘူး"

ဟုတ်ပါသည်။ သူကြားရသည်ကိုက နားနှင့်မဆံ့တော့။

"ဇေမောင်နဲ့ကိစ္စကိုပဲကြည့်လေ၊ အဲသည်လို သူရေးပေးတဲ့စာချည်းပဲ ကျွန်မလက်ထဲမှာ သုံးဆယ့်လေးစောင်ရှိတယ်၊ သူကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပေးခဲ့တာ အပါအဝင်ပေါ့"

သူမစကားသံ ကြားယောင်ရင်း သူ ဟက်ခနဲရယ်လိုက်မိသည်။ ရှက်ရယ်ရယ်တာဖြစ်ပေလိမ့်မည်။ ကိုယ့်ကိုယ်ကိုင်ပင် မဝေခွဲနိုင်တော့။

"သင်းပျံ့အေးတို့ကိစ္စကလည်း သူလုပ်တာပဲလေ"

မထင်မှတ်သောကိစ္စများ၏ ပါဝင်ပတ်သက်မှုများ ကြားရ၏။

××××

ညနေစောင်း ကျောင်းဆင်းခေါင်းလောင်းထိုးပြီ။

"ဒီလိုဟ သင်းပျံ့အေးရ၊ နင်ကိုမြမောင်ကြီးကို အဖြေပေးလိုက်"

"ဟယ်. . . မဟုတ်တာ ဘာလို့အဖြေပေးရမှာလဲ၊ သူရုပ်ကြီးကို"

သင်းပျံ့အေးက ငြင်းသည်။ ဒါကို လင်းထိုက်က ခပ်ဟဟရယ်ရင်း. . .

"အဲလိုမဟုတ်ဘူးဟ၊ နင်အဖြေပေးရမှာ တစ်ရက်ထဲ"

"တစ်ရက်ထဲ"

သင်းပျံ့အေးက လိုက်လံရေရွတ်သည်။ သူမ သူငယ်ချင်းများက ဘေးနားကနေ စိတ်ဝင်တစားဖြင့်အကြောင်သားငေးကြည့်နေ၏။

"အေး. . . တစ်ရက်ထဲ၊ ပြီးရင် ဟစ်ရက်နှစ်ရက် နင် သူ့ကိုရှောင်နေလိုက်၊ နောက်မှသူငယ်ချင်းတွေနဲ့ဆုံမှ"

လင်းထိုက်ကို အားလုံး စိတ်ဝင်တစားနှင့် ငေးကြည့်နေကြသည်။

"ငါသင်ပြမယ်၊ ဒီလိုဟာ"





အားလုံး၏မျက်နှာများက ပြုံးစေ့စေ့နှင့်. . .

××××

မပြုံးချင်ဘဲ သူပြုံးမိသွားသည်။ ကျောင်းဆင်းခေါင်းလောင်းထိုးသံ ဒေါင်ခနဲကြားရသည်။ မိုးကစဲမယောင်နှင့် သည်းလာ၏။ သူ့တစ်ကိုယ်လုံးလည်း မိုးရေများဖြင့်ရွှဲနစ်နေပြီ။ ခန္ဓာကိုယ်တစ်ခုလုံးတဆတ်ဆတ်တုန်နေသည်။ သို့သော် မိုးစက်မိုးပေါက်သဖွယ်စကားသံများက နားထဲကမထွက်သေး။

"ဇေမောင်နဲ့ကိစ္စကိုလည်း သူပဲစခဲ့တာပဲလေ၊ သူ့အစီအစဉ်တွေကအများကြီးပါပဲ၊ သူ ကျွန်မကိုလာပြောတာလေ"

လျှပ်စီးလက်သလို ဖျတ်ခနဲမြင်လိုက်ရသည်။

×××××

"လုပ်စမ်းပါ ဘဲပေါက်ရ၊ ဒီကောင်ကြီးကို ငါတစ်ခါမှ မစရသေးဘူး"

လင်းထိုက်၏စကားကြားတော့ သူမမျက်လုံးပြူးသွား၏။

"ဟယ်. . . မလုပ်ပါနဲ့၊ သူက ရိုးရိုးအေးအေးလေး"

လင်းထိုက်က အားရပါးရရယ်သည်။ ပြီးမှ. . .

"ဟား. . . ဟား အဲဒါကြောင့်ငါကစချင်တာပေါ့၊ ဒီမှာနောက်ပြီး ဒီကောင်ကနင့်ကိုကြိုက်နေတာတဲ့၊ ဟဲ ဟဲ"

"လင်းထိုက်"

သူမအသံက ဒေါသဖြင့် အနည်းငယ်ကျယ်လောင်သွားသည်။

"ဒါ စစရာမဟုတ်ဘူး"

"တစ်ရက်တည်းပါဟာ၊ ပြီးရင် ဒီကောင်ဘယ်လောက် လူးလိမ့်ထွက်သွားမယ်ဆိုတာ ကြည့်ချင်လို့၊ ဟီဟိ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းထိုက်"

သူမ၏အော်သံကို လင်းထိုက်က ဂရုမစိုက်ဘဲရယ်နေ၏။

"အခုဟာက ငါလေ"

လင်းထိုက်ထံမှ ရယ်သံကြားရ၏။

"ဘဲပေါက်ရယ် ဘာမှတွေးမနေပါနဲ့၊ ဒါတွေက အပေါ်ယံတွေပါ၊ ကြာရင်သူ့ဘာသာသူစိတ်ပျက်သွားပါလိမ့်မယ်"

"သူစိတ်ပျက်မပျက်တော့မသိဘူး. . . ငါတော့ နင့်ကိုစိတ်ပျက်နေပြီလင်းထိုက်"

"ဟား. . . ဟား ဒါကလည်း အခုမှမဟုတ်တာ၊ ဟိုးငယ်ငယ်လေးထဲက နင်ငါ့ကိုစိတ်ပျက်နေကြပဲ၊ မထူးဆန်းပါဘူး၊ ဟဲ ဟဲ ကဲ ငါသွားလိုက်ဦးမယ်၊ နင်လည်း စိတ်ပျက်လက်စနဲ့ ဆက်ပျက်လိုက်တော့"

"နေဦး လင်းထိုက်၊ ငါ မေးစရာရှိသေးတယ်"

"နောက်မှမေးတော့ ဘဲပေါက်ရာ၊ ငါ ကိုမြမောင်နဲ့ အရေးတကြီးကိစ္စ ချိန်းထားလို့၊ ကဲ သွားလိုက်ပါဦးမယ် See you"

သူမ မတားမြစ်နိုင်မီ ပျောက်ကွယ်သွား၏။

သူမ မေးကြည့်ချင်သည့်စကားက. . .

"နင် ငါ့ကို တကယ်ချစ်တာမှဟုတ်ရဲ့လား"

သူမ၏စိတ်အတွေးထဲမှာတော့ ဒေါသများ လက်စားချေချင်စိတ်များ တဖွားဖွား။

"ဘဲပေါက်"

"ဟင်. . . ဇေမောင်"

ရုတ်တရက် ဇေမောင်ကိုမြင်တော့ သူ့အံ့အားသင့်သွားသည်။ သူတို့ပြောတာများ ကြားသွားပြီလားစိတ်နဲ့ရှက်ရွံ့စွာ။

"နင်ငိုနေတာလားဟင်"

××××







"ငိုနေတာလားဟင်"

ထိုစကားမှာ လွန်စွာအဖြေရခက်လွန်းသည်။ ကိုယ်တိုင်ပင် မျက်ရည်လား၊ မိုးစက်များလား မခွဲခြားနိုင်သည့်ဘဝ။

သူ့လို ငိုပွဲဆင်နေသော ကောင်းကင်ကြီးကို မော့ကြည့်မိသည်။ နေက ဘယ်အချိန်ဝင်သွားသည်မသိ၊ အမှောင်က ကြီးစိုးနေလေပြီ။

ကွဲအက်ခြောက်ကပ်နေသော သူ့မစကားသံက ညအမှောင်များလို သူ့ကိုချောက်ချားစေခဲ့သည်။

"အဲဒါကတော့ သူ့သူငယ်ချင်းကို အဖြေပေးလိုက်တာပါပဲ"

ဝုန်းခနဲ မိုးကြိုးပစ်သံကြားရ၏။

××××

www.burmeseclassic.com





"နင်. . . နင် တကယ်အဖြေပေးလိုက်တာလား ဘဲပေါက်၊ နင်တကယ်အဖြေပေးလိုက်တာလား"

လင်းထိုက်၏စကားသံများက စိုးရိမ်ပူပန်မှုများနှင့်တုန်ယင်နေသည်။ သူမကတော့ အေးဆေးစွာပင်. . .

"အေးလေ နင်ပြောတဲ့အတိုင်းပဲ ငါအဖြေပေးလိုက်တာ"

"ဟ. . . နင့်ကို ငါပြောတာ တစ်ရက်တည်းအတွက်ပြောတာလေ"

"ဟုတ်လား၊ ငါ့နားထဲမှာတော့ တစ်သက်လို့ကြားမိသလားလို့၊ ဟင်း ဟင်း"

"ဟာကွာ"

သူမ၏အသံက လှောင်ရယ်သံများ ကြီးစိုးနေ၏။

လင်းထိုက် တစ်ဖက်သို့လှည့်သွားသည်။ နောက် အလိုလို





ကြွေကျလာသော သစ်ရွက်ကို အဝေးရောက်အောင် ကန်ထုတ်နေသည်။ အတန်ကြာမှ ဂနာမငြိမ်သောမျက်နှာဖြင့်. . .

"ဒီမှာ နင်နဲ့ငါ့ကို မိဘကသဘောတူထားတာနင်သိလား"

"ပဲအရောင်းအဝယ်၊ မြေပဲအရောင်းအဝယ် သဘောတူစာချုပ်နဲ့ သားသမီးကိုရောမထည့်ပါနဲ့၊ ငါတို့ကျောင်းပြီးလို့ အိမ်ပြန်မရောက်မချင်း ဒီကိစ္စနဲ့ ဘာမှမဆိုင်ဘူး"

လင်းထိုက် သူ့ဆံပင်ကို သူဖွပစ်လိုက်သည်။ အသက်ရှူသံပြင်းပြင်းကိုလည်း ကြားနေရသည်။

"ဒီမှာ"

လင်းထိုက်စကားကို ဖြတ်လိုက်ပြီး သူမကိုစိုက်ကြည့်သည်။ သူမကလည်း ခပ်တည်တည်ပြန်စိုက်ကြည့်နေသည်။

"နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာနင်သိလား"

သူမ ခပ်ဟဟရယ်လိုက်သည်။ နောက်မှ မယိုတရီလေသံနှင့်. . .

"သရုပ်ဆောင်ကကောင်းသားပဲ၊ မင်းသားလုပ်ပါလား"

"နင် ငါ့ကိုမလှောင်နဲ့"

"လှောင်နေတာမဟုတ်ဘူး လင်းထိုက်၊ တကယ်ချစ်တဲ့သူကသူချစ်သူကို ဒုက္ခအကြိမ်ကြိမ်ရောက်အောင်လုပ်ပါ့မလား၊ နင်ပဲစဉ်းစားကြည့်လေ"

"နင့်ကို ငါပြောပြီးပြီမဟုတ်လား ဘဲပေါက်၊ ဒါတွေအားလုံးဟာ ချစ်လို့စတာပါလို့"

လင်းထိုက်၏အော်သံ။ သူမခုံမှ ဖြေးညှင်းစွာ ထရပ်လိုက်ပြီး

"ချစ်လို့စတာ နာတယ်လင်းထိုက်၊ ချစ်လို့စတာ နာတယ်၊ ဒဲဒီစကား မှန်မမှန် နင်ကိုယ်တိုင်ပြန်ခံစားကြည့်ပါ၊ အခုကိစ္စကိုလည်း ငါကနင့်ကို ချစ်လို့စတာလို့ပဲသဘောထားပေးပါ၊ နာမနာ



www.burmeseclassic.com

www.burmeseclassic.com



နင်ကိုယ်တိုင်ဆုံးဖြတ်ပေါ့၊ ဒါပါပဲ၊ ကဲ ငါသွားပြီ"

သူမစကားဆုံးသည်နှင့် လှည့်ထွက်လာလိုက်သည်။ အနောက်မှာမှ လင်းထိုက်၏ဒေါသတကြီးအော်သံ အားခနဲကြားလိုက်ရ၏။

သူမကတော့ ပြုံးလျက်။

×××××

မရည်ရွယ်ဘဲ အားခနဲ သံကုန်ခြစ်အော်လိုက်မိသည်။ ဖြတ်သွားဖြတ်လာများက သူ့ကိုအရူးတစ်ယောက်သဖွယ်လှည့်ကြည့်သွားကြသည်။ သူ့မျက်လုံးထဲဘာမှမမြင်တော့။ နားထဲမှာသာ သူမစကားသံများက ဆူပွက်စွာကြားနေရလေသည်။

"ဆယ်တန်းအောင်တော့ သူကဆေးမှတ်မှီတယ်လေ၊ ဒါပေမဲ့ ကျွန်မကိုချစ်ခင်စိတ်နဲ့ ကျွန်မနဲ့နီးတဲ့ကျောင်းကို ပြောင်းနေတယ်၊ အဲဒီမှာတင် ကျွန်မ သူ့ကိုငြိုးတေးလာတဲ့ လက်စားချေချင်စိတ် အောင်မြင်ဖို့ ပိုနီးလာခဲ့တယ်"

လက်စားချေခြင်းတဲ့လား။ ဘယ်သူက ဘယ်သူ့ကို လက်စားချေခဲ့တာလဲ။ အဲဒီကြားထဲမှာ ဘယ်သူက ကြေကွဲခဲ့ရတာလဲ။ သူကိုယ်တိုင်က အသုံးချခံပစ္စည်းတစ်ခုလား။

အချစ်မှာ အသုံးချခံပစ္စည်းများရှိပါသလား။ အဲဒါက ဟောဒီလိုဘာမှမသိဘဲ ဝင်တိုးမိတဲ့လူရိုးတစ်ယောက်လား။ အဲဒီအတွက်က အကျိုးအမြတ်က ဘာလဲ။ ကြေကွဲခြင်းလား၊ ကြည်နူးမှုလား။ ဒါတော့မဖြစ်နိုင်။ ကြည်နူးမှုက ခဏတာအတွင်းပျောက်ဆုံးခဲ့ပြီပဲ။

အချစ်က လူတစ်ယောက်ကို တောင်ပံပေါက်နိုင်သလို ချိုလည်းပေါက်နိုင်ကြောင်း သူဘာလို့မစဉ်းစားမိခဲ့တာလဲ။

အချစ်က မိုးရေထဲက လူတစ်ယောက်ကိုတောင် တောက်လောင်ပြာကျသွားနိုင်ကြောင်းသူဘာလို့မသိခဲ့တာလဲ။





အချစ်က မျက်မမြင်ဒုက္ခိတတစ်ယောက်ဖြစ်အောင် ဘယ်လိုစွမ်းဆောင်မှုမျိုးရှိကြောင်းကိုတော့ သူရိပ်မိနေပြီ။

အဲသည်လို တည့်တည့်ပြောတော့ ရိပ်မိသား။

××××



www.burmeseclassic.com

www.burmeseclassic.com





လမ်းတောက်လျှောက် မီးရောင်များ မသည်းမကွဲမြင်နေရသည်။ မိုးရေစက်များက ထိုမီးရောင်ထဲ ပြေးဝင်ပြီး သက်တန့်ရောင်သဖွယ် ပြန်ခုန်ထွက်လာကြသည်။ ညကား နက်နေလေပြီ။

သူတစ်ယောက်တည်း မိုးရေထဲ၌ မည်မျှ သတိလက်လွတ်လျှောက်သွားနေမိသည်မသိ။ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေလေပြီ။ ခပ်ဖြည်းဖြည်းလေးလေးသာ အဆောင်လမ်းဖက်ပြန်လည်လျှောက်လှမ်းနေမိသည်။ လမ်းက မှောင်မည်းပြီး လူသူ ကင်းရှင်းနေလေပြီ။ သို့သော်. . .

အမျိုးသမီးအဆောင်နှင့် မလှမ်းမကမ်း လမ်းမပေါ် ဒူးထောက်ထိုင်နေသောသူတစ်ယောက်။ သူ့ခန္ဓာကိုယ်က ရေများရွှဲနစ်ကာတဆတ်ဆတ်တုန်နေ၏။ ညမှောင်မှောင် မိုးရေထဲမှာမို့ မသည်းကွဲ။ ထိုသူ၏ခန္ဓာကိုယ်ပေါ်တွင် ကလေးဝတ် မိန်းမအနွေး အင်္ကျီလေး





တစ်ထည် ထပ်ဝတ်ထား၏။

ဇေမောင် ထိုသူထံ ဦးတည်၍ ထိုသူ၏ရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။ သတိကင်းမဲ့နေသူတစ်ယောက်ပမာ ခေါင်းမော့မလာသေး။

"လင်းထိုက်"

သူမော့မကြည့်ပါ။ ငုံ့ထားသော မျက်နှာဆီက ရေစက်တွေလား၊ မျက်ရည်တွေလားမသိ။ တစ်စက်စက် စီးကျနေသည်။ ခန္ဓာကိုယ်ကတော့ တဆတ်ဆတ်တုန်ပြီး နှုတ်ခမ်းများပင် ပြာနှမ်းနေသည်။

"ငါတို့တွေကို မင်းဖြစ်စေချင်တဲ့ဆန္ဒက ဘာလဲလင်းထိုက်"

လင်းထိုက်ဆီက ဘာမှပြန်ဖြေသံမကြားရ။

"မင်းလုပ်နေတဲ့ဟာသက ဘာလဲ၊ ဘဝတစ်သက်တာလုံးအမှတ်ရစေမဲ့ ဟာသဆိုတာဘာလဲ၊ မင်းကိုယ်တိုင်ရော ရယ်ရသေးရဲ့လားလင်းထိုက်"

"ချစ်လို့စတာပါကွာ"

"ချစ်လို့စတာနာတယ်ကွ၊ နာတယ်"

ဇေမောင်၏အသံက ဒေါသသံပေါက်သွား၏။

"ဆောရီးသူငယ်ချင်း၊ ငါ မင်းကို ဒေါသထွက်တာမဟုတ်ပါဘူး၊ တုံးလွန်းတဲ့ငါ့ကိုယ်ငါဒေါသထွက်မိတာပါ"

လင်းထိုက်ထံမှ တိုးတိုးဖွဖွရယ်သံကြားရ၏။ သဘောကျ၍ရယ်သလား၊ လှောင်ပြောင်ပြီးရယ်လိုက်သလားတော့မသိ။

"မင်းတုံးတာမဟုတ်ဘူး ဇေမောင်၊ တကယ်တန်း တုံးတာက ငါပါ၊ မိန်းမတွေရဲ့ စိတ်သဘောထားကို တစ်သက်လုံးမရိပ်မိလောက်အောင်တုံးခဲ့တာ ငါပါ"

ဇေမောင်ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ထိုနှစ်



www.burmeseclassic.com

ပင်

"အေး. . . မိန်းမတွေရဲ့စိတ်သဘောထားကို လုံးဝခန့်မှန်းလို့မရဘူးကွ၊ သူတို့က အခုသခွားသီး၊ အခု ခရမ်းသီး၊ ဟ ဒီညနှစ်ယောက်တောင်ပါလား"

အသံကျယ်ကျယ်နှင့်ပြောလည်းပြော ဒယီးဒယိုင်နှင့်လှမ်းဝင်လာသော ကိုမြမောင်ကြီး။ သူလည်း အသည်းကွဲပြီး အရက်မူးလာပုံရသည်။ သူတို့နား ဒူးထောက်ထိုင်ချလိုက်ပြီး. . .

"ညီလေးတို့အားလား"

"အားတယ်အစ်ကို"

သူ့စကားကို နှစ်ယောက်လုံး သံပြိုင်အဖြေပေးလိုက်မိသည်။

"ဒါဆို တွဲကကြရအောင်"

သုံးယောက်လုံး တိုင်ပင်မထားဘဲ ပြိုင်တူထရပ်လိုက်မိသည်။ နောက်တစ်ယောက်ခါး ပခုံးဖက်၍ ငြိမ့်နေကြသည်။ သုံးယောက်လုံးမိုးမိပြီး တဆတ်ဆတ်တုန်နေတာကိုက အပျော်လွန်ပြီး ထွန့်ထွန့်လူးနေပုံ။

"မိန်းမတွေရဲ့စိတ်သဘောက တကယ်ခန့်မှန်းရခက်တယ်ကွ၊ ဟိုတလောကပဲ မင်းတို့သူငယ်ချင်း သင်းပျံ့အေးငါ့ကိုအိမ်သာထောင့်မှာ ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ်ဆိုပြီး. . ."

"အာ. . . ဖြည်းဖြည်းပြောစမ်းပါဗျာ၊ ဖီးပျက်တယ်. . . အဟင့်"

"ဟုတ်ပါတယ် အစ်ကိုရာ၊ ဒီမှာခံစားနေပါတယ်ဆိုမှ. . . ရှုတ်"

ထေ "ငါလည်း ဖီးနဲ့ပြောနေတာပါပဲကွာ၊ အဟင့်. . . မင်းတို့ကာ ားကြည့်လေ ငါ့မှာအဲဒီစကားလေးကြားဖို့နန်းစော်စော် အိမ်သာကွဲ။ င်းမှာ စောင့်ဖမ်းရတာ၊ အဲဒီတော့မှ သူက ချစ်တယ် ချစ်တယ် ချစ်တယ်"

"တောက်. . . ရွှံစရာကောင်းလိုက်တာဗျာ"

"ဘာကိုပြောတာလဲဟင်"

"ခင်ဗျားအမူအရာကိုပြောတာ"

"ဟုတ်ပ. . . ရိုးရိုးပြောလည်း ရတဲ့ဟာကို"

"ငါကိုက ဖီးတက်နေတာပါကွာ၊ နောက်တစ်နေ့ကြမှ ချစ်ဘူး၊ ချစ်ဘူး၊ ချစ်ဘူး"

"တော်ပါတော့ဆိုဗျာ. . . ခင်ဗျားဟာက မိုးစက်တွေလား၊ တံတွေးတွေလားမသိဘူး စင်ကုန်ပြီ၊ ဟင့် ဟင့်"

လင်းထိုက်စကားကို ကိုမြမောင်မကြားတော့။ သူ့ဖီး(လ်)နှင့်သူသာဆက်၍

"အမှန်တော့အချစ်ဆိုတာ အင်အင်းပါချင်တုန်း စက်ဘီးနင်း ရသလိုပါပဲကွာ၊ ထွက်မလိုဝင်မလိုနဲ့ ခံစားရအတော်ဆိုးပါတယ်ကွာ၊ အရင်လိုလည်းကုန်းမညှစ်ရဲ၊ ထိုင်ပြန်တော့လည်း ထွက်လမ်းရှိသူကိုတမင်ပိတ်ထားသလို၊ ရပ်ထားတော့လည်း ဘယ်မှမရောက်နင်းမယ်ဆိုတော့လည်း ဒူးမကွေးရဲ၊ အခြေအနေအတော်ဆိုးပါတယ်ကွာ"

"ကျပ်ပြားလေးမျှချလိုက်ပေါ့အစ်ကိုရာ"

လင်းထိုက်၏စကားကို ကိုမြမောင်က. . .

"တောက်. . . မင်းတို့ကောင်တွေကွာ အတော်ဖီးနည်းတဲ့ကောင်တွေ၊ မင်းတို့နဲ့မပေါင်းတော့ဘူး၊ ငါဘာသာငါ အဆောင်ကကောင်တွေကိုအရက်တိုက်ပြီးရင်ပြန်ဖွင့်တော့မယ်၊ ဟီး သူက ချစ်ဘူး၊ ချစ်ဘူး၊ ချစ်ဘူးတဲ့ ဟီး"

ဆိုကာ လက်တွဲဖြုတ်သွားလေတော့၏။

အခုတော့ မိုးရေထဲနှစ်ယောက်တည်း လက်တွဲလို့။ နှစ်







www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံးမိုးရေစက်များကြောင့်ယိုင်လဲချင်ချင်။ သို့သော် တစ်ယောက် ကိုတစ်ယောက် တွဲဖက်ထားတုန်း။

"လင်းထိုက်"

ပြန်ဖြေသံမကြားရ။ သူ၏ခန္ဓာကိုယ်က ပျော့ခွေနေသယောင်ခံစားရသည်။

"မင်းတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပါလား"

"ဟင်. . . ဟုတ်လား၊ ငါစမ်းမိတာက မင်းခန္ဓာကိုယ် ပူနေသလိုပဲ"

"မဟုတ်ဘူးသူငယ်ချင်း၊ မင်းခန္ဓာကိုယ်က ပူနေတာပါ"

ဟုတ်ပါသည်။ နှစ်ယောက်လုံး၏ခန္ဓာကိုယ်က ပူနေသယောင်ထင်ရ၏။ လက်တွဲက မဖြုတ်ဖြစ်သေး။

"ငါတို့ ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲဟင်"

လင်းထိုက်ထံမှ ဘာမှပြန်ဖြေသံမကြားရ။ ဇေမောင်မှပင်ဆက်၍

"ငါ. . . ငါ နောက်ဆုတ်ပေးပါ့မယ်သူငယ်ချင်း"

"မင်းနောက်ဆုတ်စရာမလိုဘူး ဇေမောင်"

"ဘာဖြစ်လို့"

လင်းထိုက်ထံမှ သက်ပြင်းချသံကြားရသည်။ နောက် တိုးတိုးဖွဖွရယ်သည်။

"ဒါ ငါလုပ်နေတဲ့ဟာသပဲ"

"ဘာ. . . ဘာပြောတယ်"

လင်းထိုက် ရယ်နေသလား၊ ငိုနေသလားမသိ။ ခန္ဓာကိုယ်တဆတ်ဆတ်တုန်နေသည်။

"မင်း. . . မင်းဟာသက မင်းဟာသက ဘာလဲ"

ဇေမောင် ကတုန်ကယင်နှင့်မေးသည်။ မသက်သာစိတ်နှင့်





လူချင်းခွာပြီး လင်းထိုက်ကိုပြန်ကြည့်သည်။

သူ့မျက်ဝန်းမှာ မျက်ရည်များနှင့်။ ငိုချင်စိတ်ကို ထိန်းထားရသည့်ပုံ။

"မင်း. . . မင်းဟာသက၊ မင်းလုပ်နေတဲ့ဟာသက"

"ငါ့ရဲ့ဟာသက. . ."

စကားပင်မဆုံးလိုက်။ လင်းထိုက် ခေါင်းဆတ်ခနဲလန်သွားသည်။

"ဟာ"

သူလှမ်းဆွဲရန်ပြင်တုန်းမှာပင် လမ်းပေါ်အရုပ်ကြိုးပြတ် လဲကျသွား၏။

ခွပ်ခနဲ ကတ္တရာလမ်းနှင့် သူ့ခေါင်းဆောင့်သည့်အသံ။

"လင်းထိုက်. . . လင်းထိုက်"

ဇေမောင်၏ ကျယ်လောင်သောအော်သံ။ ကတ္တရာလမ်းတစ်လျှောက် မိုးရေစက်များ သွေးနှင့်ရောပြီးနီရဲသွားလေသည်။

"လင်းထိုက်. . လင်းထိုက်၊ ဟာ လုပ်ကြပါဦး၊ လင်းထိုက်လင်းထိုက်"

ဇေမောင် လင်းထိုက်ကိုလှမ်းပွေ့လိုက်သည်။ လင်းထိုက်ဦးခေါင်းမှသွေးများ သူ့လက်နှင့်ခန္ဓာကိုယ်တွင်စေးကပ်သွား၏။

"လင်းထိုက်. . . လင်းထိုက် ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး"

သူ့အော်သံက မိုးရေစက်များကို မကျော်လွှားနိုင်။

"လင်းထိုက်. . . လင်းထိုက်၊ သတိထားနော် လင်းထိုက်"

လင်းထိုက်၏ခန္ဓာကိုယ်က ပျော့ခွေနေသည်။ သူလည်း ချက်ချင်း အရှူးမီးဝိုင်းသလို ဘာလုပ်လို့လုပ်ရမှန်းမသိ။ မိုးရေစက်များက ခေါ်သံကြားအောင်မကြား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှမရှိကြဘူးလားဗျို့၊ ဒီမှာ ကျွန်တော့်သူငယ်ချင်း မူးလဲလို့၊ ကယ်ကြပါဦး"

ဘာမှမထူးခြား။

"လင်းထိုက်. . . လင်းထိုက် သတိထား၊ ငါ မင်းကိုထမ်းသွားမယ်"

သူ လင်းထိုက်၏ ပျော့ခွေနေသော ခန္ဓာကိုယ်ကို ပခုံးပေါ် ပွေ့တင်လိုက်သည်။

"ကယ်ကြပါ၊ ကယ်ကြပါဗျို့"

ခန္ဓာကိုယ်နှစ်ခုလုံးကမိုးရေများရွှဲနစ်နေ၍ တော်ရုံနှင့် ထမ်း၍မလွယ်။

"လုပ်ကြပါဦးဗျို့၊ ဘယ်သူမှ ဘယ်သူမှမရှိကြဘူးလား၊ ဟား ဟား"

အော်ရလွန်း၍ အသံက ကွဲအက်ခြောက်ကပ်နေပြီ။ ဘာမှ ထူးခြားခြင်းမရှိ။

"လင်းထိုက်. . . လင်းထိုက်၊ သတိထားနော် လင်းထိုက်"

သူ့ခြေလှမ်းနောက်မှ သွေးစက်များ လိုက်ပါနီရဲနေလေသည်။

"ငါ. . . ငါ ရောက်အောင်သွားမယ် လင်းထိုက်၊ မင်းသတိထား၊ မင်းသတိထား"

သူကမူးရှူးထိုးနှင့်ရေရွတ်နေသည်။ သူ့ရေရွတ်သံကိုဘယ်သူမှကြားပုံမပေါ်။

သူ့ခြေလှမ်းများ ယိုင်နဲ့နေသည်။ သူအားတင်းထားတုန်း။

"ဘယ်သူမှမရှိကြဘူးလား၊ ကယ်ကြပါ၊ ကယ်ကြပါ၊ အား ဟီး"

သူ့မျက်ဝန်းတွင် မျက်ရည်များ ပြည့်လျှံနေသည်။





"အား"

ထမ်းထားသောခန္ဓာကိုယ်ကို သူဆက်မထိန်းနိုင်ဘဲ လမ်းပေါ် လဲကျသွား၏။ ပင်ပန်းနွမ်းနယ်ခြင်း၊ ဖျားနာခြင်းတို့ကြောင့် သူ့အားအင်များကုန်ခမ်းနေပြီ။ သူ့အသိစိတ်ပင်လွတ်တစ်ချက်မလွတ်တစ်ချက်။

"လင်းထိုက်. . . လင်းထိုက်၊ ကယ်ကြပါ၊ ကယ်ကြပါဗျို့"

သူ့အသံတွေ ကွဲအက်နေပြီ။ အားအင်များလည်း ကုန်ခမ်းနေပြီ။ လင်းထိုက်ကိုပွေ့၍ သူအားတင်းထရပ်လိုက်သည်။ ခြေလှမ်းတစ်လှမ်း နှစ်လှမ်းမှာပင် သူပြန်လဲကျသွား၏။

"ကယ်ကြပါ၊ ကျွန်တော့်သူငယ်ချင်းကို ကယ်ကြပါ၊ ဟီး. . . ဟီး. . . ဟီး"

သူ၏ငိုသံနှင့် အော်သံများ ရောယှက်နေသည်။

ပြေးလာသောခြေသံများ။ ဓာတ်မီးရောင်တချို့။

"ကယ်ကြပါ၊ ကယ်ကြပါ"

သူ့အသံများက ကျယ်လောင်ခြင်းမရှိတော့။ သူ့အမြင်အာရုံများမှုဝါးနေသည်။ နောက်. . .

မှောင်ခနဲ. . .

×××××



www.burmeseclassic.com

www.burmeseclassic.com





ထိုအဖြစ်အပျက်ကို အစအဆုံးထိုင်ကြည့်နေသော မိန်းမ တစ်ယောက်ရှိသည်။ သူမ၏မျက်နှာပေါ်တွင် မည်သည့်ခံစားချက်ကို မှ မမြင်ရ။

ကြည်နူးဟန်၊ ကျေနပ်ခြင်း၊ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းများ လည်းမရှိ။

သက်သောင့်သက်သာပင် အဆောင်ပြတင်းပေါက်မှနေ၍ ငေးကြည့်နေခြင်းမျှသာ။

သို့သော်. . .

သူမ၏မျက်ဝန်းတွင်တော့ မျက်ရည်များနှင့်။

သူမ၏စိတ်ထဲတွင်လည်း ထိုညမှစ၍ နှစ်ခြိုက်စွာ အိပ်ပျော် နိုင်တော့မည်ဟု။

အိပ်မက်ဆိုးများ မောင်းထုတ်နိုင်ခဲ့ပြီ။

xxxx







မင်္ဂလာပါ။

ဘယ်သူဟာ ဘယ်သူကြောင့် အသက်ရှင်နေတယ်လို့ မပြောပါနဲ့လား။

အတွေ့အကြုံရှာကြတယ်။ ရှင်သန်ကြတယ်၊ ကြီးရင့်ကြ တယ်။

မျှော်လင့်ကြတယ်။ ကျဆုံးကြတယ်။ အောင်မြင်ကြတယ်။ သေဆုံးသွားတယ်။

ဘယ်သူဟာ ဘယ်သူကြောင့် ရှင်သန်ကြတယ်။ သေဆုံးကြ တယ်လို့ မပြောပါနဲ့လား။

နေထိုင်ရတယ်။ ရှာဖွေရတယ်။ အနိုင်ပိုင်းရတယ်။ ပေးဆပ် ရတယ်။

ချစ်တတ်ရတယ်။ မေ့ပစ်ရတယ်။ အစိုင်အခဲလုပ်ရတယ်။

ချဲ့ထွင်ရတယ်။ ဖျက်ပစ်ရတယ်။

ဒါကြောင့် ဘယ်သူဟာ ဘယ်သူကြောင့်လို့ မပြောပါနဲ့လား။

ကျေးဇူးတင်ပါတယ်။

++++++



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်တွေကိုငြိမ်းပစ်ပါတော့
ရင်ထဲမှာပူပြင်းတောက်လောင်နေတဲ့
မီးအိမ်တွေကိုငြိမ်းပစ်ပါတော့။
ဘာအလင်းရောင်မှမပေး၊ ဘာလမ်းမှမမြင်ပဲ
တစ်ကိုယ်စာသာ တောက်လောင်နေတဲ့ တောမီးလို
မီးအိမ်တွေကိုငြိမ်းပေးပါ။
ဆုံစည်းခြင်းတွင် နွေးထွေးရုံတောက်လောင်နေသောမီး၀
ကြာမြင့်စွာတောက်ပခဲ့ပြီးမှ
ခွဲခွာချိန်ကျမှ မီးအိမ်ငယ်ကျက်ကျက်ဆူဝေစေခဲ့ပြီ။
လျှို့ဝှက်စွာ ပူဆွေးနာကြည်းမှု
အဘယ်သူက တိတ်တဆိတ်ဆောင်ကျဉ်းခဲ့သနည်း။
ပျော်ရွှင်ဘွယ်တီးတိုးသံများက
နှလုံးသား၌ ကြောက်မက်ဖွယ်အော်ဟာစ်ငိုကြွေးနေပေပြီ။
အလင်းရောင်သည် လူသားတို့၏လိမ်လည်မှုကြောင့်
တောက်လောင်နေရခြင်းကိုမှ သိပါလေစ။
ဤသို့ဖြစ်သောကြောင့်
ရတနာတစ်ပါးဖြစ်သော နှလုံးသားသည်
ခဲကျစ်နေအောင် လောင်ကျွမ်းခဲ့လေပြီ။
အို . . . အရှင် . . . .
မီးအိမ်တွေကိုငြိမ်းပစ်ပါတော့ . . . ။





ထာ၀ရလျှို့ဝှက်မှုများကို နာကျင်စွာမြှုသိပ်ထားရှိမှု၊ မှုန်တိုင်းမထန်မီ လေပြည်လေညှင်းများက အချိန်ကာလအလျောက် ရင်ထဲမှပေါက်ကွဲထွက်လာသည်။

ညှိုးခြောက်နေသောခံစားချက်က သည်းထန်သောမိုးရေစက်ထိခတ်ခံရသလို ပြန်လည်စိမ်းစိုလာ၏။

ဒေါသစိတ်တို့ခိုနားရာ နှလုံးသားသည်လည်း လှိုင်းထန်သလို ရင်ထဲရုန်းကြွလာပေပြီ။ မည်သူကများ တားဆီး၍ရနိုင်မည်နည်း။

လက်စားခြေမှု၊ တုံ့ပြန်ခံစားမှု၊ ကြေကွဲနာကြည်းမှုများ အစိုင်အခဲအသွင်ပြောင်းလဲ၍ လောကသုံးပါး၌ လှည့်ပတ်သွားလာနေပေပြီ။

မျက်စေ့သူငယ် နားသူငယ်ဖွင့်မြေစာပင် မည်သူကကယ်တင်နိုင်မည်နည်း။

++++++

"ဇေမောင် . . ဇေမောင် . . . သတိရပြီလား . . . "

ပထမဆုံးသတိရသည်နှင့် တိုးဖွသောခေါ်သံကြားရ၏။

"လင်း . . . လင်းထိုက် . . . "

မသိစိတ်ထဲမှာပင် သူ၏အသံကိုမှတ်မိနေသည်။ မျက်လုံးဖွင့်ရန်ကြိုးစားပါသော်လည်း ခေါင်းကဲ့ဘဲခဲ့ပြီး မျက်လုံးကပေါက်ထွက်မတတ် ယောင်ကိုင်းနေသယောင်ထင်ရသည်။ မျက်ဝန်းထဲမှောင်မဲနေ၏ မျက်လုံးဖွင့်မရသေး။

"ငါ . . ငါ . . ဘယ်ရောက်နေတာလဲ . . ဘား . . "

လက်ကလေးလှုပ်မိသည်နှင့် ခိုက်ခိုက်တုန်အောင် နာကျင်မှုရသည်။

"မလှုပ်နဲ့ . . မလှုပ်နဲ့ဇေမောင် . . . မင်းလက်မှာပိုက်တန်း

www.burmeseclassic.com



လန်းတွေ”

“အများကြီးလား”

“ရန်ကုန်ကိုရေပေးတဲ့ ဂျိုးဖြူပိုက်လိုင်းလောက်တော့ရှိမှာပေါ့ ဟီးဟီး . . .”

လင်းထိုက်ထံမှရယ်သံကြားရ၏။ သူကတော့မျက်လုံးမဖွင့်နိုင်သေး။ အတန်ကြာမှလင်းထိုက်က

“မင်းဆေးရုံရောက်နေတာကွ၊ ဟဲဟဲ . . သုံးရက်ရှိပြီ”

ဇေမောင်အံ့အားသင့်သွားသည်။ နောက်ဆုံးညကဒဏ်ရာရတာကတော့ လင်းထိုက်။ ဆေးရုံရောက်သည်ကသူဖြစ်နေသည်ကိုး။

“ဟင် . . . မင်း . . . မင်းကရော”

“ငါက လာလည်တာကွ၊ မင်းကိုစိတ်ပူလို့လာကြည့်နေတာ အခုမင်းသတိရလာပြီဆိုတော့ မနက်ဖြန်ဆို ငါပြန်ပြီ”

“ဟင် . . . မင်းဘာမှမဖြစ်ဘူးလား ”

“မဖြစ်ပါဘူးကွ . . . အဲဒီညကငါ ပြုပ်ဆီတစ်ဘူးသုံးခဲ့တာ ဟီဟိ . . .”

လင်းထိုက်သူ့ဘာသာသူပြောရင်း သဘောကျနေ၏။ သူကတော့ လင်းထိုက်ပြောသမျှ ဟုတ်သလား မဟုတ်သလားမဝေခွဲနိုင်။

“ဟင် . . . ဒါဆို . . . ဒီမှာငါတစ်ယောက်တည်းကျန်ခဲ့မှာပေါ့”

“အဖော်ရှိပါတယ်ကွ”

“ဘယ်သူ”

ချစ်သူကိုပင် ဖျတ်ခနဲသတိရမိသေး၏။

“ကိုမြမောင်လေ”

“ဩော်”





မိုးရေထဲမှာဖြည်းဖြည်းလေးထွက်သွားသော ကိုမြမောင်ပုံရိပ်များကို မြင်မိသေးသည်။

“အခုသူလဲ မင်းလိုပဲဆေးရုံပေါ်မှာ၊ အဲဒီညထဲကအသည်းကွဲပြီး မင်းရှေ့လဲနေတာပဲ၊ ဒီလူကြီးတွဲတောင် မကာနိုင်တော့ဘူးထင်တယ် . . . ဟဲဟဲ”

လင်းထိုက်၏ရယ်သံက အေးစက်စက်ခြောက်ကပ်ကပ်နိုင်လှသည်။ သူ့အသံကလန်းသလိုမလန်းသလိုနှင့် ပဟေဠိဆန်နေ၏။ ဇေမောင်က အားတင်း၍ထမည်ပြင်သည်၊ ဒါကိုလင်းထိုက်က

“အိုး . . . ဟော့ကောင်အရမ်းမထနဲ့ဟ၊ မင်းလက်မှာ ပိုက်တန်းလန်းတွေနဲ့”

“ငါ . . ငါမင်းနဲ့တွေ့ချင်လို့”

ပြောမဲ့သာပြောရသည်။ နည်းနည်းလှုပ်ရှားသည်နှင့် ခေါင်းတဆစ်ဆစ်ကိုက်ခဲဆဲ။

“နောက်လည်းတွေ့ဦးမှာပဲကွာ၊ ထားလိုက်ပါ၊ ငါ့မျက်နှာက အဟောင်းအတိုင်းပါပဲ . . . မပြောင်းလဲပါဘူး၊ မင်းမြင်လည်း ဘာမှထူးခြားမှာမှမဟုတ်တာ . . . ဟဲဟဲ”

ဇေမောင် အလိုက်သင့် ပြန်လှဲလိုက်ရသည်။ ခန္ဓာကိုယ်ကို အတတ်နိုင်ဆုံးထိန်းရင်း

“ငါမယုံဘူးလင်းထိုက်၊ ဟိုတစ်နေ့ညက မင်းဘာမှမဖြစ်ဖူးဆိုတာ ငါမယုံဘူး”

“တကယ်ပြောတာပါကွ”

“ဟောဒီကပေးရှင့် ဘယ်ရောက်သွားပြီလည်း ရှာကြပါဦး”

သူ့စကားမဆုံးမီ အပြင်ဖက်မှ သူနာပြုတစ်ယောက်ရဲ့ အော်သံ။ ထိုအသံကြားသည်နှင့် လင်းထိုက်က

“ဟော . . ဟိုဘက်ကခေါ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကိုခေါ်တာလဲ"

"အဲ . . ဟို . . . ကိုမြမောင်ကိုဖြစ်မယ်၊ ဒီလူက ခုတင်ပေါ်ကဆင်းဆင်းသွားတတ်တာကွ ငါသွားကြည့်လိုက်ဦးမယ်"

လင်းထိုက်၏ စကားသံနှင့်အတူ ပုလင်းနှင့်သံ၊ သံတန်းနှင့်ကြိုးရိုက်သံလိုလိုကြားရ၏။

"လင်းထိုက်ဆီကလား"

သူ့ခေါင်းထဲအတွေးများဝင်လာသည်။

"လင်းထိုက်"

သူရပ်လိုက်သည်နှင့် ထိုအသံများရပ်တန့်သွား၏။

"မင်းရဲ့ဟာသကဘာလဲ"

တစ်ဘက်မှအသံတိတ်နေ၏။ သို့သော်အပြင်ဘက်တွင်တော့

"ရှာကြပါဦး . . . ဒီလူနာကအရေးကြီးတယ်နော်"

ဟူသောအော်သံ ပြေးသံများကြားရ၏။ ထိုနည်းတူလင်းထိုက်၏ရယ်သံ ခပ်ဖွဖွကိုလည်း ကြားရ၏။ လှောင်ပြောင်ရယ်သံလား နာကြည်းကြေကွဲ၍ရယ်သံလား မခွဲခြားတတ်။

"မင်းမကြာခင်သိရမှာပေါ့"

စကားသံနှင့်အတူ တံခါးဖွင့်သံ၊ ဘီးလိမ့်သံများကြားရ၏။ ဇေမောင်အားတင်းပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဆေးပုလင်းများ ပိုက်များသွယ်တန်းထားသော ဝှီးချဲတစ်ခု။

မည်သူမှန်းမသိကွဲ။

"ရှင်ဘယ်တွေလျှောက်သွားနေတာလဲ၊ ရှင့်အနေအထားက ဘယ်မှသွားလို့မရဘူးဆိုတာ မသိဘူးလား"

"ခုတင်ပေါ် ပြန်တွဲပို့ပါဟော့"





စကားသံများ၊ ကရုဏာဒေါသသံများဆူညံနေ၏။ ပြန်လည်ဖြေရှင်းသံက လင်းထိုက်အသံလိုလို ဘာမှမသဲကွဲ။ ထိုအသံများနားဆင်ရင်း ပဟေဠိများစွာနှင့် ဇေမောင် မေ့ခန်း။

+++++

ညောင်းချိသလိုဖြစ်လာ၍ ဇေမောင်ခြေလက်များကို အားရအောင်ဆန့်ထုတ်လိုက်သည်။

မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ အာရုံများက လန်းလန်းဆန်းဆန်း။

"ဇေမောင် . . ဇေမောင် . . . သတိရလာပြီလား"

ကြားဖူးနေကြအသံပင် သို့သော်မည်သူ့အသံဖြစ်ကြောင်း မသဲကွဲ။ အနီးအနားဝေ့ကြည့်လိုက်ရှာသေး၏။

"ဇေမောင် . . ငါဒီမှာ"

"ဪ . . . ကိုမြမောင်ပါလား . . ."

သူနှင့် ခုတင်ချင်းကပ်လျက်တွင် ရှိနေသောကိုမြမောင်။ သူတစ်ယောက်တည်းပင်မဟုတ်။ သူ့နံဘေးတွင် သင်းပျံ့အေးကိုပါ ဝန်ပြုတ်ပန်းကန်နှင့် တွေ့လိုက်ရ၏။ သူမကတော့ ရှက်ပြုံးလေးနှင့်။

ဤအခြေအနေကိုကြည့်ရသည်ကိုက ဒဲဆင်ပြေနေသည်ဆိုသည့်သဘော။

"ဘယ့်နှယ့်လဲ . . . အချစ်ဆိုတာ စက်ဘီးနင်းရင်း အင်အင်းပါချင်နေသလိုဖြစ်တုန်းပဲလား"

သူ့အမေးကို ကိုမြမောင်ကြီး သဘောကျစွာတဟားဟား ရယ်ရင်း

"ဟားဟားဟား . . . အဲဒီလိုတော့မဟုတ်တော့ဘူးပေါ့ကွာ အခုဟာကအတက်ဇယား . . . ချိုင့်ဆောင့်မိပြီးခုန်တက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားကိုဘာမှနားမလည်သော နံဘေးမှသင်းပျံ့အေးက ဇီးကွက်ဟုအမည်တွင်ရလောက်အောင် မျက်လုံးအကြောင်သားနှင့်။

"ဘာတွေပြောနေတာလဲဟင်"

"ချစ်ယေး သိပါဘူးကွာ"

ကိုမြမောင်ကဖြတ်ပြောသည်။

"ဘယ်လို ဘယ်လိုအဆင်ပြေသွားကြတာလဲ"

ဇေမောင်အမေးကို ကိုမြမောင်က

"ဒီလိုပါပဲကွာ . . ငါသူ့ကြောင့်ခံစားနေရတာတွေ . . သူ့ကြောင့်ဆေးရုံရောက်ရတာတွေသိပြီး ကရုဏာသက်သွားတာလေ . . နောက်လင်းထိုက်ကလည်း သူ့ကိုရှင်းပြလိုက်တယ်"

"လင်းထိုက်"

လင်းထိုက်အသံကြားတော့ ဇေမောင်မျက်လုံးပြူးသွား၏။ နောက်သိချင်စိတ်နှင့်

"လင်းထိုက် . . . လင်းထိုက်ရော . ."

သူ့အမေးကြောင့်ကိုမြမောင်မျက်လုံးပြူးသွား၏။ နောက်မှ သက်ပြင်းချရင်း

"မင်းမသိသေးဘူးလားဇေမောင်"

ဇေမောင်ခေါင်းခါပြလိုက်သည်။ ကိုမြမောင် ခေါင်းငုံ့သွား၏။ သင်းပျံ့အေးက ကိုင်ထားသောဆန်ပြုတ်ပန်းကန်ကိုချပြီး တစ်ဘက်သို့ခေါင်းလှည့်နေသည်။

"ပြော . . ပြောစမ်းပါကိုမြမောင်ရာ၊ လင်းထိုက်ဘာဖြစ်လို့လဲ . . . သူဘာဖြစ်လို့လဲ"

သူ့အမေးကို ကိုမြမောင်ကသက်ပြင်းချပြန်သည်။ အတန်ကြာမှ တိုးညှင်းစွာဖြင့်





"အဲဒီညက တို့သုံးယောက်နမိုးနီးယားနဲ့ ဒီကိုရောက်လာကြတယ်လေ၊ အဲဒီအထဲမှာသူကအဆိုးဆုံးပေါ့၊ နောက်စေ့ကလဲ ဟက်တက်ကြီးကွဲလာတာ"

"ပြုပ်ဆီတစ်ဘူးသုံးခဲ့တာလေ"ဟူသော လင်းထိုက်၏ စကားမမှန်ကန်ကြောင်း သိလိုက်ရသည်။

"နောက်ပြီးဆေးရုံရောက်တာတောင် သူကကောင်းကောင်းမနေဘူး . . . သူသတိရတိုင်း ဗိုးချဲနဲ့မင်းကိုလာကြည့်တယ်"

ဟိုတစ်နေ့က ဝိုးတဝါးမြင်လိုက်ရသောဗိုးချဲက လင်းထိုက်၏ဗိုးချဲသာဖြစ်လိမ့်မည်။

"နမိုးနီးယားပိုးက ဦးနှောက်ထဲရောက်ပြီး သူသတိရတစ်ချက်မရတစ်ချက်ဖြစ်နေတယ်"

"ဗျာ"

ကိုမြမောင်၏စကားကြောင့် ဇေမောင်၏မျက်ဝန်းတွင် အလိုလိုနေရင်းမျက်ရည်များပြည့်လျှံလာသည်။

"ဟိုတစ်နေ့က မင်းပြန်သတိရလာချိန် သူ့ကိုနောက်ဆုံးတွေ့လိုက်တာပဲ၊ အဲဒီနောက်တော့ သတိရှိရှိနဲ့ဆေးရုံကဆင်းသွားတာလား၊ ဒါမှမဟုတ်သတိလွတ်ပြီး ထွက်ပြေးသွားတာလားဆိုတာကို ဘယ်သူမှ မသိလိုက်ရတော့ဘူး"

ဇေမောင်၏ပါးပြင်ပေါ် မျက်ရည်များစီးကျလာသည်။

"သေချာတာတစ်ခုကတော့ သူဆေးရုံကဆင်းပြေးသွားတာပဲ"

"ဟင်"

ဟိုးဝေးဝေးမှာ တိမ်တစ်အုပ် ခပ်သုတ်သုတ်ထွက်ပြေးသွားသည်ကိုတွေ့လိုက်ရ၏။ ခါတိုင်းအငြိုးကြီးစွာ ရွာချတတ်သောမိုးသည် ယခုတော့သူမဟုတ်သလိုသာ ဟန်ဆောင်ရင်း နေမင်းနောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေ၏။

ဟိမ်စိုင်တိမ်ခဲများမှာ မည်သည့်နေရာသို့ ဦးတည်နေမှန်း မသိဘဲ ပြန့်ကျဲလာသည်။ နောက် တစ်စစီ အစိတ်စိတ်အမွှာမွှာကွဲ ထွက်ပြီး ပျောက်ကွယ်ကုန်ကြလေတော့၏။ တိမ်စများ မကြာခင် ရေငွေ့အဖြစ်ပြောင်းလဲပြီး မိုးအဖြစ်ရွာကျလာနိုင်သည်။

သို့သော် . . .

"သူ့ကို . . . သူ့ကိုမရှာကြဘူးလားဗျာ . . ."

သက်ပြင်းချသံက မိုးငွေ့များလိုဝေ့ဝဲနေသည်။

"ရှာပါတယ်ကွာ . . . ရှာကြပါတယ်၊ ဒါပေမယ့် . . ဘယ်မှာမှ . . ."

စကားများက အစသာရှိ၍ အဆုံးသတ်ကိုရှာမရ။

BURMESE CLASSIC .com

++++++







ဆေးရုံဝအရောက်မှ သူအသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။ အစိုင်အခဲပမာဏအရ ပြောရခက်သောမိုးမှုန်များကသူ့မျက်နှာကိုပက်ဖြန်းနေသည်။

သူဘယ်ဖက်ကို ခြေဦးလှည့်ရမှန်းမသိ။ ဦးတည်ရာမဲ့ သူ့ခြေတစ်လှမ်းနှစ်လှမ်းလှမ်းလိုက်၏။ နောက် ခြေလှမ်းများရပ်တန့်သွား၏။

မိုးလည်းတိတ်သွားသည်။

ချစ်သူဆီသွားရမှာလား။

လက်စားခြေချင့်စိတ် ပြင်းပြနေသော မိန်းကလေးတစ်ယောက်ကို ဆက်လက်ပေါင်းသင်းသင့်ပါသလား။ နောက်တစ်ကြိမ်လက်စားခြေခံရသူမှာ သူရောမဖြစ်နိုင်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လင်းထိုက်ပြောတာမှန်တယ်၊ သူမဟာစုန်းပဲ။ လူတစ်ယောက်ကို အစိတ်စိတ်အမွှာမွှာဖြစ်သွားအောင် ပြုစားနိုင်သူပဲ"

သူခြေလှမ်းကို ဦးတည်ချက်ပြောင်းလိုက်သည်။

သူမနှင့်ဝေးရာသို့။

+++++







ခြေဦးတည့်ရာဆိုသောစကား ကြားရဖန်များ၍သိပ်မထူးခြားတော့ပေ။ အချစ်ကြောင့်လား၊ ဝေဒနာကြောင့်လဲ ကြေကွဲမှုကဖိသိပ်ထား၍လားတော့မသိ။ ဇဝေဇဝါနှင့်ခြေဦးတည့်ရာသွားတတ်သည်က အကျင့်လိုပင်ဖြစ်နေပြီ။

နာကျင်မှုများက ပြည့်လျှံနေ၍လားမသိ ခန္ဓာကိုယ်တစ်ခုလုံးထုံကျင်ပြီး ဘာခံစားချက်မှမရှိသလိုဖြစ်နေ၏။

ဘယ်ကိုရောက်နေလဲ၊ ဘယ်ကိုသွားနေလည်း သူကိုယ်တိုင်ပင်မသိ။ သိရန်လည်းမလို၊ ဒီလိုစိတ်လွတ်ကိုယ်လွတ်လျှောက်သွားနေရုံနှင့် ခံစားမှုများလျော့ကျသွားနိုင်သလား။ ဒါလည်းသူမသိ။ ခေါင်းထဲတွင်လည်း ဘာအတွေးမှမရှိ။ စိတ်လွတ်ကိုယ်လွတ်နှင့် ပေါ့ပါးမှု လေးလံမှုများကို ပြိုင်တူထမ်းပိုးထားရလေသည်။

နေပူခြင်း၊ မိုးရွာခြင်းများက မိမိနှင့်လုံးဝမသက်ဆိုင်သလို

www.burmeseclassic.com



ရာသီဥတုအကြောင်းလည်း ခေါင်းထဲမှာနည်းနည်းမှမရှိ။ သတိဆိုတာဘာ့ကြောင့်ပျောက်ကွယ်ကုန်သည်ကိုပင်မသိ။

အဆုံးစွန်ဆိုရသော် ထိုသို့ပြုလုပ်နေခြင်းအတွက် မည်သည့်ပန်းတိုင်မှမရှိ။ သို့သော် ခြေလှမ်းကို နောက်ပြန်လှည့်ရန် လုံးဝမစဉ်းစားမိခဲ့။ လျှောက်ရင်းသာ လျှောက်နေမိသည်။

ရည်ရွယ်ချက်လည်း မပြောပြနိုင်၊ ရည်မှန်းချက်လည်း မရှိ၊ ထိုခြေလှမ်းများသည် လူတစ်ယောက်အတွက် မည်သို့အကျိုးရှိနိုင်မည်နည်း။

သို့သော်. . .

မြင်ဖူးနေကျလူတစ်ယောက်ကို မထင်မှတ်သောနေရာ မထင်မှတ်သောပုံနှင့် မြင်တွေ့လိုက်ရ၍သူအံ့အားသင့်သွားသည်။

သူ့ရှေ့မှာ စုတ်ပြတ်ပြတ် နွမ်းဖတ်ဖတ်နှင့် လျှောက်သွားနေသောလူတစ်ယောက်။ တစ်နည်းအားဖြင့်ဆိုရသော် သူနှင့်အရင်းနှီးဆုံးလူတစ်ယောက်။

"လင်း . . . လင်းထိုက် . . . လင်းထိုက်"

သူ၏ခေါ်သံ။ သူ့ခေါ်သံကို ရှေ့မှလူက လုံးဝလှည့်မကြည့်၊

"လင်းထိုက် . . . လင်းထိုက် . . "

သူ၏ ကျယ်လောင်သောခေါ်သံ။ အရှေ့ကလူက သူ့ကိုခေါ်သည်မဟုတ်သည့်အတိုင်း ခြေလှမ်းမှန်မှန်နှင့်သာ ဆက်လျှောက်နေသည်။

ဇေမောင်အမိပြေးလိုက်သွား၍ ထိုလူ၏လက်ကိုဆွဲလိုက်သည်။

"လင်းထိုက် . . . လင်းထိုက်"

ထိုသူသူ့ဖက်ကိုလှည့်လာကာ ကြောင်တောင်တောင်နှင့်ကြည့်သည်။ ထိုလူ၏မျက်လုံးများက တစ်ခါမှမမြင်ဖူးတဲ့လူကိုမြင်





လိုက်ရသလိုမျိုး . . .

"လင်းထိုက် . . ငါ . . . ငါလေ . . ဇေမောင် . . ဇေမောင်ပါ"

သူ့စကားကို ထိုလူနားလည်ပုံမရ။ သူ့ကိုသာကြောင်ငေးကြည့်နေသည်။ ထိုသူ့ကိုကြည့်ရတာ ဘာအတိတ်မှရှိတော့ပုံမရ။ အတန်ကြာမှ ထိုသူကမျက်လွှာချရင်း . .

"ဗိုက်ဆာတယ် . . . "

အသံက တိုးတိုးယဲ့ယဲ့ကလေး။ ဇေမောင် ကမန်းကတန်း သူ့အိတ်ကို နှိုက်ရှာလိုက်သည်။ ဒီအတိုင်းစိတ်လွတ်ကိုယ်လွတ်ထွက်လာသည်မို့ ငွေကများများစားစားမပါ၊ အကြွေတချို့သာ။

"ဗိုက်ဆာတယ်၊ တစ်ခုခုကျွေးပါလား"

ထိုသူမှ တောင်းပန်သံနှင့်ဆက်ပြော၏။ ဇေမောင်က ကမန်းကတန်း ဘေးဘီဝေ့ကြည့်ရင်း . .

"အေး . . . အေး . . . ဝယ်ကျွေးပါ့မယ်ကွာ . . ခဏစောင့်"

ဆိုကာ နံဘေးတွင်ရှိသော စတိုးဆိုင်ထဲသို့ပြေးဝင်လိုက်သည်။ နောက်ပါလာသည့်ပိုက်ဆံကို ရေတွက်ပြီး

"ပေါင်မုန့် . . ပေါင်မုန့်တစ်တောင့်လောက်ပေးပါဗျာ"

ကမန်းကတန်း ပေါင်မုန့်အပေါ်စားတစ်ပိုင်းကို ဆွဲယူရင်းပြန်ပြေးထွက်လာလိုက်သည်။

"ဟင် "

ခုနက သူတွေ့နေသောနေရာတွင် ဘယ်သူ့ကိုမှမတွေ့တော့။

သူဘေးဘီသို့ ဝေ့ရှာလိုက်သည်။ သူတွေ့ချင်သောသူ၏အရိပ်အယောင်မျှပင် မမြင်ရတော့။

"လင်းထိုက်ရေ . . . လင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူသံကုန်ခြစ်အော်လိုက်သည်။ မည်သည့်အရိပ်အယောင်မှမရှိ။

"လင်းထိုက် . . . လင်းထိုက်"

သူ၏အသံမှာကောင်းကင်ယံတွင် ပျံ့နှံ့နေသည်။ သို့သော် ပြန်ထူးသံမကြား။

"လင်းထိုက်ရေ"

နံဘေးမှ ငှက်အုပ်တစ်အုပ် ကြောက်လန့်တကြား ပျံသန်းသွားသည်။

ဘယ်အရာမှ ပြန်မလာတော့။

သူတစ်ယောက်တည်းသာ . . . ပလက်ဖောင်းဘေးမှာ။

BURMESE CLASSIC .com

လေးစားစွာကြိုးစားလျက်
အကြည်တော်



www.burmeseclassic.com